
www.burmeseclassic.com

# ထောင်မှူးကြီးသိန်းဝင်း

ဖရိုခကာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၃၊ ဖွန်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (ဖြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၅၀၀ ကျပ်

၈၉၅ ・ ၈၃
သိန်းဝင်း၊ ထောင်မှူးကြီး
မရှိခဏ / ထောင်မှူးကြီးသိန်းဝင်း။ – ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၃။
၂၂၉–စာ ၊ ၁၂ စင်တီ × ၁၈ စင်တီ။
(၁) မရှိခဏ

## စာရေးသူ၏ အမှာစာ

ကျွန်တော်၏ တပည့်လက်သား အစုံအလင်ပါဝင်သော စွန့်စားခန်းဇာတ်လမ်းရေးပါဟု တောင်းဆိုကြသော၊ ချစ်စွာသော စာဖတ်ပရိသတ်ကြီးအတွက် တပည့်ကျော် ပုလ္လားတင်ဦး၊ သူခိုးကြီးမြင့်သိန်း၊ ဓာက်ထွင်းဝိဇ္ဇာ ကျော်ကြီးနှင့် မဆိုးအောင်သန်း၊ မျောက်တင်သောင်းတို့အပြင် ဇာတ်ရုံပေါင်းများစွာဖြင့် စိတ်ဝင်စားဖွယ်၊ ရသစုံလင်သည့် ဤ 'မရှိခဏ' ဝတ္ထုရှည်ကြီးအား ရေးဖွဲ့၍ တင်ဆက်လိုက်ပါသည်။

တယ်လီဖုန်းဖြင့်တစ်မျိုး၊ စာဖြင့်တစ်သွယ်၊ ဝေဖန်အကြံပြုသူများအားလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

စာဖတ်ပရိသတ်များအား လေးစားလျက် ...

**ထောင်မှူးကြီးသိန်းဝင်း**

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [ ၁ ]

ကျွန်တော့်အကျင့်က ယေစဉ်ကလိုပင် ခရီးသွားခြင်းကို ပျော်မွေ့သည်။ ယေစဉ်က စာမေးပွဲနီးသည်နှင့် နယ်ဆင်း၍ အမျိုးတွေအိမ်၌ တည်းခိုပြီး စာကျက်တတ်သည်။ ပတ်ဝန်းကျင်စိမ်းစိမ်းနှင့် ကွင်းပြင်ကျယ်မှလေကိုရှူပြီး စိတ်လက်ပေါ့ပါးကြည်လင်စွာ နားနေရင်း စာကျက်ရသည်မှာ လွန်စွာမှတ်သား၍လွယ်သည်။

တောစာတောင်စာ စားရသည်ကိုလည်း သဘောကျလှသည်။ ဝပါးနုံရိုးပြတ်နုံသင်းသင်းကို ရှူရသည်ကလည်း ကျွန်တော့်အတွက် အားဆေးတစ်ခွက်ပင်။ အိမ်မှာလို ဗာဟီရကိစ္စမရှိဘဲ လွတ်လပ်စွာနားရင်း စာကျက်ရသဖြင့် အလွန်အဆင်ပြေပါသည်။

တစ်ခုတော့ရှိသည်။ မြို့သားလာသည်ဆို၍ တောမှအမျိုးများလာရောက်သတင်းမေးပြီး ဝိုင်းဖွဲ့စကားပြောရသည်ကတော့ အချိန်အလွန်



www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်။ သူတို့ကလည်း မတွေ့တာကြာတော့ တရင်းတနှီး စကားပြောဆိုကြသည်။ ထမင်းဖိတ်ကျွေးသူက တစ်ရွာလုံး။ နေ့လယ် လက်ဖက်ရည်တိုက်ရင်း စကားပြောလိုသူများကလည်း မရှားပါ။

(၂)ရက်ခန့်ကတော့ စာမကျက်နိုင်။ ညည့်ခံစကားတွေ ပြောရသည်။ မြို့အကြောင်း၊ ရွာအကြောင်း၊ ဆွေမျိုးများအကြောင်း ပြော၍မကုန်နိုင်။ (၂)ရက်ကျော်မှ စာကျက်ရတော့သည်။ ညဘက် လျှပ်စစ်မီးကမရှိတော့ စာမကျက်နိုင်ပြန်။ ထို့ကြောင့် အလင်းရောင်လာသည်နှင့် စောစောထပြီးစာကျက်ရသည်။ ညဘက်ကျမှ အမျိုးတွေအိမ်လည်၊ မီးခွက်ထွန်းပြီး ညစာစား၍ စကားဝိုင်းဖွဲ့ရသည်။

ဤသည်မှာ ကျွန်တော်၏ နေ့စဉ်အလုပ်။ တစ်ပတ်ခန့်ကြာတော့ ကျွန်တော် စာများရ၍ အိမ်ပြန်ရန်ပြင်ရပြီ။ ထိုအချိန် လက်ဆောင်များ လာပေးကြပြန်သည်။ ဆန်၊ မြေပဲ၊ ကောက်ညှင်းဆန်၊ ဆီပုံး၊ ငှက်ပျောနိုင် အတော်စုံသည်။ ကျွန်တော် ယူလာသည်ကား လူကြီးများအတွက် ရှာမီးကိတ်နှင့် ကလေးများအတွက် သကြားလုံးသာ။ အပြန်ကျွန်တော်မသယ်နိုင်။ ရွာမှမော်တော်ဖြင့် မိုးရိပ်ချောင်းကိုကူးပြီး အုတ်ပုံဆိပ်ဟုခေါ်သောကားဂိတ်သို့ လိုက်ပို့ကြပြန်သည်။

ဤသည်မှာ ကျွန်တော့်အတွက် တစ်နှစ်တစ်ခါဆုံသည့်ပွဲပင်။ သူတို့ကလည်း စာမေးပွဲကြီးနီးသည်နှင့် ကျွန်တော့်ကို မျှော်ကြသည်ဟုဆိုသည်။ ရွာဦးကျောင်းက ဘဘုန်းကလည်း ဘကြီးတော်သူမို့ မျှော်ပေသည်။ ရွာသူကြီးက ကျွန်တော့်အဖေ၏ အစ်ကိုလတ်မို့ ကျွန်တော်ရွာရောက်သည်နှင့် သူ့အိမ်တွင်ပင်တည်းသည်။ သူကြီးသမီး ရွှေအိနှင့် ရွှေဘုတ်က ကျွန်တော်၏ ညီဝမ်းကွဲများ။ ထို့ကြောင့် အားနာစရာအိမ်မဟုတ်။





တောရွာဆိုသော်လည်း အသီးအနှံနှင့် သားငါးလွန်စွာပေါ၍ဟင်းက လေးငါးမျိုး။ ကြက်သား၊ ဝက်သား၊ ငါး၊ ဟင်းရွက်ကြော်၊ အရည်သောက်ဟင်းများအနက် ကျွန်တော်က ငါးဟင်းကို အလွန်ကြိုက်သည်။ ချဉ်ရည်ဟင်းနှင့် ပဲဟင်းကိုလည်း ကြိုက်သည်။ လယ်ငါးခူလတ်လတ်ကို မီးကင်ပြီး ရေတ်သီးစိမ်းထောင်းထည့်ထားသော ငါးပိရည်က အချိုမှုန့်ပုဖွန်ခြောက်ပင် မလိုပါ။

ကျွန်တော်သွားသည့်ရာသီတွင် ပေါက်တတ်သော လယ်သရက်ကင်းမွှေးမွှေးလေးနှင့် ကောက်ရိုးနွယ်က အလွန်တို့မြှုပ်စားလို့ ခံတွင်းမြိန်သည်။ အိမ်အနောက်ဘက် မိုးရိပ်ချောင်းမှလည်း ငါးမျိုးစုံအပြင် ငါးဘတ်ကြီးများရတတ်သည်။ ကျွန်တော်က ရေတ်သီးစပ်စပ်နှင့် ငါးဘတ်မွှေချက်ကို အလွန်ကြိုက်သည်။

ငါးရှဉ့်နှင့် ငါးလင်ဗန်းများ ရတတ်သော်လည်း ပြောင်ချောချောမြွေနှင့်တူ၍ ကျွန်တော်မစား။ နားရွက်ပါပြီး အုဝဲအုဝဲငိုတတ်သည့် ငါးလင်ဗန်းကို ဝေးဝေးကရှောင်သည်။ ငယ်စဉ်က နွားသားကို အလွန်ကြိုက်သော်လည်း တောရွာရောက်တော့မှ လယ်ထွန်ရာတွင် မရှိမဖြစ်သုံးရခြင်း၊ နဖားအထိုးခံရပြီး လှည်းဆွဲရုန်းကန်ရခြင်းတို့ကို မြင်ကတည်းက ကျွန်တော် အမဲသားမစားတော့ပါ။ ကျေးဇူးရှင်များအသားဟု သဘောပေါက်၍ဖြစ်သည်။

ထို့ကြောင့်လည်း ရွာရောက်သည်နှင့် နွားများအား ထန်းလျက်ယယ်ကျွေးတတ်သည်။ နွားများကလည်း တစ်နှစ်တစ်ခါ လာတတ်သော ကျွန်တော့်ကို မှတ်မိကြသည်။ အဘသူကြီးအိမ်က စာဥနှင့်စာခြောက် နွားမနှစ်ကောင်အပြင် သူတို့၏ပေါက်ဖွားလာသော ကလေးများကလည်း



www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်**နှင့် ယဉ်ပါးသည်။ အလွန်ရိုင်းသည်ဆိုသော **ချိုထောင်နှင့် ချိုကား** နွားသိုးညီနောင်ကလည်း ကျွန်တော့်ကိုမြင်သည်နှင့် ထန်းလျက်တောင်းကာ သူတို့၏ ကြီးမားသောကိုယ်ကြီးများဖြင့် ပွတ်သပ်၍ဆော့ကစားကြသည်။

ကျွန်တော်က ထန်းလျက်ကျွေးပြီး သူတို့ကိုယ်ကြီးများကို ပွတ်သပ်ပေး၍ မှားရှာပေးတော့ ငြိမ်ခံနေကြသည်။ ကျွန်တော် တက်စီးသည်။ ချိုကြီးများကို ကားမောင်းသလိုကိုင်၍ လှည့်ကစားသည်။ နိုင်မာလှသော လည်တိုင်ကြီးများကို လျှော့ပေး၍ ကျွန်တော်ကစားသလို ခံကြသည်။ ထို့ကြောင့်လည်း အဘသူကြီးက ကျွန်တော့်အား နွားဝင်စားလူကလေးဟု ချစ်စနိုးခေါ်ပါသည်။

အဘသူကြီးအိမ်၌ ခွေးနှစ်ကောင်လည်းရှိသေးသည်။ ကုပ်ကျားနှင့် အောင်နက်ဟုခေါ်သည်။ အလွန်ထွားကြိုင်းပြီး အကိုက်လည်းသန်သည်။ အစားလည်း သန်သည်။ အိမ်လုံခြုံသော အင်းခွေးကြီးများဖြစ်ကြသည်။ ကျွန်တော့်ကို အလွန်ခင်သည်။ မြင်သည်နှင့် ပတပ်ရပ်၊ ခန္ဓာကိုယ်ပေါ်ဖက်တက်ပြီး မေးစေ့ကို လျှာနှင့်လျက်၍ နှုတ်ဆက်နမ်းတတ်သည်။

ကျွန်တော်က သူတို့ကို ထန်းလျက်နှင့် ရှာမီးသကြားလုံးကျွေးတတ်သည်။ ကျွေးလျှင်လည်း ထန်းလျက်နှင့် သကြားလုံးကို ကျွန်တော်အလျှင်ငုံပြီးမှ ကျွေးခြင်းဖြစ်သည်။ ထို့ကြောင့်လည်း သူတို့ ကျွန်တော့်ကို အလွန်ခင်ကြသည်။

သူတို့သခင်အစစ်က ကျွန်တော့်အစ်ကိုဝမ်းကွဲ ကိုမှုံကြီး။ သူက မှော်ဘီဘက် တောလည်ထွက်ရင်း ဤခွေးနှစ်ကောင်အား သဘောကျသဖြင့် ရွာခံမုဆိုးတစ်ဦးထံမှ တောင်းဝယ်ခဲ့ရကြောင်းလည်း သိရသည်။





ထို့ကြောင့်လည်း ခွေးပေါက်ဘဝကပင် အမဲလိုက်ခွေးမျိုးပီပီ 'ဇ'ကောင်းသည်ဟုဆိုသည်။

ယခုတော့ ကိုမှုံကြီးက ခွေးနှစ်ကောင်အား ရေကူးသင်ပေးပြီး ချောင်းထဲမျောလာသည့် ထင်းဆယ်ခြင်း၊ ငါးဖမ်းခြင်းတို့အပြင် သူရေဝမ်းဘဲနှင့် ရေစစ္စလီငှက်များအား နှစ်လုံးပြူးစရိတ်ကျည်ဖြင့် အုပ်လိုက်ပစ်လျှင် ခွေးနှစ်ကောင်က တစ်ကောင်မှမလွတ်စေရ။ ရေကူးပြီး အကုန်ရအောင် လိုက်ဆယ်တတ်သည်။ သူတို့ငါးဖမ်းသည်ကိုလည်း ကျွန်တော်မြင်ဖူးသည်။ ချောင်းကမ်းစပ်ဆင်း၍ ရေထဲ၌ ကျောက်ရုပ်လိုငြိမ်သက်ပြီး စောင့်နေတတ်သည်။

ငါးသေး၊ ငါးဖွဲကို မဖမ်း။ အကောင်ကြီးမားသော ငါးဘတ်၊ ငါးမြစ်ချင်း၊ ငါးရံ့၊ ငါးတန်ငါးများကိုသာ ကုတ်ကိုကိုက်၍ ဖမ်းတတ်သည်။ ငါးကျည်း၊ ငါးခူငါးများမှာ ဆူးတောင်ပါပြီး အဆိပ်ရှိသဖြင့် သူတို့ရှောင်ကြသည်။ တိရစ္ဆာန်ဖြစ်သော်လည်း အလွန်ထူးခြားပြီး ပါးနပ်လိမ္မာသောသတ္တဝါများ ဖြစ်ကြပါသည်။

ကိုမှုံကြီးကလည်း သူတို့ဖမ်းဆီးမိသော ငါးများနှင့်ငှက်များကို အစိမ်းမကျွေး။ ချက်ပြုတ်ကြော်လှော်၊ ဖုတ်ကင်ပြီးမှ ကျွေးတတ်သည်။ အရိုင်းစိတ်မဝင်အောင်ဟု ဆိုပေသည်။ ထို့ကြောင့်လည်း ခွေးလိမ္မာ၊ ခွေးကောင်းများဖြစ်ကြသည်။ နေ့စဉ်လည်း သူတို့ဘာသာ ချောင်းထဲဆင်း၍ ရေကူးရင်း ရေချိုးတတ်သည်။ အမွေးများက နီညိုရောင်စိုပြီး တောက်ပြောင်နေသည်။

ထို့ကြောင့် ကျွန်တော် တောနယ်ကိုချစ်သည်။ အိမ်မွေးတိရစ္ဆာန်များကို ခင်တွယ်သည်။ ငယ်စဉ်ကပင် လေးခွတစ်လက်၊ လေးသံနတ်တစ်လက်ဖြင့် လယ်ကွင်းများ၊ တောစပ်များသို့ ဝါသနာတူသူငယ်ချင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



များဖြင့် သွားကြပြီး တောလည်တတ်ကြသည်။ ကြီးလာတော့လည်း အလုပ်တာဝန်အရ နယ်ထွက်နယ်ဆင်းရင်း တောလည်မှုဆိုး ဖြစ်မှန်းမသိ ဖြစ်လာသည်။

ယခု အသက်ကြီးလာတော့လည်း ယခင်ကလို တောလည်မှုဆိုးမဟုတ်တော့သော်လည်း နယ်ထွက်၊ လည်ပတ်စွန့်စားခြင်းအမှုကတော့ မပျောက်တတ်သေးပါ။ ယခုလည်း အားလပ်ချိန်ရသည်နှင့် ကျွန်တော် နယ်ထွက်ရန် လက်ရင်းတပည့်နှင့် သူငယ်ချင်းအပေါင်းအသင်းရောင်းရင်းများအား မျှော်နေမိခြင်းဖြစ်ပေသည်။

✿ ✿ ✿

❑

**စာရေးဆရာပီပီ** အားလပ်ချိန်ရသည်နှင့် ကုန်ကြမ်းရှာရင်း ခရီးထွက်လိုသည်မှာ သဘာဝကျပါသည်။ ကျွန်တော့်အကျင့်က တစ်ကိုယ်တည်းလည်း ခရီးမထွက်လိုပြန်။ အသက်အရွယ်ရလာတော့ အပေါင်းအသင်း၊ မိတ်ဆွေသင်္ဂဟနှင့် တပည့်လက်ရင်းများဖြင့် ခရီးထွက်လိုနေသည်။

မန္တလေး–ရန်ကုန် အစုန်အဆန်ခရီးမှာ ကျွန်တော် သွားလာနေကျဖြစ်သော်လည်း ခရီးသွားခြင်းမှာ ဒေသန္တရဗဟုသုတ အစုံစုံရတတ်သဖြင့် ရထားဖြင့်တစ်ဖုံ၊ ကားဖြင့်တစ်မျိုး၊ အခေါက်ပေါင်းများပေပြီ။ ယခုတစ်ကြိမ်တွင်တော့ ကျွန်တော့်တွင်ရှိသည့် SUNNY (Pick up) ကားကလေး၊ ၁၉၉၀ မော်ဒယ်လ် (ပ)အက္ခရာဖြစ်၍ မကြာမတင် (တည)သို့ ဖျက်သိမ်းရန် အပ်ရပေတော့မည်။

ကားကလေးမှာ နံပါတ်နိမ့်သော်လည်း လွန်စွာသန့်ကောင်းပြီး စက်ကောင်းသည့် ကားကောင်းကလေးဖြစ်ပါသည်။ ခရီးထွက်ဖော်မှာတော့လည်း ကျွန်တော့်ဇာတ်လိုက် သစ်တောအရေးပိုင် ဦးနေအောင်က အငြိမ်းစားယူပြီး အသက်ကကြီးပြီ။ သူ၏စီးပွားရေးလုပ်ငန်းများဖြင့် မအားလပ်သောကြောင့် ရက်ကြာခရီးဝေးကို မလိုက်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ကြီး ဇော်မင်းနှင့် ကျော်စိန်ဝင်းတို့ကလည်း သူတို့၏မိသားစု ကိစ္စများကြောင့် မလိုက်နိုင်ကြပြန်ပါ။

သာယာဝတီမှ မုဆိုးအောင်သန်း နှင့် မျောက်တင်သောင်းတို့အား အကြောင်းကြားထားသော်လည်း သူတို့၏ အဝေးပြေးကားကြီးများ၏ စီးပွားရေးကိစ္စကြောင့်လားမသိ အကြောင်းမပြန်ကြသေးပါ။ တစ်ခါ မန္တလေးက ပုဏ္ဏားတင်ဦးနှင့် ဖောက်ထွင်းဝိဇ္ဇာ ကျော်ကြီး၊ သူခိုးမြင့်သိန်းတို့ကလည်း ဆက်သွယ်ရှာဖွေ၍ မရသေးပါ။ ထောင်အတွင်းများ ပြန်ရောက်နေကြသည်လားတော့ မပြောတတ်။ အကျဉ်းဦးစီးဌာနက ထွက်လာကတည်းက ထောင်နှင့် အဆက်အသွယ်မရှိသည်မှာ အတော်ကြာချေပြီ။

ကျွန်တော်တို့ ထောင်မှူးသင်တန်းအပါတ်စဉ် (၆)က ငယ်ပေါင်းရောင်းရင်းများနှင့်တော့ (၆)လတစ်ခါ မိတ်ဆုံစားပွဲရှိသဖြင့် ဆုံဖြစ်ကြသည်။ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ အဆက်သွယ်ကတော့ မပြတ်ပါ။ သို့သော် သူတို့က ကျွန်တော်စာရေးဆရာလို လွတ်လပ်သူများမဟုတ်ကြပါ။ အပါတ်စဉ် (၆)ပတ်ထွက် စာရေးဆရာများဖြစ်ကြသော စာရေးဆရာစိုးဝေက ပုသိမ်မြို့သို့ လစဉ်သွားနေရသဖြင့် မအားလပ်။ သူ့ဇနီးဆရာမက ပုသိမ်မြို့တွင် တာဝန်ကျပြီး အသက်ကြီးမှ ကံပေါ်သတဲ့လေ။

စာရေးဆရာ ပီတာမြဦးကတော့ မဂ္ဂဇင်းအစောင်စောင်တွင် စာရေးနေရသဖြင့် မအားလပ်ပြန်ပါ။ ကျွန်တော်နှင့် စိတ်ကူးသစ်စာပေတွင် အတူရေးသော စာရေးဆရာ မောင်ညိုမှိုင်းကလည်း သူ့မိန်းမကိစ္စ၊ သူ့သားသမီးများကိစ္စကြောင့် ခရီးဝေး၊ ညအိပ်ညနေ မလိုက်နိုင်ပါ။





သူက သန်လျင်သားစစ်စစ်။ သန်လျင်ပတ်ဝန်းကျင်ကိုတော့ ထုံးလိုချေ၊ ရေလိုနှောက် ဖွတ်ဖွတ်ကြေအောင် အပြန်ပြန် အလှန်လှန် ရေးသားပြီးချေပြီ။ သို့သော် မောင်ညိုမှိုင်းသည် မြန်မာပြည်အလယ်ပိုင်း အညာဒေသသို့ပင် တစ်ခါတစ်ခေါက်မျှ ရောက်ဖူးသူမဟုတ်။ ထနောင်းဝင်နှင့် မိုးနံ့ဘူးချုံ၊ သီးပင်၊ သနပ်ခါးပင်၊ ခံပင်များကို မမြင်ဖူးသူဖြစ်သည်။

ကျွန်တော် ခရီးသွားဖော်လုပ်လိုသူက ကိုယ်ခံပညာတတ်မြောက်သန်စွမ်းပြီး ယာဉ်မောင်းစက်ပြင် အားကိုးရမည့် တပည့်ရင်းကို လိုချင်သည်။ မောင်ညိုမှိုင်းက ဖြူနွဲ့နွဲ့ လူ့ဗလံလေး၊ မိန်းမများကဲ့သို့ တစ်ကိုယ်လုံး သနပ်ခါးလိမ်းတတ်သည်။ အစားအစာ ဇီဇာကြောင်သည်။ ဆေးဝါးဟာ အမြဲတမ်း ဆောင်ထားရသည်။ ဘာရောဂါဟုတော့ မဆိုနိုင်။ လူနံပိန်၊ ကျွဲချိုလိမ်ဆိုသလို တစ်ခုတော့ သန်သည်။ အရက်မသောက်၊ ကွမ်းမစား။ ငယ်စဉ်က ဝသွားပြီဖြစ်သဖြင့် ဖြတ်ထားခြင်းဖြစ်သည်။

ကျွန်တော် အပေါင်းအသင်းများအကြောင်း စဉ်းစားရင်းမျှော်နေမိစဉ် ရေတတ်တုန်း ရေတွင်းထဲကျဆိုသလို မန္တလေးမှ ပုဏ္ဏားတင်ဦး တစ်ယောက် ကျွန်တော်နေသော သမိုင်းအိမ်သို့ မနက်စောစော ရောက်ချလာပါသည်။

“ဟဲ့ကောင် . . . ဘယ်တွေ ခရီးရှည်နေတာလဲ။ ငါ အကြောင်းကြားစာတို့တာ ရရဲ့လား”

“ရပါတယ် . . . ဆရာ။ ဆရာ နေကောင်းရဲ့လား”

“အေး . . . ကောင်းပါတယ်။ ငါအခု ခရီးရှည်ကြီးတစ်ခုထွက်ဖို့ မင်းတို့ကို လူစုပြီးခေါ်ရတာ။ ဒါနဲ့ ဟိုနှစ်ကောင် ဘယ်ရောက်နေတာလဲ။ ငါအကြောင်းကြားထားတာ ပြန်မလာဘူး။ မင်းနဲ့က မနေ့ကလေး ထောက်ရင်ဆုံနိုင်ပေမဲ့ လမ်းမှာ ဝင်စရာတွေရှိသေးတော့ လှမ်းခေါ်ရတာ”



www.burmeseclassic.com

www.burmeseclassic.com



"ဆရာက ဒီနေ့အရောက်လာဖို့အကြောင်း စာပို့တာ မဟုတ်ဘူးလား။ ကျွန်တော် အချိန်မီရောက်ပြီလေ။ ကျွန်တော်လည်း ဟိုနှစ်ကောင်ကိစ္စနဲ့ အလုပ်များနေတာ။ အိမ်ပြန်ရောက်မှ ဆရာ့စာကိုဖတ်ရတာ။ အချိန်မီရုံကလေးဘဲ"

"ဟိုနှစ်ကောင်က ဘာဖြစ်နေလို့လဲ"

"ဆရာ မသိသေးဘူးလား။ မြင့်သိန်းနဲ့ကျော်ကြီးလေ ရွှေဆိုင်ဖောက်ထွင်းတာ။ မသက်သာမှုနဲ့ ထောင်(၆)လစီကျတယ်။ ဒါပေမဲ့ သက်သေမခိုင်လုံဘဲ သူတို့ဘက်က ခိုင်ခိုင်မာမာ အလီဘိုင်ပြနိုင်လို့ မသက်သာမှုနဲ့ ထောင်(၆)စီဘဲကျတယ်။ ဒီနေ့မနက် (၈)နာရီလောက် ထောင်က လွတ်တယ်"

"အေး . . . ငါလည်း မသိပါလား။ ငါ့လည်း အကြောင်းမကြားကြဘူး။ ဘယ်လိုဖြစ်ရတာလဲ"

"သယ်နီးကျွန်းက မင်းသမီးရွှေဆိုင် အဖောက်ခံရတာဆရာ။ မြင့်သိန်းတို့နေတဲ့ ဘုရားလမ်းနဲ့နီးတော့ မြင့်သိန်းကိုဆွဲရာက အသင့်ရောက်နေတဲ့ ကျော်ကြီးပါ အဆစ်ပါသွားတာပေါ့။ အမှန်က သူတို့နှစ်ယောက် မဟုတ်ဘူး။ နာမည်ကြီးလို့ အချောင်ခံရတာ။ ကျွန်တော်က ရှေ့နေကောင်းကောင်းငှားပေးလို့ အခု လွတ်ကြမှာပါ"

"ဟေ . . . အဲဒါဆိုရင် ဘယ်သူ့လက်ချက်လဲ။ မြွေပွေးပိုးထိခံရတာ နာတာပေါ့ကွာ"

"ဟုတ်တယ် . . . ဆရာ၊ အမှန်က ကျွန်တော့်လက်ချက်ပဲ။ သူတို့အိမ်သွားတုန်း စရိတ်ပြတ်သွားတာနဲ့ကြုံတုန်း သမလာခဲ့တာ"

"ဩော် . . . မင်းလက်ချက်ကိုး။ တန်ဖိုး အတော်များသလား"

"သိန်းလေးငါးရာဖိုးလောက်ပါ . . . ဆရာရယ်။ ခရိုသွားဟန်





ခွဲ အပျင်းပြေ လွယ်တာနဲ့ တစ်ဦးတည်း ဖောက်ခဲ့တာ"

"ဟကောင်ရ . . . ဟိုကောင်တွေ မသိဘူးလား"

"မသိဘူး . . . ဆရာ၊ ဒီကောင်နှစ်ကောင် အချောင်ခံရတာ။ န်တော်ကလည်း မရည်ရွယ်ပါဘူး။ အဲဒီညက ကျွန်တော် ပုသိမ်မြို့ အပြန် ည(၉)နာရီလောက်ရှိပြီ။ သူခိုးမြင့်သိန်းတို့အိမ်အသွား မင်း မီးရွှေဆိုင်သိမ်းနေတာနဲ့ ကြုံတယ်။ အာမခံသော့ကြီး(၃)လုံး၊ တံခါး တ်နေတာနဲ့ကြုံတော့ လက်ကယားလာတယ်။ အမှန်က မြင့်သိန်း နဲ့တိုင်ပင်ပြီး လုပ်ဖို့ဘဲ။

သူတို့အိမ်သွားတော့ ခြေရင်းအိမ်က အသုဘဖြစ်နေတယ်။ သုဘဆိုတော့ ဖဲဝိုင်းရှိတာပေါ့ဆရာရယ်။ မဏ္ဍာပ်ထဲမှာဖြင့် မြင့်သိန်း ကျော်ကြီးကို ဖဲရိုက်နေတာတွေ့ရတယ်။ ကျွန်တော် တစ်ခုစဉ်းစားမိ ယ်။ ဒီကောင်တွေကဖဲရိုက်ရင် မိုးအလင်းရိုက်တတ်တာ။ မနှောက် ချင်တာရယ်၊ သူတို့ကို ပညာပေးချင်တာရယ် သူတို့အတွက် အလီ ပြနိုင်အောင် သက်သေကောင်းကောင်းရှိတာရယ်မို့ ကျွန်တော်တစ်ဦး ည်း လုပ်ခဲ့တာပါ"

"အင်း . . . အဲဒီနှစ်ကောင်က ရဲမှတ်တမ်းဝင်တွေ။ နံမည် ဖောက်ထွင်းသမားတွေဆိုတော့ ဖောက်ထွင်းမှုဖြစ်တာနဲ့ ရဲက ပေါ့။ သူတို့က မင်းဆီကိုဆက်သွယ်တာလား"

"ဒါကတော့ ထုံးစံအတိုင်းပေါ့ ဆရာရယ်။ ဒီညီအစ်ကိုတွေ ဘာကိုး။ အပြန်အလှန် အားကိုးကြတာပေါ့။ ကျွန်တော်သိရတော့ န်က ကျွန်တော် စိတ်ချရတဲ့ ကိုယ်စားလှယ်ကတစ်ဆင့် ရှေ့နေ င်းကောင်းငှားပေးတယ်။ ပထမချတာ (၂)နှစ်စီဆရာ။ အယူခံနိုင် (၆)လနဲ့ပြတ်တာ။ သူတို့ဘက်က ဖဲသမားအချင်းချင်းနဲ့ အသုဘ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်က သက်သေခံကြတယ်လေ။ လက်ဗွေရာလည်း မကျန်ခဲ့တော့ လွတ်တာပေါ့။ ကျွန်တော်က သူတို့ထောင်ဝင်စာကိစ္စ လိုအပ်တာတွေ ပေးကမ်း၊ ဝယ်ခြမ်းဖို့ကိစ္စတွေအားလုံး နောက်ကွယ်က ကြိုးကိုင်ပံ့ပိုးပြီး ကူညီခဲ့တာပါ''

''ရဲက မင်းမှန်း မရိပ်မိဘူးလား''

''မရိပ်မိနိုင်ဘူး ဆရာ။ ကျွန်တော်က မြင့်သိန်းတို့အိမ် မဝင် ခဲ့ဘူးလေ။ လူရိပ်လူယောင်တောင် မပြခဲ့ဘူး။ မှောင်ထဲက လုမ်းအကဲ ခတ်ပြီး ပိပိရိရိအလုပ်လုပ်ပြီး ညတွင်းချင်း မန္တလေးရထားနဲ့ပြန်ခဲ့တာ။ လက်အိတ်အပါးစားလေးစွပ်ထားတော့ လက်ဗွေရာလည်း မကျန်ခဲ့ဘူး လေ ဆရာရဲ့။ နောက်ပြီး မသင်္ကာရင် သူခိုးကြီးတွေလက်ရာမှန်းမသိ အောင်လည်း ရွှေဆိုင်ထဲမှာ မွှေနှောက်ထားခဲ့တယ်။ ဖိနပ်နှစ်ရံလဲပြီး လူနှစ်ယောက်ပုံစံ လုပ်ထားခဲ့တာ''

''အေး . . . မင်းလက်ချက်မှန်းသိရင်တော့ မင်းကို ကောင်း ကောင်းဆဲကြလိမ့်မယ်''

''မဆဲပါဘူး ဆရာရယ်။ ကျွန်တော်က သူတို့နှစ်ယောက် ဖောက်ထွင်းမှုမှာမပါပေမဲ့ နစ်နာကြေး ရှယ်ယာခွဲပေးမှာပါ။ ဒါနဲ့ ဆရာ ကျွန်တော် သူတို့ကိုသွားကြိုမှာ။ ဆရာ ထောင်ရှေ့လိုက်ဦးမှာလား''

''ငါ မလိုက်တော့ဘူး။ မင်းကိုယ်တိုင်လည်း လူယောင်မပြနဲ့ ခပ်လှမ်းလှမ်း မြင်သာတဲ့ဆိုင်တစ်ခုခုအထဲကစောင့်နေ။ နီးစပ်ရာကလေး တစ်ယောက်ယောက်ကို မုန့်ဖိုးပေးပြီးခေါ်ခိုင်း။ ရဲက ဒီကောင်တွေ ဘယ် သူနဲ့အဆက်အသွယ်ရှိသလဲလို့ စောင့်ကြည့်နေမှာ အသေအချာပဲ။ ကား ကို ကြိုတင်ငှားထား။ ဒီကောင်နှစ်ကောင်ရောက်တာနဲ့ ခြေရာဖျောက် ပြီး ငါ့အိမ်ခေါ်လာခဲ့။ အိမ်အထိ ကားခေါ်မလာနဲ့ လမ်းမကြီးမှာရပ်နိုင်





ပြီး သုတ်သုတ်လာခဲ့ကြ။ ငါ ခရီးထွက်ဖို့ မင်းတို့ကိုမျှော်နေတာနဲ့ အတော် ပဲ။ အခုအချိန် မင်းလည်း ရန်ကုန်မှာမနေသင့်ဘူး''

''ဟုတ်ကဲ့ပါ . . . ဆရာ။ ကျွန်တော် သဘောပေါက်ပါတယ်''

''ဒါနဲ့ဆရာ ဟိုကောင်တွေအတွက် အဝတ်အထည်နဲ့ အစား အသောက်ကိစ္စရောဆရာ''

''လမ်းကျ ကြုံရာမြို့မှာ စီစဉ်ပေးမယ်။ ထောင်ပတ်ဝန်းကျင် မှာ စားသောက်မနေကြနဲ့။ ငါပြောတာ အသေအချာမှတ်ထား။ ချက် ချင်းပြန်လာခဲ့။ နောက်ယောင်ခံ လိုက်မလိုက်လည်း အသေအချာ သတိ ထား။ ကားငှားရင်လည်း စက်အားကောင်းတဲ့ကားကိုငှား၊ အိပက်အိ တ်လုပ်မနေနဲ့နော်''

''တပည့် သတိကောင်းပါတယ် ဆရာ။ သပ်သပ်ရပ်ရပ် ကွက် ဘဲဖြစ်နေစေရပါ့မယ်။ စိတ်ချပါ ဆရာ''

ပုဏ္ဏားတင်ဦးထွက်သွားသဖြင့် ကျွန်တော် ခရီးထွက်ရန် ပြင် ဆင်ရတော့သည်။ (၁၀)ရက်ခန့်စာ အဝတ်အစားများကို လက်ဆွဲသေတ္တာ တစ်လုံးထဲထည့်သည်။ အသုံးအဆောင်ပစ္စည်းများက အိတ်တစ်လုံး၊ ဆေးဝါးနှင့် အရေးပေါ်သုံးရန် ဓားတစ်ချောင်း၊ မီးခြစ်နှင့် လက်နှိပ်ဓာတ် မီးတလေး၊ မှတ်တမ်းစာအုပ်နှင့် ငွေများ၊ ယာဉ်မောင်းလိုင်စင်၊ မှတ်ပုံ တင်နှင့် ရေဘူးကလေးက ဘေးလွယ်အိတ်အတွင်း၌ အပြည့်အစုံထည့် သွင်းသည်။ တပည့်လူဆိုးများဖြင့် ခရီးသွားရခြင်းဖြစ်သဖြင့် တော အနှံ့ တောင်အနှံ့ ရောက်ချင်က ရောက်ပါဦးမည်။ ထို့ကြောင့် ဂရုတစိုက် ထိုအစ်မည်ထင်တာကို ကိုယ်နှင့်မကွာ ဆောင်ရပေမည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်တော် SUNNY ကားလေးကို ဆီ၊ ရေ၊ စစ်ဆေးပြီး စက်နှိုးကြည့်သည်။ ညဉ့်ကောင်းသောကားကလေးမှာ သခင့်အလိုကျ အဆင်သင့်။ ဓာတ်ဆီ(၁၀)ဂါလံ (၂)လုံး၊ အသုံးအဆောင်များတင်သည်။ ကားဆီတိုင်ကီအတွင်း၌လည်း ဓာတ်ဆီကအပြည့်။ အင်ဂျင်ဝိုင်တစ်ပုံးနှင့် Tool Box၊ သောက်ရေသန့်ဘူးကြီး (၂)လုံးနှင့် စပယ်ယာတာယာကို စစ်ဆေးပြီးတော့ ကျွန်တော့်အလုပ် ပြီးချေပြီ။ ထိုစဉ် ...

"ဆရာ ... ဆရာ နေကောင်းရဲ့လား"

"ဟော ... မှဆိုးအောင်သန်းနဲ့ မျောက်တင်သောင်းပါလား။ မင်းတို့ အဆက်အသွယ်မလုပ်ဘဲနေတာ တစ်နှစ်ပဲပြည့်တော့မယ်။ ငါ စာပို့တာ ရတယ်ပေါ့နော်"

"ရလို့လာတာပါ ... ဆရာရယ်။ အင်းစိန်က ဖုန်းနံပါတ်ကို သိပါတယ်။ သမိုင်းပြောင်းသွားတော့ ဖုန်းနံပါတ် မသိတော့ဘူး။ အိမ်ပဲ သိတာလေ။ ဒါကြောင့် အချိန်မီအရောက်လာကြတာပါ"





"ဟော ... ငါက မင်းတို့(၂)ယောက်စလုံး လာနိုင်မယ်တောင် မထင်ဘူး။ မင်းတို့ အဝေးပြေးကားကြီးတွေနဲ့ အလုပ်ရှုပ်နေတာ မဟုတ်ဘူးလား"

"အရင်ကတော့ ဟုတ်ပါတယ် ဆရာ။ အခုတော့ ကားအုံနာဆရာကြီးတွေဖြစ်ကြတော့ ကိုယ်တိုင် မမောင်းကြတော့ပါဘူး။ စစ်ဆေးခုံလောက်ပါပဲ။ အဝေးပြေးကားဂိတ်ကိုတော့ တစ်လတစ်ခါလောက် အနည်းဆုံးရောက်ပါတယ် ဆရာ။ ဆရာ့အိမ်ကို နည်းနည်းလှမ်းနေတော့ အချိန်မရလို့ မလာတာပါဆရာ"

"အေး ... အေး ... နောင်ဆို ငါ့ဖုန်းနံပါတ် ပေးထားမယ်။ ရန်ကုန်ရောက်တိုင်း ဖုန်းဆက်။ ငါလာခဲ့မယ်"

"ဟုတ်ကဲ့ပါ ဆရာ။ ဒီမှာ ဆရာ့ဆီသွားမယ်ဆိုလို့ လှည်းလမ်းဆုံရွာက အမေပေးလိုက်တာ။ ချေသားခြောက်၊ ဆတ်သားခြောက်၊ ဆာဝက်သားခြောက်အစုံပဲ"

"အေး ... အေး ... လမ်းခရီးအတွက် အမြည်းရတာပေါ့။ ဒါပေမဲ့ လိုမယ်မထင်ပါဘူး။ ငါတို့မှာ သူဌေးပါတယ်"

"ဘယ်သူလဲ ဆရာ"

"အေး ... အောင်သန်းကတော့ သိမှာမဟုတ်ဘူး။ မျောက်တင်သောင်းကတော့ သိတယ်။ မြန်မာပြည်မြောက်ပိုင်းသွားတုန်းက အောင်သန်းမလိုက်နိုင်လို့ မျောက်တင်သောင်းပဲ ပါတာလေ။ တင်သောင်းမင်းသိမှာပါ။ ပုဏ္ဏားတင်ဦးလေကွာ"

"ဩော် ... ကိုကြီး ပုဏ္ဏားတင်ဦးလား။ ဒါနဲ့ ကိုမြင့်သိန်းနဲ့ ကိုကျော်ကြီးတို့ကော မပါကြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခေါက် ပါမယ်ကွ။ လူစုံတက်စုံပေါ့။ မြင့်သိန်းနဲ့ကျော်ကြီးတို့က ထောင်ကျနေတာ။ ဒီနေ့မနက်လွှတ်မှာမို့ ပုဏ္ဏားတင်ဦး သွားကြိုနေတယ်။ သူတို့ရောက်တာနဲ့ ချက်ချင်းခရီးထွက်မယ်။ အသင့်ပြင်ထားကြ။ ဒါနဲ့ ဘာစားလာကြသေးသလဲ"

"အဝေးပြေးဂိတ်က စားလာပါတယ်ဆရာ။ အဆာပြေပေါ့။ ဒါနဲ့ ကိုမြင့်သိန်းနဲ့ ကိုကျော်ကြီးတို့က ဘာအမှုဖြစ်တာလဲ"

"အရင်အမှုမျိုးပါပဲ။ ဒါပေမဲ့ ဒီကောင်တွေ ဒီတစ်ခါတော့ မဟုတ်ဘဲ ခံကြရတာ"

ကျွန်တော်က အမှုဖြစ်စဉ်ကို ရှင်းလင်းပြတော့ သူတို့ သဘောကျစွာရယ်ကြသည်။

"ဆရာ ... မြွေပွေးပိုးထိဆိုတာမျိုးပေါ့နော်"

"အေးပေါ့ ... ရဲမှတ်တမ်းဝင်၊ သူခိုးအမိပတ်ကြီးတွေဆိုတော့ ထစ်ခနဲဆို ကားပြီပေါ့။ ဒါပေမဲ့ ဒီကောင်တွေက မမှတ်ကြပါဘူး။ ထောင်နှုတ်ခမ်းနင်းပြီး ကျက်စားနေကြတာလေ။ ထောင်ထဲမှာလည်း ဝန်ထမ်းနဲ့ အကျဉ်းသား၊ အချုပ်သား သူတို့အသိတွေချည်းဘဲလေကွာ။ အနေအထိုင်ကောင်းကြတာပေါ့"

ကျွန်တော်နှင့် မုဆိုးတပည့်များ အဝတ်အစားလဲပြီးသည်နှင့် ပုဏ္ဏားခေါင်းဆောင်သော သူခိုးတပည့်များ လမ်းလျှောက်၍ သုတ်သုတ်ဝင်လာကြသည်။ ကားကို လမ်းမကြီးအပေါ်၌ ရပ်နိုင်းပြီး ခြေရာဖျောက်ဝင်လာကြခြင်းဖြစ်သည်။ ဖောက်ထွင်းဝိဇ္ဇာ နာမည်ကြီးသူခိုးများဖြစ်ကြသဖြင့် အရိပ်အကဲ ပါးနပ်ကြပေသည်။

"ဟော ... ကိုတင်သောင်းတို့လည်း ရောက်နေကြတာကိုး။ ဒီတစ်ခါခရီးကတော့ အလွန်ပျော်စရာကောင်းတော့မှာပဲ"





"ကိုပုဏ္ဏားတို့အဖွဲ့ အနေအထိုင် ကောင်းကြရဲ့လား"

"ကောင်းပါတယ်။ ကျွန်တော်ကတော့ ပင်ပန်းတာပေါ့ဗျာ။ မြင့်သိန်းနဲ့ကျော်ကြီးကတော့ မော်စကိုမှာသွားပြီး (၆)လတိတိ အနားယူနေတော့ ရှာဖွေပြီး ထောက်ပံ့ရတာလေ။ ကြည့်ပါလား ကိုတင်သောင်း အနားယူထားတော့ ဝပြီး၊ အသားတွေတောင် ဖြူလာကြတယ်"

"ကဲ ... အားလုံးနဲ့ မိတ်ဆက်ပေးဦးမယ်။ ဒီပုဂ္ဂိုလ်က ကျွန်တော့်သူငယ်ချင်း မုဆိုးကျော်အောင်သန်း။ ဒီကအဖွဲ့တွေကတော့ ကိုမြင့်သိန်း၊ ကိုကျော်ကြီးနဲ့ ပုဏ္ဏားတင်ဦး"

"တွေ့ရတာ ဝမ်းသာတယ်ဗျို့"

"ဟုတ်ပါ့ဗျာ ... ဒီတစ်ခါ လူစုံတက်စုံပဲ။ ပျော်စရာခရီးဖြစ်ပါစေ။ တောထဲရောက်ရင်တော့ အစစအရာရာ ကျွန်တော့်တာဝန်ထား။ အားလုံး အဆင်ပြေစေရမယ်"

"ဟဲ့ကောင် ... တင်သောင်း၊ မင်းကို ဘယ်သူက တောထဲသွားမယ်ပြောလို့လဲ။ ဒီတစ်ခါခရီးက မြို့ပေါ်နဲ့ ရွာတွေကိုပဲ သွားမှာ။ တောထဲမပါဘူး။ အဲ ... မန္တလေးက မမကြီးတို့နဲ့ဆုံရင်တော့ ပြင်ဦးလွင်ဘက်ရောက်မှာမို့ တောပစ်ရဦးမလားတော့ မသိဘူး"

"ပစ်စမ်းပါ ... ဆရာရယ်။ ကျွန်တော်တို့လည်း သာယာဝတီဘက်ပြီး မော်တော်ကားလုပ်ငန်း လုပ်နေကြတော့ တောမလည်ရတာ ဆောင်ကြာပြီ။ သူများဆီက တောကောင်သားကို ဝယ်စားနေကြရတာ"

"ကဲ ... စကားဖြတ်တော့၊ ကားပေါ်ရောက်မှ တစ်ဝကြီးပြောကြ။ အောင်သန်း ရှေ့ခန်းလာခဲ့။ ငါ ကားမောင်းမယ်။ မြင့်သိန်းနဲ့ကျော်ကြီးကို အတွင်းမှာထားပြီး နောက်ခန်းမှာ ပုဏ္ဏားနဲ့တင်သောင်းက ပိတ်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ထားကြ။ စကားတွေ တစ်ဝကြီးပြောလို့ရပြီ။ ထောက်ကြန့်ရောက် တစ်ခုခုစားရင်း နားမယ်''

''ဟုတ် ... ဆရာ''

ကျွန်တော့်အထာကိုသိသော တပည့်များက ဘယ်သွားမည် ဘယ်လာမည် ပြန်လှန်မမေး။ လူလွတ်များဖြစ်ကြ၍လည်း နောက်ဆ တင်းစရာမလို။ အဲ ... တစ်ခုတော့ရှိသည်။ သာယာဝတီက တင်သောင်း နှင့်အောင်သန်းကတော့ လူလွတ်များ မဟုတ်ကြတော့။ အိမ်ထောင် အသီးသီးရှိနေကြပြီ။ သို့သော် ရန်ကုန်-သာယာဝတီ အဝေးပြေးကား လုပ်ငန်းဖြစ်သဖြင့် နောက်ကအိမ်သူများက ကြပ်မတ်အုပ်ချုပ်နိုင်ကြ လေသည်။ ကားသမားမယား၊ ကားအကြောင်းတော့ သိကြပါသည်။

ကျွန်တော် ကားကိုကိုယ်တိုင်မောင်းနှင်၍ ရပ်ကွက်တစ်ဘ ထိပ်မှ လှည့်ပြီးထွက်ခဲ့ပါသည်။ ထင်သည့်အတိုင်းပင်။ ပုဏ္ဏားတို့ ကား ငှားရပ်ခဲ့သောနေရာတွင် ရဲကားရောက်နေပြီး အနီးရှိဈေးဆိုင်များအား စုံစမ်းမေးမြန်းနေသည်ကို တွေ့ရသည်။ သိသိကလေးမှ တကယ် သိ ကလေး။ ပါရမီမီးပွိုင့်ရောက်မှ ကျွန်တော် ကားကိုအရှိန်လျှော့ရင်း တွေ့ ရာက နောက်လှည့်အော်ပြောရသည်။

''တွေ့သလား ... ဟော့ကောင်တွေ။ မင်းတို့အဘတွေ နောက် ယောင်ခံပြီး လိုက်လာကြတာ''

''တွေ့တယ် ဆရာ၊ သိသိကလေးပဲ။ ဒါနဲ့များတောင် မြင့်သိန်း တို့ကို ဘာကြောင့် လွှတ်ပေးတာလည်း မသိဘူးနော်''

''ဟဲ့ ... ပုဏ္ဏားရဲ့ သူတို့မလုပ်မှန်းသိပေမဲ့ တည်ကြက်လုပ် ပြီး ကွင်းဆက်နောက် လိုက်တာပေါ့ကွာ''





ကျွန်တော် ကားကလေးကို အင်းစိန်လမ်းမကြီးမှ ပါရမီလမ်းမ ကြီးသို့ချိုးဝင်ပြီး မောင်းခဲ့ရာ သမိုင်းကောလိပ်ဝင်းကိုဖြတ်ကျော်၍ ပြည် လမ်းပေါ်ရောက်တော့ မြောက်ဘက်သို့ကွေ့ပြီး ကားကိုအရှိန်တင်၍ မောင်းခဲ့သည်။ မင်္ဂလာဒုံကျော်၍ ထောက်ကြန့်ဘက်ရောက်တော့ လမ်း ဆုံအကျော် အတွင်းလမ်းထဲဝင်ပြီး ကျွန်တော်စားနေကျ လက်ဖက်ရည် ဆိုင်ကြီးဘေးတွင် အပြင်လမ်းမကြီးက ရုတ်တရက်လှမ်းမမြင်စေရန် ကားကို မြှောင်၍ရပ်သည်။

''ကဲ ... ဒီဆိုင်မှာခဏနားပြီး စားကြသောက်ကြမယ်။ ပြီး တာနဲ့ ပုဏ္ဏားကဦးဆောင်ပြီး ထောင်ထွက်နှစ်ကောင်ကို ဆံပင်ညှပ် ခေါင်းလျှော်ပေးပြီး အဝတ်အစားပါဆင်လိုက်။ နို့မို့ ... ထောင်စော်နံ နေတယ်''

''ကျွန်တော်တို့ ဒီမနက်လွှတ်မယ်မှန်းသိထားလို့ ထောင်ထဲမှာ ဆပ်ပြာမွှေးနဲ့ ရေချိုးလာကြပါတယ် ဆရာရယ်။ ထောင်စော်မနံပါဘူး။ အခုလည်း ဆံပင်ညှပ်ခေါင်းလျှော်ပြီး ဖိနပ်ကအစ အသစ်လဲစီးပါ့မယ်။ အခုတော့ ထောင်အပြင်က အာဟာရလေး အသက်ရှည်ကျန်းမာအောင် တစ်ဝစားပါရစေဦး''

''အေး ... အေး ... သုတ်သုတ်စား၊ သုတ်သုတ်သွားပြီး သုတ်သုတ်ပြန်လာခဲ့ကြ။ အချိန်မရှိဘူး။ ကျောက်ဆည်အထိ ကား မောင်းရမှာ''

''ဟုတ်ကဲ့ပါ ဆရာ''

တစ်နာရီခန့်ကြာတော့ အဝတ်အစားအသစ်များ၊ ပုံစံပြောင်း ပြီး ကျွန်တော်တို့ ခရီးဆက်ထွက်ခဲ့ပါသည်။ ၁၉၉၀ မော်ဒယ်လ် SUNNY



www.burmeseclassic.com

www.burmeseclassic.com



Pick up ကားကလေးက စက်ကောင်းသဖြင့် စေလိုရာစေ တစ်ရှိန်ထိုး ပြေးလွှားနေတော့သည်။ လှည်းကူးရောက်တော့ ကျွန်တော် အမြန်လမ်းမကြီးကမမောင်းဘဲ မြို့ရွာများရှိသော အတွင်းလမ်းကမောင်းခဲ့သည်။ ရှုခင်းပေါ်လာသော ကျွန်တော့်တပည့်ကျော် မုဆိုးအောင်သန်းက ...

"ဆရာ ... ကျွန်တော်က အလွမ်းပြေ ကျွန်တော်တို့ဖောက်ခဲ့တဲ့ ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးက သွားချင်တာ။ ဘယ်လိုဘယ်ပုံ ပြောင်းလဲခဲ့သလဲလို့ ကြည့်ချင်တာ"

"ငါတို့တစ်တွေ အသက်စတေးပြီး MAN POWER နဲ့ဖောက်ခဲ့တဲ့ လမ်းမကြီးလား၊ သစ်ပင်ကြီးတွေကို လူအားနဲ့ခုတ်၊ တောင်ကြီးတွေကို လူအားနဲ့ဖြို၊ နေပူထဲမှာ မြေသယ်ကပ်ဆွဲ၊ ဖြစ်သလိုစား၊ ဖြစ်သလို နေခဲ့ရတဲ့ဘဝတွေကို မင်းက သတိရနေသေးသလား။ အမှန်တော့ အဲ့ဒါ ငရဲခံရတာ။ ဂျပန်ခေတ်ကတော့ သံဖြူဇရပ်က ယိုးဒယား–မြန်မာ မီးရထားလမ်းကြီးကို 'သေမင်းတမန်လမ်းမကြီး'လို့ ခေါ်တယ်။

အဲဒါက မြန်မာပြည်လွတ်လပ်ရေး မရခင်၊ ဂျပန်ဖက်ဆစ်တွေက ချွေးတပ်ဆွဲပြီး ရက်ရက်စက်စက်ခိုင်းခဲ့တာ။ အဲ ... စက်ပစ္စည်းယန္တရားတွေ အခုခေတ်လို မပေါ်သေးတာလည်း ဖြစ်နိုင်တယ်။ ပေါက်တူး၊ တူးရှင်းနဲ့ အလုပ်ဆင်းခဲ့ကြရတာပေါ့ကွာ။

အခုတော့ကွာ လမ်းဖောက်လုပ်ရေးစက်ပစ္စည်းတွေ ပေါ်နေပြီ ဖြစ်ပါလျက်နဲ့ စက်အင်အားမသုံးဘဲ လူအားသုံးတယ်။ လူ့လုပ်အားဆိုတာ စက်ကိရိယာသုံးပေမဲ့ လိုအပ်တာတော့ မှန်ပါတယ်။ အဖြည့်ခံ လောက်ဆို တော်ရောပေါ့။ အခုတော့ တောင်ကြီးဖြို၊ လျှိုကြီးမြေဖို့ အကုန် လူအင်အားသုံးခဲ့တာ။ ကျောပြောင်ပြောင်နဲ့ မြေတူး၊ မြေသယ်၊ မြေဖို့၊ နေပူကြီးထဲမှာ လူအင်အားသုံးခဲ့တာ။ မင်း သတိထားမိမှာပါ။





မြန်မာတစ်ပြည်လုံးလမ်းတွေမှာ ရဲဘက်လုပ်အားမပါတဲ့လမ်း မရှိဘူး။ ပြစ်မှုကြေး ချွေးနဲ့ဆပ်မယ်ဆိုတဲ့ စကားပုံအရ မင်းတို့ ထောင်ကျ ရဲဘက်တွေက ပြစ်မှုကျူးလွန်လို့ ပေးဆပ်ရတယ်ဆိုတာ နားထောင်လို့ ကောင်းပါသေးတယ်။ တို့တွေဝန်ထမ်းကတော့ အချောင်ခံရတာတော့ တရားသဘောနဲ့ ကြည့်ရင်တော့ ထောင်ဇာတာပါလို့ ထောင်ဝန်ထမ်းဖြစ်လာတယ်။

အရင်ဘဝက ဝဋ်ကြွေးကြောင့် မင်းတို့နဲ့အတူ ဝဋ်ခံရတယ်။ မထူးပါဘူးကွာ။ အောင်မြင်သလားဆိုတော့လည်း မအောင်မြင်ဘူး။ နောက်ပိုင်း ခေတ်ပြောင်းပြီး ကျွမ်းကျင်မှုနဲ့ စက်အင်အားကူမှ လမ်းမကြီးဖွင့်နိုင်တာ။ ငါတော့ စိတ်နာလွန်းလို့ ခရီးဝေးရင်ဝေးပါစေ အတွင်းလမ်းဟောင်းကပဲ အေးအေးလူလူ နားချင်တဲ့နေရာ နားပြီးသွားတယ်။ အမြန်လမ်းကို တစ်ခါမှ ခရီးဝေးမသွားဖူးဘူး"

"ဆရာရေ့ ... လူ့သဘာဝပေါ့ဗျာ၊ ဒုက္ခခံခဲ့ရတဲ့နေရာကိုလည်း အလွမ်းပြေကလေး ကြည့်ချင်တာပါ။ ကျွန်တော်တို့ တာဝန်ကျခဲ့တဲ့ စခန်းတွေ ဘယ်ဆီဘယ်ဝယ်မှာရှိသလဲလို့ မှန်းမျှော်ကြည့်ချင်တာပါ"

"အေး ... ငါ အဲဒီလမ်းမကြီးဘက်ကို ငါမောင်းတဲ့ကားနဲ့ မသွားဖူးပေမဲ့ တစ်ခါတော့ အဲဒီလမ်းမကြီးက ကားဆရာကိုသောင်းလှိုင်နဲ့ လိုက်ကြည့်ဖူးပါတယ်။ ငါတို့တွေ တာဝန်ကျခဲ့တုန်းက လှေလှော်အင်း ဆစ်ဝိုက်သော လယ်ကွင်းတွေ၊ လှေလှော်အင်းကျော်တာနဲ့ ပဲခူးရိုးမတောင်ကြီးလေ။ ညို့ညို့မှိုင်းမှိုင်း တောင်စဉ်(ရ)ထပ်ကာရံထားတဲ့ တံတိုင်းကြီးလိုပဲ။ အလွန်အေးချမ်းပြီး ပတ်ဝန်းကျင်တစ်ခွင် တစ်ပြင်လုံး စိမ်းညို့မှောင်မည်းနေတာ။



www.burmeseclassic.com

www.burmeseclassic.com



အဝေးတောင်စောင်းတွေမှာ ကျွန်း၊ ပျဉ်းကတိုးနဲ့ ကညင်ပင်ကြီးတွေဆိုရင် ဖယောင်းတိုင်ကြီးတွေလို တန်းစီနေတာ၊ အခုတော့ကွာ ပတ်ဝန်းကျင် ဘယ်နေရာကြည့်ကြည့် ချုံပင်တွေကြောင့် စိမ်းစိုနေပေမဲ့ ဝါးပင်တောင် ကြီးကြီးမားမား မရှိတော့ဘူး။ တောင်ကတုံးတွေ ဖြစ်ကုန်ကြပြီ''

''ဟုတ်ပါ့ ... ဆရာရယ်၊ တောတွေပြုန်းတော့ ရာသီဥတုတွေလည်း ဖောက်ပြန်ကုန်တာပေါ့နော်''

''အေးလေကွာ ... စကားပုံတွေ ရှိသားပဲ။ သစ်တောစိမ်းမှ စမ်းရေရ၏။ ဥတုရာသီ တောကိုမှီ၏။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း နားနိုင်တယ်ဆိုတာတွေလေ။ အခုတော့ သစ်ပင်ကြီးကြီးမပြောနဲ့ ဝါးရုံတောကောင်းကောင်းတောင် လမ်းမကြီးပတ်ဝန်းကျင် တစ်မျှော်တစ်ခေါ်မှာတောင် မရှိတော့ဘူး''

''ဟုတ်ပါ့ဆရာရယ်၊ ကျွန်တော်တို့ရှိတုန်းက မျောက်ညိုအုပ်ဆိုတာ စခန်းပတ်ဝန်းကျင်မှာတင် နေတာ။ တောဝက်အုပ်နဲ့ ချေတို့ ဆတ်တို့က တောထဲဝင်တာနဲ့တွေ့တယ်''

''အေးကွာ ... အခုတော့ တောကြက်တွန်သံ၊ မျောက်အော်သံတွေတောင် မကြားရတော့ပါဘူး။ တောတိရစ္ဆာန်တွေလည်း ရှားပါးမျိုးတုံးကုန်ပြီ။ ပြောင်းစရာ တောတောင်ရှိသေးရဲ့လား မသိဘူး''

''အင်း ... သဘာဝလောကကြီးပဲ ... ဆရာရယ်''

''ဟ ... ဒါတွေဟာ သဘာဝအတိုင်းဖြစ်ရတဲ့ သဘာဝတရားမဟုတ်ဘူး။ လူတွေရဲ့ မတော်လောဘကြောင့် ဖြစ်ရတာ။ မင်း ချမ်းသာတဲ့သူ အတော်များများကို မေးကြည့်၊ ဒီခေတ်ကြီးထဲမှာ သစ်၊ ဒါမှမဟုတ် ကျောက်နဲ့ ကြီးပွားချမ်းသာကြတာချည်းပဲ''





''ဟုတ်ပါ့ ... ဆရာရယ်၊ ခေတ်နဲ့စနစ်တွေက မတူတော့ဘူးနော်''

ကျွန်တော်တို့ စကားကောင်း၍ မောင်းလာရာ ညောင်လေးပင်မြို့တွင်းသို့ မွန်းတည့်(၁၂)နာရီခန့် ဝင်လာသည်။ ကျွန်တော်စားနေကျဆိုင်တွင် ကားကိုရပ်သည်။ နေ့လယ်စာ စားကြရန်အချိန်ဖြစ်ပေသည်။

''ကဲ ... အားလုံးဆင်းကြ၊ လွတ်ကင်းနယ်မြေ ရောက်ပြီ။ လွတ်လွတ်လပ်လပ် ကြိုက်တာ မှာစားကြပေရော့''

''ဟုတ်ကဲ့ပါ ... ဆရာရယ်။ (၆)လလောက် ထောင်ထဲမှာနေခဲ့ရတော့ အရက်တောင်ပြတ်သွားပါပြီ ... ဆရာရယ်''

''ဒါဆို မသောက်တော့ဘူးပေါ့။ လိမ္မာလိုက်တာ သူနိုးရယ်''

''မဟုတ်ပါဘူး ... ဆရာ။ အခုမှ အတိုးချပြီးသောက်ရမယ်လို့ ပြောတာပါ''

''ဟား ... ဟား ... ဟား ... ဟား ...''

''ငါက အဟုတ်မှတ်လို့ မြင့်သိန်းရယ်။ ကျော်ကြီးကရောကွာ''

''ကျွန်တော်တို့ကို ချောက်ချတဲ့ပုဏ္ဏားကို မကျေနပ်ဘူးဆရာ။ အရင်ကတော့ ကျေးဇူးရှင်လို့ ထင်ထားတာ။ အခု ကားပေါ်မှာ ပြောပြတော့မှ သိရတော့တယ်။ ဒါကြောင့် သူ့ကိုညှင်းတဲ့အနေနဲ့ ကိုမြင့်သိန်းပြောသလို အတိုးချပြီးသောက်မယ်။ ပြီးမှ သူ့ကို တစ်လမ်းလုံး ရစ်မယ်''

ထိုစဉ် ပုဏ္ဏားတင်ဦးက ...

''သောက်ကြပါ၊ စိတ်ကြိုက် သောက်ကြပါ။ ငါ့မှာ မင်းတို့ကို



www.burmeseclassic.com

www.burmeseclassic.com



မြို့စုဖို့ သိန်း(၅၀)လောက်ယူလာပါတယ်။ ကုန်အောင်သုံးကြစမ်းပါ။ မင်းတို့ကိုတော့ မန္တလေးရောက်မှ ဝေစုပေးတော့မယ် . . . မြင့်သိန်း''

''အေး . . . အဲဒါမှ တို့ပုဏ္ဏားကွ။ ဘော်ဒါစိတ်ရှိတယ်။ ဒါနဲ့ တို့ကို မန္တလေးရောက်ရင် ဘယ်လောက်စီခွဲပေးမှာလဲ''

''သိန်း(၅၀)စီ ခွဲပေးမယ်လေ မြင့်သိန်းရဲ့''

''မနည်းဘူးလား''

''ငါတစ်ယောက်တည်း လုပ်ခဲ့ရတာပါကွာ။ မင်းတို့ အမှုစဖြစ်ကတည်းက ရှေ့နေငှားတဲ့ ကုန်ကျစရိတ်တွေ၊ မင်းတို့ ဟိုလူပေးသည်လူပေးတွေနဲ့ ထောင်ဝင်စာ တစ်ပတ်တစ်ကြိမ်ပို့ပေးရတာနဲ့ ငါ့လမ်းစရိတ်တွေ အကျိုးဆောင်ခတွေ အားလုံးတွက်ကြည့်ရင် သိန်း(၁၀၀)လောက် ကုန်သွားတယ်။ အဲ့ဒါရော မင်းတို့သိကြရဲ့လား''

''အေးပါ . . . ကျေးဇူးရှင်ရယ်။ ထားပါတော့ ကျေနပ်ပါတယ်''

''ငါတို့ကတော့ ပုဏ္ဏားကျေးဇူးကြီးတယ်ဆိုပြီး ထောင်ကလွတ်တာနဲ့ နှစ်ယောက်ပေါင်းပြန်ရှာပြီး ကျေးဇူးဆပ်ဖို့ တိုင်ပင်ထားကြတာ။ အခုတော့ ဘွာတေးပဲမောင်''

ထိုစဉ် ကျော်ကြီးက . . .

''ကျေးဇူးဘဲ ပုဏ္ဏားရေ့ . . . ကျွန်တော်တို့ကတော့ ပုဏ္ဏားကျေးဇူးကြီးတယ်ဆိုပြီး ကိုမြင့်သိန်းနဲ့ တိုင်ပင်နေကြတာ။ တကယ်ပါပဲ။ ဘုမသိဘမသိ အဖမ်းခံရပြီး ထောင်ထဲရောက်တော့ ထောင်ကအရင်လို မဟုတ်တော့ဘူးဗျို့။ သောက်ရေသန့်တွေ၊ ရေလောင်းအိမ်သာတွေ၊ တိုင်တွေနဲ့ သန့်သန့်ရှင်းရှင်း အဆင့်အတော်မြင့်နေတာ။ အဆင့်မြင့်တယ်ဆိုလို့ အရင်လိုနှစ်ထပ်အဆောင် နီနီရဲရဲကြီးတွေတော့ မဟုတ်တော့ဘူး။ တစ်ထပ်အဆောင်တွေချည်းပဲ။





ထောင်ဆေးရုံနဲ့ အမျိုးသမီးဆောင်(၇)ကတော့ အရင်အတိုင်း နှစ်ထပ်အဆောင်တွေချည်းပဲ။ အဆောင်တိုင်းမှာ စာကြည့်တိုက်လည်း ရှိတယ်။ ဆရာထောင်မှူးကြီး စာအုပ်တွေနဲ့ ဆရာမောင်ညိုမှိုင်းစာအုပ်တွေကိုလည်း ဖတ်ရပါရဲ့ဗျာ။ ဆရာ့ကို ဒုက္ခမပေးချင်တာနဲ့ မဆက်သွယ်တာ။ အစပိုင်းက ထောက်ပံ့နေတာ ဘယ်သူမှန်းမသိဘူး။ ရှေ့နေကလည်း မပြောဘူး။ ထောင်ဝင်စာလာတွေ့သူကလည်း မဟာဘူး။ နောက်မှ ရိပ်မိလာတာ။

ကျွန်တော်တို့က ပုဏ္ဏားကို လွတ်လူလူယုံနဲ့ ဆက်သွယ်ထားတာကိုး။ ထောင်ထဲမှာ အရင်လို အလုပ်ကြမ်းမလုပ်ရပါဘူး။ လူ့အခွင့်အရေးတာလည်း အရင် တစ်ဝက်လောက်ပဲရှိတယ်။ ဟိုအဖွဲ့လာစစ်၊ ဒီအဖွဲ့လာစစ်နဲ့ သန့်ရှင်းရေးကလွဲပြီး အလုပ်ကြမ်းမလုပ်ရတော့ ဖိမ်ပဲဗျို့။ အိပ်လိုက်စားလိုက်၊ စကားပြောလိုက်နဲ့ ကျွန်တော်တို့ကို ကြည့်ပါလား။ ၆)လလောက်နားလိုက်တာ ဝပြီး အသားအရေတောင် စိုပြေလာတယ်။ ကိုပုဏ္ဏားလည်း ဝချင်ရင် ထောင်ထဲ သွားအနားယူဗျ။ တကယ်အဆင့်မြင့်ပြီး သန့်ရှင်းတယ်''

''တော်ပါ . . . ကျော်ကြီးရာ၊ မင်းတို့ပဲ မကြာခဏ အနားယူကြပါ။ ငါကတော့ ဆလန်မာဒေးကွန်းဘဲ။ အခုတောင် ငါ အလုပ်လုပ်အစားထိုးပြီး မင်းတို့ကို ထောင်ထဲထည့်ထားတာ ဟား . . . ဟား . . . ဟား . . .''

ကျွန်တော်က . . .

''ထောင်ထဲ ပြန်ဝင်ချင်လို့ရှိရင် ပြောကြ။ အခု ထောင်ပိုင်ကြီးက ငါ့သူငယ်ချင်း။ အင်းစိန်ရဲစခန်း စခန်းမှူးကလည်း ငါ့ဘော်ဒါ''



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... မလုပ်ပါနဲ့ ဆရာရယ်။ ထောင်ထဲမှာ ဘယ်လောက်ပဲ အနေအထားကောင်းကောင်း အပြင်လိုတော့ မလွတ်လပ်ပါဘူး ဆရာရယ်။ အချိန်နဲ့ထ၊ အချိန်နဲ့အိပ်ရာဝင်၊ အချိန်နဲ့စားရတာ။ အပြင်မှာလို ဖဲဝိုင်းလည်းမရှိဘူး။ အရက်ဆိုင်လည်း မရှိ။ လက်ဖက်ရည်ဆိုင်လည်း မရှိနဲ့ အခုပိုဆိုးတာက ကွမ်းနဲ့ဆေးလိပ် ကင်းစင်နယ်မြေတဲ့။ တံတွေးမထွေးရ။ ဆေးလိပ်မသောက်ရ။ အမှိုက်မပစ်ရ။ စည်းကမ်းတွေ တင်းကျပ်ထားတော့ အတော်ဒုက္ခရောက်ပါတယ် ... ဆရာရယ်"

သူခိုးမြင့်သိန်း အရက်သောက်နေရင်းက ငါးသုံးလုံးစီးကရက် တဖွာဖွာနှင့် ဝင်၍ကန့်ကွက်သည်။ ကျွန်တော့်တပည့်များအား ကျွန်တော် သဘောကျစွာ ကြည့်လိုက်တော့ လည်ခေါင်းတုံးရှပ်အင်္ကျီ လက်တိုကိုယ်စီ၊ ဦးဘဂျမ်းပုဆိုးနှင့် အတော်သပ်ရပ် သားနားနေကြသည်။

"ပုဏ္ဏားရေ ... မင်းကောင်တွေကိုဆင်ဖို့ တစ်ခုလိုသေးသဟ။ နာရီမရှိဘူး။ မန္တလေးရောက်ရင် ကိုယ်စီဝယ်ပေးလိုက်ဦး"

ထိုစဉ် သူခိုးမြင့်သိန်းက ...

"နာရီဝယ်ပေးဖို့ မလိုပါဘူး ... ဆရာရယ်။ ကျွန်တော်တို့မှာ ကိုယ်စီပါလာပါတယ်။ မဝတ်ရတာကြာလို့ မေ့နေတာပါ။ ထောင်ကထွက်လာတော့ အပ်နှံပစ္စည်းတွေ ပြန်ထုတ်ပြီး လွယ်အိတ်ထဲ ထည့်လာခဲ့တာ။ ဟော့ဒီမှာ ... ဆရာရေ ..."

သူခိုးမြင့်သိန်းက သူပတ်နေကျ အကောင်းစားဆွစ်မိတ် (RADO) နာရီနှင့် MIDO နာရီနှစ်လုံးကို ထုတ်ပြသည်။ MIDO နာရီက ကျော်ကြီးဟာဖြစ်သည်။ မြင့်သိန်းနှင့်ကျော်ကြီးမှာ ဖောက်ထွင်းဝိဇ္ဇာသူခိုးများဖြစ်ကြသော်လည်း သပ်ရပ်စွာ နေတတ်ကြသည်။ သူခိုးမြင့်သိန်း





နှင့် ပုဏ္ဏားတင်ဦးတို့က ကျော်ကြီးထက် (၅)နှစ်ခန့် ပိုကြီးကြသော်လည်း သူငယ်ချင်းပေါင်း ပေါင်းကြသည်။

မြင့်သိန်းက အလုပ်လုပ်သောနေ့ (ဖောက်ထွင်းသောနေ့) များတွင် ထိုခေတ်က ခေတ်စားသော ရှပ်အင်္ကျီဖြူလည်ခေါင်းတုံးကို ရွှေကြယ်သီးတပ် အယ်လ်ပတ်ကားတိုက်ပုံအနက်ဝတ်၍ အတွင်းရှပ်အင်္ကျီ အိတ်ထောင်တွင် ရွှေရောင် PARKER ဖောင်တိန်ချိတ်၊ လက်ကောက်ဝတ်တွင် ဆွစ်ဇာလန်နိုင်ငံလုပ်၊ အကောင်းစားနာရီပတ်ထားပြီး ငါးသုံးလုံးစီးကရက်ဗူးကို လက်ကမချ။ အလွန်အင်မတန် သားနားသပ်ရပ်စွာ နေတတ်သော သူခိုးအကောင်းစားဖြစ်သည်။ အဖွဲ့ဝင်လည်း များများ မထား။ တစ်ကိုယ်တော်သူခိုးများ ဖြစ်ကြသည်။

လျှပ်စစ်ဘက်၌လည်း လွန်စွာကျွမ်းကျင်သဖြင့် နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့မရရှိခဲ့သော်လည်း သူ့ဘာသာပေးထားသောဘွဲ့က လျှပ်စစ်အင်ဂျင်နီယာတဲ့။ စာတွေ့ဖြင့်သာ ဘွဲ့ရသောပုဂ္ဂိုလ်များထက် သူက လက်တွေ့ဘဝသမားဖြစ်၍ ပိုတော်ပေသည်။ နာရီပြင်ဆရာ၊ ရေဒီယိုလက်ဆက်ပြင်ဆရာ၊ သော့ပြင်ဆရာဘဝများမှ ကူးပြောင်းလာသော ဖောက်ထွင်းဝိဇ္ဇာဖြစ်ပေသည်။

အိမ်တွင်း WIRING ရိုက်မလား၊ T.V၊ ကက်ဆက်၊ အောက်ဆက်ပြင်မလား၊ ခေတ်မီစက်ပြင်ပစ္စည်းများ မလိုပါ။ လျှပ်စစ်ဂေါက်တစ်ချောင်း၊ ဝက်အူလှည့်၊ ပလာယာ၊ တူတစ်လက်ရှိရုံဖြင့် အဆင်ပြေစွာ လုပ်နိုင်ပါသည်။ သူ့အပြောအရတော့ မွေးရာပါပညာဟု ဆိုသည်။ အမှန်ကတော့ သူ့ဖခင်မှာ မြစ်ဝကျွန်းပေါ်မြို့တစ်မြို့တွင် ပိုက်သမားဖြစ်၍ မိခင်က ငါးအလယ်ဒိုင်ပိုင်ရှင်သမီး။ စက်ပစ္စည်း၊ လျှပ်စစ်နှင့် ပတ်သက်၍ ဘယ်လိုမှ မပတ်သက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူခိုးမြင့်သိန်းက အတန်းပညာ(၁၀)တန်းတော့ အောင်သည်။ တက္ကသိုလ်ကိုတော့ အကြောင်းကြောင်းကြောင့် ဆက်မတက်ဖြစ်ခဲ့ဟု သိရသည်။ တစ်မိပေါက် တစ်ယောက်ထွန်း။ လက်တွေ့ပညာနှင့် အပြောအဆိုက အလွန်တော်သည်။ တစ်ဖက်သားကျသွားအောင် ညက်ညက်ကလေး ပြောတတ်သည်။ သူ့ဥပမိရုပ်က အသားပင်ညိုသော်လည်း ယောကျ်ားပီသ ခန့်ညားသည်။

တစ်ခုကောင်းသည်ဟု ပြောရမည်ကတော့ မိန်းမကိစ္စမရှုပ်၊ အရက်နှင့် လောင်းကစားတော့ ဝါသနာပါသည်။ အပေါင်းအသင်းကို ခင်မင်တတ်သည်။ အသက်(၄၀)နှစ်ရှိပြီဖြစ်သော်လည်း အိမ်ထောင်မရှိ လူပျိုကြီး။ ဖောက်ထွင်းမှုတစ်ခု (သို့မဟုတ်) ရတနာသိုက်တူးပြီးတိုင်း နှစ်နှင့်ချီပြီး ငြိမ်နေတတ်သည်။

သုံးမယ်၊ ဖြုန်းမယ်၊ လှူမယ်တန်းမယ်၊ ပေးမယ်ကမ်းမယ် အမှုများကိုလည်း ပြုတတ်သည်မှာ သူတို့(၃)ဦးစလုံး စရိုက်ဖြစ်သည်။ လက်ဖွာသည်။ အသုံးကြမ်းသည်။ ထို့ကြောင့် ပစ္စည်းဥစ္စာက လူမိုက်နှင့်ငွေ အတူမနေဆိုသလို မမြဲတတ်ပါ။

ကျော်ကြီးကလည်း မြင့်သိန်းလိုလူမျိုး။ အသက်(၃၅)နှစ်ခန့်၊ ဆံပင်ကို နောက်လှန်ပြီး ပုံသွင်းထားသဖြင့် သူ့ဆံပင်က ဖြီးစရာမလို၊ အသားလတ်လတ်၊ အရပ်မြင့်မြင့်၊ ခန္ဓာကိုယ်အချိုးအဆစ် ပြေပြစ်သည်၊ ကိုယ်ခံပညာမျိုးစုံ ဝါသနာပါသဖြင့် ကျွမ်းကျင်သည်။ စပို့ရှပ်အကျႌ လက်တိုကို နှစ်သက်သည်။ တစ်ကိုယ်တော် ဖောက်ထွင်းဝိဇ္ဇာတစ်ဦး ဖြစ်သော်လည်း သူခိုးမြင့်သိန်းကို ဆရာတင်သည်။

သူလည်း လူပျိုလူလွတ်၊ မိန်းမ မရှုပ်။ အသောက်အစားနှင့် လောင်းကစားတော့ ဝါသနာပါသဖြင့် တပည့်ခံပြီး သူခိုးမြင့်သိန်းနှင့်





…တော်ချင်းချင်း ပေါင်းဖက်မိကြခြင်းဖြစ်သည်။ ကျော်ကြီးတွင် မိဘများမရှိကြတော့။ ငယ်စဉ်ကပင် ဆုံးပါးသွားသဖြင့် တစ်ကောင်ကြွက်တူ…လေးအား အဒေါ်များက မွေးစားထားကြခြင်းပင်ဖြစ်သည်။ အတန်းပညာက(၉)တန်း။ ရန်ကုန်တက်၍ အလုပ်ရှာရာမှ မသက်သာမှုဖြင့် ထောင်…ပြီး ထောင်ထဲ၌ သူခိုးမြင့်သိန်းတို့နှင့်တွေ့၍ တပည့်ခံခြင်းဖြစ်သည်။ …ဟာ မြင့်သိန်းနှင့် ပုဏ္ဏားတို့ထက် အတန်ငယ်ပေသည်။ သူခိုးမြင့်သိန်းလက်အောက်၌ အလုပ်သင်ရင်း ထောင်အကြိမ်ကြိမ်ကျပြီး ဖောက်ထွင်းဝိဇ္ဇာတစ်ဦး ဖြစ်လာသဖြင့် ကျွန်တော်နှင့် ထောင်ထဲ၌ဆုံခဲ့ခြင်းဖြစ်သည်။

ပုဏ္ဏားတင်ဦးကတော့ လူတစ်မျိုး၊ မိဘဘိုးဘွားများက မြန်မာ…နှင်ခေတ်ကတည်းက ဗေဒင်၊ ဟူးရား၊ ကျေးပုဏ္ဏားမျိုး၊ အစဉ်အဆက်…တည်းက မန္တလေး ပုဏ္ဏားရပ်ကွက်တွင် နေထိုင်ခဲ့သည်။ ငယ်စဉ်…တည်းက ဆွေစဉ်မျိုးဆက် လက္ခဏာ၊ ဗေဒင်၊ အင်္ဂဝိဇ္ဇာအပြင် …ဆောင်၊ လက်ဖွဲ့ပြင်ဆင်ခြင်း၊ မန္တရားအတတ်ပညာနှင့် အခုန်အပျံပညာများကို သင်ယူတတ်ကျွမ်းခဲ့သည်။ မွေးဖွားစဉ်ကတည်းက သူခိုး…တ်ဖြင့် ယှဉ်၍မွေးပြီး မျက်နှာဖုံးစွပ်၊ အချင်းစလွယ်သိုင်းဖြင့် မွေးသည်။ ထို့ကြောင့် သူခိုးကြီးတက်ပြားလို မွေးရာပါအစွမ်းရှိပြီး သူခိုး…ပတိကြီး ဖြစ်လာခြင်းဖြစ်သည်။

သို့သော် ပုဏ္ဏားတင်ဦးက အတန်းပညာ မသင်ခဲ့ရသော်လည်း …န်းကြီးကျောင်းထွက်ပီပီ ပေစာ၊ ပုရပိုက်၊ ပါဠိနှင့် ရှေးဟောင်းစာများ…အား နှံ့စပ်သည်။ အေးဆေးစွာ သုံးသပ်၊ ဆုံးဖြတ်တတ်သည်။ အ…သတိကို အမြဲတမ်းဆင်ခြင်ပြီး ငွေစုခြင်းကို ဝါသနာပါသည်။ အသုံး



www.burmeseclassic.com

www.burmeseclassic.com



နှင့်အဖြုန်းကို ခွဲခြားတတ်သည်။ မလိုအပ်ဘဲ မဖြုန်းတတ်။ လိုအပ်၍ သုံးလျှင်လည်း နှမြောတွန့်တိုခြင်း မရှိပါ။

ပုဏ္ဏားတင်ဦးကတော့ အလွန်အသားညိုသည်။ ခေါင်းတုံးဆံထောက်ဆံပင်နှင့် အဝတ်အစားကို တန်ရုံသာဝတ်သည်။ လည်ပင်း၌ လက်ဖွဲ့မျိုးစုံဆွဲသည်မှအပ လက်ဝတ်ရတနာဆင်မြန်းခြင်းမရှိ။ အစားအစာစားတော့လည်း တစ်သက်လုံး အသီးအနှံသာ သက်သတ်လွတ်စားသည်။ အရက်မသောက်၊ ဖဲမရိုက်၊ ဆေးလိပ်မသောက်၊ ကွမ်းမစား။ အလွန်အနေအေးသူဖြစ်သည်။

မိသားစု မောင်နှမသားချင်းများလည်း မရှိတော့။ ချမ်းသာသူတစ်ယောက်ဖြစ်သော်လည်း ဝါသနာဇီဇာအရ တစ်နှစ်တွင်တစ်ကြိမ် တစ်ခါတော့ ဖောက်ထွင်းခိုးယူရမှ နေသာထိုင်သာရှိသူဖြစ်သည်။ ရသမျှကိုလည်း သူခိုးကြီးတေက်ပြားထံ နှလုံးမူကာ ဆင်းရဲသားများအားလှူဒါန်းပစ်တတ်သည်။ သူကိုးကွယ်သည့်ဆရာက သူခိုးကြီးတေက်ပြားပင်ဖြစ်ချေသည်။ သူကလည်း လူပျိုသိုးကြီးပင်။

❀ ❀ ❀

❑

ညောင်လေးပင်မြို့ကထွက်တော့ ကျော်ကြီးက ကားမောင်းသည်။ မျှောက်တင်သောင်းက ဘေးကထိုင်၍ ရှေ့ခန်း ပြောင်းစီးကြသည်။ ကျွန်တော်နှင့်အောင်သန်း နောက်ခန်းပြောင်းပြီး ထိုင်ခုံတစ်ဖက်စပေါ် ခြေထောက်တင်ဆန့်၍ စီးရသဖြင့် အတော်အညောင်းပြေသည်။ ကားမောင်းရသည်မှာ ခြေမအားလက်မအား၊ မျက်စိက ရှေ့ဘေးဝဲယာကြည့်ပြီး နားကလည်း စွင့်ထားရသေးသည်။ သူခိုးမြင့်သိန်းကတော့ လေးဘက်လေးတန် အုတ်တံတိုင်းကာရံထားသော အကျဉ်းထောင်ထဲ အလွတ်၍ ခရီးသွားပြီး လေကောင်းလေသန့်ရှူရသည်ကို ပျော်နေဟန်ရှိသည်။

Pick up ကား၏ အားနည်းချက်က ရှေ့ခန်းနှင့် နောက်ခန်း ကူးပြောမရခြင်းပင်။ သို့သော် လမ်းမှာနားရန်မှလွဲ၍ အကြောင်းမရှိသဖြင့် ကျွန်တော် ယာဉ်မောင်းသူကျော်ကြီးအား လွှတ်ထားပေးလိုက်သည်။ ညောင်လေးပင်၊ ပိန်းဇလုပ်၊ ကျောက်တံခါး၊ ဖြူး၊ ဇေယျာဝတီလမ်းကြောင်း၌ ကောက်စိုက်သမများ၊ လှည်းမောင်းသူ၊ စက်ဘီးစီးသူ၊



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်သူများနှင့် လမ်းဘေးဈေးဆိုင်ကလေးများပါမကျန် ကုလားလူမျိုးများကိုသာ အများစုတွေ့ရသဖြင့် ကျွန်တော်က …

"ပုဏ္ဏား … ဒီလူတွေက မင်းတို့အမျိုးတွေလား"

"မဟုတ်ဘူး ဆရာ။ ကျွန်တော်တို့အမျိုးက ကုန်းဘောင်ခေတ်ကတည်းက မြန်မာပြည်ကို ရောက်နေကြတဲ့ ကျေးပုဏ္ဏားမျိုး။ လယ်မလုပ်ဘူး။ လက္ခဏာ၊ ဗေဒင်နိမိတ်၊ တဘောင်ဖတ်ရတဲ့ ဘုရင့်အခြွေအရံပေးမျိုးပါ။

အခုတွေ့ရတဲ့သူတွေက ၁၉၉၀ပြည့်နှစ်လောက်မှ အင်္ဂလိပ်အစိုးရက အိန္ဒိယနွယ်ဘွား မဟာရာဂျာ၊ အီဟာပြည်နယ်စား ဒူမရောင်မင်းသားကြီးကို အင်္ဂလိပ်လက်အောက်မှာ အမှုထမ်းတာ သစ္စာရှိတယ်ဆိုပြီး နှစ်(၉၀)ဂရန်နဲ့ ဇေယျဝတီနယ်တစ်ကျောကို မြေငှားချထားတာပါ။ 'ဇေယျဝတီ'လို့ခေါ်တယ်။ လယ်လုပ်သူတွေဆိုတော့ လူမျိုးဘာသာစုံပဲ။

အဲဒီအချိန်တုန်းက အိန္ဒိယပြည်နဲ့ မြန်မာပြည်ကို အင်္ဂလိပ်က သိမ်းပိုက်အုပ်စိုးထားတာလေ။ မြန်မာပြည်ဟာ လူဦးရေနည်းပြီး စိုက်ပျိုးဖို့ မြေယာကျယ်ဝန်းတယ်။ လယ်ယာအလုပ်သမားကရှားတော့ မြေမြေသြဇာကောင်းတဲ့ ဇေယျဝတီတစ်ဝိုက်မှာ မြေလွတ်မြေရိုင်းတွေများပါတယ်လေ။ အဲ့ဒါကြောင့် အိန္ဒိယက လယ်သမား ဆင်းရဲနွမ်းပါးသူတွေကို လယ်ယာပေးမယ်။ အိမ်ဆောက်ပေးမယ်။ ကျွဲ နွားနဲ့ လယ်ယာအသုံးအဆောင်ပစ္စည်းတွေ ထောက်ပံ့မယ်။ စားနပ်ရိက္ခာ ထောက်ပံ့မယ်လို့ သိမ်းသွင်းစည်းရုံးပြီး မြန်မာပြည်ကို သင်္ဘောကြီးတွေနဲ့ သွင်းလာခဲ့တာ သောင်းဂဏန်းလောက်ရှိပြီး သူတို့မြေ၊ သူတို့ဒေသ ဖြစ်သွားတာပေါ့။

ဒါပေမဲ့ လယ်သမားကုလားတွေဟာ ပညာမတတ်ကြတော့ အလွန်ဆင်းရဲကြပါတယ်။ အရင်ကတည်းက အခုအချိန်အထိ လက်လုပ်လက်စား ဆင်းရဲသားများပါတယ်။ သူတို့အချင်းချင်းသွေးခွဲပြီး မူလတန်းအဆင့် ပညာသင်ပေးတာတောင်မှ သင်္ချာဘာသာရပ်ကို သင်မပေးဘူးတဲ့လေ။ ဒါကြောင့် မြို့ပေါ်ရောက်ပြီး ပညာတတ်၊ သူဌေးသူကြွယ်ဖြစ်သူက အလွန်ရှားပါတယ်"

"ဒါဖြင့်ကွာ … မြို့ကြီးတွေပေါ်မှာ ဆောက်လုပ်ရေးပစ္စည်းအရောင်းဆိုင်တွေ၊ ဆောက်လုပ်ရေးကုမ္ပဏီ ကုလားတွေကရောကွာ"

"အဲ့ဒါတွေက အင်္ဂလိပ်အစိုးရလက်ထက်မှာဘဲ အိန္ဒိယက ထပ်သွင်းခဲ့တဲ့ လန်ခြားကုလား၊ ကုန်ထမ်းကုလားနဲ့ ပိုက်ဆံရှိပြီး အတိုးပေးစားတဲ့ ချစ်တီးကုလား အဆက်အနွယ်တွေဘဲဆရာ။

အဲဒီအချိန်တုန်းက မြန်မာဆင်းရဲသားတွေက လန်ခြားဆွဲတာတို့ မိလ္လာနဲ့ အမှိုက်သိမ်းတာတို့၊ ကုန်ထမ်းတာတို့ကို အောက်တန်းကျတယ်ဆိုပြီး မလုပ်ကြဘူး ဆရာ။ နောက်တစ်လွှာက ကုလားပညာတတ်တွေ။ ဓာတ်ရထား၊ မီးရထားမောင်းသူတွေနဲ့ လက်မှတ်စစ်တွေဟာ ကုလားတွေချည်းပဲ။ အဲဒီအချိန်တုန်းက ခရီးသွားလုပ်ငန်းဟာ ကုလားတွေအုပ်စိုးတာချည်းပဲ။ အစိုးရရုံးတွေက မင်းစေများဟာ အားလုံးလည်း ကုလားတွေချည်းပဲဆရာ"

"အေးကွာ … လူအချင်းချင်းဖြစ်လို့ စာနာမိပါတယ်။ ဒါပေမဲ့ကွာ မြန်မာမြေပေါ်မှာ နိုင်ငံခြားသား ကုလားတွေ၊ တရုတ်တွေ ဝင်နေရာယူကြပြီး ဆွေစဉ်မျိုးဆက် အုပ်စိုးခြယ်လှယ် နေရာယူတွင်ကျယ်နေကြတာကိုတော့ ဘဝင်မကျမိဘူး။ မင်းကြည့်ပါလား။ ရန်ကုန်နဲ့ မန္တလေး







www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးတွေမှာ စားသောက်ဆိုင်ကြီးတွေ၊ ဟိုတယ်ကြီးတွေ၊ မိုတယ်ကြီးတွေ၊ စီးပွားရေးလုပ်ငန်းကြီးတွေကို တရုတ်လူမျိုးတွေက လက်ဝါးကြီးအုပ်ထားတယ်။ အိမ်ဆောက်ပစ္စည်းကုန်မာဆိုင်တွေ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ အထွေထွေ ရောင်းဝယ်ရေးဆိုင်တွေကိုတော့ ကုလား လက်ဝါးကြီးအုပ်ထားတာ။

မန္တလေးမြို့ဟာ မြန်မာလူမျိုးတွေရဲ့ နောက်ဆုံးနန်းဆက်မြို့တော်ဖြစ်ပေမဲ့ အခုတော့ တရုတ်က မြို့လယ်ခေါင်မှာ ဈေးကောင်းကောင်းပေးဝယ်လို့ တရုတ်မြို့တော်ဖြစ်နေပြီ။ မြန်မာတွေကတော့ မြို့စွန် မြို့ဖျား မြို့သစ်တွေမှာ နေကြရတယ်။ မြန်မာပြည်မှာမွေးတဲ့ မြန်မာလူမျိုးစစ်စစ်တွေကတော့ မြို့ကြီးပေါ်တက်ပြီး တရုတ်သူဌေး၊ ကုလားသူဌေးတွေရဲ့ လခစားအလုပ်သမားကျေးကျွန်တွေ ဖြစ်နေကြပြီလေ။ ဘယ်လောက် ရင်နာစရာကောင်းသလဲလို့ မင်းစဉ်းစားကြည့်စမ်း''

''ဟုတ်ပါ့ ... ဆရာရယ်။ ဒါကြောင့်လည်း ကျွန်တော်အုပ်စုက ပုဂ္ဂလိဓိဋ္ဌာန်ချပြီး ကျွန်တော်တို့နည်းနဲ့ ကျွန်တော်တို့ အမြတ်ကြီးစား၊ မတရားအညွန့်ခူးတဲ့ တရုတ်သူဌေး၊ ကုလားသူဌေးတွေအိမ်ကိုသွားပြီး ဖောက်တာပဲ။ ကျွန်တော်တို့ဆရာ သူခိုးကြီးတေက်ပြားရဲ့ နလုံးမူပြီး အကုန်မယူပါဘူး။ တစ်ဝက်ပဲခိုးတာပါ။ သစ်ပင်ခုတ်ရင် အမြစ်ပါ မလှန်ရဘူးလေ။ အတက်အညွန့်ထွက်အောင် အပင်ရင်းကိုချန်ထားရသေးတာပေါ့။ အတက်အညွန့်ပြန်ဝေမှ ကျွန်တော်တို့လုပ်ငန်းကလည်း ဖြစ်တာကိုး ... ဆရာရဲ့။ သတိပေးပြီး မျိုးတုံးမသွားအောင် ပြန်ထိန်းတဲ့သဘောပါ''

အေး ... ဒါကတော့ ဥပဒေဘက်တော်သား လုပ်ခဲ့တဲ့သူတော့ မင်းတို့လို မွေးရာပါ ဝါသနာရှင်တွေကို မတားတော့ပါဘူး။ တ





လည်း ရမှာမှမဟုတ်ဘဲ။ ဒါကတော့ ရှေးဟောင်းလူတွေ မြှုပ်နှံထားခဲ့တဲ့ ရတနာသိုက်ဖော်တာကိုပဲ သဘောကျတယ်။ ပညာသုံးရတယ်။ စဉ်းစားရတယ်။ အလဟဿ မြေကြီးဖြစ်သွားမဲ့အစား ထိုက်တန်သူက ဖော်နိုင်ပြီး ကောင်းမှုကောင်းကျိုး ဆောင်ရွက်နိုင်ရင် အကျိုးရှိတာပေါ့ကွာ။ ဒါနဲ့ မင်းတို့ခိုးရာပါ ပစ္စည်းတွေကို ဘယ်လိုအသုံးချသလဲ''

''အဲ့ဒါကတော့ နယ်ဆင်းပြီး အမည်မဖော်လိုသူအနေနဲ့ ဂေါပကအဖွဲ့အပ်ပြီး ကျောင်းဆောက်၊ ဘုရားတည်၊ တံတားဆောက်၊ ဆန်လှူပေါ့ ... ဆရာရယ်။ မုန်တိုင်းနဲ့ ရေကြီးတာတို့ သဘာဝဘေးအန္တရာယ်ကြုံရင် ကျွန်တော်တို့ အမြဲတမ်းလှူပါတယ်။ မြန်မာပြည်အထက်အောက် ကျွန်တော်တို့ မလှူဖြစ်တဲ့မြို့ရွာဆိုလို့ အလွန်ရှားပါတယ်''

''အေးကွာ ... မင်းတို့နည်းနဲ့ မင်းတို့တော်လှန်နေတာပေါ့လေ။ ဒါပေမဲ့ သူတစ်ပါးပစ္စည်းနဲ့ လှူဒါန်းတာမို့ သာဓုတော့မခေါ်ချင်ဘူး''

''မခေါ်ပါနဲ့ ... ဆရာ။ ကျွန်တော်တို့လည်း အမှျမဝေပါဘူး။ ရတနာသိုက်တူးလို့ရရင်သာ မြှုပ်နှံခဲ့သူနဲ့ သက်ဆိုင်သူများ ကောင်းရာသုဂတိလားဖို့ အမျှအတန်းဝေပါတယ်''

''အေး ... အဲ့ဒီအချိန်ကျတော့ ပြော၊ ငါ သာဓုခေါ်မယ်''

''ဟုတ်ကဲ့ ဆရာ။ ဒါနဲ့ ကုလားတွေ မြန်မာပြည်ရောက်လာတာတော့ ကျွန်တော်သိသလောက် ပြောပြီးပါပြီ။ တရုတ်တွေ မြန်မာပြည်ထဲလာတာကကော ဆရာသိသလောက် ပြောပြပါဦး''

''အေး ... အေး ... ဒီလိုကွ။ တရုတ်တွေက ကုလားတွေထက် မြန်မာပြည်ထဲကို စောဝင်လာကြတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဇာတ်ကြောင်းက အတော်ရှည်တော့ တိုရင်းလိုရှင်းပဲ ပြောတော့မယ်။ 'အထက်ကောင်းတုံ၊ အောက်ရန်ကုန်၊ စုန်ဆန်ထက်အောက်ဆင်း' ဆိုတဲ့ ကဝိလက္ခဏာသတ်ပုံကျမ်းပါ သံပေါက်ကလေးရှိတယ်ကွ။ ကောင်းတုံဆိုတာ ဗန်းမော်မြို့နယ်ထဲက ရှေးဟောင်းမြို့တစ်မြို့ပဲ။

လွန်ခဲ့တဲ့ ပုဂံခေတ် အနော်ရထာမင်းစောတည်ခဲ့တဲ့ ကင်းမြို့ကြီးတစ်မြို့ဖြစ်ပြီး 'ကောင်းတုံခံတပ်ကြီး'ဟာ အလွန်နာမည်ကြီးတယ်။ ခရစ်နှစ် (၁၇၆၅) မှာ၊ တရုတ်ဘုရင်ဦးတည်ဘွားနဲ့ မန်ချူးကျွေရာ်ချင်းလုံတို့က မြန်မာနယ်စပ်မြို့ ကျိုင်းတုံကို တရုတ်ခြေလျင်စစ်သည် (၅၀၀၀၀) နဲ့ မြင်းသည် (၁၀၀၀၀)ပါ ဝင်ရောက်ဖိုက်ခိုက်ခဲ့တယ်။

အဲဒီတရုတ်စစ်တပ်ကြီးကို မြန်မာဘုရင် အင်းဝဆင်ဖြူရှင်က လက်ဝဲဝင်းမှူး နေမျိုးစည်သူကို တပ်ချုပ်ခန့်ပြီး ပြန်လှန်တွန်းလှန်စေခဲ့တယ်။ စစ်ပွဲမှာ တရုတ်စစ်မှူးချုပ် ရည်တာလောရဲ့ စစ်သည် (၁၀၀၀၀) ကျဆုံးခဲ့လို့ တရုပ်တပ်ကြီး ပထမအကြိမ်စစ်ရှုံးပြီး ဆုတ်ခွာပြေးရတယ်။

ဆုတ်ခွာပြေးရာမှာလည်း တရုတ်စစ်သားတချို့တွေဟာ လူဦးရေများပြီး ဝတ်မွတ်ခေါင်းပါးလှတဲ့ တရုတ်ပြည်ထဲကို ပြန်မလိုက်တော့ဘဲ မြန်မာပြည်တောတောင်တွေအထဲမှာ ပုန်းလျှိုးနေထိုင် ကျန်ခဲ့ကြရာက တိုင်းရင်းသူတွေနဲ့ရပြီး မြန်မာပြည်တွင်းမှာပဲ အခြေစိုက်နေထိုင်ခဲ့ကြတယ်လို့ အဆိုရှိတယ်"

သက္ကရာဇ် ၁၇၆၆ ခုနှစ်မှာ တရုတ်တွေဟာ ဒုတိယအကြိမ် အင်အားအလုံးအရင်းနဲ့ ဝင်လာကြပြန်တယ်။ ဒုတိယအကြိမ်မှာတော့ ခြေလျင်စစ်သည် (၂၅၀၀၀၀)နဲ့ မြင်းသည် (၂၅၀၀၀) ဟိန်းဟိန်းညံအောင် ဗန်းမော်စစ်ကြောင်း ချီလာခဲ့တယ်။ ခေါင်းဆောင်စစ်ဗိုလ်ချုပ်





တွေကတော့ ရင်စုတာရှည်နဲ့ ဆင်တာလောရဲတို့ ဖြစ်ကြတယ်။ ဗန်းမော်မြို့နဲ့ ကောင်းတုံမြို့တွေကို အပြင်းအထန် လုပ်ကြံကြတာ။ မြန်မာဘက်က အင်းဝဘုရင်စစ်ကူနဲ့ ဗိုလ်မှူးမဟာစည်သူက ရော်ဝတီမြစ် အနောက်ဘက်ကမ်းက မိုးကောင်း၊ မိုးညှင်း ကြည်းကြောင်းချီလာပြီး ဗိုလ်မှူးနေမျိုးစည်သူက ရော်ဝတီမြစ်ကြောင်းနဲ့ ဗန်းမော်ကို အပြင်းချီလာခဲ့တယ်။

ကောင်းတုံခံတပ်ကို အနိုင်အမာကွပ်ကဲနေသူက တပ်မှူးဗလမင်းထင်။ ကောင်းတုံမြို့ဝန်လို့လည်း နာမည်ကြီးတယ်။ မြန်မာတပ်မကြီး (၃)တပ်ပေါင်းပြီး တိုက်ကြတော့ မြန်မာတွေက ရေမြေတောတောင်ကျွမ်းကျင်တော့ ဒုတိယအကြိမ် မန်ချူးစစ်တပ်ကြီးပျက်ပြီး ဆုတ်ခွာပြေးရပြန်တယ်။ အဲဒီအကြိမ်ကတည်းက တရုတ်စစ်သားအချို့ဟာ ဆုတ်ခွာပြေးရင်း လူစုကွဲပြီး မြန်မာတောတောင်တွေကို မှီခိုရင်း ကျန်ခဲ့ပြန်တယ်"

နောက်တစ်နှစ် (၁၇၆၇)ခုနှစ်ကျပြန်တော့လည်း တရုတ်စစ်သူကြီး မြင်းခုံရဲနဲ့ ညီဖြစ်သူ တာစုရဲတို့ခေါင်းဆောင်ပြီး ပထမနဲ့ ဒုတိယအကြိမ်ထက် အင်အားပိုကြီးတဲ့ တပ်မကြီးနဲ့ ဝင်ရောက်လာပြန်တယ်။

အင်းဝဘုရင် ဆင်ဖြူရှင်နဲ့ မြန်မာတပ်မှူးကြီးများ အကွပ်အကဲကောင်းသောကြောင့် တရုတ်တပ်မကြီး ရှေ့မတိုးနိုင်ဘဲ တန့်နေသည်။ ယခု တတိယစစ်ပွဲမှာ တရုတ်ဘက်က ခြေလျင်စစ်သည် သုံးသိန်း၊ မြင်းသည် သုံးသောင်း ပါဝင်လာသည်။ မြန်မာတို့ကို အပြီးသတ်ချေမှုန်းရန်ဖြစ်သည်။ သိန္နီမြို့ကိုသိမ်းပိုက်ပြီး သီပေါမြို့ကို ထိုးစစ်ဆင်သည်။ တပ်ဦးတပ်ဖျားက မန္တလေးမြို့အရှေ့မြောက်ယွန်းယွန်း (၁၀)မိုင် ခန့်



www.burmeseclassic.com

သာဝေးတော့သည်။ ဗန်းမော်မြို့ကိုလည်း လုပ်ကြံရန် ဆက်လက်ချီတက်နေကြသည်။

မြန်မာဘက်က သီပေါစစ်ကြောင်းကို စစ်သူကြီး မဟာစည်သူ ခေါင်းဆောင်၍ ဆီးကြိုတိုက်ခိုက်ခဲ့သည်။ ဗန်းမော်စစ်ကြောင်းကိုတော့ လက်ဝဲဝင်းမှူး နေမျိုးစည်သူက အပြင်းအထန် ခုခံချေမှုန်းခဲ့သည်။ မြန်မာစစ်သူကြီး မဟာသီဟသူရကတော့ ချုံခိုစနစ်ဖြင့် ကြားဖြတ်ပြီး မန်ချူးတရုတ် ရိက္ခာထောက်တပ်ကို ဖြတ်တောက်ရန် မော်ကြိုကနေ အပြင်းချီတက်လာကြသည်။ ဖြတ်တောက်နိုင်သဖြင့် တရုတ်တပ်တွေ ရိက္ခာပြတ်ကုန်သည်။

ထို့နောက် မြန်မာစစ်သူကြီး မဟာသီဟသူသည် ဗန်းမော်စစ်ကြောင်းက လက်ဝဲဝင်းမှူး နေမျိုးစည်သူနှင့်ပေါင်းပြီး သိန္နီမြို့ကို တရုတ်လက်က ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ဒုဋ္ဌဝတီမြစ်ငယ်ရေကြောင်းချီနေသော ဆင်ခေါင်းက တရုတ်တပ်ကြီးဟာလည်း ရိက္ခာပြတ်ပြီး မြန်မာစစ်သည်တော်တွေရဲ့ ချေမှုန်းခြင်းကို ခံရတယ်။ တရုတ်တွေ စစ်ရှုံးတော့ ခေါင်းဆောင်တွေဖြစ်ကြတဲ့ စစ်သူကြီးမြင်းနုံရဲနဲ့ တာစုရဲ တို့ဟာ မိမိကိုယ်မိမိ အဆုံးစီရင်သွားကြတာကြောင့် တရုတ်တပ်ကြီး ပျက်ပြီး ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးရပြန်တယ်''

ခရစ်နှစ် (၁၇၆၉)မှာတော့ စတုတ္ထအကြိမ် တရုတ်တပ်ကြီး ချီလာပြန်တယ်။ ဒီတစ်ခါ မန်ချူးစစ်တပ်ကြီးကို ခေါင်းဆောင်လာတာက တရုတ်စစ်သူကြီး သူကုန်ရဲ၊ အာကုန်ရဲနဲ့ ယွန်းကုန်ရဲတို့ ဖြစ်ကြတယ်။ တရုတ်စစ်သည်တော် ငါးသိန်းငါးသောင်းပါလာပြီး ဗန်းမော်မြို့ကို ဦးစွာသိမ်းပိုက်လိုက်ကြတယ်။ အဲ့ဒီရောက်မှ ဗန်းမော်ကနေ (၁၂) မိုင်ဝေးတဲ့ ရွှေညောင်ပင်ခံတပ်ကြီးကို အခိုင်အမာတည်နေတယ်။





ဧရာဝတီမြစ်ကြီးအတွင်းမှာလည်း တရုတ်ရေတပ်နဲ့ မြန်မာရေတပ် အပြင်းအထန်တိုက်ခိုက်ကြတယ်။ မန်ချူးတရုတ်တွေက မြန်မာ့ခံတပ်ကောင်းတုံကို သိမ်းပိုက်ဖို့ အပြင်းအထန်ကြိုးစားတယ်။ မြန်မာတပ်မှူးကြီး ဗလမင်းထင်နဲ့ မြန်မာတပ်သားတွေရဲ့ သတ္တိနဲ့ ရှုပ်ရှုပ်ချုံချုံ ပြန်လည်တွန်းလှန်လို့ ကောင်းတုံခံတပ်မကျတဲ့အပြင် မြေပြန့်လွင်ပြင်မှာ စစ်မဆင်ဘဲ တောတွင်းကနေပြီး ပြောက်ကျားစစ်ဆင်တယ်။

ဒါကြောင့် မန်ချူးစစ်တပ်ကြီး တောမကျွမ်းတာမို့ အထိနာပြီး စစ်ပန်းတယ်။ အင်းဝကလည်း စစ်သည်အင်အား အဆက်မပြတ် ဖြည့်ဆေးတယ်။ ကောင်းတုံခံတပ်ကို ရေကြောင်း၊ ကြည်းကြောင်းနဲ့ လုပ်ကြံနေတဲ့ တရုတ်စစ်တပ်ကြီးပျက်ပြီး တရုတ်တို့ အခိုင်အမာတည်ဆောက်ထားတဲ့ ရွှေညောင်ပင်ခံတပ်ကြီးလည်း မြန်မာလက်အောက်ကျတော့ တရုတ်စစ်သူကြီး ဖူဟိန်က စစ်ပြေငြိမ်းစကား ကမ်းလှမ်းလာလို့ စတုတ္ထအကြိမ် စစ်ပွဲကြီးအပြီးသတ်ပြီး မြန်မာစစ်သူကြီး မဟာသီဟသူရက နောင်ရေးအရှည်မျှော်တွေးပြီး ကောင်းတုံမှာ စာချုပ်ချုပ်ဆိုခဲ့တယ်။ စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုခဲ့တဲ့နေရာဟာ ကောင်းတုံခံတပ်ကြီးအနီး စစ်ပွဲနိုင်တဲ့ 'အောင်မြေ'နေရာပဲ။

အဲဒီနေရာမှာ အထိမ်းအမှတ်၊ ဆုတောင်းပြည့်စေတီတစ်ဆူနဲ့ သရက်ပင်ကြီးတစ်ပင်ကိုလည်း စိုက်ခဲ့တယ်။

''ငါ ဗန်းမော်ထောင်ကို (DE) စစ်သွားရင်း အောင်မြေနေရာ၊ ကောင်းတုံခံတပ်အခြေကို ရောက်ဖူးတယ်။ အောင်မြေစေတီကတော့ ပြိုပျက်သွားပြီ။ အုတ်ပုံဘဲကျန်ခဲ့တော့တယ်။ အထိမ်းအမှတ် သရက်ပင်ကြီးကတော့ ရှိတုန်းဘဲ။ အောက်ခြေပင်စည်က လူကြီးလေးဖက်စာ

www.burmeseclassic.com



လောက်ရှိပြီး အမြင့်က ပေ(၂၂၀)ကျော်ရှိတယ်။ အောင်မြေဆိုတဲ့အတိုင်း ထူးဆန်း,ဆန်းကြယ်တဲ့ နေရာတစ်ခုပဲ။

ငါ့အမြင်ပြောရရင်တော့ အလွန်အင်မတန် အင်အားကြီးတဲ့ မန်ချူးတရုတ်စစ်တပ်ကြီးကို လေးကြိမ်တိတိ အနိုင်တိုက်ခိုက်နိုင်တယ် ဆိုတာ အလွန်အံ့သြစရာကောင်းတယ်။ မြန်မာ့စိတ်ဓာတ်၊ မြန်မာ့သတ္တိနဲ့ တောတောင်ရေမြေကျွမ်းပြီး စစ်ပွဲအတွေ့အကြုံများတာလည်း ပါလိမ့်မယ်။ အဲ့ဒါတွေအပြင် တခြားထူးခြားဆန်းကြယ်တဲ့ ဂမ္ဘီရအစီအစဉ်တွေလည်း ပါလိမ့်ဦးမယ်ထင်တယ်။ လူအင်အားသုံးသိန်းကျော်ကို ထိုးဖောက်အောင် မြင်နိုင်တယ်ဆိုတဲ့အစွမ်းက နည်းမှတ်လို့။ မင်းကော မအံ့သြဘူးလား''

''သာမန်ထက်ထူးခြားတဲ့ လူစွမ်းကောင်းတွေ ပါလို့နေမှာပါ ဆရာရယ်''

''ဆရာပြောတာ အကြမ်းဖျင်းဆိုပေမဲ့ အတော်ပြည့်စုံတာပါ ဘဲ''

''အဟဲ ...ငါက သမိုင်းအဓိကနဲ့ ရန်ကုန်တက္ကသိုလ်က ဘွဲ့ရထားတာကွ။ ဓာတိ၊ စိတ်ဓါတ်ရှင်သန်အောင် မင်းကိုပြောပြရတာ။ မင်း အဲ့ဒီအချိန်က မြန်မာ့ဘုရင့်တပ်သားတွေ နေရာမှာရှိနေရင် ဘာလုပ်မလဲ''

''ဟဲ ... ဟဲ ... ဆရာရယ်၊ ကျွန်တော်တို့စိတ်ဓာတ်က ဘဝ ကူးပြောင်းတောင် ပြောင်းလဲသွားမယ် မထင်ပါဘူး။ အဲ့ဒီအချိန်မှာသာ ကျွန်တော် မြန်မာတပ်သားဖြစ်ခဲ့ရင် ပြောက်ကျားစနစ်နဲ့ တရုတ်စစ်တပ် ကြီးထဲက လက်နက်၊ ခဲယမ်း၊ မီးကျောက်နဲ့ ရိက္ခာတွေကို ဝင်ခိုးမှာပေါ့ ဆရာရယ်။ ဟဲ ... ဟဲ ... ဟဲ ... ဟဲ ...''





''ဟား ... ဟား ... ဟား ...''

''ကောင်းကွာ ... တကယ့်သူရဲကောင်းစိတ်ဓာတ်၊ အာဂ သတ္တိခဲ ပြောက်ကျားစစ်သားပဲ။ အေး ... ဟုတ်တော့ ဟုတ်တယ်ကွ။ အဲဒီအချိန်က မြန်မာဘက်က အင်အားနည်းတော့ မင်းတို့လို သူခိုးလူ စွမ်းကောင်းတွေလည်း တစ်တပ်တစ်အား ပါချင်ပါပေမပေါ့။ အင်းဝခေတ် အတည်းကဆိုတော့ မင်းတို့ဆရာ နာမည်ကြီးသူခိုးကြီး ငတက်ပြားလည်း အဲ့ဒီစစ်ပွဲမှာ ပါဝင်အမှုထမ်းဆောင်ခဲ့လို့ မြန်မာတွေ အနိုင်ရတာလည်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အစောက ငါ ဓာတ်လမ်းပြောပြပြီး ဝေဖန် သော့ ထူးခြားဆန်းကြယ်တဲ့ ဂမ္ဘီရအစီအစဉ်တွေ ပါလိမ့်မယ်လို့ ဝေဖန် ခဲ့တာ။

မြန်မာတွေမှာ ခေတ်အဆက်ဆက် လူစွမ်းကောင်းတွေပေါ်ခဲ့ တာ မင်းလည်း အသိပဲ။ ပုဂံခေတ်မှာ ကျန်စစ်သားနဲ့ ငထွေရူး၊ ငလုံး လက်ဖယ်၊ ညောင်ဦးဖီးတဲ့။ အင်းဝခေတ်မှာ ဘုရင်မင်းခေါင်နဲ့ သူခိုးကြီး ငတက်ပြား။ နောက်ပြီး ဗျတ်ဝိ၊ ဗျတ္တ၊ ရွှေဖျင်းညီနောင် စသဖြင့်ပေါ့ လေ။ သူ့ခေတ်နဲ့သူ လူစွမ်းကောင်းတွေတော့ ပေါ်စမြဲပဲကွ။ ဟော .. အခု ငါတို့ခေတ်မှာ ကြည့်ပါလား ... ပုဏ္ဏားတင်ဦးတဲ့၊ သူခိုးမြင့်သိန်း တဲ့၊ ဖောက်ထွင်းဝိဇ္ဇာ ကျော်ကြီးတဲ့။ ဟား ... ဟား ...''

''ဟာ ... ဆရာကလည်း အဟုတ်မှတ်လို့ နားထောင်နေတာ''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်တော်တို့ တောင်ငူမြို့ကိုရောက်တော့ မွန်းလွဲ(၂)နာရီခန့်။ ထီးနီကုန်းရပ်ကွက် ဘောလုံးကွင်းအနီးတွင်ဖွင့်ထားသော မြန်မာဘီယာဆိုင်ကြီးအနီးတွင် ခေတ္တရပ်နားကြပြီး အပန်းဖြေကြသည်။

စည်ဘီယာနှင့် အမြည်းအနည်းငယ်လောက်သာ အဆာပြေစားသောက်ကြရင်း သူခိုးမြင့်သိန်းက ...

"ဆရာ ... ဒီည ဘယ်မှာအိပ်မှာလဲ"

ကျွန်တော်ကလည်း သွားမည့်နေရာကို သူတို့အား အတိအကျ ပြောထားသည်မဟုတ်။ မန္တလေးဘက်ဟုသာ အကြမ်းဖျင်းပြောထားသည်လေ။

"လောလောဆယ် ကျောက်ဆည်မြို့ကို သွားမယ်။ ဒီည ကျောက်ဆည်မြို့ပေါ်က တည်းခိုခန်းတစ်ခုခုမှာ ညအိပ်မယ်။ အဲ့ဒီကမှ နောက်နေ့မှ ရွာတစ်ရွာသွားပြီး နှစ်ရက်သုံးရက်နားပြီး အိပ်မယ်။ အခုသွားမဲ့ကိစ္စက မင်းတို့သူခိုးတွေအတွက် သိဒ္ဓိတင်ပေးဖို့လည်းပါတယ်။ ပုဏ္ဏား ဒီနေ့ဘာနေ့လဲ"

"သောကြာနေ့ ဆရာ"





"အဲဒါ ပြောတာမဟုတ်ဘူး။ မြန်မာလို ဘယ်နှစ်ရက်လဲလို့ မေးတာ"

"ဟုတ်ပါ့ ... ဆရာရယ်။ ကျွန်တော် မေ့တော့မလို့။ ဒီနေ့ တန်ဆောင်မုန်းလပြည့်နေ့။ မနက်ဖြန်ညက ကျွန်တော်တို့ အဓိပတိသူခိုးအတွက် အင်းဝမြို့ဟောင်းက ကျွန်တော်တို့ဆရာ သူခိုးကြီးတေက်ကြီးရဲ့ 'မရှိခဏ'ဘုရားမှာ သိဒ္ဓိတင်ဆုတောင်းပွဲလုပ်ရမဲ့ည။ ကံကောင်းလို့ဗျာ။ ကျွန်တော် မြင့်သိန်းတို့ကိစ္စကြောင့် မေ့နေတာ။ အရင်တစ်ခါလည်း ကျွန်တော် မြစ်ဝကျွန်းပေါ်ဘက် ဆေးသွားကုရင်း မိကျောင်းကိုက်ခံရတဲ့ ကောင်လေးတစ်ယောက်ရဲ့ အသက်ကိုကယ်ရင်း မေ့သွားလို့ ထောင်ကျခံရဖူးတယ်"

"မင်းတို့ရဲ့ သိဒ္ဓိတင်ပူဇော်ပွဲက ကြိုတင်လုပ်တာတို့ နောက်ဆွဲလုပ်တာတို့ မရဘူးလားကွ"

"မရဘူး ဆရာ။ ကျွန်တော် ပူဇော်လာတာ ဒီနှစ်နဲ့ဆိုရင် နှစ် (၂၀)ပြည့်ပြီ။ သူခိုးကြီးညမှာ အတိအကျမလုပ်ဖြစ်တာနဲ့ တစ်နှစ်လောင်မပြေတော့ဘူး။ ကတိသစ္စာစကားကြောင့် မှားယွင်းတာနဲ့ ဒဏ်သင့်ခံရတာ။ မေ့လို့ပေါ့လို့ မရဘူးဆရာ"

"အေး ... အဲ့ဒါဆိုရင်လည်း အမြဲတမ်း သတိထားကြပေါ့ကွာ။ ကိုယ့်လုပ်ငန်းနဲ့ ပတ်သက်နေတာ လေးစားကြရမှာပေါ့။ ဘာအလုပ်ဖြစ်ဖြစ် မိမိလုပ်တဲ့အလုပ်ကို လေးစားယုံကြည်မှ အောင်မြင်နိုင်တယ်။ ဒါဟာ သဘာဝကျပါတယ်"

"ဒါနဲ့ ဟိုကောင်တွေကရော မင်းလို ယုံကြည်မှုရှိကြရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အရင်ကတော့ မယုံကြည်ကြပါဘူး။ အခုတော့ ကျွန်တော် ပွဲတွေ့ အဆောင်တွေပေးထားပြီး လက်တွေ့စမ်းပြလိုက်လို့ သဘောကျနေကြပြီ။ ကျွန်တော်နဲ့ ပူဇော်ပွဲလိုက်ကြတာ (၃)နှစ်လောက်ရှိပြီ"

"အေး . . . အဲ့ဒါကြောင့်လည်း ငါက တံတားဦးအင်းဝနဲ့နီးတဲ့ ရွာလေးတစ်ရွာမှာ စတည်းချပြီး မင်းတို့အတွက် ပါရမီဖြည့်ပေးမလို့ပါ"

"ဘယ်ရွာလဲ ဆရာ"

"မင်းတို့နဲ့ငါ မြောက်မိဖုရား ပတ္တမြားကြီးကိစ္စတုန်းက ခေတ္တပုန်းခိုနေခဲ့တဲ့ရွာကလေးလေကွာ။ မင်းမေ့နေပြီလား။ မိုးတင်တို့ရွာ၊ နန်းတောင်ကုန်းရွာလေကွာ"

"အင်း . . . ဟုတ်ပါရဲ့။ တံတားဦးသွားရာလမ်း။ ကြောင်သန်းကုံးရွာကလေးမှာဆင်းပြီး အတွင်းကိုလှည်းနဲ့သွားရတာလေ။ ဒါနဲ့ဆရာ ပန်းလောင်မြစ်ကမ်းနံဘေး လမ်းခုလတ်ရွာကလေးက ဘာရွာပါလိမ့်။ ရွာနာမည်က ခပ်ဆန်းဆန်းရယ်"

"အုန်းလက်ကောက်ရွာပါကွာ။ ရွာအနားမှာ ဘုရားနီကြီးနဲ့ ပုဂံခေတ်က ရှေးဟောင်းဘုရားတွေ တန်းစီပြီးရှိတဲ့ရွာလေကွာ"

"မှတ်မိပါပြီ . . . ဆရာရယ်။ ကျွန်တော်လည်း ရွာလေးတွေ သွားရလွန်းလို့ ရောထွေးနေတာ။ အတော်ပဲ ဆရာ၊ ဆရာ့အစီအစဉ် အလွန်ကောင်းတယ်။ ကျွန်တော်တို့ ဘုရားလည်းဖူးရင်း လိပ်ဥလည်း တူးကြတာပေါ့နော်"

"ဒါနဲ့ ဆရာ၊ ကျွန်တော်တို့သွားတုန်းက မိုးတွင်းကြီးဆိုတော့ ပန်းလောင်မြစ်ရေကြီးနေလို့ ကြောင်ပန်းကုံးရွာဘေးက မဝင်နိုင်ဘဲ ဆိုင်ဘက်က ပတ်ဝင်ရတာလေ၊ လှည်းလမ်းကို ကားမောင်းရတာ အတော်ဆိုးတယ်"





"စဥ့်ကိုင်မြို့လေးဘက်က လမ်းကြမ်းတယ်။ ဝေးတယ်ကွ။ အခုတော့ တံတားဦး လေဆိပ်အသစ်ကြီးကြောင့် လမ်းတွေကောင်းမှာပါ။ ဒါလည်း မရောက်တာကြာပြီ။ အခုရာသီကတော့ မိုးကုန်ပြီမို့ ကြောင်ပန်းကုံးကဝင်ရင် အဆင်ပြေမှာပါ။ ကားဝင်မရရင်လည်း ကားကို မိုးအောင် ဆိမ်မှာထားခဲ့ပြီး သူ့လှည်းနဲ့ လိုက်ပို့နိုင်းရင် အဆင်ပြေပါတယ်"

ထိုစဉ် ကျော်ကြီးက . . .

"ဆရာ . . . ဒီအချိန်ဆိုရင် မိုးတင်တို့ရွာမှာ ထန်းရည်ရလောက်ပြီပေါ့နော်"

"အေး . . . သီတင်းကျွတ်ပြီးပြီဆိုတော့ ရလောက်ပါပြီ။ ငါ သူတို့အတွက် လက်ဆောင်တွေဝယ်လာပါတယ်။ မင်းတို့ကလည်း ဝိုင်းပြီး မုန့်ဖိုးပေးလိုက်ကြပေါ့"

"ဟုတ်ကဲ့ပါ . . . ဆရာ၊ သူတို့ညီအစ်ကိုတွေက အလွန်ညီညွတ်ပြီး ခင်ဖို့ကောင်းပါတယ်။ ရွာကြက်သားဟင်းနဲ့ ခွေးတောက်ရွက်ဟင်းချိုကတော့ ကျွန်တော် အကြိုက်ဆုံးပါပဲ"

✿ ✿ ✿

www.burmeseclassic.com

□

"စေတနာသဒ္ဒါတရားနဲ့ ကျွေးကြတော့ ဘာကျွေးကျွေး အကောင်းဆုံး လုပ်ကျွေးကြတာကွ။ ပဲအမျိုးမျိုးနဲ့ ဆီထွက်တော့ အညာ စာကတော့ ပေါတာပေါ့။ သူတို့ရွာတွေက အသီးအရွက်အပင်တွေ စိုက် ထားကြတော့ မရှိရှိတာလေးနဲ့ ဟင်းဖြစ်အောင်လုပ်ကျွေးနိုင်ကြတယ်။ ကြက်သွန်၊ ငရုတ်ကလည်း ပေါတာကိုး။ ရွာထွက် ခြံစည်းရိုးဟင်းချို ရွက်ဆိုတဲ့ အလေ့ကျ ရာသီပေါ်အသီးအရွက် အလွန်ပေါတာ။

ဒီရာသီမှာဆိုရင် မိုးအကုန်ဆောင်းအကူးမို့ တမာရွက်၊ ဆူးပုပ် ရွက်၊ ချွေးတောက်၊ ကင်းပုံရွက်၊ သနပ်ရွက်တွေက အလွန်ပေါပြီး ကိုင်း သီးနှံတွေ လှိုင်လှိုင်ပေါ်ပြီဆိုတော့ ဟင်းချက်စရာပေါတာပေါ့။ သူတို့ဆီ မှာ အရင်ကလို မြေပဲ၊ နှမ်း၊ ငရုတ်၊ ပဲအမျိုးမျိုးသာမက ငှက်ပျောမျိုး ကောင်းတွေပါ ပန်းလောင်မြစ်ကမ်းနဖူးမှာ ရေစုပ်စက်နဲ့ ရေတင်ပြီး စိုက်တာ။ ရာသီမရွေးအတွက် ကောင်းတာပေါ့"

ပုဏ္ဏားက …





"အတော်ပဲပေါ့ … ဆရာရယ်။ ကျွန်တော်က ကန်တော့ပွဲ ဒီပွဲတော် ပူဇော်ရမှာဆိုတော့ ငှက်ပျောသီးပေါတာနဲ့ အဆင်ပြေတာ ပေါ့။ ဒါနဲ့ အုန်းသီးရော ပေါသလားဆရာ"

"အုန်းသီးကတော့ ရွာတွေမှာ ရှားတယ်ကွ။ ကျောက်ဆည်မြို့ ပေါ်မှာတော့ ပေါပါတယ်။ ကျောက်ဆည်ရောက်ရင် သတိပေး။ ဈေးကြီး နားက လက်ဖက်ရည်ဆိုင်ရှေ့မှာ ကားရပ်ပေးမယ်။ အလိုရှိသလောက် သာ ဝယ်ပေရော့"

"ဟုတ်ကဲ့ … အဆင်ပြေတာပေါ့ … ဆရာရယ်"

ကျွန်တော်တို့ကားကလေး လယ်ဝေးမြို့ကလေးသို့ ဝင်ခါနီး တော့ အရှေ့ဘက်လမ်းဘေး၌ ခရီးသည်တင် အဝေးပြေးကားကြီးတစ် စီး စက်ပျက်နေဟန်ဖြင့် ရပ်ထားသည်။ ကားကြီးအနီး၌ ခရီးသည်များ ဝေး၍ လမ်းဘေး၌ ထိုင်နေကြသည်။ ထိုစဉ် ကားစပယ်ယာဖြစ်ဟန် တူသူက ကျွန်တော်တို့ကားကလေးကို လှမ်းတားသည်။ ကျော်ကြီးက ကားရပ်ပေးတော့ …

"ကားဆရာ … တစ်ဆိတ်လောက် ကူညီပါဗျာ။ ကျွန်တော် တို့ အဝေးပြေးကားကြီးပေါ်မှာ မွေးလူနာပါလာပါတယ်။ အဲ့ဒါ ဗိုက်နာ နေလို့ အချိန်မီ နေပြည်တော်ဆေးရုံကြီးကို ပို့ပေးစေချင်ပါတယ်"

"သူ့မှာ အဖော်ရော ပါသလား"

"ပါ,ပါတယ်။ သူ့ညီမ ပါပါတယ်"

"အေးဗျာ … အဲ့ဒါဆိုရင်လည်း ကူညီရတာပေါ့။ ကျွန်တော် တို့ ဆေးရုံကြီးအထိ အသေအချာ လိုက်ပို့လိုက်ပါ့မယ်။ စိတ်ချပါ"

"ဟုတ်ကဲ့ … ကျေးဇူးအထူးတင်ပါတယ် ခင်ဗျား"

www.burmeseclassic.com



"ဒါနဲ့ ခင်ဗျားတို့ကားကြီးက ဘာဖြစ်တာလဲ။ ကြာမှာလား"

"ကြာမှာပဲဗျ။ ရေလယ်အုံဘော ကြွေသွားတာ။ အပိုမရှိလို့ ပျဉ်းမနားကို ဆိုင်ကယ်ငှားပြီး သွားဝယ်နေပါတယ်။ ပစ္စည်းရရင်တော့ မကြာလောက်ပါဘူး"

ထိုစဉ် ကိုယ်ဝန်ဆောင်အမျိုးသမီးအား ခရီးသည်မိန်းမတော် နှစ်ယောက်ကတွဲပြီး ညီမဖြစ်ဟန်တူသူက ခရီးဆောင်လက်ဆွဲအိတ်နှင့် အသုံးအဆောင်ပစ္စည်းများအား မနိုင်မနင်းဆွဲလာသဖြင့် အောင်သန်းနှင့် တင်သောင်းက ဖျတ်လတ်လျှင်မြန်စွာ ဝိုင်းကူဆွဲပြီး ကားပေါ်သို့ တင်ပေးကြသည်။

မြင့်သိန်းက ထိုင်ခုံများအား နေရာကျယ်စေရန် ခေါက်ပေးသဖြင့် ကားကြမ်းခင်းပေါ်၌ ဖျာနှင့်စောင်ခင်းပြီး ကိုယ်ဝန်သည်အား နေရာချထားပေးသည်။ ကျွန်တော်နှင့် ပုဏ္ဏားက ရှေ့ခန်းသို့ပြောင်းကြပြီး ကျွန်တော် ကားမောင်းရပြန်သည်။

"ကဲဟေ့ . . . မြင့်သိန်း၊ ကျော်ကြီးနဲ့အောင်သန်း၊ တင်သောင်းတို့ ကိုယ့်ညီမတွေလို သဘောထားပြီး ဂရုစိုက်ခေါ်ခဲ့ကွာ။ အရေးပေါ်ရင် မှန်ကိုခေါက်လိုက်။ ငါ ဖြည်းဖြည်းပဲမောင်းမယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်တော် ကားလေးကို ဖြည်းဖြည်းမှန်မှန်သာ မောင်းခဲ့ပါသည်။ လူ(၈)ယောက်နှင့် ပစ္စည်းများအလေးချိန်ကြောင့် ကားကလေးမှာ ဝပ်နေသည်။ တာယာများ အသစ်ဖြစ်ကြ၍ ကျွန်တော် စိတ်ချစွာ မောင်းခဲ့ပါသည်။ လယ်ဝေးနှင့် ပျဉ်းမနား၊ နေပြည်တော်မှာ မဝေးလှ (၈)မိုင်ခန့်သာရှိသဖြင့် နာရီဝက်ပင် မကြာလိုက်။





နေပြည်တော်ဆေးရုံကြီးရှေ့သို့ ရောက်သည်။ အမျိုးသမီးအဖော်မှာ မွေးလူနာကိုမ,ရာ မနိုင်သဖြင့် တင်သောင်းနှင့် အောင်သန်းက ဝင်ဆွဲသည်။ မြင့်သိန်းနှင့် ကျော်ကြီးတို့ကတော့ အမျိုးသမီးအဖော်နှင့်အတူ အထုပ်အပိုးများအား ဝိုင်းဆွဲပေးသည်။ ပုဏ္ဏားတင်ဦးကတော့ သူ့အဆောင်အယောင်များ မတ်မပြယ်စေရန် နောက်ဆုံးကလိုက်သည်။ ပိုက်ဆံအိတ်ကြီးကိုတော့ လွယ်ထားသည်။

ဆရာမများက ဆီးကြိုပြီး မွေးလူနာအား စာရင်းသွင်း၍ မွေးခန်းအတွင်း သွင်းသွားကြပါသည်။ ကျွန်တော်တို့က လိုအပ်သည်များ ကူညီရန် စည့်ခန်းအတွင်း ထိုင်ခုံများပေါ်၌ ထိုင်ရင်း စောင့်နေကြစဉ် စိတ်ချသွားဟန်တူသော လူနာ၏ညီမက မွေးဖွားခန်းထဲက ပြန်ထွက်လာပြီး ကျွန်တော်တို့နှင့် စကားလာပြောသည်။

"အစ်ကိုတို့အားလုံးကို ကျေးဇူးအလွန်တင်ပါတယ်ရှင့်။ နာရီဝက်အတွင်း မွေးမှာတဲ့။ လမ်းမပေါ်မှာဆိုရင်တော့ မတွေးဝံ့စရာပါပဲ။ မမက နှလုံးရောဂါလည်း အခံရှိတယ်။ ဆေးရုံကြီးပေါ်မှာဆိုတော့ စိတ်အေးရပါပြီ"

"ဒါနဲ့ ညီမတို့က ဘယ်မြို့ကလဲ"

ကျွန်တော်က မေးရာ . . .

"ကျောက်ဆည်၊ ဆူးကုန်းရပ်မြောက်ပိုင်းကပါရှင်။ ကျွန်မက အလယ်တန်းပြဆရာမပါ။ ကျွန်မနာမည်က စန္ဒီနွယ်။ မမက သီဂီနွယ်လို့ခေါ်ပါတယ်။ မမယောကျ်ားက မလေးရှားမှာ အလုပ်သွားလုပ်နေတော့ မွေးဖွားခါနီး မိဘအိမ်ကို ပြန်ခေါ်လာတာပါရှင့်"

"ကျွန်တော်တို့လည်း ကျောက်ဆည်သွားကြမှာပါ။ ဆရာမတို့ မိဘတွေလိပ်စာ ပြောလိုက်ပါ။ ဝင်ပြီး အကြောင်းကြားပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ ... အစ်ကို၊ ဦးဘစိန်နဲ့ ဒေါ်သောင်းလို့ ခေါ်ပါတယ်။ ဆူးကုန်းရပ် မြောက်ပိုင်းရောက်ရင် ဘယ်သူ့မေးမေး ရပါတယ်။ ဒါပေမဲ့ အဖေနဲ့အမေတို့က အသက်ကြီးကြပြီဆိုတော့ လိုက်မလာကြဘူး၊ ပြောပေးပါနော် အစ်ကို"

"ဟုတ်ကဲ့ ... အသေအချာ ပြောပေးပါ့မယ်"

ထိုစဉ် ပုဏ္ဏားတင်ဦးက သူ့လွယ်အိတ်ကြီးကို ဇစ်ဆွဲဖွင့်ပြီး ငါးထောင်တန် ငွေစက္ကူတစ်ထုပ်ကို ဆွဲထုတ်လျက် ...

"ညီမတို့မှာ ငွေအင်အား နည်းလိမ့်မယ်ထင်တယ်။ ရော့ ... ဟောသည်မှာ ငွေငါးသိန်း။ အစ်ကိုတို့အဖွဲ့က ကြိုတုန်းကညီတာပါ၊ ဘာအနှောင်အဖွဲ့မှ မရှိဘူး"

"ဟာ ... မလုပ်ပါနဲ့ ... အစ်ကို၊ ကျွန်မမှာလည်း လေးငါးသောင်း ပါပါတယ်။ မမမှာလည်း ပါလာမှာပါ။ အခုလို အားပေးကူညီတာကိုပဲ ကျေးဇူးတင် ဝမ်းမြောက်လှပါပြီရှင်"

"ယူသာထားပါ ... ဆရာမရယ်။ အစ်ကိုတို့အဖွဲ့က ကြိုတုန်း ဆုံတုန်း ပဌာန်းဆက်ဆွေမျိုးတွေမို့ လှူဒါန်းခွင့်ရတာပါ။ ဒီငွေလောက်က အစ်ကိုတို့အတွက် မပြောပလောက်ပါဘူး။ ဒုက္ခရောက်နေသူတွေကို ကယ်တင်တာဟာ အစ်ကိုတို့အလုပ်ပါ"

"မဟုတ်သေးပါဘူး ... အစ်ကိုတို့ရာ။ ကျွန်မတို့က အခွင့်အရေးယူတာ များလွန်းနေပါပြီ"

"မများပါဘူး ... ဆရာမရယ်၊ ကျွန်တော်တို့က နှစ်စဉ်လည်း ကြုံသလို လှူနေကျပါ။ မကြုံရင်လည်း ကြံဖန်ရှာဖွေပြီး လိုအပ်သူတွေကို လှူနေကျပါ။ ကျွန်တော်တို့က နာမည်ခံ အလှူကြီးအတန်းကြီးပေးပြီး ပကာသနယူတာ မဟုတ်ပါဘူး။ နာမည်မဖော်ဘဲ လှူဒါန်းတာပါ"

"ဒါဆို နာမည်မပြောဘဲ လှူချင်တာလား ... အစ်ကိုတို့ရာ"

ကျွန်တော် မနေနိုင်တော့။ ကြားဝင်ပြောရတော့သည်။

"ဒီလိုလည်း မဟုတ်ပါဘူး ... ဆရာမရယ်။ ကျွန်တော်က စာရေးဆရာ ထောင်မှူးကြီးသိန်းဝင်းပါ။ ဒါက ကျွန်တော့်တပည့်တွေပါ။ လှူဒါန်းတဲ့ကိစ္စကိုလည်း စာရေးဆရာ ထောင်မှူးကြီးသိန်းဝင်းနဲ့ တပည့်များ ကူညီလှူဒါန်းသည်ဆိုရင် လုံလောက်ရော့ပေါ့။ ရော့ ... ဟော ဒီမှာ ကိုယ့်ရဲ့ဖုန်းနံပါတ်နဲ့ လိပ်စာကတ်။ အချိန်မရွေး အကူအညီလိုအပ်ရင် တောင်းပါ။ အခုလည်း မပြန်ကြသေးပါဘူး။ ဆရာမအစ်မမွေးပြီးမှ စိတ်ချလက်ချ ခရီးဆက်ကြမှာပါ"

ဆရာမလေးမှာ ကျွန်တော်၏ လိပ်စာကတ်ပြားကလေးအား စေ့စေ့ကြည့်၍ လွန်စွာအံ့ဩဝမ်းမြောက်သော အမူအရာဖြင့် ...

"ဝမ်းသာလိုက်တာ ... ဆရာရယ်။ ဆရာက စာရေးဆရာ ထောင်မှူးကြီးသိန်းဝင်းဆိုတော့ ဆရာ့တပည့်တွေက ဆရာ့စာအုပ်ထဲက ပုံသဏ္ဌာန်တွေပြောရရင် ကျွန်မခန့်မှန်းလို့ တတ်ပါပြီ။ ဟော့သည် အစ်ကိုကြီးက ပုဏ္ဏားတင်ဦး၊ ဒီဆရာက ကိုမြင့်သိန်း၊ သူက ကိုကျော်ကြီး၊ ဒီက အစ်ကိုနှစ်ယောက်ကတော့ မဆိုးကိုအောင်သန်းနဲ့ ကိုထင်သောင်းတို့ပဲ ဖြစ်မှာပါ။ ကျွန်မက ဆရာ့ရဲ့ စာဖတ်ပရိတ်သတ်ပါ။ ဆရာ့စာတွေ အားလုံးဖတ်တယ်။

လွန်ခဲ့တဲ့နှစ်က ဆရာ ကျောက်ဆည်ဘက်မှာ လာရေးသွားတဲ့ 'ငမောက်မိဖုရား ပတ္တမြားကြီး'က တကယ့်အဖြစ်အပျက်လား ..







www.burmeseclassic.com

www.burmeseclassic.com



ဆရာ။ စိတ်ဝင်စားဖို့ အလွန်ကောင်းတယ်။ မမကြီး ဆိုတာကရော တကယ်ရှိသလားဟင် ဆရာ''

''ဟုတ်ကဲ့ . . . ကျွန်တော့် ဇာတ်လိုက်တွေက သက်ရှိထင်ရှား တကယ်ရှိတဲ့သူတွေဆိုတာ ဆရာမအမြင်ပဲ။ တကယ့်ဖြစ်ရပ်တွေကို အခြေခံပြီး ရေးဖွဲ့တာပါ။ မမကြီးလည်း တကယ်ရှိပါတယ်။ မန္တလေး ဈေးချိုထဲက 'ယွန်းပွင့်စံ' ရွှေဆိုင်ကြီးဟာ အဓိကရ သက်သေပါပဲ''

''ဝမ်းသာလိုက်တာ . . . ဆရာရယ်။ ဆရာတို့အဖွဲ့ အခုည ကျောက်ဆည်မြို့မှာ ညအိပ်တည်းခိုမယ်ဆိုရင် ကျွန်မ စာရေးပေးလိုက်ပါ့မယ်။ ကျွန်မတို့အိမ်မှာ တည်းပါ။ အိမ်မှာ ကျွန်မတို့ မိဘ(၂)ပါးအပြင် ညီမနဲ့ မောင်တစ်ယောက် ရှိပါသေးတယ်။ အားနာစရာမလိုပါဘူး။ အိမ်ကြီးက နှစ်ထပ်အိမ်အကျယ်ကြီးပါ။ ခြံနဲ့ဝင်းနဲ့ လွတ်လပ်စွာ တည်းခိုနိုင်ပါတယ်''

''ကျေးဇူးပဲ . . . ဆရာမ။ ကျွန်တော်တို့လည်း အမြန်မောင်းရင်တောင် ကျောက်ဆည်ကို မိုးချုပ်မှ ရောက်တော့မှာ။ ကျွန်တော်တို့ တည်းမဲ့ တံတားဦးကားလမ်းဘေးက ကြောင်ပန်းကုံးရွာကလေးက အတော်လှမ်းသေးတယ်''

''မနက်မှသွားပါလား . . . ဆရာရယ်။ ဒီည ကျွန်မတို့အိမ်မှာပဲ တည်းခိုစားသောက်ပြီးအိပ်ပါ။ ကျွန်မတို့ကလည်း ပြန်လှန်ကူညီတာပါ''

ကျွန်တော်တို့ စကားပြောရင်း စောင့်နေကြစဉ် ဆရာမလေး တစ်ဦးက လာအကြောင်းကြားသည်။





''ယောက်ျားကလေး မွေးပါတယ်ရှင့်။ ကလေးက ထွားပါတယ်။ (၆)ပေါင်တောင်ရှိပါတယ်။ လမ်းခရီးမှာဆိုရင်တော့ မလွယ်ဘူးပေါ့။ ဆေးရုံမှာဆိုတော့ ပစ္စည်းကိရိယာစုံလို့ ချောချောမောမော မွေးပါတယ်။ ဆရာမဒေါ်စန္ဒီနွယ် ကြည့်လို့ရပါပြီရှင်။ အမျိုးသားတွေကတော့ ကြည့်လို့ မရသေးပါဘူး။ သန့်ရှင်းရေး လုပ်နေကြလို့ပါ''

ဆရာမလေး ထသွားတော့ ကျွန်တော်က . . .

''ဟုတ်ကဲ့ . . . ဆရာမ၊ ကျေးဇူးတင်ပါတယ်။ ဒါနဲ့ ဒီဆေးရုံက ဖုန်းနံပါတ်ကလေး တစ်ဆိတ်ကျေးဇူးပြုပါလား။ ဒါက ကျွန်တော့် လိပ်စာကတ်ပါ''

''ဩော် . . . ဆရာက စာရေးဆရာ ထောင်မှူးကြီးကိုး။ တွေ့ရတာ ဝမ်းသာပါတယ်။ ဒါနဲ့ မွေးလူနာက ဆရာ့အမျိုးသမီးလားရှင့်''

''အာ . . . မဟုတ်ပါဘူး။ သူတို့ညီအစ်မ လမ်းမှာကားပျက်ပြီး ဒုက္ခရောက်နေကြလို့ ကျွန်တော်တို့က ခရီးသွားရင်းကူညီတာ။ ကျွန်တော်တို့ချင်း အခုမှ သိကျွမ်းခင်မင်ကြတာပါ''

''ဆောရီးရှင့်။ သာဓုခေါ်ပါတယ်။ ယောက်ျားဖောင်စီး၊ မိန်းမမီးနေဆိုတာလို အမျိုးသမီးတွေမီးဖွားရာမှာ ကျွမ်းကျင်တဲ့ ဆရာ၊ ဆရာမတွေနဲ့ ဆေးဝါးကိရိယာမပြည့်စုံရင် အသက်အန္တရာယ်ရှိတတ်ပါတယ်''

ထိုစဉ် စန္ဒီနွယ်နှင့် ဆရာမကလေးတစ်ဦးတို့ မွေးကင်းစကလေး ပေါက်စကလေးကို အနီးဖြင့်ပတ်၍လာပြသည်။ ကလေးပေါက်စကလေးမှာ နီတာရဲကလေးဖြစ်သော်လည်း မဟာနဖူးဖြင့် မျက်ခုံးမွေးနှင့် ဆံပင်မှာ အလွန်ကောင်းသည်။ ဥပမိရုပ်ကောင်းပြီး ခြေတံလက်တံရှည်သည်။

''ဆရာမရဲ့အစ်မကော နေကောင်းရဲ့လား''



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် . . . ဆရာ။ ကျေးဇူးအထူးတင်ပါတယ်။ ဒီမှာ ကျွန်မ စာရေးပေးလိုက်ပါတယ်။ ကျောက်ဆည်မြို့က အိမ်ကိုရောက်ရင် ဆရာတို့ ဆက်ဆက်ဝင်ပါ။ အဖေနဲ့အမေကို စာပေးပေးပါ"

"အေးကွယ် . . . အားလုံး စိတ်ချရရင် ကျွန်တော်တို့သွားမယ်။ အရေးကြီးရင် ဖုန်းဆက်လိုက်ပါ။ အပြန်ကျရင်လည်း အဝေးပြေးကားကြီး မစီးနဲ့။ ဆလွန်းကားငှားပြီး သက်တောင့်သက်သာ ပြန်လာခဲ့ပါ"

"ဟုတ်ကဲ့ပါ . . . ဆရာ၊ စိတ်ချပါ"

ဆရာမလေးက ကလေးအား ပြန်ခေါ်သွားသည်နှင့် ဆရာမလေး စန္ဒီနွယ်က ကျွန်တော်တို့အဖွဲ့အား ဆေးရုံကြီးရှေ့ ကားရပ်ထားရာ နေရာဆီသို့ လိုက်ပို့ပါသည်။ ကျွန်တော် ကားအား အမြန်မောင်းခဲ့သော်လည်း ကျောက်ဆည်မြို့သို့ ည(၈)နာရီခန့်မှ ရောက်သည်။

ယခင် တက္ကသိုလ်ကျောင်းသား ဘဝကတည်းက ကျောက်ဆည်တွင် အ,သုံးလုံး ကျောင်းဆရာအဖြစ် လုပ်အားပေးဖူးသောကြောင့် ဆူးကုန်းရပ်ကွက်ကို ကျွန်တော်ကသိနေသဖြင့် အဆင်ပြေသည်။ ဆရာမလေး စန္ဒီနွယ်တို့အိမ်ရှေ့သို့ ကားရပ်သည်နှင့် ယောက်ျားကလေးတစ်ဦး ထွက်၍ ကြိုဆိုပါသည်။

"ဆရာထောင်မှူးကြီးတို့ အိမ်ပေါ်ကြွပါခင်ဗျား။ အဆင်သင့် ပြင်ဆင်ထားပါတယ်။ မမလတ် ဖုန်းဆက်ပြီး အကြောင်းကြားထားလို့ ကျွန်တော်တို့ အသင့်စောင့်ကြိုနေကြပါတယ်။ အကြောင်းစုံလည်း သိကြပြီးလို့ ကျေးဇူးတင်ဝမ်းမြောက်စွာနဲ့ စောင့်မျှော်ကြိုဆိုနေကြတာပါ ခင်ဗျား"





ပဋိသန္ဓာရစကားဖြင့် နှုတ်ခွန်းဆက်ပြီး လိမ္မာယဉ်ကျေးသော ဆိုကလေးကြောင့် ကျွန်တော်တို့အဖွဲ့ ဝမ်းသာကြည်နူးရပါသည်။ ကလေး ဦးဆောင်ခေါ်ရာနောက်သို့ ကျွန်တော်တို့ လိုက်ခဲ့ကြရင်း အိမ်အပေါ် ထပ်သို့ တက်ခဲ့ကြပါသည်။ အိမ်ကြီးမှာ ရှေးဟောင်းပျဉ်ထောင်အိမ်ကြီး။ အောက်ထပ်က တိုက်ခံ၊ အပေါ်တွင် သစ်ကောင်းဝါးကောင်းဖြင့် ကျယ်ဝန်းစွာ ဆောက်လုပ်ထားသည်။

အိမ်အပေါ်ထပ်ဧည့်ခန်း၌ ကျွန်တော်တို့အား နေရာပေးပြီး အသက်(၆၀)ကျော်ခန့် လူကြီးတစ်ဦးနှင့် မတိမ်းမယိမ်းအရွယ် အဒေါ်တစ်ဦးအပြင် အပျိုပေါက်မကလေးတစ်ဦးက အသင့်ဆီးကြိုညှိခံကြသည်။

"မောင်ရင်တို့ကို ကျေးဇူးတင်လိုက်တာကွယ်။ စာရေးဆရာကြီး ဦးတို့အိမ်မှာ ပျော်သလောက်နေကြစမ်းပါ။ အိမ်က ကျယ်ပါတယ်။ အားနာစရာ မရှိဘူး။ သမီးလတ်ဖုန်းဆက်လို့ အားလုံး အကြောင်းစုံ သိပြီးပါပြီ။ သူတော်ကောင်းတွေနဲ့ တွေ့ရတာ အလွန်ဝမ်းသာပါတယ်။ ညစာလည်း အသင့်စီစဉ်ထားပါတယ်။ ခရီးပန်းလာတော့ ရေမိုးချိုးကြဦး"

"ဟုတ်ကဲ့ပါ . . . ဦးလေးနဲ့ဒေါ်လေး။ ကျွန်တော်တို့လည်း ကြိုဆိုခွင့်ကံရှိလို့ ကူညီခွင့်ရခဲ့တာ။ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်"

"ဒါပေါ့ကွယ်။ မင်းတို့ အခုခေတ်စာရေးဆရာတွေ ရေးနေကြတဲ့ ပဋ္ဌာန်းဆက်ဆိုတာ ဖြစ်မှာပေါ့။ အခါးရည်ကလေး ဝဝသောက်ပြီး ရေချိုးကြပါ။ ထမင်းစားပွဲ အသင့်ပြင်ထားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ... ဦးလေး"

ကျွန်တော်တို့ အောက်ထပ်ဆင်း၍ ရေချိုးကြရာ အငယ်ကောင်က တုံကင်ကိုနှိပ်၍ အုတ်ရေကန်အတွင်းသို့ အဆက်မပြတ်ထည့်ပေးနေသည်။ ထို့ကြောင့် ကျွန်တော်တို့အဖွဲ့ နှစ်ယောက်တစ်တွဲချိုးကြရာ သူနှင့် မြင့်သိန်းက ထောင်ထဲကအကျင့်အတိုင်း ရေကန်ဘာယာလုပ်၍ ...

"ခပ် ... ချိုး၊ ခပ်ချိုး ... နား ... ချေးတွန်း ဆပ်ပြာတိုက် ခပ် ... ချိုး"

ဟု နောက်ပြောင်လိုက်ရာ ကျွန်တော်နှင့်အတူ ရေချိုးနေသော ပုဏ္ဏားတင်ဦးက ...

"တော်စမ်းပါ ... မြင့်သိန်းရာ၊ ထောင်စော်နံလွန်းလို့။ မင်း အကျင့်ကြီး ဖျောက်စမ်းပါ"

"ဟဲ ... ဟဲ ... ပုဏ္ဏားရာ ကျေးဇူးမကန်းစမ်းပါနဲ့။ ငါတို့ဘဝက အမေကမွေး ထောင်ကကျွေးနဲ့ ကြီးပြင်းခဲ့ရတာပါ"

ကျွန်တော်တို့ ရေချိုးပြီးတော့ မြင့်သိန်းနှင့်ကျော်ကြီး ရေချိုးကြသည်။ တုံကင်ရေနှိပ်ပေးသောကလေး မပင်ပန်းစေရန် အောင်သန်းနှင့်တင်သောင်းတို့က ကူနှိပ်ပေးကြသည်။ တစ်ယောက်တစ်လဲ နောက်ပြောင်နေကြ၍ ပျော်စရာ အလွန်ကောင်းသည်။

ကျွန်တော်တို့ ရေမိုးချိုး အဝတ်အစားလဲပြီး ထမင်းစားပွဲဝိုင်းထိုင်တော့ ဟင်းကစုံလှသည်။ ကြက်သားဟင်း၊ ဝက်သားဟင်း၊ ပဲကြီးနှပ်၊ ငရုတ်သီးထောင်းကြော်၊ ကြက်ရိုးနှင့် ခွေးတောက်ရွက်ဟင်းချို၊ အသီးအရွက်စုံကြော်နှင့် အတို့အမြှုပ်များဖြစ်ကြသည်။ အညာကလက်ရာကို တောင့်တနေကြသည့် တပည့်များ ခေါင်းမဖော်တမ်း စားကြသည်။





ခရီးပန်းလာ၍ ကျွန်တော်လည်း အလွန်စားကောင်းသည်။ ထမင်းစားပြီးကြတော့ ရေနွေးကြမ်းဝိုင်းထိုင်ကြရင်း ထန်းဖိုဦးထန်းလျက်နှင့် လက်ဖက်သုပ် စားကြရပြန်သည်။ ထိုစဉ် အိမ်ရှင်ဦးလေးကြီးက စကားစပြောတော့သည်။

"ဦးက အရင် တောခေါင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ မြန်မာတစ်နိုင်ငံလုံး တောအနှံ့တောင်အနှံ့ပါပဲ။ နောက်ဆုံး ဆူးမနားသစ်တောနဲ့ တောင်ငူ၊ အုတ်တွင်းဘက်မှာ အခြေစိုက်ရင်း ပင်စင်ယူခါနီးလထဲမှာပေါ့ သစ်တောစစ်ဆေးရင်း တောထဲရောက်သွားတယ်။ ဦးတို့ဟာ ခပေါင်းချောင်းရိုးအတိုင်း လိုက်ကြပြီး အလုပ်တာဝန်လွှဲပြောင်းဖို့အတွက် ကွင်းဆင်းစာရင်းကောက်ရင်း ကြိုတင်စစ်ဆေးထားတာပါ။ လကုန်လို့ လွှဲမည့်သူရောက်လာရင် အသင့်လွှဲပြောင်းနိုင်အောင် သို့ပါ။

ဦး တာဝန်ထမ်းဆောင်ရတဲ့ စခန်းတွေက ခပေါင်းချောင်းရိုးအတိုင်းတည်ရှိနေတာ အတော်ရှည်လျားတယ်။ တကယ့် သစ်မျိုးကောင်းတွေ ထွက်တဲ့နေရာပါ။ အုတ်တွင်းကနေ မိကျောင်းရဲအထိ၊ ခပေါင်းချောင်း၊ စစ်တောင်းမြစ်ထဲ စီးဝင်တဲ့ မိချောင်းရဲအထိ အတော်ကျယ်ပြန့်တယ်"

"သစ်ထုတ်တဲ့စခန်းတွေက အတော်များတယ်။ အုတ်တွင်းကနေ စပြောရရင် တိုင်းဗဟို (၆)၊ တိုင်းဗဟို (၄၈)၊ အောင်နန်းတော်၊ ညဝတီ၊ တောက်တဲ့၊ အိမ်ရှေ့မြောင်၊ စိန်ရည်၊ ရေပုံ၊ ငှက်ဖြူ (ဆင်ခန်း) အထက်၊ ရွှေထမိ (ဆင်စခန်း)၊ သဲဝါ၊ ပုစွန်ဆိတ်၊ ဝါးကျ၊ ကြက်ကျ၊ ကြက်လျှာ (ဆင်စခန်း)၊ ရှိန်းစုံ (ဆင်စခန်း)၊ ဖကြီး၊ မရမ်းပြောင်သေ၊ ရွှေတောင်၊ မိချောင်းရဲအထိပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးနဲ့ သစ်တောဝန်ထမ်းတပည့်တွေဟာ လက်နက်ကိုယ်စီ စာရင်းစာအုပ်တွေနဲ့ ကုန်းကြောင်းခရီးသွားရတာပါ။ ကြိုရာစခန်း အိပ်၊ ကြုံရာစခန်းမှာ နားကြ၊ စားကြပေါ့။ ဦးလက်အောက်မှာ တံဆိပ်ရိုက်၊ ပေတိုင်း၊ စာရင်းမှတ် စာရေးကလေးတွေနဲ့ ချောင်းခေါင်း၊ ကျွဲခေါင်းတွေ ပါကြတယ်။

တောထဲဝင်ရင်တော့ သစ်သူခိုး လက်နက်ကိုင်တွေနဲ့ တောကောင်တွေ အန္တရာယ်များလွန်းလို့ သေနတ်ကတော့ ကိုယ်စီပါတယ်။ ဦးမှာ ဝင်ချက်စတာ ဂရိမ်(၅၀၀)စိုင်ပေါင် နှစ်လုံးပြူးသေနတ်ကြီး ပါသလို စရိတ်ကျည်နဲ့ ကျည်ဆန်တွေလည်း အစုံပါတယ်"

"အောက်က လက်နက်ကိုင်အဖွဲ့မှာတော့ ဒဿမ • ၃၀၃ အမေရိကန်ရိုင်ဖယ်ကြီးတွေနဲ့ ဂရင်နာလို့ခေါ်တဲ့ တစ်လုံးထိုးသစ်တောသုံးသေနတ်ကြီးတွေ ပါလာတယ်။ ကိုယ်စီပါပဲ"

"သစ်တောစခန်းတွေက တစ်ခုနဲ့တစ်ခု (၃)မိုင်ကနေ (၅)မိုင်လောက်အထိ ဝေးတယ်။ ဦးတို့အဖွဲ့ အဲဒီနေ့က မနက်(၅)နာရီလောက်ကတည်းက အုတ်တွင်းစခန်းကထွက်လာကြပြီး တိုင်းဗဟို(၆)၊ တိုင်းဗဟို(၄၈) ဆင်စခန်းတွေကို စာရင်းစစ်ဆေး မှတ်တမ်းတင်ခဲ့ပြီး အောင်နန်းတော်စခန်းရောက်တော့ မွန်းတည့်(၁၂)နာရီလောက်ရှိပြီ။ ဒါကြောင့် အဲဒီစခန်းမှာ နေ့လယ်စာစားပြီး စာရင်းစစ်ဆေးတယ်။ ညနေစောင်းမှ စာရင်းစစ်တာပြီးလို့ ညနေစာပါစားပြီး ညအိပ်အနားယူရတယ်"

"နောက်နေ့မနက်စောစော အိပ်ရာထပြီး မနက်စာစား ခရီးဆက်ပေါ့။ တောတွင်းစခန်းတွေဆိုတော့ အစားအသောက်က မရှားပါဘူး။ တောစာတောင်စာ အလွန်ပေါပါတယ်။ ညောဝတီစခန်းကိုရောက်





တော့ မနက်(၈)နာရီလောက်ပဲ ရှိသေးတယ်။ စခန်းရောက်ရောက်ချင်း ချမ္ဘာသစ်၊ လက်ကျန်ပုံသစ်နဲ့ လှဲပြီးသစ် တံဆိပ်ရိုက်သစ်တွေကို ခုတ်ပြီး ဝန်ထမ်းအင်အားနဲ့ ရိက္ခာလက်ကျန်ကို စစ်တယ်။ နေ့လယ်မှ ပြီးလို့ နေ့လယ်စာထမင်းစားပြီး တောက်တဲ့ဆိုတဲ့ သစ်တောစခန်းကို ဆက်ထွက်ခဲ့ကြတယ်။

ညောဝတီနဲ့ တောက်တဲ့စခန်းက (၅)မိုင်ကျော်ဝေးတယ်။ အဲ့ဒါနဲ့ ယူနီဖောင်းဝတ်တွေပီပီ သုတ်သုတ်လာခဲ့ကြရင်း တောင်ကုန်းတက်တစ်ခုကို အတက်မှာ တစ်ဖက်တောင်ခြေဘက်က အော်သံတစ်ခုကိုကြားကြရတယ်။ လူတစ်ယောက် အော်သံပဲ။ တောပဲ့တင်သံကြောင့် ဗလုံးထွေးနဲ့ မသဲကွဲဘူး။

ဒါကြောင့် တောင်ကြောကိုအမြန်တက်ပြီး အောက်ကိုကြည့်လိုက်တော့ ရသေ့ကြီးတစ်ဦးကို ကျားကြီးတစ်ကောင်က ကွင်းပြင်မှာ လှည့်ပတ်ချောင်းနေတာကို တွေ့ရတယ်။ ရသေ့ကြီးကလည်း ကြောက်ကြောက်လန့်လန့်နဲ့ သူ့ဒေါက်ချာကြီးကိုရမ်းပြီး ကျားကြီးပတ်ပြီးချောင်းနေသလို သူကလည်း မျက်နှာချင်းဆိုင်အော်ဟစ်ပြီး လှည့်နေတော့ ကျားကြီးလည်း အခွင့်မသာဘူးဖြစ်နေတယ်။

ဒါကြောင့် ဦးလေးရဲ့ နှစ်လုံးပြူးသေနတ်ကြီးက အဝေးပစ်ကောင်းတာကြောင့် တပည့်တစ်ဦးဆီက ဒဿမ • ၃၀၃ အမေရိကန်ရိုင်ဖယ်ကြီးကို ဆွဲပြီး ပစ်ကွင်းကို ရွေးရတယ်။ ရိုင်ဖယ်သမားတွေကိုလည်း အသင့်ချိန်ခိုင်းထားရတယ်။ အကွာအဝေးက ကိုက်(၂၀၀)လောက်ဝေးတယ်။ ရှေ့မှာလည်း သစ်ထုတ်လမ်း တောင်ဆင်းဆိုတော့ မြင်ကွင်းကတော့ ရှင်းပါတယ်။ ဒါပေမဲ့ အကာအကွယ်မရှိဘူး။ အပေါ်စီးကတော့ ကျတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ကျားကြီးက ဝိုင်းပတ်ချောင်းနေတုန်း ဦးတို့ဘက် အရောက်မှာ ခုန်အုပ်တော့မဲ့သဘောနဲ့ ဝပ်ချလိုက်တယ်။ အမြီးကတော့ တစ်ဘုတ်ဘုတ်နဲ့ မြေကြီးကိုရိုက်ပြီး အားယူနေတာနဲ့ ဦးလည်း ကျား နောက်ကျောဘက် လက်ပြင်ဆုံကို အသေအချာချိန်ပြီး မောင်းကိုညှစ် ချလိုက်တယ်။ ကျားကြီးဟာ ကျည်ဆန်မှန်တာနဲ့ နောက်ကျွမ်းတစ်ချက် ပစ်လိုက်တုန်း တပည့်တွေက ဝိုင်းပစ်ကြတယ်။ အထိနာပြီး ဒဏ်ရာရ ပေမဲ့ ရသေ့ကြီးပုခုံးကို လက်တစ်ဘက်နဲ့ ပုတ်ဖြစ်အောင် ပုတ်သွားသေး တယ်။

ရသေ့ကြီးတခြား၊ ကျားကြီးတခြား လွင့်စင်သွားစဉ်မှာ ဦးလေး တို့လည်း အပြေးဆင်းကြပြီး ပွဲသိမ်း အနီးကပ်ပစ်ရတော့တာပေါ့။ ကျား ကြီးသေသလို ရသေ့ကြီးလည်း မထနိုင်တော့ဘူး။ အဲ့ဒါနဲ့ ရသေ့ကြီးကို သွေးမလွန်ရအောင် တတ်သလောက်မှတ်သလောက် ပြုစုပြီး စောင် ပုခက်နဲ့ အနီးဆုံးတောက်တဲ့စခန်းကိုသယ်၊ ကျားကြီးကိုလည်း ဝိုင်းထမ်း ခဲ့ကြတာပေါ့။ ကံကောင်းထောက်မပြီး တောက်တဲ့စခန်းရောက်တော့ ဆင်ဆေးကုဆရာဝန်ရောက်နေတာမို့ ရသေ့ကြီးအသက်ကို ကယ်နိုင်ခဲ့ ပါတယ်။

ရသေ့ကြီးရဲ့ ဘယ်ပခုံးသား ပြတ်ပါသွားပြီး ဘယ်လက်မောင်း သွင်သွင်ကျိုးတယ်။ ကျပ်စီးပေးနိုင်လို့ သွေးထွက်မလွန်ဘဲ ဆေးဝါးမီ တာကြောင့် ရသေ့ကြီး အသက်ချမ်းသာရာရခဲ့ပါတယ်။ ဆင်ဆရာဝန် မှာ ဆေးဝါးစုံပါလာလို့ တော်သေးတာပေါ့။ တောက်တဲ့စခန်းမှာ ရသေ့ ကြီးကို အနားယူစေပြီး ဦးလေးတို့လည်း မှုရင်းလုပ်ငန်း ဆက်လုပ်ရ တာပေါ့”





“ရသေ့ကြီးက ဆင်ဆရာဝန်ကို ကျေးဇူးတင်လို့ တစ်ခုခုပေး ချင်တယ်ဆိုတာနဲ့ ဦးလေးလည်း ကျားတစ်ကောင်လုံး ဆေးကုစရိတ် အဖြစ် လက်ဆောင်ပေးလိုက်တယ်။ ဆရာဝန်ကြီးလည်း အလွန်ပျော် သွားတယ်။ ဦးလေးကိုလည်း ထိုက်ထိုက်တန်တန် ပစ္စည်းတစ်ခုနဲ့ ကျေး ဇူးဆပ်မယ်လို့ ပြောပါသေးတယ်။ ဦးလေးအနေနဲ့တော့ ရကောင်းစေ သဘောထားပြီး ဘာမှမမျှော်လင့်ပါဘူး။ အသက်တစ်ချောင်း ကယ် ကောင်းတယ်လို့ပဲ သဘောထားပါတယ်”

“ဆရာဝန်က လူနာရသေ့ကြီးကို ကြက်သားစွပ်ပြုတ်တိုက်ရ မယ်၊ ဒါမှ ဒဏ်ရာ အမြန်ကျက်မယ်ဆိုလို့ တောက်တဲ့စခန်းက တပည့် ...င်မယားကို ငွေထုတ်ပေးပြီး ချက်ပြုတ်ကျွေးခိုင်းရသေးတယ်။ စခန်း မှာ မိသားစုမွေးထားတဲ့ ကြက်တွေရှိတယ်လေ”

“အဲဒါနဲ့ အိမ်ရှေ့မြှောင်၊ စိန်ရည်၊ ရေငုံ၊ ငှက်ဖြူ၊ အထက်၊ ...ထမိ၊ သဲဝါ၊ ပုစွန်ဆိတ်၊ ခါးကျ၊ ကြွက်ကျ၊ ကြက်လျှာ၊ ရှိန်းခုံ၊ ...ကြီး၊ မရမ်း၊ ပြောင်သေ၊ ရွှေတောင်၊ မိချောင်းရဲ့ သစ်စခန်းတွေကို ...သွားလိုက်တာ တစ်ပတ်လောက်ကြာတယ်။ အလုပ်ပြီးလို့ အပြန်မှာ လည်း မော်တော်ကြုံရှိတာနဲ့ အဆင်ပြေတယ်။

အပြန်ခရီး လိုက်လာကြရင်း တောက်တဲ့စခန်းနားရောက်တော့ လူနာရသေ့ကြီးကို သတိရတာနဲ့ စခန်းထဲ ခဏဝင်တယ်။ ဆရာဝန် ကြီးကတော့ မရှိတော့ဘူး။ ရသေ့ကြီးရဲ့ဒဏ်ရာ ပျောက်ခါနီးပေမဲ့ အကင်း မသေသေးတာရယ်၊ အဖျားဝင်နေတာရယ်ကြောင့် ဆေးရုံတင်ရအောင် တစ်ခါတည်း မော်တော်နဲ့ခေါ်ခဲ့တယ်”

“ညနေမိုးချုပ်စ အုတ်တွင်းပြန်ရောက်တာနဲ့ ဌာနက သစ်တော ကားကြီးနဲ့ တောင်ငူဆေးရုံကြီးကို တင်ရတယ်။ ဒဏ်ရာအနာရှိနေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ငှက်ဖျားဝင်တာတဲ့။ အချိန်မီရုံကလေးဆိုဘဲ။ အဲ့ဒါကြောင့် ဆေးရုံ ရသေ့ကြီးအဖျားကျလို့ သတိရတာနဲ့ သူ့အသက်ကို (၂)ခါကယ်တယ် ပြီး ဦးလေးကို ဒါကလေး ပေးသွားတယ်။ ရော့ . . . ဦးလေးက မောင်မ တို့အဖွဲ့ သမီးကိစ္စကြောင့် ကျေးဇူးဆပ်တာပါ။ ရတနာမြေပုံတစ်ခုပါတဲ့ ကြေးနီပုရပိုက်ပေါ်မှာ အမှတ်အသားတွေနဲ့ ရေးထားတယ်''

''ဦးကတော့ အသက်အရွယ်လည်း ကြီးပြီဆိုတော့ တော တောင်ထဲ မရှာနိုင်တော့ပါဘူး။ အခုမှ တိုက်ဆိုင်ပြီး ထိုက်တန်လို့ တူတို့အဖွဲ့ကို ကျေးဇူးဆပ်တာပါ။ ပင်စင်စားဆိုတော့လည်း တခြား ကျေးဇူးဆပ်စရာ အဖိုးတန်ပစ္စည်း မရှိပါဘူး။ ရော့ . . . ယူပါ ဆရာ စေတနာ သဒ္ဓါစိတ်နဲ့ စွန့်ကြဲတာပါ''

ကျွန်တော် မှင်တက်နေမိသည်။ တပည့်များကလည်း အံ့ဩ နေကြသည်။ ကျွန်တော်တို့အဖွဲ့နှင့်ကျမှ တိုက်တိုက်ဆိုင်ဆိုင် စေတနာ ရောင်ပြန်ဟပ်သည် ဆိုသည့်အတိုင်းပင်။ ရတနာမှဆိုး ကျွန်တော်တို့ ဆွမ်းခံရင်းငှက်သင့်ဆိုသော စကားပုံအတိုင်း စိုင်ကော်၍ ခြုံပေါ်ရောက် ခြင်းလော၊ မရှိခဏဘုရားအား ပူဇော်ရန်စီစဉ်ထားသဖြင့် အင်း သူခိုးကြီးတောက်ပြားဝိညာဉ်က ကယ်တင်မ,စခြင်းလော၊ 'လော' ပေါင်း များစွာဖြင့် စဉ်းစားရင်း ကျွန်တော် တွေးတောငေးမောနေမိပါတော့ သည်။

✿ ✿ ✿

# အခန်း [၂]

❑

နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့ မနက်စောစော ထမင်း ကြော်နှင့် ကျောက်ဆည်နွားနို့ကို တားသောက်ကြပြီး အဘအား နှုတ်ဆက်၍ ကျောက်ဆည်မြို့ဈေးကြီးသို့ ထွက်ခဲ့ကြသည်။ ဈေးရှေ့ ရေနီမြောင်းဘေး တွင် ကားကိုရပ်ပြီး ကျွန်တော်က ကားစောင့်ရင်း ကျောက်ဆည် လက် ဖက်ရည် ချိုချိုမွှေးမွှေးကို သောက်သည်။

ပုလ္လားဦးဆောင်ပြီး မြင့်သိန်း၊ ကျော်ကြီးနှင့် တင်သောင်း၊ အောင်သန်းတို့က ကျောက်ဆည်မြို့ ဈေးကြီးအတွင်းဝင်၍ လိုအပ်သည် များ ဝယ်ကြသည်။ အဓိက, က ကန်တော့ပွဲ (၅)ပွဲအတွက် ငှက်ပျောဖီး အုန်းသီးများ၊ ကွမ်းဆေး၊ လက်ဖက်၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ အမွှေးနံ့သာများ ဖြစ်ကြသည်။

မရောက်တာကြာသော ကျောက်ဆည်မြို့မှာ စည်ကားပြီး သပ် ရပ်သန့်ရှင်းလင်းနေသည်။ မြို့ကို ပတ်ခွေ၍စီးသော ရေနီမြောင်းကတော့ သည်တော်ကြီးမှ လွှတ်သည့်အတိုင်း ရေမှာ နီရဲရဲပင်။ ထိုရေကို ကြို



www.burmeseclassic.com

www.burmeseclassic.com



ချက်၍သောက်ရသော လက်ဖက်ရည်ချိုနှင့် အခါးရည်မှာ လေးလေး ပင်ပင် ရှိလှသည်။ ကျောက်ဆည် မြို့သူမြို့သားများမှာ ယခင်ကတော့ ရေနီမြောင်းရေကိုသာ အားကိုးပြီး ချိုးကြ၊ သုံးကြသည်။ ယခုတော့ မည်သို့ရှိသည် မသိပါ။

ကျွန်တော် လက်ဖက်ရည်ချိုနှင့် မလိုင်နံပြားပူပူလေးကို စား သုံးရင်း အတွေးပွားနေမိစဉ် ကျွန်တော့်စားပွဲသို့ လူကြီးတစ်ဦး လာထိုင် သည်။ စက်ဘီးဖြင့်လာသော အသက်(၇၀)ခန့် အဘိုးကြီးတစ်ဦးဖြစ် သည်။

"ငါ့တူ ... ဦးလေး ဒီမှာထိုင်မယ်နော်"

"ထိုင်ပါ ... ဦးလေး၊ လူမရှိပါဘူး"

ကျွန်တော် မော့ကြည့်ပြီး ပြောမိသည်။ ဆံပင်တွင်မက မျက်ခုံး မွေး၊ မျက်တောင်မွေး၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများပါ အားလုံးဖြူ နေသော ,လူကြီးတစ်ဦးဖြစ်သည်။ အသက်ကြီးသော်လည်း ခန္ဓာကိုယ် အချိုးအစားမှာ လွန်စွာ တောင့်တင်းခိုင်မာသည်။ ကျွန်တော့်ထုံးစံအတိုင်း အသက်ကြီးသူများအားတွေ့လျှင် ဒါနပြုလိုသောဆန္ဒ ဖြစ်ပေါ်လာ၍..

"ဦးလေး ... ဘာသောက်မှာလဲ။ ကြိုက်တာမှာပါ။ ကျွန်တော် ဒါနပြု ကျွေးမွေးပါရစေ"

"ဩော် ... တူတော်မောင်က မြို့သားထင်ပါရဲ့။ ဒီအရပ်က တော့ မဟုတ်လောက်ပါဘူး"

"ကျွန်တော်က ရန်ကုန်ကလာတာပါ။ အရင်တုန်းကတော့ ကျောက်ဆည်၊ စဉ့်ကိုင်မြို့နယ်မှာ အ,သုံးလုံးကျောင်းဆရာ လုပ်ခဲ့ဖူး တယ်။ အခုတော့ အလွမ်းပြေလာလည်တယ်ဆိုပါတော့ ...ဦးလေး ရာ"





"အင်း ... ကျုပ်တို့လည်း အ,သုံးလုံးကျောင်းဆရာတွေနဲ့ အလွန် ခင်မင်ရင်းနှီးဖူးပါတယ်။ ဒါနဲ့ တူတော်မောင်က ဘယ်ရွာမှာ တာဝန်ကျတာလဲ"

"ပန်းလောင်မြစ်ကမ်းဘေးက နန္ဒီတောင်ရွာနဲ့ မြောက်ရွာမှာ လေ။ သူကြီးက ဦးဖတ်မှီတဲ့"

"အလိုလေးဗျာ ... ဆရာလေး ကိုသိန်းဝင်းမှတ်ပါတယ်။ ကျုပ် နာမည်က အောင်သန်းလေ။ နေပူရွာနဲ့ ကုန်းသာရွာမှာနေတာ။ အခု တော့ ကျောက်ဆည်မြို့သစ်ကို ပြောင်းလာခဲ့ပါပြီ"

"ဩော် ... ဦးလေးရယ်။ ကျွန်တော် မောင်သိန်းဝင်းပါ။ မမှတ် မိတာ ခွင့်လွှတ်ပါနော်။ အသံရော၊ ရုပ်ရောပြောင်းသွားတော့ မမှတ်မိ ဘာပါ။ ဒီရေနီမြောင်းဘေးက ဆိုင်ကလေးက ဦးလေးနဲ့ကျွန်တော် ကျောက်ဆည်မြို့ပေါ်ကို စက်ဘီးကိုယ်စီနဲ့တက် ဈေးဝယ်ရင်း လက်ဖက် ရည်သောက်ကြတဲ့ ဆိုင်လေ။ ဝမ်းသာလိုက်တာ ... ဦးလေးရယ်။ ကျွန် တော် အမှတ်တရထိုင်တွေးရင်း ငေးနေမိတာ။ ဦးလေးကြိုက်တတ်တဲ့ လက်ဖက်ချိုဆိမ့်နဲ့ မလိုင်နံပြား စားနေတာလေ"

ထိုစဉ် စားပွဲထိုးကလေးက ဦးလေးအတွက် လက်ဖက်ရည် ချိုနှင့် မလိုင်နံပြားလာချပေးသည်။ မမှာရသေးသော်လည်း ဖောက် သည်ဖြစ်၍ သိနေကြဟန်တူသည်။

"ဟုတ်ပ ... ငါ့တူရယ်။ အနှစ်(၃၀)ကျော်လောက် ရှိရော့ မယ်။ ငါ့တူလည်း ရုပ်ပြောင်းသွားတော့ ဦးလေးလည်း မမှတ်မိတော့ဘူး။ ဝမ်းသာလိုက်တာကွာ။ ဒါနဲ့ ဟိုတစ်ယောက်ရော ကရင်ကျောင်းဆရာ လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ကျွန်တော့်တွဲဘက် သူငယ်ချင်း စောကျော့လေကို ပြောတာ ထင်ပါရဲ့"

"ဟုတ်မယ် . . . ဟုတ်မယ်။ ကျန်းကျန်းမာမာပဲလား။ သူက ငယ်စဉ်ကျောင်းသားဘဝကတည်းက အတော်သောက်နိုင်တယ်နော်"

"ဟုတ်ပါရဲ့ . . . . ဦးလေးရယ်။ သူက တိုက်ကြီးမြို့အနီးက အင်ကုန်းဆိုတဲ့ ရွာလေးမှာနေတာ။ အဖေက ရဲအုပ်။ ကရင်လူမျိုး အရက်ကြိုက်တယ်။ ဒါကြောင့် သားလည်း ကြိုက်တယ်ထင်ပါရဲ့။ အခု တော့ ကိုစောကျော့လေက အရက်သမားကြီးလုံးလုံး ဖြစ်သွားပြီ။ ကျန်း မာရေးလည်း မကောင်းဘူး။ သူ့လုပ်ငန်းက သမဝါယမ စာရင်းစစ်ဆို တော့ တောနယ်သဘာဝ ညှိသည်လာတာနဲ့ အရက်နဲ့ ညှိခံကြတာ လေ။

အဲ့ဒီတော့ အရက်သမားလုံးလုံး ဖြစ်ကရောပဲ။ နန္ဒီရွာမှာ အ သုံးလုံးကျောင်းဆရာ လုပ်တုန်းကလည်း သူက အဘဦးခါတ်မှိန်နဲ့တွဲပြီး ထန်းတောတကာ လှည့်သောက်ကြတာ။ တစ်ခါတစ်ခါ မိုးနံ့ချုံထဲ နှစ် ယောက်သား လဲနေလို့ တွေ့တဲ့သူက သတင်းပေးတာနဲ့ ကျွန်တော်ရယ် အဘဦးခါတ်မှိန်သား အကြီးကောင်မိုးတင်ရယ် သွားပြီးခေါ်ရတာ အကြိမ် ကြိမ်ပါပဲ"

"ဟုတ်ပါ့ . . . ငါ့တူရယ်။ ဦးလေးလည်း ငယ်စဉ်က ထန်းရည် သောက်တော့ သောက်ခဲ့ဖူးပါတယ်။ တစ်ခါမှ ရုပ်ပျက်ဆင်းပျက် အမူး လွန်အောင် မသောက်ခဲ့ပါဘူး။ အခုတော့ အသက်အရွယ်လည်း ရလာ လို့ လုံးဝမသောက်တော့ပါဘူး။

အင်း . . . ဒါပေမဲ့ ဒီလက်ဖက်ရည်ကလေးကိုတော့ စွဲလမ်း တပ်မက်တုန်းပါပဲ။ ဒါလည်း ဆင်ခြင်ရှုတော့ စွဲလမ်းမှုတဏှာပါပဲ။ ဒီ





အသက်အရွယ်မှာ စွဲလမ်းတပ်မက်တာ ဘာမှမကောင်းဘူး။ အားလုံး ကို သံယောဇဉ်ဖြတ်ရမယ်။ ကွမ်းနဲ့ဆေးလိပ်လည်း ဖြတ်ပြီးတာ အတော် ကြာပြီ"

"ဟုတ်ပါ့ . . . ဦးလေးရယ်။ ဦးလေး အရင်တုန်းက ကွမ်းတစ် အားကြိုက်တာနော်။ ရွှေသွားကြီးပဲ ဝင်းနေတာ။ ကျန်သွားတွေက ကွမ်း နီးတက်ပြီး မည်းချိတ်နေတာ"

"ဟုတ်ပါ့ . . . ငါ့တူရယ်"

ကျွန်တော်တို့ စားရင်းသောက်ရင်း စကားကောင်းနေဆဲ အပည့်များ ပြန်ရောက်လာကြသည်။ ကျွန်တော်က ဦးအောင်သန်းနှင့် မိတ်ဆက်ပေးသည်။ တပည့်များ စားသောက်နေကြစဉ် ကျွန်တော်တို့ စကားဆက်ပြောကြသည်။ စားသောက်မှုပြီးတော့ ဦးလေးအောင်သန်း က . . .

"ကဲ . . . ငါ့တူတို့ ဦးလေးအိမ် ကျောက်ဆည်မြို့သစ်ကို လိုက် ခဲ့ကြပါဦး။ တံတားဦးသွား ကားလမ်းမဘေးနားမှာပါ။ နေ့လယ်စာ အတူချင်လို့ပါ။ အပြန်လည်း ဦးလေးအိမ်မှာ ညအိပ်တည်းခိုကြပါ။ ဦးလေးအိမ်က နှစ်ထပ်တိုက်။ ကျယ်ကျယ်ဝန်းဝန်း ရှိပါတယ်။ အားနာ စရာမလိုပါဘူး"

"ဦးလေး . . . ကျွန်တော်တို့က လူများတယ်။ ညကျတော့ အဘဦးခါတ်မှိန်တို့ နန္ဒီရွာမှာအိပ်မယ်လို့ စိတ်ကူးထားပါတယ်"

"အဲဒါဆိုရင်လည်း ဒီလိုလုပ်ကြရအောင်။ ဦးလေးအိမ်မှာ နေ့ လယ်စာစားပြီး သွားကြတာပေါ့။ ဦးလေးလည်း ရွာမရောက်တာကြာ ပြီ အတူလိုက်ခဲ့မယ်လေ"

"လိုက်ခဲ့ပေါ့ . . . ဦးလေးရယ်။ ပျော်ပျော်ပါးပါးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ကျောက်ဆည်မြို့သစ်က ဦးအောင်သန်းအိမ် ရောက်တော့ နှစ်ထပ်တိုက်ကြီးမှာ အတော်ကြီးသည်။ မိသားစုက နည်းသဖြင့် ချောင်ချောင်လည်လည် တည်းခိုနိုင်ပါသည်။ သို့သော် ကျွန်တော်တို့က အစီအစဉ်ရှိပြီးဖြစ်၍ နေ့လယ်စာထမင်းစားပြီးသည်နှင့် ဦးအောင်သန်း၏အိမ်ရှေ့ ထနောင်းရိပ် အညာစားပွဲရှည်ကြီးတွင် ထန်းဖိုဦး ထန်းလျက်နှင့် မြေပဲဆန်လှော်ကိုမြည်း၍ ရေနွေးကြမ်းသောက်ကြပြီး အညာနေပူဒဏ်ကို ခိုလှုံကြသည်။

နွေထနောင်း၊ ဆောင်းမန်ကျည်းဆိုသည့် စကားပုံအတိုင်း ထနောင်းရိပ်မှာ ခွေးသိပ်ရသည်မှာ လွန်စွာအေးချမ်းသည်။ အေးချမ်းလွန်း၍ ကျွန်တော်တို့ ကိုယ်စီတန်းစီချထားသော ထန်းပက်လက်ကုလားထိုင်များတွင် ထမင်းလုံးစီကြရင်း တစ်ရေးတစ်မော အိပ်စက်အနားယူကြပြန်သည်။

ညနေစောင်း နေညိုချိန်ရောက်မှ ထွက်ခဲ့ကြသည်။ ကျောက်ဆည်မြို့ နွေနေရှိန်က အပူလျော့သွားပြီး တန်ဆောင်မုန်းလ၊ မိုးရာသီနှင့် ဆောင်းရာသီအကြား စပ်ကူးမတ်ကူး နွေရာသီပင်ဖြစ်သည်။ အညာဆန်သော ရာသီဥတုရှိသဖြင့် မိုးကနည်းသည်။ ကန္တာရဆူးပင်များက လမ်းဘေးတစ်ဖက်တစ်ချက် တန်ဆောင်းပင်များနှင့်အပြိုင် ဘောထနေသည်။ ရှားပင်များက လွဲ၍ ခြောက်ခမ်းပြီး အရွက်ကြွေနေကြသည်။

လမ်းသိသော ကျွန်တော်က ကားမောင်းသည်။ ဦးလေး ဦးအောင်သန်းက နံဘေးက ထိုင်စီးရင်း ...

"အင်း ... ဒီလမ်း၊ ဒီခရီးကို ဦးလေးတို့လည်း သွားရင်းလာရင်းဘဲ အသက်တွေ ကြီးကုန်ကြပြီ။ နန္ဒီတောင်ရွာက မင်းမွေးစားအဖေ ဦးခတ်မှီတောင် ဆုံးရှာပေါ့။ ဒါနဲ့ မင်းကို အမွေပေးခဲ့သေးတယ်ဆို"





"ဟုတ်ပါတယ် ... ဦးလေး။ အဘဆုံးခါနီး အမွေပေးဖို့ စာရေးပြီး ခေါ်တာပါ။ စာကမရောက်တော့ ကျွန်တော် မသိဘူး။ (၆)လလောက်ကြာမှ ကျွန်တော် အိပ်မက်မက်တာနဲ့ သတိရလို့ ရွာကိုသွားတော့မှ သိရတာပါ။ ကျန်ရစ်ခဲ့တဲ့ အမေဒေါ်လှတင်နဲ့ သားတွေက အဖေမှာခဲ့သလို ပန်းလောင်မြစ်ကမ်းဘေးက ငှက်ပျောခြံ (၃) ဧကကို အမွေခွဲပေးပါတယ်။ ကျွန်တော်က ရန်ကုန်မှာ နေတာဆိုတော့ မလုပ်နိုင်ပါဘူး။ ဒါကြောင့် အမေ့ကို ပြန်ပေးခဲ့ပါတယ်"

"အေး ... ငါ့တူရ၊ အခုဆို အဲ့ဒီခြံတွေက တစ်ဧက(၆)သိန်းလောက် ဈေးပေါက်နေပြီ။ စုပေါင်းရင် သိန်း(၂၀)လောက်ရနိုင်တယ်"

"ဦးလေးရာ ... အမေတို့ ဆင်းရဲကြပါတယ်။ ကျွန်တော်က မွေးစားသားပဲ၊ အခွင့်အရေး မလိုချင်ပါဘူးဗျာ"

"အောင်မယ် ... ငါ့တူက အထင်သေးလို့ ကိုခတ်မှီက ရပ်ရွာသူကြီး။ နှစ်ဘက်မိဘတွေ လက်ထက်ကလည်း ထန်းတောကြီးနဲ့ မြေပဲ၊ နှမ်း၊ ကြက်သွန်၊ ငရုတ်စိုက်ခင်းတွေ အများကြီးရှိတာ။ ပန်းလောင်မြစ်ကမ်းပါးမှာ လယ်ယာမြေဖော်ထုတ်တော့လည်း သူ အများဆုံးရတာ။ မဆင်းရဲဘူး။ ဦးလေးတို့ထက်တောင် ချမ်းသာသေး။ သားလေးယောက်ကလည်း အားကောင်းမောင်းသန်တွေ။ အိမ်ထောင်အသီးသီးကျပြီး ချမ်းသာကြတော့ ရွာမှာ ထိတ်ထိတ်ကြဲတွေပဲဟ"

"ဝမ်းသာပါတယ် ... ဦးလေးရယ်"

ကျွန်တော်တို့ စကားပြောရင်း ကားမောင်းလာရာ မကြာမီ ဘဲတားဦးကားလမ်းဘေးအနီးရှိ ကြောင်ပန်းကုံးရွာကလေးကို ရောက်လာသဖြင့် ကျွန်တော် ကားလေးအား ဘယ်ဘက်ချိုးကွေ့၍ ရွာလမ်းထဲ ဝင်ခဲ့ပါသည်။ ရွာလမ်းထဲရှိ လေးငါးအိမ်အကျော်တွင် အဘဦးခတ်မှီ



www.burmeseclassic.com

www.burmeseclassic.com



သား မိုးအောင်တို့ခြံအတွင်းသို့ ကားကိုချိုးဝင်လိုက်ရာ အမျိုးသမီး တစ်ဦး ထွက်လာသည်။ နောက်က လေးငါးနှစ်အရွယ် ကလေးနှစ်ဦးက တွဲလောင်းပါလာသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲရှင်"

"ညည်း မိုးအောင်မိန်းမ မဟုတ်လား။ ငါက ထောင်မှူးကြီး သိန်းဝင်း။ မမှတ်မိတော့ဘူးလား"

"ဩော် ...ကိုကြီးသိန်းဝင်းကိုး။ ကြွပါရှင် ...မလာတာ ကြာပေါ့။ အိမ်ထဲဝင်ထိုင်ပါဦး။ ကိုကြီးညီ မြေပဲခင်းသွားပြီး ပိုးသတ်ဆေး ဖျန်းတာ။ ညနေစောင်းပြီပဲ လာတော့မှာပါ။ ရေနွေးကြမ်းသောက်ရင်း လက်ဖက်သုပ်စားကြပါရှင့်"

ကျွန်တော်တို့ အိမ်ပေါ်တက်ပြီး ထိုင်ကြရင်း ဖခါးရည်သောက်ကြသည်။ ကျောက်ဆည်ရွာများတွင် ရေနွေးကြမ်းကို ဖခါးရည်ဟုခေါ်ကြသည်။ ထိုစဉ် နွားခြူသံကြားရပြီး မိုးအောင်ရောက်လာသည်။

"ဟာ ...ကားမြင်တော့ ဘယ်သူများလည်း မှတ်တယ် ကိုကြီး သိန်းဝင်းတို့ပါလား။ ဒီမှာ ညအိပ်မှာလား။ ဧည့်သည်တွေလည်း ပါတယ် နော်။ ထန်းဦးရည်ရနေပြီ ...ကိုကြီးရေ၊ ကျွန်တော် သွားယူလိုက်ဦး မယ်။ မိန်းမရေ့ ...ဒီမှာ မြေပဲခင်းက စမ်းနှုတ်လာတယ်။ ကိုကြီးတို့ မြည်းရအောင် ပြုတ်လိုပြုတ်၊ ကြော်လိုကြော် လုပ်စမ်းကွာ"

"မိုးအောင် ...နေပစေ ငါတို့က ခရီးဆက်ရဦးမှာ"

"ဘယ်ခရီးဆက်ရမှာလဲ ...ကိုကြီးရာ။ ညစာစားပြီးမှ သွား ပါ"

"အေး ...ဝေးတော့ မဝေးပါဘူး။ အင်းဝမြို့ဟောင်းတင်ပါ။ ဒါပေမဲ့ ဘုရားဖူးကြမှာဆိုတော့ ထန်းရည်လည်းသောက်လို့မရသေးဘူး"





"ထန်းရည်က အရက်မှမဟုတ်တာဘဲ ...ကိုကြီးရာ"

"အေး ...မင်းပဲ အပြောကောင်း။ မူးရင် အရက်ပဲ။ နောက် နေ့များမှ အတိုးချပြီး သောက်ပါ့မယ်ကွာ။ အေး ...ညစာတော့ စား မယ်"

"အဲ့လိုလုပ်စမ်းပါ ...အစ်ကိုကြီးရာ။ ဒါနဲ့ ည ဘယ်မှာအိပ် မှာလဲ။ အစ်ကိုကြီးတို့ ဘုရားဖူးတာကလည်း ညဘက်ကြီး"

"အေး ...ငါတပည့်တွေက ညဘက်မှ မရှိခဏဘုရားကို ပူဇော်ရမှာ။ အချိန်က ညသန်းခေါင်၊ လမွန်းတည့်မှ။ ဒီည မင်းတို့ဆီ ပြန်အိပ်နိုင်မှာ မဟုတ်ဘူး။ ဘုရားပေါ်မှာ မိုးလင်းမှာပဲ"

"ဘုရားရှိခိုးတာ အဲ့သည်လောက်တောင် ကြာသလား ... အစ်ကိုကြီးရ"

"အေး ...သူတို့က ကန်တော့ပွဲနဲ့ သိဒ္ဓိတင် ပူဇော်ကြမှာ လေကွာ"

"ကျွန်တော်ကော လိုက်လို့ရမလား ...အစ်ကိုကြီး"

"ရပေါ့ ...မောင်ရယ်။ ဒါပေမဲ့ အိပ်ရေးပျက်လိမ့်မယ်"

ထိုအချိန်တွင် နောက်ဘက်ဝင်၌ အိမ်သာတက်နေသော ဦးလေးဦးအောင်သန်း ထွက်လာသဖြင့် ...

"ဟင် ...အဘဦးအောင်သန်းလည်း ပါလာတာကိုး။ အဘ လည်း ဘုရားလိုက်မှာလား"

"အေး ...ငါက သူတို့သွားမဲ့နေရာ အကုန်လိုက်မှာပဲ"

"အင်း ...ဒါဆို ကျွန်တော်လည်း လိုက်မယ်ဗျာ။ အိပ်ရေး ပျက်ရင် ပျက်ပါစေ အတွေ့အကြုံရတာပေါ့"

ညနေစာအတွက် မိုးအောင်က သူ့အိမ်မှ ကြက်မကြီးတစ် ကောင်ကို လေးခွဖြင့်ပစ်သည်။ မိုးအောင်မိန်းမက ထမင်းချက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးအောင်သန်းနှင့် တင်သောင်းက မုဆိုးများပီပီ ကြက်ကိုင်ကြပြီး ကျွန်တော်ကြိုက်သော ကြက်သားဆီပြန်၊ ငရုတ်သီးစပ်စပ်နှင့် အရိုး အရင်းများအား ခွေးတောက်ရွက်နှင့် ဟင်းချိုချက်သည်။ ငရုတ်သီး ထောင်း၊ အတို့အမြုပ်နှင့် ညနေစာထမင်း မြိန်ပေတော့မည်။ ကျွန်တော် တို့ တစ်လဲစီ ရေတုံကင်တွင် ရေချိုးကြသည်။ အဝတ်အစားအသစ်လဲပြီး တော့ ညစာက အဆင်သင့်။ တပျော်တပါးစားကြသောက်ကြရာ ထမင်း အလွန်မြိန်သည်။

ညနေ(၆)နာရီခန့် နေအေးမှ ကျွန်တော်တို့ တံတားဦးလမ်း အတိုင်း အင်းဝဘက်သို့ ထွက်ခဲ့ကြသည်။ အညာဆန်သောဒေသမှာ ယခုလို နေဝင်ခါနီးအချိန်နှင့် မနက်စောစောအချိန် အလွန်သာယာ ပေသည်။ နာရီဝက်ခန့်နှင့် အင်းဝသို့ရောက်သည်။

ဘုရားလူကြီးများလည်း အလှူခံသိမ်းနေပြီဖြစ်သဖြင့် အကျိုး အကြောင်း ရှင်းပြခွင့်တောင်းပြီး အလှူငွေထည့်ရသည်။ တောဘုရား တောင်ဘုရားဖြစ်သဖြင့် အစောင့်အကြပ်လည်း မရှိပါ။ မရှိခဏဘုရား မှာ ရွှေချထားခြင်းမရှိ။ လုံးတော်ပြည့် စစ်စေးအမည်းရောင် သုတ်ထား ပြီး ဖောင်းရစ်များကို အနီရောင်သုတ်ထားသည်။ ထီးတော်ကတော့ ရွှေထီး။ အသွင်အပြင်ကလည်း ဆန်းနေသည်။ တဖြည်းဖြည်း မိုးချုပ် လာသည်နှင့်အမျှ လူပြတ်သွားသည်။ ဘုရားလူကြီးများလည်း ပြန်ကုန် ကြပေပြီ။

ကျွန်တော်တို့ မရှိခဏ ဘုရားရင်ပြင်အား တံမြက်စည်းလှည်း ကြသည်။ ပြီးနောက် ပုဏ္ဏားတင်ဦး၏ မွေးနံ့စနေထောင့်တွင် အသင့်ပါ လာသော မြက်ဖျာများခင်းပြီး ကန်တော့ပွဲနှင့် လှူဖွယ်ဝတ္ထု၊ အသီးအနှံ များအား လှပတင့်တယ်အောင် ပြင်ဆင်သည်။ ထိုအချိန်တွင် ရေဝတီ





မြစ်ဘက်မှ လေနုအေးကလေး တိုက်ခတ်လာသဖြင့် လူခြေတိတ်သော အချိန်တွင် မရှိခဏဘုရား ထီးတော်မှ ဆည်းလည်းသံလွင်လွင်ကလေး က ကောင်းချီးပေးနေသလိုပင်။

ကျွန်တော်တို့ ဘုရားရင်ပြင်တော်ပေါ်၌ထိုင်ရင်း ထွေရာလေး ထဲ စကားစမြည်ပြောရင်း အချိန်ကို စောင့်နေကြသည်။ ည(၉)နာရီတွင် ဆင်အချိန်အကိုက် ပုဏ္ဏားတင်ဦးက ဖါဆိုဖယောင်းတိုင်ကြီး (၉)တိုင် ဖြင့် စတင်မီးပူဇော်သည်။ ကန်တော့ပွဲက (၉) ပွဲ။ ပုဏ္ဏားတင်ဦးက ဂါထာ၊ မန္တာန်များရွတ်ဆို၍ အားရပါးရရှိခိုးနေသည်။ ကန်တော့ပွဲ (၉)ပွဲ တွင် လူက (၉)ယောက်အစေ့။

ပုဏ္ဏားတင်ဦးက အလယ်ခေါင်က။ ကျွန်တော် ဖျတ်ခနဲစဉ်း စား၍ ကြက်သီးထသွားမိသည်။ ဘုရားဖူးလာကြသူများမှာ ကျွန်တော် ဦးလေးဦးအောင်သန်း၊ မိုးအောင်၊ မုဆိုးအောင်သန်းနှင့် မျောက်တင် သောင်း၊ သူ့ခိုးမြင့်သိန်း၊ ကျော်ကြီးနှင့် ပုဏ္ဏားတင်ဦး စုစုပေါင်း(၈) ယောက်သာဖြစ်သည်။ ယခုတော့ (၉)ယောက်ဖြစ်နေသည်။

ဖယောင်းတိုင်ကြီးများ အလင်းရောင်အောက်တွင် တစ်ဖက် ခြမ်းကလူကို သဲကွဲစွာမမြင်ရ။ အောင်သန်းလိုလို၊ တင်သောင်းလိုလို၊ မြင့်သိန်းလိုလို၊ ကျော်ကြီးလိုလိုပင် မသဲကွဲ။ ဘုရားရှိခိုးနေကြ၍ ထကြည့် ရန်လည်း မဖြစ်နိုင်။ အဓိဋ္ဌာန်ပွဲ ပျက်ချေမည်။ ထို့ကြောင့် ကျွန်တော် အာရုံစူးစိုက်ပြုပြီး မျက်စိမှိတ်၍ ဘုရားဝတ်ပြုလိုက်သည်။

"ကျွတ် ... ကျွတ် ... တောက်တဲ့ ... တောက်တဲ့ ... တောက်တဲ့ ..."

ဟု ထ,အော်သည်။ ကျွန်တော် ဘုရားဝတ်ပြုခြင်း အမှုအကျ၍ အားစွန်မှလူကို ဂရုပြုမိတော့ မရှိတော့။ ကန်တော့ပွဲသာ ကျန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ မရှိခဏဘုရား စိန်ဖူးတော်မှ ရောင်ခြည်တော်လွှတ်သည်မှာ တလက်လက် တောက်စားနေပါသည်။

ပုဏ္ဏားက ဝတ်တက်ခြင်းကို ရပ်၍ . . .

"ဆရာ . . . ထူးခြားတာတွေ တွေ့မိသလား။ ကျွန်တော်တို့ အကြံအစည် အောင်မြင်ပါပြီ။ ဆရာ . . . ဘာတွေတွေ့တာလဲ"

"ည ဘုရားဝတ်ပြုကတည်းက ကန်တော့ပွဲအစေ့၊ လူအစေ့ ဖြစ်နေတယ်။ ငါတို့လာတာ (၈)ယောက်တည်းလေကွာ"

"ဟုတ်တယ် ဆရာ။ အဘဆရာကြီးက ကိုးနဝင်းကျေအောင် လူတစ်ယောက် ဖြည့်ပေးထားတာ။ ဒီဒေသက လယ်တွင်းကိုးခရိုင်နယ် မြေလေ"

"နောက်ကော ဆရာ"

"လမွန်းတည့်ချိန်မှာ ဘုရားပေါ်က အိမ်မြှောင်တွေ တကျွတ်ကျွတ်စုတ်ထိုးပြီး တောက်တဲ့ (၉)ကြိမ်အော်တယ်"

"ဟုတ်ပါ့ . . . ဆရာရယ်။ နောက်ကော"

"မရှိခဏဘုရား စိန်ဖူးတော်က ရောင်ခြည်တော်လွှတ်သည် တဖျတ်ဖျတ်ဖြစ်သွားတယ်"

"ဟုတ်ပါ့ . . . ဆရာရယ်။ ကျွန်တော် အကုန်မြင်၊ အကုန်ကြားပါတယ်။ ဒါတွေဟာ အောင်မြင်မှုအတွက် အထောက်အပံ့ ထူးခြားချက်တွေပါ"

လမွန်းလွဲ (၁)နာရီထိုးမှ ပုဏ္ဏားတင်ဦးက ကျွန်တော့်အား သိဒ္ဓိတင်ပြီးသော ရတနာမြေပုံပါ ကြေးနီပုရပိုက်ကလေးကို ပြန်ပေးသည်။





"ကဲ . . . ဘယ်မှာအိပ်ကြမလဲ။ မိုးလင်းဖို့က အတော်လိုသေးတယ်"

ကျွန်တော်ကမေးတော့ သူခိုးမြင့်သိန်းက . . .

"ဘုရားပေါ်က ဇရပ်တစ်ဆောင်ဆောင်မှာ ကွေးကြတာပေါ့ ဆရာရယ်"

ထိုစဉ် မောင်မိုးအောင်က . . .

"မလုပ်ပါနဲ့ . . . သူခိုးကြီးရယ်။ ကျွန်တော့်အိမ်မှာပဲ ပြန်အိပ်ကြတာပေါ့။ ကျွန်တော်တို့ဆီက မန္တလေးမြို့လို ခြင်မကိုက်ပါဘူး"

"အေး . . . အဲ့ဒါဆိုရင်လည်း ပြန်ကြမယ်။ ပုဏ္ဏား ကန်တော့ပွဲတွေ သိမ်းတော့လေ"

"ဒီကန်တော့ပွဲက မသိမ်းရဘူးဆရာ။ တစ်ခါတည်း အပြီးအပိုင်လှူရတာ။ ဘုရားလူကြီးတွေ သိမ်းလိမ့်မယ်။ သူတို့က ကျွန်တော့်အကြောင်း ခတ်သိတွေ။ ဒါကြောင့် ခွင့်ပြုတာ"

"တယ်ဟုတ်ပါလားကွ။ ဒါဆို မရှိခဏဘုရားကို နှုတ်ဆက်ကန်တော့ပြီး တစ်ရေးတစ်မော မှေးကြရအောင် ပြန်ကြစို့"

"ကောင်းပါတယ် ဆရာ"

ကျွန်တော်တို့ ဆန်နီကားကလေးဖြင့် မိုးအောင်တို့ရွာ ကြောင်မန်းကုန်းသို့ပြန်ခဲ့ကြရာ လေအေးကလေးတဖြူးဖြူးဖြင့် အညာညချမ်းမှာ အတော်အေးသည်။ မိုးအောင်တို့အိမ်ရောက်မှ ခြေလက်၊ မျက်နှာဆေးကြော၍ တစ်ချိုးတည်း အိပ်ရာဝင်ခဲ့ကြရာ တစ်ညလုံး ဘယ်သူမှ တစ်ရေးမနိုးကြပါ။ လွန်စွာအိပ်ပျော်သော ညတစ်ညဖြစ်ပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

မနက်(၇)နာရီခန့်မှ တစ်ရေးနိုးသည်။

“ဆရာတို့ နိုးကြပြီလား။ ဒီမှာ ကောက်ညှင်းပေါင်းနဲ့ လက်ဖက်ရည်ချိုနဲ့ အဆင်သင့်ပဲ။ ရွာသွားဖို့ လှည်းလည်း အဆင်သင့်ပဲ .. အစ်ကိုကြီး”

“အေး ... အဲ့ဒါဆို စားကြသောက်ကြတာပေါ့”

“ရော့ ... ဟော့သည်မှာ ငါတို့အဖွဲ့ဝယ်လာခဲ့တဲ့ လက်ဆောင်မုန့်တွေ။ ကျောက်ဆည်က ဝယ်လာခဲ့တာ”

“ကျေးဇူးပဲ ... အစ်ကိုကြီး။ အစ်ကိုကြီးတို့ပြန်မှ ကျွန်တော်ကလည်း ယာထွက်ငှက်ပျောသီး၊ မြေပဲနဲ့ ဆန်တွေ ပေးလိုက်ဦးမယ်”

“မလုပ်နဲ့ ... မောင်မိုးအောင်၊ ငါတို့က အိမ်ပြန်ရမှာ မဟုတ်သေးဘူး။ ကမ္ဘာပတ်ရဦးမှာ”

ကျွန်တော်တို့ စားသောက်ပြီး မိုးအောင်တို့ရွာမှ ထွက်ခဲ့ကြပြီး ကားလမ်းကိုဖြတ်၍ အောက်ချိုင့်ထဲဆင်းရသည်။ အောက်ချိုင့်ထဲ၌ မိုးတွင်းက ရေခမ်းပြီဖြစ်သော်လည်း ရွှံ့ဗွက်က ကျန်ရှိနေသေးသည်။ ဒါ





ကြောင့် မိုးအောင်က ကားမသုံးဘဲ လှည်းသာသုံးခြင်းဖြစ်သည်။ လမ်း
...သော်လည်း လှည်းလမ်းဖြစ်၍ မိုးတွင်းကသွားထားသော လှည်းဘီးရာများက မပျောက်သေး။ ကားသွား၍မရနိုင်သေးပါ။ လမ်းဘေး၌ မိုးနှံ့...င့် တန်ဆောင်းပင်များက နေရာအနှံ့ စိမ်းစိုနေသည်။

အညာတမာ ဝါတာတာလေးများက ရွက်နုတွေ ဝေနေသည်။ ...ညာခွေးတောက်ပင်ပေါက်များက လမ်းဘေးနေရာအနှံ့ ပေါက်နေသည်။ ...ပင်မျိုး၏ မျိုးစေ့က ဝါဂွမ်းလိုပေါ့ပါးသဖြင့် အသီးက အစေ့ကွဲသည်...် လေသယ်ဆောင်ရာပျံ့ဝဲပြီး နေရာအနှံ့ ပေါက်နေတတ်သည်။ အညာ...တောက်ရွက်မှာ အောက်ပြည်ကလောက် အရသာမခါးပါ။ ဟင်းချို...ာ်လျှင် အလွန်ခံတွင်းကို မြိန်စေသည်။

မှန်လေးပေါက်ပိတ်၍ မြေဖုံးနေသော အနော်ရထာမင်းစော...ုံသို့စစ်ချီစဉ်က တည်ထားခဲ့သော မမြစိမ်းဘုရားအနားရောက်တော့ ...န်တော် အမှတ်တရကြည့်မိသည်။ စေတီမှာ ယခင်အတိုင်းပင်။ သို့...ာ် မှန်လေးပေါက်မှာ ပိတ်နေရုံသာမက အဝင်တံခါးအပေါ်အဝ...ပန်းဆွဲပေါ်ရုံသာ ရှိတော့သည်။ ရွာဘုရား၊ ရွာသားမကြည်ညို...ာလို ပြုပြင်မည့်သူလည်း မရှိ။ ထုံးသကန်းပင် ကပ်မည့်သူရှိဟန်...ပါ။ ကျွန်တော် လှည်းခဏရပ်ခိုင်းပြီး ...

“ကဲ ... ပုဏ္ဏားရေ ... ဒီဘုရားက မြစိမ်းဘုရားလို့ခေါ်...ယ်။ ငါတို့ ပဋ္ဌာန်းဆက်ဘုရားထင်ပါရဲ့။ ငါ ဒီဘုရားအစောင့်နဲ့ ကြုံဖူး...ယ်။ ငါ့ကို ပျားရည်နဲ့လုပ်တဲ့မုန့်တွေ ကျွေးဖူးတယ်။ အစိမ်းရောင်...ဟောင်းဝတ်စုံနဲ့ အလွန်လှတယ်”

“ဒီဘက်ပိုင်းမှာတော့ အနော်ရထာမင်း စစ်ချီတဲ့စစ်လမ်း...ကြောင်းမှာ တည်ထားခဲ့တဲ့ ဘုရားတွေက တစ်တန်းတည်းပဲ။ တို့သွားမဲ့



www.burmeseclassic.com

www.burmeseclassic.com



နန္ဒီတောင်ရွာ၊ မြောက်ရွာဆိုရင် ဘုရားစေတီတွေက ခြံစည်းရိုးကာထား သလို အပြည့်။ အခုဆိုရင် နှစ်ပေါင်း (၃၀၀)ကျော်လောက် ရှိရောမယ် ပျက်စီးယိုယွင်းနေကြပြီပေါ့။

ပန်းလောင်မြစ်ကမ်းပါးမှာ တည်ထားခဲ့တာဆိုတော့ မိုးတွင်း မြစ်ရေလျှံပြီး ပြိုလဲကွယ်ပျောက်သွားတာတွေ မနည်းဘူး။ အဲ့ဒါကြောင့် ဒီမြစ်မိဘုရားကို ပြုပြင်စေချင်တယ်။ ပထမ မြေရှင်းပြီး ဖော်ထုတ် မယ်။ ပြီးတော့ ထုံးသင်္ကန်းကပ်မယ်။ ငါတို့လုပ်ငန်းအောင်မြင်ရင် ထီး တော်ပြည့် ရွှေချပူဇော်မယ်။ ဘယ့်နှယ် ... သဘောတူကြသလား"

"ရှားပါးကုသိုလ်ပဲ ... ဆရာရယ်၊ မနက်ဖြန်စလုပ်မယ်"

ပုဏ္ဏားကပြောတော့ အားလုံး သဘောတူကြသည်။ ထိုစဉ် ရွာသားမိုးအောင်က ...

"အစ်ကိုကြီး ... ကျွန်တော်တို့ ညီအစ်ကိုလေးယောက်စလုံး မနက်ဖြန် အလုပ်နားပြီး ဝိုင်းကူညီကြမယ်။ အစ်ကိုကြီးအကြံအစည်မျိုး ကျွန်တော်တို့ တစ်ခါမှ မစဉ်းစားခဲ့ဘူး။ တောဘုရားတောင်ဘုရား လယ် တောဘုရားဆိုပြီး အလေးတယူ မရှိခဲ့ကြဘူး။ ဖာသာပဲနေခဲ့တာ ကြာ ပေါ့"

ထိုစဉ် တောစပယ်ပန်းနံ့က ထောင်းထောင်းထသွားသည်။ ဘုရားစေတီမှာ ပျက်စီးမှုတော့ မရှိသေး။ လှည်းလမ်းဘေးဖြစ်သဖြင့် အရောင်အဆင်းက မွဲလုသည်။ အနီးတွင် တောစပယ်ချုံများနှင့် တော ဝယ်မှိုင်းပင်များက အဖြူအနီ ရောင်စုံဖူးပွင့်ဝေဆာနေသည်။ ဘုရား တွင် မဟာရံတံတိုင်းမရှိ၊ ရင်ပြင်တော်မရှိ၊ ပရဝုဏ်မရှိ၊ ထူးခြားသည် က မြေထဲစိုက်ဝင်နေသော်လည်း ပျက်စီးမှုမရှိ။ မုခ်လေးပေါက်နှင့် အခြား ဘုရားစေတီပျက်များထက် လက်ရာမြောက်စွာ ထူးခြားနေခြင်းဖြစ်သည်။





ကျွန်တော်တို့ လှည်းဆက်ထွက်လာတော့ လှည်းလမ်းနှင့် ပန်းလောင်မြစ်ကမ်းနဖူးကြားတွင် ပြိုပျက်နေသော ဘုရားနီကြီးကိုတွေ့ သည်။ လွန်ခဲ့သော နှစ်(၂၀)ကျော် ကျွန်တော်တို့ရောက်စဉ်က ထီးတော် ကျန်တော့သည့် ဘုရားငုတ်တိုဘဝ။ ယခုတော့ အုတ်ဖိနပ်ခုံပင် မပြည့်စုံ တော့ပါ။ သရိုးမကိုင် အုတ်ခဲနီများသာစီထားသဖြင့် ဘုရားနီကြီးဟူ၍ ခေါ်ကြသည်။ ဘွဲ့တော်မသိ၊ သရဲအခြောက်ကြမ်းသည်ဟုတော့ သတင်းဆိုးဖြင့် ကျော်ကြားသဖြင့် နာမည်ကြီးသည်။

ကျွန်တော်တို့ လှည်းလမ်းခုလတ် အုန်းလက်ကောက်ဟူသော ရွာထဲ လှည်းဝင်လာတော့ ဘုရားစေတီများကိုပြင်ဆင်ပြီး ဆေးခြယ်သ ထားသည်မှာ သစ်လွင်နေသည်။ ရှေးဟောင်းစေတီနှင့် သုတ်သောဆေး အရောင်တောက်လွန်းသဖြင့် မလိုက်ဖက်။ အနီရောင်၊ အဝါရောင် များ အသုံးများလွန်းသည်။ အသက်ကြီးသော အဘွားတို့ကို မိတ်ကပ် လိမ်းသပြီး ပန်းနီနီပန်ဆင်ပေးထားသလို သဘာဝမကျ။ ဘုရားစေတီ က ရွှေထီးတော်နှင့် ထုံးဖြူသင်္ကန်း(သို့မဟုတ်) ရွှေရောင်သင်္ကန်းသာ လိုက်ဖက်ပါသည်။

ကျွန်တော်တို့ နန္ဒီတောင်ရွာသို့ (၁) နာရီခန့် လှည်းမောင်းပြီး ရောက်သည်။ အဘဦးဓာတ်မှိုအိမ်ရှေ့ လှည်းရောက်တော့ အမေနှင့် မောင်နှမများ အပြေးလာကြိုကြသည်။ မိုးအောင် ကြိုတင်အကြောင်း ကြားထားသဖြင့် သိနေခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... အစ်ကိုကြီးနဲ့ ညှိသည်များ ဆင်းကြပါခင်ဗျာ

မနက်စာ အဆင်သင့် စီစဉ်ထားပါတယ်"

"မိုးတင် ... ညီလေး ဘာတွေစီစဉ်ထားတာလဲကွ"

"ထမင်းကြော်နဲ့ မြေပဲဆန်ကြော်၊ လက်ဖက်သုပ်၊ ကော်ဖီ

ပေါ့ ... အစ်ကိုကြီးရယ်"

"အေး ... ညက မိုးအောင်တို့အိမ်မှာ ညအိပ်တယ်။ မနက်

က ကောက်ညှင်းပေါင်းစားလာပေမဲ့ လှည်းဆောင့်လို့ ဆာသကွား

စားဖို့ပြင်ကြစို့"

ထိုစဉ် သူနိုးမြင့်သိန်းက ...

"ညီလေး ... မိုးတင်၊ အဖွာလေးများ ရှိုးမလား"

"အစ်ကိုကြီး ထန်းရည်ကိုပြောတာ မဟုတ်လား။ ရာသီ

သေးတယ်။ ဒါပေမဲ့ ကျွန်တော့်ညီ မိုးမှောင် ကြံဖန်ပြီး လုပ်နေပါတယ်

နေ့လယ်စာစားခါနီး ရပါလိမ့်မယ်"

"အေး ... အဲ့ဒါမှ ငါ့ညီတွေကွ။ မှန့်ဖိုးကောင်းကောင်း

မယ်"

"ကလေးတွေမှ မဟုတ်တော့တာဘဲ။ ကိုကြီးမြင့်သိန်း

အရက်ဖိုးပေးမယ် လုပ်စမ်းပါ။ အခုလည်း အစ်ကိုကြီးတို့လာမယ်

မိုးအောင်မိန်းမက လူကြုံနဲ့ အကြောင်းကြားလို့ ဝီစကီတစ်ပုလင်း

ဝယ်ထားသေးတယ်"

"ဘာဝီစကီလဲ ... ညီလေးရဲ့"

ကျွန်တော်က ဝင်မေးတော့ ...

"မြန်မာပြည်ဖြစ်ပေါ့ဗျာ"





"ငါတို့ကတော့ ဆေးဖက်ဝင်တဲ့ ထန်းလျက်အရက်စစ်စစ် ဒါမှ

မဟုတ် ထန်းရည်စစ်စစ်သောက်ချင်လို့ မင်းတို့ဆီကိုလာတာ"

"အဲ့ဒါတွေလည်း ရပါ့ဗျာ။ ဒါပေမဲ့ ရွာကလူတွေက ခေတ်မီ

နေကြပြီ။ မသောက်ကြတော့ဘူး။ ဝီစကီမှ ဝီစကီဖြစ်နေကြပြီဗျား"

"အေး ... အရက်ယဉ်ကျေးမှုခေတ်ပဲလေ ဖြစ်မှာပေါ့။ ဒါ

ပေမဲ့ ဝီစကီဆိုတိုင်း ကောင်းတာမဟုတ်ဘူးနော်။ နိုင်ငံခြားက (၁၂)

နှစ်စိမ်ထားပြီးမှ ဂရန်တီနဲ့ရောင်းတာ။ တို့ဆီကတော့ မြန်မာ့နည်း မြန်မာ့

ဟန်နဲ့ မနေ့ကချက်ပြီး အငွေ့တောင်မသေသေးဘူး ဒီနေ့ရောင်းတာ။

သိန်းဆိုတဲ့ အဆိပ်ဓာတ်ပါဝင်တာ များတယ်။ အရမ်းမသောက်နဲ့။

မြန်မာပြည်ထွက် ထန်းရည်နဲ့ ထန်းလျက်အရက်၊ ဆန်အရက်၊

ကောက်ညှင်းအရက်တွေက တော်သေးတယ်။ ဒါပေမဲ့ အရက်မှန်သမျှ

ဆိုးဘယ်လောက်ကြီးကြီး အန္တရာယ်ရှိတယ်။ သောက်တတ်ရင်ဆေး၊

မသောက်တတ်ရင် ဘေးပေါ့"

"ဟုတ်ပါ့ ... အစ်ကိုကြီးရယ်၊ ရွာကအရက်သမားတွေလည်း

အတော်များများ ကြွကုန်ပြီ။ ကျွန်တော်တို့ကတော့ အလုပ်ပင်ပန်းလို့

ညနေပိုင်းမှ မှိဝဲတာပါ။ တနိုင်ပါပဲ"

"အေး ... ဟုတ်တယ်။ အရက်ဆိုတာ ညနေစောင်း အပန်း

ဖြေရင်း သောက်သင့်တယ်။ နေ့စဉ်သောက်တာ တစ်နေ့လုံး မနက်ည

သောက်တာလည်း မကောင်းဘူး။ စီးပွားပျက်သလို ကျန်းမာရေးကို

ထိခိုက်နိုင်တယ်။ ငါတို့ငယ်စဉ်က ဂေါ်ရင်ဂျီကုလားတွေ အရက်သော

တာမြင်ဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com



**တစ်နေ့လုံး** ပင်ပင်ပန်းပန်းလုပ်ပြီး ညနေဝင်ချိန်မှ သောက်ကြတယ်။ အချဉ် အရမ်းစားတယ်။ ရေတ်သီးစားတယ်။ အငန်စားတယ်။ ဘာဖြစ်လို့လဲမေးကြည့်တော့ သူတို့အလုပ်က ခန္ဓာကိုယ်ကိုရင်းပြီး နိုင်စားရတော့ ပင်ပန်းတယ်၊ ချွေးထွက်လွန်တယ်၊ နေပူခံရတော့ ရေတ်သီးနဲ့ ဆားရယ်၊ အချဉ်ရယ်၊ စားရတယ်။ အရက်သောက်တာကတော့ သွေးလေလည်ပတ်မှု မြန်အောင်တဲ့။ အပန်းဖြေတဲ့သဘောနဲ့ သောက်တာတဲ့။ သူတို့ အရက်သောက်တာက အဓိပ္ပာယ်ရှိတယ်။ ငါတို့ အရက်သောက်တာက ဖိမ်ခံတာ၊ မတူဘူးနော်''

''ဟုတ်ပ့ါ . . . အစ်ကိုကြီးရာ။ အစ်ကိုကြီး ရှင်းပြမှ သဘောပေါက်တော့တယ်။ အချဉ်က အသည်းကို ကာကွယ်တယ်မဟုတ်လား''

''ဟုတ်တာပေ့ါ။ အသီးအရွက်စားတာက ကျန်းမာရေးအတွက် အလွန်ကောင်းတယ်။ အရက်သမားဟာ ရေလည်း များများသောက်ရတယ်။ လှုပ်ရှားမှုရှိရမယ်။ ချွေးထွက်ရမယ်။ ဆီးများများသွားပြီး ဝမ်းမှန်ရမယ်။ မင်းတို့ရွာမှာပေါတဲ့ ချွေးတောက်ရွက်ဟာ အသည်းဆေးပဲ၊ ပြုတ်တို့၊ ဟင်းချိုချက်စား၊ ကြော်စား နေ့စဉ်စားသုံးသင့်တယ်။ ချွေးတောက်ရွက်ကိုနေ့စဉ်စားရင် အသည်းရောဂါ မဖြစ်နိုင်ဘူးကွ။ နောက်ပြီး ကွမ်းချိုး၊ ဆေးလိပ်ချိုးမှန်သမျှ ဆီးအိမ်မှာ အနည်မထိုင်နိုင်ဘူး ဖယ်ရှားပေးတယ်''

''ဟာ . . . တယ်ဟုတ်ပါလား။ ချွေးတောက်ရွက်တွေ အိမ်ဘေးတင်ပေါက်နေတာ။ အထင်မကြီးမိဘူး။ တစ်ခါတစ်ရံ ကြက်သားချက်စားမှသာ အရိုးအရင်းကလေးတွေနဲ့ ဟင်းချိုချက်စားကြတာ ဒါနဲ့ နေ့စဉ်စားမှုဖြစ်တော့မယ်''





''အေး . . . မင်းတို့ရွာ ခြံစည်းရိုးက အလေ့ကျပေါက်နေတဲ့ ချွေးတောက်၊ ကင်းပုံ၊ သနပ်ရွက်၊ မန်ကျည်းရွက်တွေကို စုပေါင်းကြော်စားစား၊ ချဉ်ဟင်းချက်စားစား၊ ထမင်းမြိန်ပြီး ဆေးဘက်ဝင်တာပေ့ါကွာ''

''ဟုတ်မယ် . . . အစ်ကိုကြီး၊ အဖေရှိတုန်းက အဲ့ဒီအရွက်တွေကိုစုပေါင်းပြီး အမေ ခဏခဏ ချက်ကျွေးတာ။ ကျွန်တော် ပြန်မှတ်မိသယ်''

အနီးတွင်ထိုင်သော အမေက သတိတရပြုံးပြီး . . .

''ဟဲ့ . . . အဲ့ဒါ တို့ရွာမလေ့ ခြံစည်းရိုးဟင်းချိုလို့ ခေါ်တယ်။ မင်းတို့မိန်းမတွေ ချက်မကျွေးကြဘူးလား။ အကုန်အကျ သက်သာတယ်။ ထမင်းမြိန်တယ်။ ကျန်းမာရေးအတွက် အကျိုးရှိတယ်။ ငါတို့ ရှေးရှေးဘိုးဘွားတွေ လက်ထက်ကတည်းက စားသုံးလာကြတာ။ ဆရာလေးပြောသလို ဆေးဘက်ဝင်လို့ပေ့ါဟဲ့''

''ဟုတ်ပ့ါဗျာ။ ကျွန်တော်တို့ မိန်းမတွေကျတော့ နားမလည်ကြဘူးထင်ပါရဲ့။ ချွေးတောက်ရွက်ကို ခါးလို့ဆိုပြီး မစားကြဘူး''

ကျွန်တော်တို့ လူစုံတုန်း မြစိမ်းဘုရားအား ပြင်ဆင်ရန် ဆွေးနွေးကြတော့ အမေက ဝင်ပြောလာသည်။

''သားတို့ မြစိမ်းဘုရားကိုပြင်ဆင်တာ ကောင်းပါတယ်။ ဒါပေမဲ့ အဲဒီဘုရားက အစောင့်ရှိတယ်နော်။ ကြိုက်မကြိုက် ကန်တော့ပွဲပေးပြီး အိပ်မက်ယူရတယ်လို့ ရှေးလူကြီးသူမများ အမှာရှိတယ်။ နောက်ပြီး ဘုရားက လမ်းနဲ့တစ်ညီတည်း မြေထဲမြုပ်ဝင်နေတော့ မုခ်ပေါက်ဆီသွားပေါ်လာအောင် သားတို့ ကျင်းတူးရလိမ့်မယ်။



www.burmeseclassic.com

ကျင်းချိုင့်ကြီးဖြစ်သွားပြီး ဘုရားပေါ်လာတော့ မိုးတွင်းရေမဝင်အောင် ဘယ်လိုလုပ်ကြမလဲ။ ဘုရားချိုင့်ထဲကရေတွေ ဘယ်လိုထုတ်ကြမလဲ စဉ်းစားနော်။ အမေ အကြံပေးချင်တာကတော့ မြေကျင်းမတူးဘဲ အပေါ်ပေါ်နေတဲ့အတိုင်းကိုသာ သန့်ရှင်းရေးလုပ်ပြီး ထုံးသင်္ကန်းကပ်ချင်ကပ်၊ ရွှေချချင်ချ လုပ်သင့်တယ်”

“ဟုတ်ပါ့ဗျာ ... ကျွန်တော်ကတော့ အညာမိုးနည်းတယ်ထင်ပြီး စဉ်းစားမိတာ။ လမ်းက ရေတွေဝင်မှာကို မစဉ်းစားမိဘူး။ တော်သေးရဲ့ဗျာ။ ဒါဆို အမေပြောသလိုပဲ လုပ်တော့မယ်”

“ဒါပေါ့ ... သားရဲ့။ အမေတို့ ကျောက်ဆည်ဆိုတာ လယ်တွင်းကိုးခရိုင်နယ်မြေ၊ ဆည်ရေလည်း ရတယ်။ မိုးလည်း ခေါင်တယ်။ မြစိမ်းဘုရားနဲ့ ကတ္တရာလမ်းကြားမှာဆိုရင် မိုးတွင်းရေအိုင်ကြီးဖြစ်လို့ လှည်းတောင် ဖြတ်မရဘူး။ အခု ရေခန်းတာတောင် ရွံ့ဗွက်တွေကျန်နေသေးတယ်လေ”

“ဟုတ်ပါရဲ့ ... အမေရယ်။ ကျွန်တော်မှားပါတယ်။ ကဲ ... ဒါဆို ဒီနေ့တော့နားပြီး မနက်ဖြန် ဘုရားသန့်ရှင်းရေး လုပ်ကြမယ်။ သန်ဘက်ခါ ထုံးသင်္ကန်းကပ်မလား။ ရွှေသင်္ကန်းကပ်မလား တိုင်ပင်ကြတာပေါ့”

ပုဏ္ဏားတင်ဦးက ...

“စေတီပေါ်လာတဲ့ အနေအထားအရ လုပ်ကြတာပေါ့ ... ဆရာရယ်။ ထီးတော်အသစ်ကတော့ အသေအချာ လဲရမှာပဲ။ အဲဒီကိစ္စက ရွာဦးကျောင်းဆရာတော်နဲ့ ညှိနှိုင်းဦးမှဖြစ်မယ်။ နောက်ပြီး ဒီရွာနဲ့လှမ်းပြီး အုန်းလက်ကောက်ရွာနဲ့နီးတော့ အုန်းလက်ကောက်ရွာနဲ့လည်း ညှိနှိုင်းတိုင်ပင်မှ ဖြစ်မယ်ထင်တယ်”

စိတ်ကူးသစ်စာပေ



“ဟုတ်တာပေါ့ကွယ်။ သားတို့ ဒီညနေ ရွာဦးကျောင်းဆရာတော်နဲ့တွေ့ပြီး လျှောက်ပေါ့။ အုန်းလက်ကောက်ရွာအတွက်တော့ မိုးအောင် ကြောင်ပန်းကုံးရွာအပြန် ဝင်ပြောသွားလိမ့်မယ်။ မနက်ဖြန်မနက်မှ သားတို့က အုန်းလက်ကောက်ရွာ ဆရာတော်နဲ့တွေ့ပေါ့”

“ကောင်းပါပြီ ... အမေ”

ကျွန်တော်တို့ ရွာတွင်း လျှောက်လည်ကြသည်။ အ,သုံးလုံး လုပ်အားပေး ကျောင်းဆရာလုပ်စဉ်က တစ်ရွာလုံး ကျွန်တော်၏စာသင်သားများဖြစ်ကြ၍ ကျွန်တော့်နာမည်ကြားသည်နှင့် အိမ်ပေါက်စေ့ အခါးရည်သောက်ရန် ဖိတ်ခေါ်ကြရာ ပဲခြမ်းသုပ်၊ လက်ဖက်သုပ်၊ မြေပဲဆန်ကြော်နှင့် ဗိုက်အတော်ပြည့်သွားသည်။ နေ့လယ် အမေ့အိမ်အပြန် နေ့လယ်စာစားတော့လည်း ပုစွန်ဆိတ်ချဉ်၊ ထန်းရည်ချိုပြင်းကလေးပါ၍ ထမင်းစားကောင်းပြန်သည်။

စားသောက်ပြီးတော့ ဗိုက်လေးပြီး မျက်လုံးစင်းလာသဖြင့် အညာနေပူပူကို အန်တုပြီး အမေ၏အိမ်ဦးခန်း ကွပ်ပျစ်ပေါ်၌ အတုံးအရုံး အိပ်ကြသည်။ အိမ်အမိုးမှာ ဝါးကပ်မိုးဖြစ်သော်လည်း မန်ကျည်းပင်ကြီးအရိပ်ကြောင့် တော်ပါသေးသည်။

ထိုခေတ် ရွာပတ်ဝန်းကျင် ရိုးပြတ်လယ်ကွင်းများနှင့် ကန္တာရတောခြောက်ကို ဖြတ်သန်းတိုက်ခတ်လာသောလေမှာ ပူလောင်လှသည်။ မိုးနည်းရေရှားသော မုံရွာဘက်ဆိုလျှင် ပူလိုက်မည်ဖြစ်ခြင်း။

✿ ✿ ✿

www.burmeseclassic.com

❑

နောက်တစ်နေ့မနက် ကျွန်တော်တို့အဖွဲ့ လက်နက်ကိရိယာစုံစွာဖြင့် အုန်းလက်ကောက်ရွာသို့ရောက်တော့ ရွာသူကြီးက ဖိတ်သည်ဆိုသဖြင့် ရွာလယ်သူကြီးအိမ်သို့ ဝင်ကြရသည်။ အုန်းလက်ကောက်ရွာသူကြီးက ကျွန်တော်တို့အဖွဲ့အား လက်ဖက်ရည်အချို့ မုန့်ပဲသရေစာများဖြင့် ဧည့်ခံရင်း စကားပြောကြရသည်။

"ဆရာလေးက အ,သုံးလုံးကျောင်းဆရာ ဦးသိန်းဝင်းမဟုတ်လား"

"ဟုတ်ပါတယ် . . . သူကြီး"

"မြစိမ်းဘုရားကို ပြုပြင်မယ်ဆို။ မနေ့က ဦးခါတ်မှီသား မိုးအောင် ဝင်ပြောသွားတယ်"

"တတ်နိုင်သမျှလုပ်ပါ . . . ဆရာလေး။ ကျုပ်တို့ လိုအပ်သမျှ ပံ့ပိုးကူညီပါ့မယ်။ ကျွန်တော်တို့ရွာက မဆင်းရဲပါဘူး။ ခေါင်းဆောင်မဲ့သူသာ လိုနေတာပါ။ ဆရာတော်ကလည်း ဆရာလေးကို တွေ့ချင်နေတာ။ လွန်ခဲ့တဲ့တစ်ပတ်လောက်ကတည်းက ဆရာတော်ကို မမြစိမ်းက





အိပ်မက်ပေးသတဲ့။ အရင် အ,သုံးလုံးကျောင်းဆရာနဲ့အဖွဲ့ လာလိမ့်မယ်။ မြစိမ်းဘုရားကို ပြင်ဆင်ပူဇော်လိမ့်မယ်။ ဆရာတော်ကူညီပါလို့ ပြောသတဲ့။

အဲ့ဒါကြောင့် ဆရာလေးတို့အဖွဲ့ နားနားနေနေ ပြင်ဆင်နိုင်အောင် ကျုပ် ဆရာတော်အမိန့်နဲ့ ကန်တော့ပွဲ(၃)ပွဲ ပြင်ပြီးပြီ။ မြစိမ်းဘုရားအနားမှာလည်း သစ်ခက်တဲနန်းထိုးပြီးပြီ။ လုပ်အားပေးမည့်သူတွေလည်း စုပြီးပြီ။ ထမင်းကျွေးဖို့လည်း ချက်ပြုတ်နေကြပြီ။ လှူမဲ့သူတွေလည်း ပေါ်လာကြပြီ။ ဆရာလေး ဘုန်းတန်ခိုးကြီးချက်ကတော့ ကမ်းကုန်ပဲဗျို့"

"ပဌာန်းဆက် ဆွေမျိုးတွေဖြစ်မှာပေါ့ . . . သူကြီးရယ်။ ဝမ်းသာလှပါတယ်။ ဒါဆို ကျွန်တော်တို့ ထီးတော်အသစ်တင်မယ်။ မြစိမ်းဘုရားကို ဒီနေ့ သန့်ရှင်းရေးလုပ်ပြီး မနက်ဖြန် စစ်ဆေးသုတ်၊ သန်ဘက်ခါ ရွှေချမယ်။ အဲ့ဒီပညာရှင်တွေပါ ရှာပေးပါသူကြီး။ ကျွန်တော်တို့ ကုန်ကျသလောက် လှူပါ့မယ်"

"ဆရာလေးတို့တင် ဘယ်ဟုတ်မလဲ။ ကျုပ်တို့ရွာကလည်း ပါမှာပေါ့။ ပညာရှင့်တွေကလည်း အဝေးသွားရှာစရာ မလိုပါဘူး။ ကျုပ်တို့ရွာမှာတင်ရှိတယ်။ ဒါနဲ့ မဟာရံတံတိုင်းနဲ့ ရင်ပြင်တော်ကို လုပ်ဦးမှာမလား ဆရာလေး"

"ကျွန်တော်တို့ လုပ်ချင်ပါတယ်။ ဘိလပ်မြေနဲ့ အုတ်လိုမယ်မဟုတ်လား။ ကျောက်ဆည်ကဝယ်ရင် လမ်းထဲဝင်လို့ရမယ် မထင်ဘူး"

"အုတ်က ဒီရွာမှာတင်ဖုတ်တာ။ လှည်းနဲ့သယ်ပေးမယ် ဆရာလေး။ သဲက ချောင်းထဲကသယ်ပေးမယ်။ ဘိလပ်မြေသာ ကျောက်ဆည်ကဝယ်ရမှာ။ များများဝယ်ရင် သူတို့လာပို့ပေးပါတယ် . . . ဆရာလေး"



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေလိုက်တာဗျာ။ ဒါဆို ဒီနေ့ ဘုရားသန့်ရှင်းရေး လုပ်နေတုန်း သူကြီးနဲ့ကျွန်တော်တို့ ကျောက်ဆည်သွားကြတာပေါ့။ ရွှေ ထီးတော်လည်း ဝယ်ရဦးမယ်လေ။ နားလည်တဲ့သူလည်း ခေါ်ခဲ့ပေါ့။ ကျွန်တော့်မှာ ဆန်နီကားကလေး ပါ,ပါတယ်"

"သွားကြတာပေါ့ ... ဆရာလေး"

ထိုစဉ် ရွာဦးကျောင်းဆရာတော် အခေါ်လွှတ်သည်ဆိုသဖြင့် ကျွန်တော်တို့ ဆရာတော်ကျောင်းသို့ လှမ်းခဲ့ကြပါသည်။

"လာ ... ဒကာကြီး၊ ကျုပ်အိပ်မက်မှန်လို့ ဝမ်းသာလှတယ်။ လိုအပ်တာတော့ အကုန်ကူညီမယ်"

"ရပါတယ် ... ဘုရား။ တပည့်တော်တို့ တတ်နိုင်ပါတယ် ဘုရား"

"ဘယ် ဒီလိုဟုတ်မလဲ ... ဒကာကြီးရယ်၊ စုပေါင်းလုပ်မှ အောင်မြင်တော့မပေါ့။ မမြစိမ်းတို့ကလည်း ပံ့ပိုးကူညီမယ်ပြောပါတယ်"

"ဝမ်းသာလှပါတယ် ဘုရား"

ကျွန်တော်က သူကြီးနှင့်တိုင်ပင်ပြီး လုပ်ကိုင်မည့်အစီအစဉ် ကို ပြောပြရာ ဆရာတော်က သာဓုခေါ်ပြီး အနုမောဒနာတရား ချီးမြှင့် ပါသည်။

ကျွန်တော်တို့ ရွာကျောင်းဆရာတော်အား ပူဇော်ကန်တော့ ပြီး ဘုရားပြင်ဆင်ရာနေရာသို့ လာခဲ့ကြရာ ရွာသူကြီးနှင့်အတူ ရွာသား ပန်းရံဆရာလည်း လိုက်ပါလာသည်။ မမြစိမ်းဘုရားအနီးရောက်တော့ ရွာသားများက သစ်ခက်တဲနန်းကြီး ဆောက်လုပ်ပြီး အိုးစည်ဗုံမောင်း ဖြင့် ကြိုဆိုကြသည်။ တဲနန်းအပြင် ဘုရားအနောက်ဘက် ထနောင်း





ပင်များအရိပ်၌ မီးခိုးတစ်လူလူဖြင့် ရွာသူရွာသားများ ချက်ပြုတ်နေကြ ဖြင့် ကျွန်တော်က ...

"သူကြီး ... တစ်ရွာလုံး ကျွေးရမှာ။ ဘယ်သူ အကုန်အကျ ခံတာလဲ။ ကျွန်တော်တို့ ပေးပါရစေ"

သူကြီးက လက်ကာပြပြီး ...

"ဆရာလေးကို ကျုပ် ကနဦးကတည်းက ပြောပြီးသားပဲ။ ကျုပ်တို့ ဒီရာသီက ပဲပေါ်၊ နှမ်းပေါ်ချိန် ရွာသားတွေ ငွေရှင်တယ်။ ငွေ ကြေးရေး မလိုဘူး။ ခေါင်းဆောင်လိုတာ။ အများကောင်းမှုပေါ့ ... လေးရယ်။ ဆရာလေးက မြစိမ်းဘုရားအကြောင်း မသိသေးလို့

သူတို့ခွင့်မပြုဘဲလုပ်ရင် မအောင်မြင်ဘူး။ နှစ်ခါရှိပြီ။ ဒီဘုရား ပြုပြင်တာ လက်မခံတော့ ဒုံရင်းပဲ။ အခု ဆရာလေးကျမှ ဆရာ ကို အိပ်မက်ပေးပြီး ခွင့်ပြုတာ။ မနေ့ကဘဲ ပဒ္ဒါန်းဆက်တွေလာ ဆရာတော်ကို မြစိမ်းဘုရားပြုပြင်ဖို့ မ,တည်အလှူငွေ သိန်း (၅၀) နီးသွားကြပြီ"

"သူကြီး ... အဲ့ဒါဆို ကျွန်တော်တို့က ဘာလှူစရာ ကျန်တော့

"ကျန်ပါသေးတယ်ဗျာ။ ဘုရားစေတီ မုခ်ပေါက်တွေပေါ်လာ င် မြေတူးရမယ်။ လမ်းကိုနှိမ့်ချပြီး ရေမြောင်းတွေ တူးရမယ်။ သမ်းမ,အောက်ခြေမှာ ကွန်ကရစ်လိုက်ခေါင်းထည့်ပြီး ပန်းလောင် ကို ရေလွှဲတူးမြောင်းတူးရမယ်။ ဘုရားအထိ ကွန်ကရစ်လမ်း ယ်။ သိန်း(၅၀)က မ,တည်ရုံပါ။ နောက်ထပ် သိန်း(၁၀၀)လောက်



www.burmeseclassic.com

www.burmeseclassic.com



ကုန်ဦးမယ်။ 'ဒါတောင် ဘုရားရွှေချတာ၊ ထီးတင်တာ၊ ဘုရားပွဲလုပ် တာတွေ မပါသေးဘူး။ လှူချင်တိုင်း လှူဒါန်းပါဗျာ။ အဲ ... ဒါပေမဲ့ မြစိမ်းတို့ဘက်က လိုသလောက်ထပ်လှူမယ်လို့တော့ ပြောထားပါတယ်"

"ကဲ ... အဲ့ဒါဆို သူကြီးရေ့ ... ကျွန်တော်တို့နာမည်သား ပြီး မလှူရဘဲရှိလိမ့်မယ်။ မြေရှင်းတာတစ်ဖွဲ့၊ မြောင်းတူးတာတစ်ဖွဲ့ ဘုရားသန့်ရှင်းရေးလုပ်တာတစ်ဖွဲ့၊ ချက်တာပြုတ်တာ တစ်ဖွဲ့ခွဲပြီး တာဝ ပေးပေးပါ။ ကျွန်တော့်လူတွေလည်း ရှိပါတယ်။ လုပ်ငန်းတွေ စီစဉ်ပြီး ရင်တော့ ကျွန်တော်ရယ်၊ ကျွန်တော့်တပည့် ပုဏ္ဏားရယ်။ သူကြီးရယ် ဘုရားပန်းရံဆရာရယ်၊ လိုအပ်တာတွေဝယ်ရအောင် မှာကြားရအောင် ကျောက်ဆည်ကို ပြေးကြပါစို့ဗျာ"

"ကောင်းပါတယ် ... ဆရာလေး။ ကျွန်တော် စီစဉ်ပါ့မယ်"

"ဒါနဲ့ သူကြီး ... လမ်းလုပ်ငန်း၊ မြောင်းတူး၊ မြောင်းဖေ မြေတူးလုပ်ငန်းတွေအတွက် လမ်းအင်ဂျင်နီယာပါ ငှားရဦးမလား မ ဘူး"

"မလိုပါဘူး ... ဆရာလေး။ ကျွန်တော်တို့ရွာမှာ ဆည်မြောင်း ဌာနက (RIT) ဘွဲ့ရ လမ်းအင်ဂျင်နီယာ ရှိပါတယ်။ သူ အကုန်စီမံပါလိ မယ်"

"ဩော် ... လမ်းအင်ဂျင်နီယာက သူကြီးတို့ရွာမှာ လာ သတဲ့လား။ ရွာသူနဲ့ အိမ်ထောင်ရက်သားကျလို့လား"

"မဟုတ်ဆရာ ... မဟုတ်။ လူပျိုလူလွတ်ပါ။ ကျောက်ဆည် မြို့၊ ဆည်မြောင်းဌာန အင်ဂျင်နီယာအဖြစ်ကထွက်ပြီး ကျွန်တော် အုန်းလက်ကောက်ရွာမှာ ကျောင်းထိုင်ဆရာတော်လာလုပ်နေတဲ့ ဦးပ





တယ်၊ တပည့်ဒါယကာ ပေါတယ်။ ဩဇာရှိတယ်၊ ကျုပ်သူကြီး တာထက် ရွာမှာ ဩဇာညောင်းသေးတယ်။

ရွာဘုရားတွေ ပြန်ပြင်ဆင်တာလည်း ဆရာတော်ဦးဆောင် အရင် ဆရာလေးတို့ အ,သုံးလုံးခေတ်က စုတ်ပြတ်နေတဲ့ရွာကို အောင် ပြောင်းလဲပစ်တာလည်း သူပဲ။ ရွာဖွက်တောလမ်းဆိုး ပြန်မြှုပြင်တာလည်း သူပဲ။ စပါးပဲ ရိုးရာနည်းနဲ့ စိုက်ကြတာ။ အခု ဆရာတော်ရောက်လာမှ ခေတ်မီနည်းစနစ်တွေသုံးပြီး မတ်ပဲ၊ ငှက်ပျောတွေကို ပန်းလောင်မြစ်ကရေကိုတင်ပြီး စိုက် ဒါကြောင့် အုန်းလက်ကောက်ရွာ ဖွံ့ဖြိုးပြီး ချမ်းသာလာတာ။ လူ ယာမြေခွဲဝေပေးပြီး လူတိုင်းအိမ်တိုင်း လယ်ယာမြေပိုင်ဘဝ စေတယ်။ ဒါကြောင့် ဆရာတော်ဟာ ရွာရဲ့ကျေးဇူးရှင်။ သူဦး ချင် အကုန်အောင်မြင်တာချည်းပဲ။ အခု ဆရာလေးတို့အဖွဲ့ပါ တော့ အတိုင်းထက်အလွန်ပေါ့ ... ဆရာလေးရယ်"

ကျွန်တော်တို့အုပ်စု စကားပြောရင်း လမ်းလျှောက်လာကြရာ ပန်းကုံ၊ မိုးအောင်တို့ရွာရောက်တော့ ခေတ္တနား၊ အခါးရည် အပန်းဖြေပြီး ဆန်နီကားကလေးကိုထုတ်၍ ကျောက်ဆည်မြို့ သွားကြပါသည်။

သူကြီး၏အသိ ဘိလပ်မြေဆိုင်ဝင်၍မှာရာ စရန်ငွေပေးသော် မယူပါ။ ရွှေထီးတော်ဆိုင်ရောက်တော့လည်းအတိုင်း အတာဖြင့် စရန်ပေးပြန်တော့ မယူပြန်ပါ။ စစ်စေးနှင့် လိုအပ်သော ပစ္စည်း သော ဝယ်ခဲ့ရသည်။ ဆရာတော်အတွက် လှူဖွယ်ပစ္စည်းများသာ တော်တို့ ဝယ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်းတည့်ချိန် ကျွန်တော်တို့ ကြောင်ပန်းကုံးရွာပြန်ရောက်ေ မိုးအောင်က လှည်းအသင့်စီစဉ်ပြီး ထမင်းစားပွဲကြီးဖြင့် အသင့်စော နေသည်။ ဆရာတော်မှာ မိုးအောင်တို့အိမ် ဘုရားခန်းတွင် ခြမြုံထ ချပ်၊ ဖုန်းတစ်လုံးဖြင့် အလုပ်ရှုပ်နေပါသည်။

"ကဲ . . . ဒကာတို့ ခေတ္တနားပြီး ထမင်းစားကြ။ ဆရာေ တော့ ဘုန်းပေးပြီးပြီ။ မယကနဲ့ ဌာနဆိုင်ရာတွေကိုလည်း အကူအ တောင်းပြီးပြီ။ စက်တွေနဲ့ ကျွမ်းကျင်လုပ်သားတွေပါ အကူအညီပေ လိမ့်မယ်။ ကဲ . . . ဘုန်းကြီး ကျောက်ဆည်မြို့ ခဏကြွမယ်။ ကားလို မောင်းပေးကြဦး"

တော်ပါသေးသည်။ ကျွန်တော်တို့ ထမင်းမစားကြရသေ ဆရာတော်နှင့်အတူ သူခိုးမြင့်သိန်းပါလာသဖြင့် ကျွန်တော် အနား သည်။ ဆရာတော်နှင့် ဒကာတစ်ဦး၊ သူခိုးမြင့်သိန်းက ကားမောင်းေ သဖြင့် ကျွန်တော်တို့ ထမင်းအေးဆေးစွာ စားရသည်။

"မိုးအောင် . . . မင်းတို့ ဆရာတော်ကို သွမ်းကပ်တာလား"

"မဟုတ်ဘူး အစ်ကို၊ ရွာကချက်တဲ့ ဘုံဆွမ်းလာပို့တာ"

"တက်ညီလက်ညီ ရှိလိုက်တဲ့ ရွာကွာ။ လုပ်ငန်းအခြေအ ကရော"

"ဘုရားစေတီ ရုပ်လုံးဖော်ပြီးပြီ။ မြေတူးရင်း ရှေးဟောင် ပစ္စည်းတွေနဲ့ ရတနာတွေရတယ်ဆရာ။ ဆရာတော်ကိုကပ်တော့ ဆ တော်က စာရင်းနဲ့ လက်ခံထားတယ်"

"စနစ်ဖယားအတော်နိုင်တဲ့ ဆရာတော်ပဲနော်"

ကျွန်တော်တို့ နေ့လယ်စာစားကြပြီး လုပ်ငန်းခွင်ပြန်ကြ အညာနေပူမှာ ပူချက် ကဲလွန်းလှသည်။ ထီးမပါ၊ ဦးထုပ်ကိုယ်စီေ





အောင်မိန်းမကပေးသဖြင့် ပါကြသည်။ ထန်းရွက်ဦးထုပ်များဖြစ်သည်။ တော်သေသပ်စွာ ထိုးထားခြင်းဖြစ်သည်။

ရွာထဲမှ အပျိုမများက အုပ်စုဖွဲ့ ၍ တစ်တပ်တစ်အား ဝိုင်းဖွဲ့၍ ေကြခြင်းဖြစ်သည်။ ထန်းရွက်ဦးထုပ်က အစိမ်းရောင်မပျောက် ။ အစိုဓာတ်ရှိသဖြင့် အေးမြလှသည်။ ကတ္တရာလမ်းကျော် ကုန်း င်းတွင် ရွာသားလေးငါးဦး မြောင်းဖော်ရန် ပေတိုင်း၊ ငုတ်ရိုက်နေ သည်။ ခေါင်းဆောင်းမပါ ချွေးတလုံးလုံးဖြင့်။

ထိုစဉ် ရွာသူအပျိုမများ ရောက်လာကြပြီး ထန်းရွက်ဦးထုပ် တစ်ယောက်တစ်လုံး ဝေသည်။ ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ဗန်း လည်း ရွက်လာကြသည်။ ရွာသားတစ်ဦးက ဆိုင်းထမ်းဖြင့် အထပ် ်စီထားသော ထန်းရွက်ဦးထုပ်များကို ထမ်း၍ ဘုရားစေတီပြုပြင်ရာ ရာသို့ ရှေးရှုသွားနေသည်။ တက်ညီလက်ညီ နိုင်လှပေသည်။

ကျွန်တော်တို့ မြစိမ်းဘုရားအနီးရောက်တော့ လုပ်အားပေး သူရွာသားများအား လှည်းများအပေါ်က မိန်းမအများက ငှက်ပျောရွက် ဖြင့်ထုပ်ထားသော ထမင်းထုပ်များကို ဝေပေးနေသည်။ အုန်းလက် က်ရွာသာမက ကျွန်တော်တို့ တည်းခိုနေထိုင်သော နန္ဒီတောင်ရွာ၊ ောက်ရွာကလည်း လာကျွေးနေခြင်းဖြစ်သည်။

စားသုံးသူများက သစ်ခက်တဲနန်းအရိပ်အောက်၌ လမ်းဘေးရှိ ာ်ပျောတောအရိပ်၌ လည်းကောင်း၊ ဝိုင်းဖွဲ့၍ တစ်ပျော်တစ်ပါး မြိန် ်စွာ စားနေကြသည်။ အလှကျွေးသည်မဟုတ်။ ထမင်းလှည်းများက ုန်နိုင်မခမ်းနိုင် အဝကျွေးနေခြင်းဖြစ်သည်။ လူအုပ်ကြားထဲ၌လည်း



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကလေးများက ရေနွေးကြမ်းဗန်းရွက်၍ ထမင်းစားပြီးသူများအား အချိုတည်းနိုင်စေရန် လက်ဘက်သုပ်နှင့် ထန်းဖိုဦးထန်းလျက် လိုက်ကျွေးနေကြသည်။

ကျွန်တော့်တပည့်များအား တဲနန်းအတွင်း၌ မတွေ့ရ။ လိုက်ရှာတော့မှ မျောက်တင်သောင်းတစ်ယောက် ငှက်ပျောတောထဲမှထွက်လာပြီး ကျွန်တော်တို့အား လှမ်းခေါ်သည်။

"ဆရာ ... ဆရာ ...၊ ကျွန်တော်တို့ ဒီမှာ"

ကျွန်တော်တို့ဝင်သွားတော့ ငှက်ပျောတောအလယ်ခေါင် ခြံစောင့်အလုပ်သမား မြေစိုက်တဲကလေးအတွင်း၌ ငှက်ပျောရွက်ခင်း၍ တပည့်များ အနားယူအိပ်စက်နေသည်။

"ဟဲ့ကောင်တွေ ... မင်းတို့က ဒီမှာလာပုန်းအိပ်ပြီး ဇိမ်ကျနေတာလား"

"နားချိန်လေ ... ဆရာရဲ့။ နေအေးမှ အလုပ်က ပြန်စမှာ"

"အေး ... အေး ... အဲ့ဒါဆိုလည်း နားကြပေါ့။ လက်ကြောမတင်းတဲ့ ငါ့တပည့်တွေ ဒီတစ်ခါတော့ ထိပြီပေါ့နော်"

"အသေးအဖွဲပါ ... ဆရာရယ်။ ဝိုင်းလုပ်ဝိုင်းစား ပျော်စရာကြီး"

အောင်သန်းကပြောတော့ ပုဏ္ဏားတင်ဦးက ...

"ဆရာရေ့ ... ဒီအတိုင်းဆိုရင်တော့ သူကြီးဘုရား ရွာသားကောင်းမှုဖြစ်တော့မယ်ထင်တယ်"

"ဘယ်လိုကွ ... ပုဏ္ဏားရဲ့ လင်းစမ်းပါဦး"

"ဆရာကလည်းဗျာ ... ကျွန်တော်တို့က ငွေစိုက်ထုတ်ကုန်ကျပြီး အပြီးအစီးလုပ်ချင်တာ။ အခုတော့ တစ်ရွာလုံးက ဝိုင်းဝန်းလှူ





ဒါန်းကြပြီး အလှူရှင်ကြီးတွေကလည်း ပေါ်လာကြသေးတယ်။ ကျွန်တော်တို့ကလည်း အနည်းအပါးတောင် မနည်းလှူပြီးလှူနေရတယ်။ ဒါကြောင့် အများကောင်းမှုလို့ ပြောချင်တာ"

"အားလုံးအကုန်အကျခံမှ ကုသိုလ်ရတာ မဟုတ်ပါဘူးကွာ။ စိတ်ထားတတ်ရင် ဖြစ်ပါတယ်။ အခု ငါတို့ ဦးဆောင်ဦးရွက်လုပ်လို့ အကောင်အထည်ပေါ်လာတာ ဘယ့်ကလောက် မွန်မြတ်သလဲ"

ထိုစဉ် အစိမ်းရောင်ဆင်တူဝတ်ထားသည့် မိန်းမပျိုနှစ်ဦး လင်ဗန်းကိုယ်စီရွက်ပြီး ငှက်ပျောတောထဲဝင်လာရာက ...

"သာဓုပါရှင် ... သာဓုပါ ... သာဓုပါ။ ဘုရားဝေယျာဝစ္စ ဒါယကလူကြီးတွေ မှတ်ပါတယ်။ ကျွန်မတို့ အိမ်ကလုပ်လာတဲ့ ပျားသလက်မုန့်တွေပါရှင်။ အေးရိပ်မှာ ချွေးသိပ်ရင်း အပန်းဖြေ သုံးဆောင်ကြပါဦး။ အခါးရည်ကလည်း ရှမ်းပြည်ဘက်က အကောင်းစားလက်ဖက်ခြောက်ခပ်ထားလို့ အနံ့အရသာနဲ့ ပြည့်စုံပါတယ်"

ကျွန်တော် သူတို့ကိုကြည့်တော့ ညီအစ်မပုံစံ ရုပ်ဆင်းက ဆင်တူသည်။ အစိမ်းရောင်ဝတ်စုံ၊ ကျောက်စိမ်းနားကပ်၊ ကျောက်စိမ်းဆွဲကြိုး၊ ကျောက်စိမ်းလက်ကောက်ဖြင့် အလွန်ထူးခြားသည်။ ရုပ်ရည်ကလည်း အလွန်သန့်ပြန့်နေသည်။ သူတို့ဝင်လာကတည်းက တောစံပယ်ပန်းများ ပန်လာသဖြင့် ငှက်ပျောတစ်တောလုံး မွှေးကြိုင်သင်းပျံ့နေသည်မှာ ထူးခြားလှသည်။

ကျွန်တော် အ,သုံးလုံး ကျောင်းဆရာဘဝက အတွေ့အကြုံရှိထားသဖြင့် ကျွန်တော်ကတော့ တည်တည်ငြိမ်ငြိမ်ပါပင်။ လူပျိုသိုးကြော်ကြီးကတော့ အကဲမရဖြစ်နေသည်။ ပုဏ္ဏားတင်ဦးကလည်း ကြွေပျက်။



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်မိပါနတ္တုသည်။ ဖျားရည်မုန့်များကိုပင် ယူမစား။ ကျွန်တော် ကတော့ ကြုံရာစားသည်။ အရသာက အလွန်ထူးခြားကောင်းမွန်သည် ရေနွေးကြမ်းကလည်း မွှေးကြိုင်သင်းပျံ့နေပြီး အရသာက ဖန် ကလေး။

ကျွန်တော်က စားသောက်ရင်း ...

"ညီမတို့က ဘယ်ရွာမှာနေကြတာလဲ"

"ဒီနားမှာပါပဲ။ အုန်းလက်ကောက်ရွာအပိုင်ပေါ့"

"အစ်ကိုကြီးတို့ဦးဆောင်တဲ့ အလှုအတွက်လည်း ကျွန် တတ်စွမ်းသမျှ ထည့်ဝင်ပါ့မယ်"

"အဲ့ဒါကို ပြောနေတာ။ ဘုရားပြုပြင်၊ လမ်းဖောက်တာ ပ တစ်ဦးတည်းလုပ်မယ် စိတ်ကူးထားတာ။ အခုတော့ သူကြီးဘုရား သားကောင်းမှုဖြစ်နေပြီ"

ကျွန်တော်ကပြောတော့ အကြီးမက ...

"အစ်ကိုကြီးရယ် ... အချိန်အခါကျလာရင် ဒီလိုပါပဲ မရ၊ ဆီးမနိုင် ဖြစ်တတ်ပါတယ်။ အစ်ကိုကြီးတို့ ရတနာပစ္စည်းတွေ မှာပါ။ တကယ့်အလှုရှင်ကြီးတွေပါပဲ"

"ညီမတို့က ဗေဒင်ပညာတတ်သလား"

"မဟုတ်ပါဘူးရှင်၊ ရှေးဖြစ်နောက်ဖြစ် မြင်တတ်တဲ့ မွေး ပညာရှင်တွေပါ"

"ဒါဖြင့် ဆက်ဟောစမ်းပါဦးကွယ်"

"အစ်ကိုကြီးတို့ ပထမနေရာတူးပြီး သိုက်အညွှန်းရမယ်။ ထဲသွားရပေမယ့် ခရီးကြမ်း၊ ပင်ပန်းတာကလွဲလို့ အန္တရာယ်မရှိပါဘူ





တ်ခရီးက မြန်မာပြည်တောင်ဖျားစွန်း သွားရမယ်။ ရေလမ်းခရီးပဲ။ ရာယ် အလွန်များတယ်။ သတိထားပါ။ စုပေါင်းအားနဲ့ အောင်မြင်မှာ သွေးမကွဲစေနဲ့။ ခေါင်းဆောင်အဂ္ဂါရပ်နဲ့ ညီအောင်နေပါ။ ရလာတာ ည်း လှူကြမှာမဟုတ်လား။ နောက်က အရိပ်လို လိုက်နေတဲ့သူတွေ ယ်"

"အေး ... ကျေးဇူးပဲ။ သတိထားပါ့မယ်။ မှန်ကန်နိုင်ပါတယ်"

"အစ်ကိုကြီးက အခုအချိန်ထိ ဝန်မခံနိုင်သေးဘူးလား"

"ကျွန်မတို့က အနှောင့်အယှက်ပေးမည့်သူတွေ မဟုတ်ပါဘူး။ ညီစောင့်ရှောက်မဲ့ ပဌာန်းဆက်အမျိုးတွေပါ"

ကျွန်တော်တို့ဆရာတပည့် တစ်ယောက်မျက်နှာတစ်ယောက် ည်ကြပြီး ခေါင်းညိတ်လိုက်ကြပါသည်။ မကြာမီ ဆရာတော်ပြန်လာ ည်နှင့် ညီမနှစ်ဦး နေရာမှ ရုတ်ခနဲထကာ စားသောက်ဖွယ်ရာပန်းကန် အားသိမ်းဆည်း၍ ပြန်သွားကြသည်မှာ မြန်ဆန်သွက်လက်လွန်းလှ ည်။ သူမတို့ဝတ်ဆင်လာသော အဝတ်အစားများမှာ အစိမ်းရောင်ဖြစ် ဖြင့် ငှက်ပျောတောထဲတိုးလိုက်သည်နှင့် ငှက်ပျောရွက်များဖြင့် ရော တာ ချက်ချင်းပျောက်ကွယ်သွားကြတော့သည်။

ကျွန်တော်ကတော့ နတ်သုဒ္ဓါအလား ချိုဆိမ့်ကောင်းမွန်လှ သာ ဖျားရည်မုန့်များကို စားဖူးသဖြင့် အန္တရာယ်ကင်းမှန်း သိသော ကြောင့် တစ်ဝစားလိုက်သော်လည်း ပုဏ္ဏားတင်ဦးက မစား။ ရေနွေး မ်းတော့ သောက်သည်။ ကျန်သူများက အနည်းငယ်စီသာ စားကြ ည်။

ကျွန်တော်တို့အုပ်စု ငှက်ပျောတောအပြင်ထွက်ကြပြီး တဲနန်း န်းရောက်တော့ ဆရာတော်အား တဲနန်းအတွင်း ထန်းလက်



www.burmeseclassic.com

www.burmeseclassic.com



လက်ကုလားထိုင်ပေါ်တွင် မြို့ပေါ်မှညွှဲသည်များ ဝိုင်းလျက်ခံ

သည်ကို တွေ့ရသည်။ အုန်းလက်ကောက်ရွာသူကြီးက ဆရာ

တွင် စာအုပ်တစ်အုပ်နှင့် ကုန်း၍ရေးမှတ်နေသည်။ ကျွန်တော်

ကို မြင်သည်နှင့် ဆရာတော်က …

"ကဲ … လာကြ၊ လာကြ။ မြစိမ်းဘုရားပြင်ဆင်မဲ့

ကုသိုလ်ရှင်တွေ။ ဒီကအဖွဲ့က ကူညီကြမဲ့ ဌာနဆိုင်ရာလူကြီးတွေနဲ့

ကြားလို့လိုက်လာကြတဲ့ အလှူရှင်တွေ။ ပဌာန်းဆက် ဆွေတော်

တွေပဲပေါ့။ ဆ . လ . ကရုံးမှာ လမ်းမြေပုံ ဆွဲနေကြပြီ။ ဌာန

တွေက စက်ယန္တရားတွေနဲ့ ကျွမ်းကျင်လုပ်သားတွေ အကူအည

တယ်။ ငွေကြေးကိစ္စက အလှူရှင်တွေရှိတယ်။

လုပ်သားအနေနဲ့ကတော့ ရွာသူရွာသားတွေပေါ့။ ဆရာ

မိန့်လို့ ရွာလူကြီးတွေ အတော်စုံနေပြီ။ ကြောင်ပန်းကုံးအဝင်

မြစိမ်းဘုရားဝန်းကျင်သာမက အုန်းလက်ကောက်ရွာနဲ့ နန္ဒိတော

မြောက်ရွာ ရွာချင်းဆက်လမ်းသာမက ရှေ့ဆက်ပြီး အုန်းသာရွာ

ရွာအပြင် စဥ့်ကိုင်ဘဲလင်းက လေဆိပ်ကြီးအဝင်လမ်းအထိ

ဆက် အင်္ဂတေလမ်းတွေ ကိုယ်ထူကိုယ်ထ ဖောက်မယ်။

ဒီကိစ္စက အ.သုံးလုံးကျောင်းဆရာအဖွဲ့ ကမကထပြုလို့

တော်က ပံ့ပိုးတာ။ နောက်ပိုင်းရွာတွေကို ဝင်လိုက်ထွက်လိုက်ကြမဲ့

တွေတစီစီ၊ ဆိုင်ကယ်တွေ တစ်စီစီပေါ့။ အဲ … လှည်းလမ်းတော

ခြားလုပ်ပေးမယ်။ အပိုင်သူကြီးတွေ တာဝန်ယူကြပါ။ အင်္ဂတေလ

လှည်းမမောင်းရဘူး။ အသိတရားလည်း ရှိကြပါ။ ကိုယ့်ရွာတွေစည်

ချင်ရင် ခေတ်မီဖွံ့ဖြိုးစေချင်ရင် စည်းကမ်းတော့ရှိကြပါ။ လုပ်တဲ့





ရှင်တွေက ကောင်းအောင်လုပ်ပြီး စည်းကမ်းမဲ့ကြရင်တော့ အလကား

ပဲ။

တစ်လမ်းလုံးမှာရှိကြတဲ့ ဘုရားပုထိုး ရေးဟောင်းအမွေအနှစ်

တွေကို အကုန်ပြုပြင်မယ်။ အပိုင်ရွာသူကြီးတွေ စာရင်းကောက်ကြ

ပါ။ အလှူငွေတွေကို အတင်းမကောက်ကြနဲ့။ စေတနာရှိမှ ထည့်ပါစေ။

အုန်းလက်ကောက်ရွာသူကြီးက စာရင်းနဲ့ အတိအကျလက်ခံပြီး ဆရာ

တော်ကျောင်းက ဘဏ္ဍာထိန်းအဖွဲ့က ထိန်းသိမ်းမယ်။ ကဲ … ပြောစရာ

အကြံပေးစရာရှိရင် အခု လွှတ်စုံတုန်း တစ်ထိုင်တည်း ပြောကြဆိုကြပါ"

ဒိုးဒိုးဒေါက်ဒေါက် အလုပ်ကို တစ်ထိုင်တည်းလုပ်တတ်သော

နာမည်ကြီးဆရာတော်ဘုရား၏ အစီအမံကြောင့် အလှူငွေစာရင်းပေး

ကြသည်မှာ အလုအယက်။ အားရစရာကောင်းလှသည့် ဆရာတော်၏

အစီအမံပင်ဖြစ်ပါသည်။

ထိုနေ့ညနေ ကျောက်ဆည်မြို့မှ ညွှဲသည်များပြန်ကြတော့

ကျွန်တော်တို့ အလုပ်များ၍မေ့နေသော ကျောက်ဆည်မြို့သစ်မှ ဦးလေး

ဦးအောင်သန်းလည်း အလှူငွေထည့်ဝင်ရန် စာရင်းပေးပြီး အတူလိုက်

ပါပြန်သွားသည်။

သူ့ဇာတိ၊ သူ့နေရာ၊ ကုန်းသာရွာများ လမ်းပန်းခရီး ကောင်းမွန်

ပြီး စည်ကားတော့မည်ဖြစ်သဖြင့် ဝမ်းသာအားရ စာရင်းပေးခြင်းဖြစ်

သည်။ နေပူရွာနှင့် ကုန်းသာရွာများက ကြက်သွန်၊ ငရုတ်သီး၊ ပဲအမျိုးမျိုး

နှင့် ဆီးသီး၊ ငှက်ပျောသီး အလွန်ထွက်သည်။

ကျွန်တော်၏အတွေးထဲတွင်တော့ လမ်းဘေးရှိ အင်္ဂလိပ်ခေတ်

ကတည်းက ပျက်စီးနေသော ချစ်တီးတိုက်ပျက်ကြီးများက ဝမ်းခင်းရန်



www.burmeseclassic.com

www.burmeseclassic.com



အုတ်ကျိုးအုတ်ပျက် အတော်ရနိုင်သည်ဟူသော အတွေးပင်ဖြစ်သည်။ သရဲခြောက်သည့်ဟု နာမည်ကြီးသဖြင့် မည်သူမျှမဖျက်ရဲကြ။ ယခုတော့ လမ်းခင်းရန်အတွက် အသုံးတည့်လေတော့မည်။ မည်မျှကြာမည်မှန်း တော့ မသိ။ စက်ယန္တရားပါမည်ဖြစ်၍ မြန်တော့မြန်ပေလိမ့်မည်။

ကျွန်တော့်အတွေးထဲတွင် မျှော်မှန်းရင်း ထိုညက လွန်စွာ ကြည်နူးမိပါသည်။ ညစာမစားမီ မိုးတင်တို့ညှော်ခံသော ထန်းရည်ခါးကို တစ်ဝသောက်ပစ်လိုက်သဖြင့် အိပ်၍လည်းကောင်း၊ စား၍လည်းကောင်း အဟောသုခံ ချမ်းသာပေစွ။

✿ ✿ ✿

❑

နောက်တစ်နေ့မနက် ကျွန်တော်တို့အဖွဲ့ မနက်ထမင်းကြော် စားသောက်ပြီး မြစိမ်းဘုရားဆီသွားကြတော့ လူအတော်စုံနေချေပြီ။ စက်ယန္တရားအဝါကြီးများ တဖွဲဖွဲရောက်လာသလို အုန်းလက်ကောက် ရွာမှ အုတ်လှည်းများ၊ သဲလှည်းများ၊ ကျောက်ဆည်မြို့ပေါ်မှ ဘိလပ်မြေ ကားကြီးများ အသီးသီးရောက်လာကြသည်။ ကားကြီးများ ဆင်းနိုင် တက်နိုင်အောင် တာအဆင်းလမ်းကို ရှေးဦးစွာ ပြုပြင်လိုက်ကြပြီးဖြစ် သည်။

မကြာပါ။ လမ်းအင်ဂျင်နီယာများနှင့် ဂဝံကျောက်သယ်ယာဉ် များ၊ လိပ်သဲကျောက်သယ်ယာဉ်များလည်း ရောက်လာကြပြီး သတ်မှတ် ထားသောနေရာအသီးသီးတွင် စုပုံကြသည်။ လမ်းအင်ဂျင်နီယာများက ဘုရားတစ်ဝိုက် (SITE PLAN) အတိုင်း မှန်ပေါက်ဝများပေါ်စေရန် မြေ တူးကြသည်။

ရေနက်မြောင်းကြီးကိုလည်း ဖော်ကြသည့်အပြင် ကားလမ်း နံဘေးတွင် ပန်းလောင်မြစ်အတွင်းသို့ ရေဆင်းနိုင်ရန် ကိုက်(၅၀၀)ခန့်



www.burmeseclassic.com

www.burmeseclassic.com



ရေနုတ်မြောင်းကြီးကိုလည်း တူးတဲ့စက်ကတူးကြသည်။ မကြာမီ ကျွ
ကျင်အင်ဂျင်နီယာများ၏ ပုံဖော်ချက်ကြောင့် မြစိမ်းဘုရားမှာ တော
ကုန်းမို့မို့ကလေးပေါ်တွင် တည်ရှိနေပြီး လမ်းမှာနိမ့်သွားသည်။

တစ်ခါ အနုစိတ် စနစ်တကျကလေး ပုံဖော်ကြတော့ မြစိ
ဘုရားလေးမှာ တောင်ကုန်းမို့မို့ပေါ်တွင် မုခ်ပေါက်လေးပေါက်နှင့် သပ္ပာ
ခန့်ညားစွာ ပေါ်ထွက်လာသည်။ စက်ယန္တရားအကူအညီ၊ ကျွမ်းကျ
ပညာရှင်များ အကူအညီ၊ ရွာသူရွာသားများ၏ ညီညွတ်သောလုပ်အား
ကြောင့် တစ်မနက်ခင်းအတွင်း ကြောင်ပန်းကုံးကတ္တရာလမ်းမှ မြစိ
ဘုရားအထိ စနစ်ကျသော မြေလမ်းကြမ်းဖြူးဖြူးပေါ်လာသလို တာလ
နှင့်ယှဉ်၍ ပန်းလောင်မြစ်အတွင်း စီးဆင်းသော ရေနုတ်မြောင်းမကြီ
လည်း အကြမ်းထည် ပေါ်လာသည်။

ကတ္တရာလမ်းမှာ ရွာလမ်းကူးသည့်နေရာတွင် လုပ်သားများ
မြေအောက်ပြွန်များချနေကြသည်။ ယနေ့တော့ ရွာသူရွာသားများန
ကျွန်တော်တို့က မပင်ပန်း။ ပွဲကြည့်ပရိသတ်ပင်။ လမ်းနယ်မြေတိုင်း
ငုတ်ရိုက်သောအဖွဲ့တွင်သာ ရွာသူရွာသားများက ယာယီတဲကလေးမျာ
ထိုး၍ စည်းစည်းလုံးလုံး ချက်ပြုတ်နေကြပါသည်။ ယနေ့ဆရာတော်
မမြင်မိ။ အုန်းလက်ကောက်ရွာသူကြီးလည်း မတွေ့ရ။ နီးစပ်ရာမေးကြ
မှ ရွာကျောင်းတွင် ညှိသည်အလှူရှင်များဖြင့် တွေ့ဆုံနေကြောင်းသိ
သည်။

နေ့လယ် ထမင်းစားချိန်ရောက်တော့ အုန်းလက်ကောက်ရွ
အထိ မြေလမ်းကျယ်ကြီးပေါက်သွားပြီး လမ်းဘေးဝဲယာ ရေနုတ်မြော
ဖော်နေကြသည်။ ကျွန်တော်တို့အား ရွာသူရွာသားများက ထမင်းစား
ဖိတ်သဖြင့် ယမန်နေ့က နားခဲ့ကြသော ငှက်ပျောတောစောင့်တဲကလေ





ဝင်ခဲ့ကြသည်။ ရွာအလှူကြီးသဖွယ် လုပ်အားပေး ရွာသူရွာသားများ
ဘလေးများ တဲနန်းကြီးအတွင်း၌ ပျော်ရွှင်စွာ ထမင်းစားနေကြသည်
တပျော်တပါးပင်ဖြစ်သည်။

ကျွန်တော်တို့အဖွဲ့ကလည်း အများနည်းတူ ငှက်ပျောရွက်ခင်း
ည်ဟု ပြောသော်လည်း မရပါ။ ဘုရားလူကြီးများဟုဆိုကာ ဘုန်း
ကျောင်းမှ ကြွေပန်းကန်များဖြင့် အကျအနကျွေးသည်။ ယနေ့အလှူ
ဒါ၌ဟုဆိုကာ ဝက်သားအိုးကြီးချက်၊ သရက်ချဉ်သုပ်၊ ပုစွန်ခြောက်
ာင်း။ ငါးပိကြော်၊ မြန်မာမဲဇလီဟင်းချိုဖြင့် အကျအနကျွေးရာ ထမင်း
တော်စားကောင်းသည်။

ကျွန်တော်တို့ ထမင်းစားပြီး အညာထန်းဖိုဦး ထန်းလျက်နှင့်
ကြမ်းကိုမြည်းပြီး အချိုတည်းနေကြစဉ် မနေ့ကညီအစ်မနှစ်ဦး
တလိုပင် ဆင်တူဝတ်စုံဖြင့် ဗန်းကိုယ်စီရွက်ကာ ရောက်လာကြပြန်
ည်။ ယနေ့တော့ ပျားရည်မုန့်များအပြင် လက်ဖက်နှသုပ်နှင့် အခါး
ကျ လွန်စွာ သောက်ကောင်းလှသည်။

'မောင်ကြီးတို့ ပင်ပန်းရောပေါ့''

'ဒီနေ့ မပင်ပန်းဘူးဟေ့။ စက်ကြီးတွေဝင်ပြီး ဆရာတော်
ကြွမလာတော့ လိုက်လေ့လာကြည့်ရုံလောက်ပါပဲ။ အင်မတန်
ာပဲနော်။ လူ့လုပ်အားနဲ့ တစ်လလောက်လုပ်ရမဲ့ကိစ္စကို တစ်မ
ည်းလုပ်သွားတာ မယုံနိုင်စရာဘဲနော်''

''ဟုတ်ပ ...မောင်ကြီးတို့ရယ်။ ခေတ်ကြီးက အလွန်တိုး
ာပြီဖြစ်ပေမဲ့ ညီမတို့ရွာတွေကတော့ ခေတ်နောက်ကျဆဲပါပဲ။
ကြီးတို့နဲ့ ဆရာတော်ဘုရားရဲ့ ဘုန်းတန်ခိုးတော်ကြောင့် ညီမတို့
ဘုရားလည်း မူလအတိုင်းပြန်ဖြစ်ပြီ။ ရွာချင်းဆက် အင်္ဂတေလမ်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကြီးကလည်း ဖြူးနေအောင် ကောင်းတော့မယ်။ ကြောင်ပန်းကုံးရွာက အင်းဝ–အမရပူရသွားတဲ့လမ်း။

အခုတော့ ကြောင်ပန်းကုံးကနေ အုန်းလက်ကောက်ရွာ၊ နှီး တောင်ရွာမြောက်ရွာကို ဖြတ်ပြီး နေပူရွာ၊ ကုန်းသာရွာကိုကျော်တော့ အမရပူရလေဆိပ်လမ်းကို ဆက်မိမှာဆိုတော့ ဖြတ်လမ်းသဘော ဖြစ်သွားတာပေါ့။ ကားတွေတစီစီနဲ့ စည်ကားလာမှာတောင် မြင်ယောင် သေးတယ်။ ဝမ်းသာလိုက်တာရှင်''

''ဟုတ်တာပေါ့ . . . ညီမတို့ရယ်။ လမ်းကောင်းလာရင် နွေမိုး ဆောင်း သွားလာနိုင်တော့ စည်ကားလာမယ်။ ရှေးဟောင်းဘုရားဖူး တွေ လာမယ်။ ထွက်ကုန်တွေ သယ်ဖို့လွယ်ကူလာတော့ ဒေသဖွံ့ဖြိုးလာ မယ်။ ကလေးတွေအတွက် အသွားအလာလွယ်ကူတော့ ပညာရေး ဖွံ့ဖြိုး လာမယ်။ ဟန်ကျတာပေါ့ကွယ်''

နှစ်ရက်နီးစပ်စွာ ထိုင်၍စကားပြောရသဖြင့် ကျွန်တော်တို့နှင့် အစိမ်းရောင်ညီအစ်မ ရင်းနှီးခင်မင် ပွင့်လင်းလာပါသည်။ ထို့ကြောင့် လည်း ကျွန်တော့်တပည့်များက ပျားရည်မုန့်များကို ရဲရဲပင်စားကြသဖြင့် ဟိုညီအစ်မက ဝမ်းသာနေကြသည်။ သို့သော် သူတို့အတွင်းရေးကိုတော့ မစပ်စုရဲသေးပါ။ တစိမ်းမဆန်တော့သော်လည်း ရင်းနှီးမှုအချိန်ကာလ က လိုပါသေးသည်။

'ဆရာတော် ကြွလာပြီ'ဟုဆိုသဖြင့် သူတို့ညီအစ်မ ပြန်ကြပြန် သည်။ ပထမနေ့က သူတို့ယူလာသော လက်ဖက်ရည်နှင့် ပန်းကန် ခွက်များမှာ အဖြူရောင်ဖြစ်၍ သတ္တုထည်များဟု ထင်မြင်ရသော်လည်း ရှေးဟောင်းလက်ရာများဖြစ်သဖြင့် ငွေထည်ပစ္စည်းများ ဖြစ်ပေမည်။ ယနေ့တော့ ဝင်းဝါနေသဖြင့် ကြေးဝါထည်များမဟုတ် ရွှေထည်ပစ္စည်း များဖြစ်မည်။ သူမတို့သိမ်းဆည်းနေမှ သတိထားမိခြင်းဖြစ်သည်။ လက် ဘက်ကြမ်းပန်းကန်ကတော့ သာမန် မြေထည်များဖြစ်သော်လည်း မူ ဆတ်မြေဆေးတံများမှ ကြာဖူးပုံသဏ္ဌာန်များဖြစ်သည်။ ရှေးဟောင်း လက်ရာများဖြစ်သည်။

မနေ့ကအတိုင်းပင် မြစိမ်းရောင်ညီအစ်မက လင်ဗန်းကိုယ်စီ ရွက်၍ ငှက်ပျောတောအတွင်း တိုးဝင်ရင်း ချက်ချင်းပျောက်ကွယ်သွား ပြန်သည်။ ယနေ့တော့ ကျွန်တော့်တပည့်များ စုံစုံလင်လင်နှင့် သူမိုး ခြင်းသိန်းပါရှိနေသဖြင့် ဆရာတော်ဘုရားအား ဖူးမြော်ရန် တိုးထွက်လာ ကြရင်း ဝေဖန်သူတစ်ယောက် တိုးလာပြန်သည်။

ဆရာတော်ဘုရားမှာ ယာယီတဲနန်းအလယ်ရှိ ပက်လက်ကုလား ထိုင်ကြီးတွင်ထိုင်ရင်း ကျောက်ဆည်မြို့မှ အင်ဂျင်နီယာအဖွဲ့နှင့် ဘုရား ဖူးမြင်နေသည့် အဖွဲ့အား ဩဝါဒပေးနေသည်။ ကျွန်တော်တို့အုပ်စု လည်း ရှုပ်အတွင်းဝင်လာ၍ ဆရာတော်အား ဦးခိုက်သည်နှင့် . . .

''အ,သုံးလုံး ကျောင်းဆရာလေး၊ ဘုန်းကြီးကျောင်းကို သွားပါ။ ဟိုမှာ စာရင်းကိုင်သူကြီး အလှူရှင်တွေနဲ့ မနိုင်မနင်းဖြစ်နေတယ်။ စာရင်းစစ်ဆေးပေးပါ။ ပေးချေစရာရှိတာတွေလည်း ပေးချေပါ။ အမှား အယွင်းမရှိစေနဲ့။ အလှူရှင်က နိဗ္ဗာန်နပစ္စယော ဟောတုဆိုတာ အင် ဆန်စူးရှတယ်။ မှားယွင်းရင် အင်မတန် ထိခိုက်တတ်တယ်။ ဂရုစိုက် ။ ဒီနေ့ကစပြီး ကျောင်းဆရာလေးတို့အဖွဲ့ ကျောင်းမှာပဲ ရုံးထိုင်ပါ။ အလှူရှင်တွေက ကျောင်းဆရာလေးတို့အဖွဲ့ ဦးဆောင်ပြီး ကမကထ လုပ်တာဆိုတော့ မြင်ချင်ကြလို့ မေးကြမြန်းကြတယ်။ လာလှူဒါန်း သူတွေက ဘဝဟောင်းကပဋ္ဌာန်းဆက်၊ ဆွေတော်မျိုးတော်တွေလ ကွယ့်''







www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ဘုရား"

"ကဲ ... ဒါဆို အခုပဲ အုန်းလက်ကောက်ကျောင်းကို သွားကြ။ ဘုန်းကြီး သူကြီးနဲ့အဖွဲ့ကို မိန့်ခဲ့ပြီးပြီ"

"တင်ပါ့ဘုရား"

"ဒီ (SITE) ဘက်ကတော့ ဘာမှုမပူနဲ့။ သူ့နေရာနဲ့သူ ပညာရှင်တွေကို ခွဲဝေတာဝန်ချထားပြီးပြီ"

"တင်ပါ့ဘုရား"

ဆရာတော်ဘုရားကောင်းမှုကြောင့် ကျွန်တော်တို့ ဆရာတပည့်များ နှစ်ထပ်ကျောင်းဆောင်ကြီးအောက်ထပ် မန်ကျည်းပင်ရိပ်တွင် ရုံးထိုင်ကြပြီး ရေနွေးကြမ်း၊ ပဲကြော်သုပ်၊ လက်ဘက်သုပ်ဖြင့် အေးအေးလူလူ ဖိမ်အကျကြီး ကျနေပါတော့သည်။ ရွာခံသူကြီးအဖွဲ့နှင့် စကားပြောလိုက်။ အလှူငွေလက်ခံ စာရင်းသွင်းလိုက်၊ ဆေးနက်သုတ်ထားသော အထပ်သားကျောက်သင်ပုန်းကြီးတွင် အလှူရှင်နာမည်များ ဖြည့်သွင်းလိုက်နှင့် အေးဆေးစွာ အလုပ်လုပ်ရသည်။

ကျွန်တော်တို့အဖွဲ့ ဆရာတော်၏ တာဝန်ပေးချက်အရ ရောက်ရှိလာသဖြင့် သူကြီးအဖွဲ့က နိဗ္ဗာန်ဆော်ဖြစ်သွားသည်။ မိုက်တစ်လုံး၊ လော်ကြီးနှစ်လုံးဖြင့် တစ်ချိန်လုံး ကြေညာနေတော့သည်။ အလှူရှင်တွေကလည်း တဖွဲဖွဲ ရောက်ရှိလာသည်။ ရွာနီးစပ်ချုပ် နန္ဒီတောင်ရွာ၊ မြောက်ရွာအပြင် နေပူရွာ၊ ကုန်းသာရွာ၊ အမရပူရ၊ ပုသိမ်ကြီး၊ စဉ့်ကိုင်၊ ဘဲလင်းအပြင် ကျောက်ဆည်မြို့ပေါ်ကလည်း လာကြသည်။

လာသမျှလူအပေါင်းတို့အားလည်း ရွာမှ ဖိုသူကြီးအဖွဲ့နှင့် ရွာကာလသား၊ ကာလသမီးများက မလစ်ဟင်းစေရန် ဧည့်ခံကျွေးမွေးကြ





သည်။ ဆရာတော်၏ ဘုန်းတန်ခိုးအာနုဘော်ကြောင့် နှစ်ရက်အတွင်း ငွေသိန်း(၅၀၀)ကျော် ရနေပြီဖြစ်ပါသည်။

"ကဲ ... ငါ့တပည့်တွေ၊ ပထမတော့ ငါတို့ရည်ရွယ်ချက်က မိုးဘုရားပြုပြင်ဖို့ သက်သက်ပဲ။ အခုတော့ ရွာချင်းဆက်လမ်းပါ ဖောက်မယ်၊ ရေနုတ်မြောင်းတွေ တူးမှာဆိုတော့ ကျယ်ပြန့်သွားပြီ။ ငါ့ တာ သိန်း(၅၀)ကျော်လောက် မှော်မှန်းပြီး ပြင်နိုင်တာ။ အခု ဘယ်လို ကြမလဲ"

"ကျွန်တော်နဲ့ကျော်ကြီးက ထောင်ကထွက်လာတာ မကြာ တော့ ပုဏ္ဏားရှယ်ယာခွဲပေးမယ့် သိန်း(၅၀)စီ လှူမယ်လို့တိုင်ပင် ကြပါတယ်။ ရှေးဟောင်းဘုရားစေတီပြင်၊ တံတားဆောက်၊ လမ်း ဖောက်ကြတယ်ဆိုတာ အင်မတန် ကုသိုလ်ထူးပါတယ်ဆရာ"

မြင့်သိန်းက အဆိုပြုပါသည်။

"အေးကွာ ... ငါလည်း (၁၀)သိန်းလောက်ပဲပါတယ်။ မန္တလေး မကြီးဆီမှာ ငါတို့ရတနာသိုက်တွေဖော်တုန်းက ရထားတဲ့ ရွှေထည် ထုခွဲပြီး သိန်း(၁၀၀)လောက်လှူမယ်လို့ စိတ်ကူးထားတယ်။ တစ် ရက်တော့ မန္တလေးတက်ကြတာပေါ့"

ပုဏ္ဏားက ...

"ဟုတ်တယ် ဆရာ၊ ကျွန်တော်လည်း သိန်း(၁၀၀)လှူမှာဆို တော့ မန္တလေးတက်မှဖြစ်တော့မယ်။ မမကြီးတို့သားအမိနဲ့လည်း မတွေ့ ကြာပြီ။ တွေ့ရင်တော့ အလွန်ဝမ်းသာကြမှာပဲ"

"ဒါနဲ့ဆရာ ကျွန်တော်တို့ ဦးတည်ချက် ရတနာသိုက်ကိစ္စ ဆရာ"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ပျဉ်းမနားတင်ပဲကွာ မဝေးပါဘူး။ အချိန်အားတာနဲ့ သွားကြ တာပေါ့။ ခုတော့ ဒီလုပ်ငန်းကို ဦးစားပေး အလေးထားပါဦး"

"ဟုတ်ကဲ့ပါ ဆရာ"

(၇)ရက်ခန့်ကြာတော့ ကြောင်ပန်းကုံးရွာ ကတ္တရာလမ်းမှမဲ့ဆင်းသော ကြောင်ပန်းကုံး၊ နန္ဒီတောင်မြောက်ရွာ အင်္ဂတေခင်းလမ်းကြမ်းပြီး သွားသလို မြစိမ်းဘုရားမှာ မုခ်လေးပေါက်နှင့် သပ္ပာယ်စွာ တောင်ကုန်း မို့မို့အပေါ်မှ ပေါ်ထွက်လာသည်။ ဘေးတွင် ဆည်မြောင်းတာတမံများ ဖြင့် အခိုင်အခန့် ဝန်းရံထားသည်။ ကျေးရွာများအတွက် လျှပ်စစ်မီး လျှောက်ရန် ဆရာတော်စီစဉ်နေကြောင်းလည်း သိရပြန်သည်။ ဆရာ တော်၏စေတနာကို လူတိုင်း လေးစားကြရသည်။

လမ်းပိုင်းသာကျန်တော့၍ ကျွန်တော်တို့ အလှူငွေအတွက် မန္တလေးပြန်ယူရန် ဆရာတော်အား လျှောက်ထားတော့ ဆရာတော်က တပည့်များအား ခွင့်ပြုသော်လည်း ကျွန်တော့်အား ခွင့်မပြုချင်ပါ။ ထို့ ကြောင့် ပုဏ္ဏားဦးဆောင်ပြီး မျောက်တင်သောင်းနှင့် အောင်သန်းတို့ အား SUNNY ကားလေးပေး၍ မန္တလေးမှ မမကြီးအား အမှာပါးရသည်။ တင်သောင်းနှင့် အောင်သန်းတို့က ကားကြီးများ ထောင်ထားသဖြင့် မောင်းတတ်ပြင်တတ်နေချေပြီ။ မြင့်သိန်းနှင့် ကျော်ကြီးအား ဖျောက် လက်စနှင့် ဖျောက်ထားလိုက်တော့သည်။

ဆရာတော်မိန့်သလို ဟုတ်လည်း ဟုတ်ပါပေသည်။ အလှူရှင် များက ကျွန်တော့်နာမည်ကိုသာ ဦးတပ်၍ လာရောက်လှူဒါန်းကြခြင်း ဖြစ်ရာ တစ်ပတ်ပြည့်တော့ အလှူငွေ သိန်း(၁၀၀၀)ကျော် ရနေချေပြီ။ ကျွန်တော်တို့ ဆရာတပည့်များက အုန်းလက်ကောက်ဘုန်းတော်ကြီး





ကျောင်းမှခွာမရ။ ဘုန်းတော်ကြီးကျောင်းတွင် နေရထိုင်ရသဖြင့် အရက် လည်း ပြတ်ချေပြီ။ ကောင်းလေစွ ကောင်းလေစွ။ မန္တလေးသွားကြမည့် ပုဏ္ဏားနှင့်အောင်သန်း၊ တင်သောင်းတို့ကတော့ ရွာမှာအနေကြာ၍ ပြီ ဆက်ရမှာဖြစ်သဖြင့် ပျော်နေကြသည်။ သူတို့ကိုလည်း လိုအပ်သည် များ စုံလင်အောင် မှာရပါသေးသည်။

နောက်တစ်နေ့မနက်စောစော သူတို့ ကြောင်ပန်းကုံးရွာမှ ကား စီး၍ မန္တလေးသွားကြရာ မိုးအောင်ပါလိုက်သွားကြောင်း သိရသည်။ ချောင်းလက်ဆန့် ကြောင်ပန်းကုံးရွာအထိ မြင့်သိန်းနှင့် ကျော်ကြီး တို့က လိုက်ပို့သည်။ ကျွန်တော်ကတော့ တာဝန်အရ အုန်းလက်ကောက် ဆရာတော်ကျောင်းက ခွာမရပါ။ မဝေးလှသော နန္ဒီရွာမှ မိုးတင်တို့ပင် ကျွန်တော့်အား အုန်းလက်ကောက်ရွာသို့ လာတွေ့ရသည်။ တကယ့် ရွာလူကြီးအစစ် ဖြစ်ချေပြီ။

အုန်းလက်ကောက်ရွာသူကြီးနှင့် အဖွဲ့ကလည်း ကျောင်းက ခွာနိုင်ပါ။ ငွေထည့်သော သံသေတ္တာကြီးများကို နေ့ညမပြတ် စောင့် ရှောက်နေရသောကြောင့် ဖြစ်ပါသည်။ ဘဏ်အပ်ရန်လည်း မဖြစ်နိုင်။ လူများက သိန်းပေါင်းများစွာ နေ့စဉ် အဝင်အထွက်ရှိနေသဖြင့် ကျေး ရွာကာကွယ်ရေးအဖွဲ့က လက်နက်ကိုင်၍ စောင့်ရှောက်နေရသည်။ သို့ သော် ဆရာတော်ကြီး၏ ဘုန်းတန်ခိုးကြောင့် အနှောင့်အယှက်၊ အဟန့် အတား တစ်စုံတစ်ရာမရှိပါ။

ပုဏ္ဏားတင်ဦးတို့ မန္တလေးသွားသောမနက်၌ပင် ကျွန်တော် အင်ဂျင်နီယာအဖွဲ့နှင့် နန္ဒီတောင်ရွာ၊ မြောက်ရွာအတွင်း (SITE) ဆင်းရ သည်။ ရွာလမ်းမှာ ကွေ့ကောက်နေသဖြင့် ဖြောင့်ရန်မလွှတ်သော အိမ်



www.burmeseclassic.com

www.burmeseclassic.com



များအား ရွှေ့ပြောင်း၍ နေရာပြန်ချပေးရန် လမ်းချဲ့ရန် ကိစ္စများဖြ
သည်။ နန္ဒီတောင်ရွာ၊ မြောက်ရွာသူကြီးနှစ်ဦးကလည်း လူငယ်။ မလုပ်
တတ်၊ မကိုင်တတ်။

ကျွန်တော့်အဘ ကွယ်လွန်သွားသူ သူကြီးဟောင်းကြီး ဦးတင်
မှီအား လွမ်းစွာသတိရမိသည်။ အဘက အလွန်ပြတ်သည်။ တစ်မို
တစ်ဩဇာတည်း။ ယခုလည်း အဘသူကြီးသား မိုးတင်တို့က ရွာအဝင်
လမ်းကျဉ်းနေသဖြင့် သူတို့အိမ်ဝိုင်းအဖီအား ချက်ချင်းဖျက်ပေးသည်
ထို့ကြောင့် ခင်းမည့်ကွန်ကရစ်လမ်းမကြီးက သူတို့အိမ်ကြီးနှင့် ကပ်
လျက်။

ကျွန်တော့်အား အ,သုံးလုံးဆရာလုပ်စဉ်ကတည်းကပင် လေး
စားချစ်ခင်ကြသဖြင့် လမ်းချဲ့ရာတွင် ကျွန်တော်ပြောသမျှ နားထော
ကြသည်။ သဘောပေါက်ကြသည်။ ထို့ကြောင့် ရွာတွင်းလမ်းချဲ့တွင်ရေ
တွင် အဆင်ပြေပြီး လမ်းမကြီး ဖြောင့်သွားသည်။ ထို့ကြောင့် ဆရ
တော်အမိန့်ဖြင့် ကျွန်တော် နန္ဒီရွာတွင် အခြေစိုက်ခွင့်ရပြန်သည်။

လမ်းအင်ဂျင်နီယာများကိုလည်း နန္ဒီတောင်ရွာ မိုးတင်တို့အိ
ရှေ့တွင် ယာယီတဲထိုး၍ အနီးကပ်ကြီးကြပ်ရန် နားခိုရာလုပ်ပေးရသည်
စက်ကြီးသမားများကိုလည်း ရွာလယ်၌ ကနားဖျင်းထိုး၍ နေရာပေး
သည်။

ကျွန်တော် အလှူခံရုံးစိုက်ရာက နန္ဒီတောင်ရွာ၊ ဘုန်းတော်
ကြီးကျောင်း ဖြစ်သွားသည်။ ရပ်ရွာကာကွယ်ရေးနှင့် သူကြီး၊ ဆယ်အိ
ခေါင်းတို့က အဖွဲ့ဝင်များ၊ နန္ဒီတောင်ရွာ၊ မြောက်ရွာနှင့် နေပူရွာ၊ ကုန်
သာရွာများက အလှူခံဌာနနှင့်နီးသဖြင့် လာရောက်ကြသည်က များ





သည်။ ကျွန်တော်တို့က အလှူခံဌာနခွဲဖြစ်သဖြင့် ညနေ(၅)နာရီ အလှူခံ
သိမ်းသည်နှင့် စာရင်းယူလာပြီး အုန်းလက်ကောက်ဘုန်းတော်ကြီး
ကျောင်း (ပင်မဌာန)သို့ သွားရောက်အပ်နှံရသည်။

ရွာတွင်နေသဖြင့် ညနေပိုင်း လမ်းအင်ဂျင်နီယာအဖွဲ့နှင့် အတူ
သောက်စားခွင့်ပြန်ရသည်။ မိုးတင်တို့မိသားစုက ဒိုင်ခံချက်ပြုတ်ပေး
သည်။ ဘုန်းကြီးကျောင်းမဟုတ်ဘဲ ရွာတွင်းနေရသဖြင့် စိတ်အတော်
လွတ်လပ်သွားသည်။ ရွာလူထုနှင့်လည်း တရင်းတနှီး ခင်ခင်မင်မင်
ရှိလာပါသည်။

ရွာတွင်းလမ်းချဲ့ထွင်ဖောက်တော့ ရှေးဟောင်းမြေဆေးတံများ၊
မြေလက်ကောက်များ၊ မြေအိုးမြေခွက်များရရှိလာသဖြင့် ကျွန်တော်တို့
ဆိုက်ရာ တဲနန်းတွင် စားပွဲခင်း၍ စုဆောင်းတင်ပြထားပါသည်။ ရှေး
ဟောင်းအဖိုးတန် အမွေအနှစ်များ ဖြစ်ကြပါသည်။ ကျွန်တော် သမိုင်း
အမွေအနှစ်များ စုဆောင်းခြင်း ဝါသနာကြောင့် ရသူတိုင်းက လာပေးကြ
သည်။

နန္ဒီတောင်ရွာ၊ မြောက်ရွာဆိုသည်မှာ ပုဂံခေတ် အနော်ရထာ
မင်းစော သထုံသို့စစ်ချီစဉ်က စစ်လမ်းဖြစ်သည်။ စစ်ချီစဉ် ရပ်နားရာ
နေရာတိုင်း၌ စေတီပုထိုးများ တည်ဆောက်သွားရာ နန္ဒီတောင်ရွာ၊
မြောက်ရွာပတ်ဝန်းကျင်တွင် စေတီပုထိုးငယ်များက ရွာခြံစည်းရိုးလို
ဖြစ်နေသည်။ ရွာဘုရား၊ ရွာသားမကိုးကွယ်၊ အလေးမထားသလို ဖြစ်
နေပါသည်။

နန္ဒီတောင်ရွာ၊ မြောက်ရွာအလယ် ရှင်ညီနောင်ဘုရားကတော့
အညီကြီးသဖြင့် ရွာသားများ ကြောက်ရွံ့လေးစားကြသည်။ ထိုနေရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် လမ်းကကျဉ်းသည်။ ကားတစ်စီးသွားရုံသာရှိနေသည်။ ညီနော
ဘုရားနှစ်ဆူ ယှဉ်လျက်တည်ရှိနေသဖြင့် ဘုရားနှစ်ဆူကြားတွင် တည်
နေသည်။ ပတ်၍ဖောက်ရန်လည်း စေတီပျက်များကရှိနေသည်။
ကြောင့် ထိုနေရာကို သည်အတိုင်းထားရသည်။

နောက်တစ်နေ့နေ့လယ်တွင် ကျွန်တော်တို့ ရှင်ညီနောင်ဘု
နှစ်ဆူအား ပြုပြင်ရန် ဘုရားပန်းရံများဖြင့် စစ်ဆေးနေကြစဉ် ညွှေ့သည်
လာသည်ဆို၍ ကျွန်တော် မိုးတင်တို့အိမ် တည်းခိုရာနေရာသို့ ပြန်လာ
တော့ ရွာထိပ်တွင် ကျွန်တော့် SUNNY (Pick up) ကားနှင့် (SUNNY
SUPER SALOON) အဖြူရောင်ကားနှစ်စီးအား တွေ့ရသည်။

မန္တလေးမှ မမကြီးနှင့် သမီးယွန်းပွင့်စံတို့ ကားများဖြစ်သည်
ပုဏ္ဏားတို့အဖွဲ့အား လိုက်ပို့ကြခြင်းဖြစ်ပေမည်။ လူများကို မတွေ့
သေး။ နန္ဒိဘုန်းတော်ကြီးကျောင်းထဲ အလျှင်ဝင်၍ ပူဇော်နေကြဟန်
ပါသည်။ ကျွန်တော် နန္ဒိဘုန်းတော်ကြီးကျောင်းအတွင်း ဝင်လိုက်ခဲ့
သည်။ ကျောင်းထဲ၌ အလှူရှင်များဖြင့် အတော်စည်ကားနေပါသည်။

ပုဏ္ဏားတင်ဦးက ကျွန်တော့်အား ထွက်စောင့်နေပြီး …

"ဆရာ … မမကြီးနဲ့ သူ့မိတ်ဆွေတွေအပြင် သမီးယွန်းပွင့်
နဲ့ သူ့သူငယ်ချင်းတွေလည်း ပါလာတယ်။ ကျွန်တော်နဲ့ သူခိုးမြင့်သိန်း
ကျော်ကြီးတို့ကတော့ စုပေါင်းပြီး သိန်း(၂၀၀)လှူမယ်။ မမကြီးနဲ့ သမီး
ယွန်းပွင့်စံ၊ သူတို့မိတ်ဆွေတွေကလည်း ဝိုင်းဝန်းစုပေါင်းပြီး သိန်း(၂၀၀
လှူနေတယ်။ ဘုရားအတွက်လည်း မမကြီးမှာ အလှူငွေတွေ ပါလာခဲ့
တယ်"

"အေး … အေး … ကောင်းတာပေါ့။ ငါတို့မှာက ဆယ်ဂဏန်း
ဘဲရှိတာ"





ကျွန်တော့်ကိုမြင်သည်နှင့် ကျောင်းထိုင်ဆရာတော်ဘုန်းကြီး
က …

"လာ … လာ … ဒကာကျောင်းဆရာလေး၊ ဒီမှာ ဒကာ့
သားစုတွေ ရောက်နေတယ်။ လမ်းအခြေအနေ အဆင်ပြေရဲ့လား"

ကျွန်တော် မမကြီးတို့အနီး ဝင်ထိုင်ပြီး …

"မှန်ပါ့ … လမ်းအခြေအနေ ကောင်းပါတယ်။ ရှင်ညီနောင်
ဘုရားကြားလမ်းကတော့ ဘုရားနှစ်ဆူခံနေလို့ လမ်းချဲ့စရာမရှိဘူးဘုရား။
ကားတစ်စီးသွားသာရုံပဲ ရှိပါတယ်"

"ရွာလမ်းပဲ … ဒကာရယ်။ ကားလမ်းမကြီးမှ မဟုတ်တာ။
လမ်းကောင်းရင် ပြီးတာပါပဲ"

"တပည့်တော်တို့ လမ်းအင်ဂျင်နီယာအဖွဲ့ကတော့ အဲ့ဒီနေရာ
မှာ အသွားလမ်း အပြန်လမ်း လမ်းနှစ်ခွလုပ်ချင်တာပါ ဘုရား။ တစ်ဖက်
ကလည်း ဘုရားကုန်းတော်ပျက်က ခံနေတယ်။ ကုန်းတော်ကို ရှင်းလင်း
ပြီး လမ်းလုပ်ဖို့သင့်မသင့် ဆရာတော်တို့ကို မေးလျှောက်ပြီးမှ လုပ်နိုင်
မှာပါဘုရား"

"အိမ်း … ဘုရားကုန်းကို လမ်းလုပ်ဖို့တော့ သင့်မယ်မထင်
ဘူး ဒကာရဲ့။ တစ်ဖက်ကကောကွယ်"

"တစ်ဖက်ကတော့ အိုးလုပ်ငန်း၊ မီးဖိုပါဘုရား"

"ဘယ်သူပိုင်တာလဲ"

"ဦးလူမှုန်းပါ ဘုရား"

"အိမ်း … အိမ်း … ဘုန်းကြီး မေတ္တာရပ်ခံပေးပါမယ်"

"ဘုန်းဘုန်းလုပ်ပေးမှ ဖြစ်မှာပါဘုရား။ ဦးလူမှုန်းက နာမည်
ကြိုက်အောင် စရိုက်ကြမ်းတယ်။ ဆက်ဆံရေးညံ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် . . . ဒကာရယ်။ သူက ငယ်စဉ်ကတည်းက ဘုန်းကြီးတပည့်ရင်းပါ။ ဘုန်းကြီး ဆောင်ရွက်ပေးပါ့မယ်"

"ဒါနဲ့ မန္တလေးက ညှော်သည်တွေက ဒကာရဲ့မိသားစုတွေဆီ ရွှေဆိုင်ပိုင်ရှင်တွေဆိုတော့ အလှူအတန်း တကယ်ရက်ရောတာပဲ"

"တင်ပါ့ဘုရား"

ထိုစဉ် သမီးယွန်းပွင့်စံ ထိုင်ရာကထလာပြီး . . .

"ဦးဦး . . . သမီးဗိုက်ဆာနေတယ်။ ဘာစားစရာရှိသလဲ"

"အညာအစားအစာ မုန့်တွေတော့ရှိတယ်။ ထမင်းလည်း ရှိတယ်။ သမီးက ဘာစားချင်တာလဲ"

"ပဲပြုတ်နဲ့ ထမင်းကြော်။ ဒါမှမဟုတ် ဘူးသီးကြော် အချိုကောင်းကောင်းလေးနဲ့ စားချင်တာ။ သမီးမှာ မုန့်တွေပါပေမဲ့ မစားချင်ဘူး"

သမီးယွန်းပွင့်စံမှာ အပျိုကြီးဖားဖားဖြစ်နေသော်လည်း ကျွန်တော့်ခါးအား ဖက်၍ ကလေးတစ်ယောက်လို နွဲ့ဆိုးဆိုးကာ ပူဆာနေသည်။ သူ့ခိုးမြင့်သိန်းက . . .

"ဆရာ . . . ကျွန်တော် သွားဝယ်လိုက်မယ်လေ။ ရွာထဲ ဘယ်နားမှာရောင်းသလဲ"

"ရွယ်လယ် ငါတို့လမ်းဖောက်နေတဲ့ ဘုရားကုန်းနားမှာ ရောင်းတယ်"

"ဒီကနဲ့ ဝေးသလား ဦးဦး"

"မဝေးပါဘူး . သမီး"





"ဒါဆို မေမေနဲ့ဦးဦး ပြန်လည်ဆုံတွေ့ကြတဲ့ ကျောက်မီးတာဆုံရွာကို အမှတ်ရတဲ့အနေနဲ့ ဦးတို့လုပ်ငန်းလည်း လေ့လာရင်း အဲ့ဒီမှာ သွားစားချင်တယ်"

"အေး . . . သမီး၊ ဒါဆို မေမေတို့အဖွဲ့နဲ့ သမီးသူငယ်ချင်းတွေကိုပါ ခေါ်လိုက်"

"ဟော့ . . . ဒါမှ သမီးဦးဦးကွ"

ယွန်းပွင့်စံမှာ ငယ်စဉ်ကလိုပင် ခုန်ပေါက်မြူးတူး၍ သူ့အမေနှင့် သူ့သူငယ်ချင်းတွေများအား သွားခေါ်သည်။

ကျွန်တော် မမကြီးတို့အဖွဲ့အား စောင့်ခေါ်ပြီး ပစ္စည်းများအား ဦးတင်တို့အိမ်တွင် သိမ်းဆည်းထား၍ ရွာလယ်ရပ်ကွက်အနီးသို့ ခေါ်ခဲ့ပါသည်။ မမကြီးမှာ အသက်အရွယ်ရလာပြီဖြစ်သဖြင့် အတော်တည်ငြိမ်နေပြီး ကျွန်တော့်အား သူ့မိတ်ဆွေများဖြင့် မိတ်ဆက်ပေးပါသည်။

သမီးယွန်းပွင့်စံသူငယ်ချင်းများကတော့ ကျွန်တော့်အား စာရေးဆရာဖြစ်ကြောင်း သိသည်နှင့် အလွန်ခင်မင်သွားကြသည်။ ရွာလယ်ရပ်ကွက်အနီး မန်ကျည်းပင်ရိပ် အကြော်ဆိုင်တွင် ထိုင်ကြသည်။ ထိုင်ခုံရှိ၍ ထန်းကြောဖျာပေါ်တွင် တစုတဝေးထိုင်ကြသည်။

အလိုက်သိသော မိုးတင်က စားပွဲဝိုင်းကြီးတစ်ခု ထမ်းလာပြီး အငယ်ကောင် မိုးအောင်နှင့် ကျော်တင့်တို့က ပန်းကန်များ၊ လက်သုတ်ပဝါများ၊ ဓာတ်ဘူးနှင့် ရေနွေးကြမ်းပန်းကန်များ အလိုက်တသိ ယူလာသဖြင့် သန့်ပြန့်စွာ ကျွေးမွေးနိုင်သဖြင့် အလွန်အဆင်ပြေပါသည်။

တောနယ်ဖြစ်သဖြင့် မြေပဲဆီသန့်သန့်ဖြင့် ကြော်ထားသော ဘူးသီးကြော်၊ ပဲကပ်ကြော်၊ မြေပဲဆန်ကြော်၊ အသီးအရွက်ကြော်၊ ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖူးကြော်တို့မှာ မန်ကျည်းသီးမှည့် အချဉ်ရည်ကို ရောတ်သီးစိမ်း၊ ကြက်သွန်ဖြူကလေးများဖြင့် ဖျော်ထားသဖြင့် အလွန်အရသာရှိသည်။ ယွန်းပွင့်စံတို့ အားရပါးရ စားကြသည်။

"သမီး ယွန်းပွင့်စံ၊ ထမင်းစားဖို့ ချန်ထားဦးနော်။ နေ့လယ်စာမစားနိုင်ဘဲ ဖြစ်နေမယ်"

ကျွန်တော်က သတိပေးတော့ ...

"ဦးဦး ... ဘာဟင်းနဲ့ စားရမှာလဲ"

ကျွန်တော် မသိပါ။ ထို့ကြောင့် မိုးတင်က အိမ်ရှင်ပီပီ ...

"သမီးယွန်းပွင့်ရေ ... သမီးတို့ ထမင်းမြိန်မှာပါ။ ရွာက လုပ်အားပေးတွေအတွက် ဝက်သားဟင်းအိုးကြီးချက်၊ မဲဇလီရွက်ဟင်းချိုနဲ့ ပုစွန်ခြောက်ထောင်း၊ သရက်ချဉ်သုပ်အပြင် ဦးတို့အိမ်က သမီးတို့အတွက် ကြက်ဆီပြန်၊ ခွေးတောက်ရွက်နဲ့ ကြက်သားဟင်းချို၊ ညောင်ချဉ်ဖူးသုပ်၊ အညာအရွက်စုံကြော်၊ ပဲအမျိုးမျိုးဟင်းပေါ့ကွယ်။ ထမင်းမြိန်မှာပါ"

မှတ်ချက်။ ။ မိုးတင်နှင့် မမကြီးတို့မိသားစုမှာ ယခင်ကတည်းက ရင်းနှီးပြီးသားဖြစ်သည်။ ပမောက်မိဖုရား ပဏ္ဍမြားကြီးကိစ္စကတည်းက မိုးတင်မှာ မန္တလေး(၃၅)လမ်းထဲက မမကြီးတို့အိမ်တွင် နေဖူးသည်။

သမီးယွန်းပွင့်စံမှ ကလေးဝသီမပျောက်သေးသဖြင့် လက်ခုပ်လက်ဝါးတီး၍ ထအော်ပြန်သည်။

"ဟေ့ ... ဒါမှ တို့ဦးဦးတွေကွ။ ထမင်းမြိန်မြိန် အပြတ်စားပစ်မယ်။ ဝချင်ဝပါစေ၊ တကယ်အပြတ်စားမှာ"

မမကြီးက အမေပီပီ ...

"ဟဲ ... ဟဲ့ ... သမီး ယွန်းပွင့်စံ"

ဟု ဖာန့်သည်။ ကျွန်တော် မနေသာတော့။





"မမ ... သမီးတွေကို လွှတ်ထားပေးလိုက်ပါ။ လွတ်လွတ်လပ်လပ်ပျော်ပါစေ"

"မောင်မောင်ရေ ... သမီးက အရင်လို ကလေးမဟုတ်တော့ဘူး။ အပျိုကြီးဖြစ်နေပြီ။ မကြာခင် ဆရာဝန်ကလေးတစ်ယောက်နဲ့ ဆုံဝပ်ပေးရတော့မှာ။ အဲဒီအချိန် မောင်မောင်လည်း ရှိနေမှဖြစ်မှာ။ မောင်မောင် ဒီကအလုပ်ပြီးတဲ့အချိန်ကို ကြိုတင်ပြောနော်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါသည်။ သမီး ယွန်းပွင့်စံကတော့ သူ့အမေမမြင်အောင် နှုတ်ခမ်းစူ၍ မဲ့ပြသည်။

ကျွန်တော်က ...

"မမသမီးကော သဘောတူရဲ့လား။ အတင်းအကြပ်တော့ မစီစဉ်ပါနဲ့နော်။ သမီးစိတ်ညစ်တာ မမြင်ချင်ဘူး"

"အောင်မယ်လေး ... မောင်မောင်ရယ်၊ ရှင့်သမီးစိတ် ရှင်သိသားနဲ့။ မမကြီးတို့က အတင်းပေးစားတာ မဟုတ်ရပါဘူး။ ကောင်လေးနဲ့သမီးက ကျောင်းနေဖက်သူငယ်ချင်း။ ဟိုက လာကမ်းလှမ်းတာ။ သမီးသက်ခံလို့ စေ့စပ်ကြမှာပါရှင်"

"ဦးဦး ... သမီး အခု ယောက်ျားမယူချင်သေးဘူး။ သူငယ်ချင်းတွေနဲ့ ပျော်လို့မဝသေးဘူး"

"စေ့စပ်ကြောင်းလမ်းတာပဲ ... သမီးရယ် လက်ထပ်ပွဲက ဝေးပါသေးတယ်"

မမကြီးက ဝင်ပြောသည်။ သမီးယွန်းပွင့်စံက နှုတ်ခမ်းစူပြပြန်သည်။ ကျွန်တော်က ...

"သမီးအသက် အခု ဘယ်လောက်ရှိပြီလဲ"

"(၂၅)နှစ်ပါ ... ဦးဦး"



www.burmeseclassic.com

www.burmeseclassic.com



"အပျိုကြီးဖြစ်နေပြီပဲ။ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရတယ် သမီး။ အရွယ်လွန်သွားရင် မကောင်းဘူး။ အပျိုဟိုင်းကြီး ဖြစ်သွားရင် အမျိုးသမီးဆိုတာ တန်ဖိုးကျသွားတတ်တယ်"

"အဲဒီတော့လည်း အပျိုကြီးလုပ်မှာပေါ့ . . . ဦးဦးရဲ့။ ဘာခက်တာမှတ်လို့"

"ခစ် . . . ခစ် . . . ခစ် . . ."

ယွန်းပွင့်စံသူငယ်ချင်းများက ဝိုင်းရယ်ကြသည်။ သမီးယွန်းပွင့်စံကတော့ ခပ်တည်တည်ငြိမ်ငြိမ်ပင်။

ကျွန်တော်တို့ အကြော်စားပြီးချိန်တွင် ကျောင်းထိုင်ဆရာတော်ကြွလာပါသည်။ အပါးတွင် ဦးလူမှုန်းက တီးမိုးပေးထားပြီး အတူပါလာသည်။

"ဒကာကျောင်းဆရာ၊ ဦးလူမှုန်းက လမ်းဖောက်ခွင့်ပြုပါတယ်။ ဒါပေမဲ့ သူ့အိုးတွေက မီးမနာသေးလို့ တစ်ရက်လောက်တော့ စောင့်ပါတဲ့။ မနက်ဖြန် ဖျက်ပေးပါ့မယ်တဲ့"

"ရပါတယ် ဆရာတော်ဘုရား။ တပည့်တော်တို့ လျှော်ကြေးဘယ်လိုပေးရမလဲဘုရား"

ဆရာတော်က ဦးလူမှုန်းအား မေးဆတ်ပြတော့ ဦးလူမှုန်းက . . .

"ရွာအတွက် အများအကျိုးအတွက် လုပ်တာပဲ။ ကျုပ် လျှော်ကြေးမယူပါဘူး။ နေရာရှင်းဖို့သာ ဆရာလေးတို့ တာဝန်ယူပါ"

"ကောင်းပါပြီ ... ကျေးဇူးတင်ပါတယ်ခင်ဗျား။ ကျွန်တော်တို့က စက်အင်အားနဲ့လုပ်မှာမို့ မြန်ပါတယ်ခင်ဗျား"





ဆရာတော်ပြန်ကြွသွားတော့မှ ကျွန်တော် မန်ကျည်းပင်ရိပ်နှင့် ဘုရားပျက်အနီး ညောင်ပင်ရိပ်တွင်ထိုင်နေကြသော လမ်းအင်ဂျင်နီယာအဖွဲ့အား အကျိုးအကြောင်း တင်ပြလိုက်ပါသည်။ ယနေ့တော့ ညီနောင်ဘုရားစေတီနှစ်ဆူအား ပြင်ဆင်နေသည်ကို ကြီးကြပ်နေကြခြင်း ဖြစ်သည်။ မကြာမီ ရွှေရောင်ဝင်းပြီး သပ္ပာယ်လှသောရှေးဟောင်းစေတီနှစ်ဆူ ရွာလယ်တွင် ပေါ်ပေါက်လာတော့မည်ဖြစ်သည်။

ကျွန်တော်တို့ ဧည့်သည်များအားခေါ်၍ မိုးတင်တို့အိမ်ဝိုင်းအနားဖျင်းအောက်၌ နားကြသည်။ မန်ကျည်းပင်ရိပ်ကြီးလည်း ရှိသဖြင့် အေးချမ်းပါသည်။ ကျွန်တော်တို့ကတော့ အညာနွေနှင့် အညာနေကို သည်ပါးနေပါပြီ။ မမကြီးတို့အုပ်စုကတော့ ယပ်တောင်တဖျတ်ဖျတ် ရေနွေးကြမ်းလည်း မသောက်၊ ရေသန့်ဘူးကိုယ်စီဖြင့် ချွေးပြန်နေကြဟန်တူသည်။

"မောင်မောင် . . . ဒီရွာမှာ ဘယ်လောက်ကြာဦးမှာလဲ"

"တစ်ပတ်လောက်ပဲနေပြီး ခရီးထွက်စရာရှိတယ် မမ။ ပြီးတော့မှ ဒီရွာပြန်လာပြီး မန္တလေးကိုတက်လာမယ်။ ပျဉ်းမနားဘက်တင်ဆိုတော့ မကြာလောက်ပါဘူး။ သုံးလေးရက်ပေါ့။ ဒါနဲ့ သမီးယွန်းပွင့်စံ နေ့စပ်ပွဲက ဘယ်တော့လဲ"

"လကုန်မှပါ . . . မောင်မောင်ရယ်။ ရက်(၂၀)လောက် လိုပါသေးတယ်"

"အေးအေးဆေးဆေး မီပါတယ်။ မမီလည်း အလုပ်ဖျက်ပြီး ပြန်လာမှာပါ။ ဒီရွာမှာလည်း လမ်းဖွင့်ပွဲနဲ့ ဘုရားပွဲရှိပါသေးတယ်။ အလှူရှင်တွေ အကုန်ဖိတ်မှာဆိုတော့ မမကြီးတို့လည်း လာရဦးမှာပါ။ အား



www.burmeseclassic.com

www.burmeseclassic.com



လုံးပြီးရင်တော့ မန္တလေးမှာ ကြာကြာနေပဲ့မယ်။ နောက်ပြီးတော့ 'မဟာမုနိ' ဘုရားကိုလည်း လုံးတော်ပြည့် ရွှေချပူဇော်ဦးမှာပါ''

''အဲ့ဒီဘုရားက ရွှေချလို့မရဘူးဆို ... မောင်မောင်ရဲ့''

''ကျွန်တော့်တပည့်တွေက ဘုရားပဌာန်းဆက် ဒကာတွေပါ မမ။ သူတို့ရွှေချရင် ရနိုင်ပါတယ်''

''အင်း ... မောင်မောင်တို့ ဆရာတပည့်တွေကတော့ အလုပ် အတန်း တကယ်ရက်ရောတယ်နော်။ လူအားစိတ်အားငွေအား အကုန် စိုက်ထုတ်လုပ်တန်းတာ သာဓုခေါ်ပါတယ် မောင်မောင်ရယ်''

''ကျွန်တော်ကတော့ စေတနာပါမမရယ်။ သိပ်မတတ်နိုင်ပါ ဘူး။ တပည့်တွေလုပ်တာက ပိုများပါတယ်''

''မောင်မောင် ... အဲ့ဒီစကားမျိုး မပြောပါနဲ့။ မောင်မောင် အပ်ထားတဲ့ ရွှေတွေ၊ ငွေတွေ အများကြီးရှိတယ်။ မမက တိုးပွားအောင် လုပ်ပေးထားလို့ အခုဆို သိန်းထောင်နဲ့ချီပြီးရှိတယ် .. မီလျံနာကြီး ရဲ့''

''ကျွန်တော်က မမတို့သားအမိ သုံးစွဲဖို့ပေးထားတာလေ မမ ရဲ့''

''မောင်မောင်ရယ် ... မမတို့မှာ ပြည့်စုံပြီးသားဟာကို မမ တို့သားအမိအတွက် မလိုပါဘူး။ မမ စာရင်းအတိအကျလုပ်ထားတယ်။ မောင်မောင်လိုအပ်ရင် အချိန်မရွေး ထုတ်ယူပါ။ မောင်မောင့်နာမည်နဲ့ စာရင်းဖွင့်ထားတာပါ''

''မမ ... ကျွန်တော်လည်း ကိုယ့်ဝင်ငွေနဲ့ကိုယ် ချင့်ချိန်သုံး တတ်တာက ဝန်ထမ်းဘဝကတည်းကဆိုတော့ ကျင့်သားရနေပါပြီ။ မလို အပ်ပါဘူး။ အခုလို အလှူအတန်း ကြီးကြီးကျယ်ကျယ်ကျမှသာ လိုတာ





ပါ။ ကျွန်တော့်နာမည်နဲ့ စာရင်းဖွင့်ထားတာကို သမီးယွန်းပွင့်စံအတွက် ပြောင်းလဲ ဖွဲ့လိုက်ပါ''

''မဟုတ်တာ ... မောင်မောင်ရယ်။ ဟိုတစ်ဖက်ကလည်း ချမ်း သာပါတယ်။ မန္တလေးမြို့က မြို့မျက်နှာဖုံးတွေပဲ။ မောင်မောင်လက်ဖွဲ့ ချင်ရင် အတိုင်းအတာတစ်ခုလောက်ပဲ လက်ဖွဲ့ပါ''

''ဟုတ်ပါတယ် ... ဦးဦး။ သမီးတို့ လက်မခံပါရစေနဲ့။ လို ချင်တာက ဦးဦးက သမီးဖေဖေနေရာမှာ နေရမှာဆိုတော့ မန္တလေး ကို မကြာခဏလာနေဖို့ပဲ အရေးကြီးပါတယ်''

''အေးပါ ... သမီးရယ်၊ စိတ်ချပါ''

''ဦးဦး ကတိပေးနော်''

''အေးပါ ... အေးပါကွယ်''

ထိုစဉ် အိမ်မကြီးပေါ်၌ ထမင်းဝိုင်းများ ပြင်ဆင်ပြီးသဖြင့် အဆောင်က လာခေါ်သည်။

''ကဲ ... အစ်ကိုကြီး၊ အစ်မကြီးနဲ့ ဧည့်သည်များ ထမင်းသုံး ဆောင်ရန် ကြွပါခင်ဗျား''

ကျွန်တော်တို့ မြို့သူမြို့သားများ တောလက်ရာကို တစ်ဝစား ကြသည်။ အိုးကြီးချက်ဝက်သားဟင်းက နူးအိနေသည်။ ကြက်သား ဟင်းက ရွာကြက်။ (C.P) ကြက်မဟုတ်သဖြင့် အရသာအလွန်ကောင်း သည်။

ဟင်းရွက်စုံကြော်က သနပ်ရွက်၊ ခွေးတောက်ရွက်၊ အညာ ကုက္ကိုရွက်နု၊ ကင်းပုံရွက်တို့ဖြစ်သဖြင့် လတ်ဆတ်သည်။ ညောင်ချဉ်ဖူး သုပ်က ရာသီစာ။ မြန်မာမဲဇလီဟင်းချိုက ရာသီမရွေးရသော ကျေးလက် ဟင်း။ ယခုလိုကာလတွင် ဆေးပေါင်းခံ၍ ဆေးဘက်ဝင်သည့် ဟင်း



www.burmeseclassic.com

www.burmeseclassic.com



အလိုက်သင့်သဖြင့် ခေါင်းမဖော်တမ်း စားကြတော့သည်။ ကျွန်တော်အ တော့ ဝက်သားဟင်းအိုးကြီးချက်နှင့် ပဲကြီးနှပ်၊ အရွက်စုံကြော်ကို မှ ကြိုက်ပါသည်။

ကျွန်တော့်တပည့်များလည်း မြိန်စွာ လွေးကြသည်။ ပုဏ္ဏား တင်ဦးကတော့ သက်သတ်လွတ်သမားပီပီ သူ့အတွက် မိုးတင်မိန်းမက သီးသန့်ချက်ပေးသော ပဲကြီးနှပ်၊ ကုလားပဲဟင်းချို၊ ဟင်းရွက်စုံကြော် မြေပဲဆန်ကြော်တို့ဖြင့် စားရှာသည်။ ထိုနေ့က မိတ်ဆုံဟင်းစုံစားရေး ထမင်း အလွန်မြိန်ပါသည်။

ဤလို မိတ်ဆုံစားပွဲကို မြို့ပေါ်ရှိ စားသောက်ဆိုင်ကြီးများတွင် စားရသည်ထက် ပိုပြီး ကျွန်တော် တန်ဖိုးထားပါသည်။ အမြဲတမ်းဆုံ နိုင်သည့် ပွဲမျိုးမဟုတ်ပါ။ စေတနာရှင် သံယောဇဉ်နှောင်သူ ပဋ္ဌာန်းဆက် ဝင်များ၏ ပွဲပင်ဖြစ်ပါသည်။

✿ ✿ ✿

## အခန်း (၃)

နေ့လယ်ပိုင်း ထမင်းစားပြီး ထန်းပက်လက်ကုလားထိုင်ကိုယ် ဖြင့် အချိုတဲ၊ အခါးရည်သောက်ပြီး နားကြသည်။ ညနေပိုင်း နေချို တော့ မမကြီးတို့အဖွဲ့ ပြန်ကြရန်ပြန်သည်။ မိုးတင်တို့က ရွာထွက် မြေပဲဆန်၊ ငရုတ်သီး၊ ထန်းလျက်၊ ကြက်သွန်နီနှင့် ငှက်ပျောခိုင်များ ထက်ဆောင်ပေးတော့ မမကြီးက မန္တလေးလက်ဆောင်များအပြင် မုန့်ဖိုး ပေးသွားသေးသည်။ ကျွန်တော့်အတွက်တော့ ဆေးဝါးနှင့် အရက်ကောင်း များ ငွေကြေးများ လုံလောက်အောင် ပေးသွားသည်။

အပြန် နန္ဒီတောင်ရွာဘုန်းကြီးကျောင်းသို့ဝင်၍ ကျောင်းထိုင် ဆရာတော် ဦးဝိမလအား ကန်တော့နှုတ်ဆက်သည်။ ကျွန်တော်တို့ ဆရာတပည့်လည်း လမ်းသစ်ကြီးအတိုင်း SUNNY (Pick up) ကား လေးဖြင့်လိုက်ပို့ရာ မမကြီးတို့က အုန်းလက်ကောက်ရွာ ဦးစိုးနှယ်က



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားအား ဝင်ကန်တော့ နှုတ်ဆက်ကြပြန်သည်။ မြစိမ်း ဘုရားအားလည်း ဝင်ရောက်ကြည်ညိုသည်။

ကျွန်တော်တို့ ကြောင်ပန်းကုံးရွာအထိ လိုက်ပို့ရာ မမကြီး ကားပေါ်မှဆင်း၍ ကျွန်တော့်အား တတွတ်တွတ် အမှာစကားခြွေတော့ သည်။ သံယောဇဉ်တကယ်ကြီးသော မမကြီးဖြစ်ချေသည်။ သူတို့ယာဉ် များ ထွက်ခွာသွားမှ ကျွန်တော်တို့ဆရာတပည့် ကြောင်ပန်းကုံးရွာလမ်း ဘေးလက်ဖက်ရည်ဆိုင်တွင်ထိုင်ပြီး လက်ဖက်ရည်သောက်ကြရင်း ဖျာ မနားရတနာသိုက်ကိစ္စ ခရီးစဉ်အား တိုးတိုးဆွေးနွေးကြသည်။

တစ်ပတ်အတွင်း ကြောင်ပန်းကုန်းမှ နန္ဒီတောင်ရွာ၊ မြောက် ရွာရွာချင်း ဆက်ပြီးမည်ဖြစ်သဖြင့် ကျွန်တော်တို့တာဝန် ပြီးသလောက် ဖြစ်ပါပြီ။ ကျန်လမ်းကိစ္စကတော့ ရွာတွင်းမဖြတ်ရတော့ဘဲ ရွာပြင်ပလယ် များဖြစ်ကြသဖြင့် ပြဿနာမရှိနိုင်ပါ။ ရွာလူကြီးများနှင့် လမ်းအင်ဂျင် နီယာများ ဆက်လုပ်သွားကြရန်သာ ဖြစ်ပါသည်။

သုံးလေးရက်ခန့်ကြာတော့ နန္ဒီတောင်ရွာ၊ မြောက်ရွာ၊ ရွာ တွင်း အင်္ဂတေလမ်းပြီးစီးသည်။ ရွာတွင်း မူလရှိပြီးသားလမ်းကို ချဲ့ထွင် သဖြင့် မလွတ်ကင်းသောအိမ်များ၊ ခြံများကိုစွ ညှိနှိုင်းရသဖြင့် အတော် ငယ် အခက်အခဲရှိသည်။ သို့သော် လမ်းကောင်းလျှင် ရွာတိုးတက် ဖြိုးပြီး သာယာမည်ဖြစ်ကြောင်း ကျွန်တော်တို့က စည်းရုံးသဖြင့် သဘော ပေါက်ကြပြီး ကျေနပ်စွာ ဖယ်ရှားပေးကြသည်။

ကျွန်တော်တို့အဖွဲ့ကလည်း မတရားမလုပ်ပါ။ သင့်လျော်သော လျော်ကြေးပေးသည်။ ကောက်ကွေ့နေသောရွာလမ်းကို အတတ်နိုင်ဆုံး ဖြောင့်တန်းအောင် ချဲ့ထွင်ရသဖြင့် လျော်ကြေးပေးရသည်မှာလည်း





များသည်းပါ။ မြို့လိုအိမ်များ ပြည့်ညပ်နေခြင်းမရှိဘဲ ကိုယ့်ခြံကိုယ့်ဝင်းနှင့် နေမှုပိုပါရှိကြသဖြင့် ပြေလည်အောင်ညှိနှိုင်းနိုင်ကြပါသည်။

နန္ဒီတောင်ရွာ၊ မြောက်ရွာလမ်းဆုံးတော့ ကွင်းထီးတည်း။ ရှေ့ အတော်လှမ်းလှမ်းတွင် မီးလောင်ထားသော ချစ်တီးတိုက်ပျက်အဝါကြီး များ တန်းစီလျက်ရှိသည်။ ပိုင်ဆိုင်သူမရှိတော့၍ ပြဿနာမရှိ။ လမ်းခင်း ရန်အုတ်ကျိုးအုတ်ပဲ့နှင့် အင်္ဂတေများရပေမည်။ ရှေ့ခပ်လှမ်းလှမ်းတွင် အပုရွာနှင့် ကုန်းသာရွာ ရွာလုည်းလမ်းနှင့် အတော်လှမ်းသည်။ အတွင်း ဘမ်းဖြင့် ဝင်ရသည်။

ထို့ကြောင့် လွတ်ကင်းသည်၊ ဖယ်ရှားစရာ၊ လျော်ကြေးပေး စရာမရှိပါ။ အုန်းလက်ကောက်ရွာ ဆရာတော်အလိုအရ ရွာတွင်းဝင် လမ်းလုပ်မလုပ်တော့ မသိရသေး။ ထိုလမ်းတစ်ကြောတွင် စေတီကြီး ကြီးမားမားမရှိ။ စေတီပျက်ငယ်တစ်ချို့သာရှိသည်။ ဘုရားသူခိုးများ ဖောက်ထွင်းခိုးယူထားသဖြင့် ကုန်းမို့မို့နှင့် အုတ်ပုံသာကျန်ရှိပါတော့ သည်။ ထို့ကြောင့် လမ်းဖောက်ရသည်မှာ လွတ်လပ်လွယ်ကူပေမည်။

(၅)ရက်မြောက်နေ့တွင် ကျွန်တော်တို့ ဆရာတပည့်အသင့်ပြင် ဆင်ကာ နန္ဒီတောင်ရွာမှ အုန်းလက်ကောက်ရွာ ဆရာတော်ဘုရားကျောင်း သို့ SUNNY ကားကလေးဖြင့် ထွက်ခဲ့ကြပါသည်။ ကျောင်းပေါ်တွင် ဆရာတော်အသင့်ရှိနေသဖြင့် အဆင်သင့်ဖူးတွေ့ရသည်။

"လာကြဟေ့ ... အလှူ့ဒါယကာတွေ ဘာကိစ္စရှိသလဲ"

ဘုန်းကြီးလည်း မအီမသာဖြစ်နေလို့ လမ်းဘက်တောင် မကြွ နိုင်တာကြာပြီ။ လမ်းအခြေအနေ ဘယ်လိုရှိသလဲ။ နန္ဒီတောင်ရွာကျောင်း က ဦးဝိမလလည်း ကြီးကြပ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ့ဘုရား ...ကြီးကြပ်ပါတယ်။ ဦးဝိမလလည်း မနား ဘူးဘုရား။ တောက်လျှောက် ကြီးကြပ်ပါတယ်။ လမ်းခြေအနေက နှ မြောက်ရွာထိပ်အထိ အချောသပ်ပြီးစီးပါပြီဘုရား။ ကျန်လမ်းက ရွာ ကိုမဖြတ်ရတော့ လွယ်ကူမှာပါ။ ဘုရားတပည့်တော် လျှောက်တင်ချ တာက နေပူရွာနဲ့ ကုန်းသာရွာက လမ်းမကြီးနဲ့ဝေးတော့ ရွာဝင်လမ်း လုပ်ပေးရဦးမလား ဘုရား"

"အလှူငွေအခြေအနေက ဘယ်လိုရှိသလဲ ဒကာကျောင်း ဆရာ"

"မှန်ပါ့ဘုရား ...တပည့်တော်မိသားစုနဲ့ တပည့်တွေ အလှူငွေကချည်း သိန်း(၅၀၀)လောက် ရှိပါတယ်ဘုရား။ နန္ဒီတောင်ရွာ မြောက်ရွာနဲ့ နေပူရွာ၊ ကုန်းသာရွာ စုစုပေါင်းရင် သိန်း(၁၀၀၀)လောက် ရှိပါတယ်။ လမ်းမလွတ်လို့ အိမ်ခြံတွေ လျှော်ကြေးပေးရတာတွေ နုတ် ရင် သိန်း(၉၀၀)လောက် ကျန်ပါသေးတယ်ဘုရား။ နန္ဒီတောင်ရွာ ဘုန်း တော်ကြီးကို စာရင်းနဲ့ အတိအကျအပ်ထားပါတယ် ဘုရား"

"အိမ်း ...အတော်ကျန်သေးတာပဲ။ ဒီကျောင်းမှာလည်း စဉ်ထုတ်ပေးနေတဲ့ကြားက အလှူရှင်တွေမစဲ တသဲသဲလာနေလို့ သိန်း လေးငါးရာ ကျန်ပါသေးတယ်။ ဘုန်းကြီးစဉ်းစားမိတာ တစ်ခုရှိတယ် ဒကာရဲ့။ လမ်းကောင်းတော့ လျှပ်စစ်မီးကလိုလာပြန်ရော။ အဲ့ဒါလည်း လုပ်ချင်တယ်။

မီးတိုင်၊ မီးကြိုး၊ ထရန်စဖော်မာနဲ့ အတော်ကုန်ဦးမှာ။ နော ပြီး မီးကို ဒီကြောင်ပန်းကုံးရွာဘက်က မရနိုင်ဘူး။ ကုန်းသာနဲ့ နေပူ အနား လေဆိပ်အဝင်လမ်းဘက်ကမှ ရနိုင်မယ်။ ခရီးကဝေးတော့ သ





မာလည်း မရှိမဖြစ် လိုဦးမှာ။ ရွာတွေ လျှပ်စစ်မီးရတော့ မြို့က တွေလို တိုးတက်တာပေါ့။ မဟုတ်လား ...ကျောင်းဆရာ"

"ဟုတ်တော့ ...ဟုတ်ပါတယ်ဘုရား။ ရွာမှာ ဆင်းရဲသား များတော့ အိမ်တိုင်းစေ့ သွယ်နိုင်မယ်တော့ မထင်ဘူးဘုရား"

"အဲ့ဒါကို နောက်မှ ကြည့်လုပ်မယ်။ ဒကာကျောင်းဆရာက ရွာတွေကို တယ်အထင်သေးသကိုး။ စပါးပေါ်၊ ပဲပေါ်၊ ထန်းပေါ်၊ ကြက်သွန်၊ ငရုတ်ပေါ်ချိန်တွေမှာ လက်ဖျား ငွေသီးနေကြတာ။ လောင်း စားကြောင့် နစ်မွန်းနေတာ။ တစ်အိမ်မီးသွယ်တာနဲ့ တစ်အိမ်က လိုက်လုပ်ကြမှာ။

အခုလည်း ကြည့်ပါလား။ တစ်ဦးကလှူတာနဲ့ တစ်ဦးက လိုက် လှူကြတာ ဝက်ဝက်ကွဲပဲ။ ဘုန်းကြီးကတော့ ကျောက်ဆည်မြို့နယ်၊ လျှပ်စစ်အင်ဂျင်နီယာချုပ်ကို စကားစ,ထားပြီးပြီ။ သူ အထက်ကိုတင် ပြီး ခွင့်ပြုမှာပါ။ ဘုန်းကြီးကတော့ မြစိမ်းဘုရားပွဲတော်နဲ့ လမ်းသစ်ဖွင့် ပွဲ တပေါင်းလမှာ စည်စည်ကားကား လုပ်ချင်တယ်"

"မှန်လှပါ ဘုရား၊ ဖြစ်မှာပါဘုရား"

"ကဲ ...ဒကာကျောင်းဆရာ၊ ဘာလျှောက်တင်ချင်သေး သလဲ"

"တင်ပါ့ဘုရား ...တပည့်တော်တို့ ကိုယ်ရေးကိုယ်တာကိစ္စ ကြောင့် ပျဉ်းမနားနယ်ဘက် ခရီးထွက်ရပါ့မယ်ဘုရား။ အဲ့ဒါကြောင့် တပည့်တော်တို့ကို တစ်ပတ်(၇)ရက်ခန့် ခွင့်ပြုပါဘုရား"

"အေးလေ ...ဒကာကျောင်းဆရာတို့ ရောက်နေတာလည်း လသပ်ပြည့်တော့မယ်။ လုပ်ငန်းလည်း အတော်ပြီးပါပြီ။ ကိစ္စရှိတာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တတ်နိုင်မလဲ။ ဘုန်းကြီးက ကျောင်းဆရာနဲ့အဖွဲ့ကို အားကိုးတာ။ မျောက်တင်သောင်း၊ အောင်သန်း၊ ပုဏ္ဏားတို့က အလွန်ဖင်ပေါ့တာ။ ကျောင်းဆရာအပါအဝင် တပည့်တွေ အားလုံးပါပဲလေ။ ကျော်ကြီးနဲ့ မြင့်သိန်းကတော့ ကျုပ်နိုင်းသမျှ ကားမောင်းရရှာတာ။ ကျောက်ဆည် မန္တလေး အခေါက်ခေါက်အခါခါပဲ။ အားလုံးပြီးမှ ဂုဏ်ပြုပွဲလုပ်ပေးမယ်''

''မလုပ်ပါနဲ့ ဘုရား။ တပည့်တော်တို့ နာမည်မကျော်ချင်ပါဘူးဘုရား''

''အင်း . . . ဒကာတို့နဲ့ ရွာကကောင်တွေနဲ့တော့ ကွာပါ့။ ဒီကကောင်တွေကတော့ အလုအယက် မဏ္ဍပ်တိုင် တက်ချင်နေကြတာ''

''ကဲ . . . ကဲ . . . ဒကာတို့ နေမပူခင် သွားကြ။ ဒီနေ့တော့ ဘုန်းကြီးလည်း နန္ဒီတောင်ရွာ၊ မြောက်ရွာလမ်းဘက် လျှောက်ကြည့်လိုက်ဦးမယ်''

''တင်ပါ့ဘုရား၊ ဦးတင်ပါတယ်ဘုရား''

''အိမ်း . . . အိမ်း . . . သွားကြ၊ သွားကြ။ လမ်းခရီး အန္တရာယ်ကင်း ဘေးရှင်းပါစေကွယ်။ သာဓု . . . သာဓု . . . သာဓု''

ကျွန်တော်တို့ အုန်းလက်ကောက်ကျောင်းက ထွက်လာတော့ မနက်(၈)နာရီခန့်သာ ရှိသေးသည်။ မြစိမ်းဘုရားအနီးရောက်တော့ အစိမ်းရောင်ဝတ်စုံဆင်တူနှင့် ညီအစ်မနှစ်ဦးအား အဝေးကပင် လှမ်းတွေ့ရသည်။ တစ်ဦးက ဘုရားရင်ပြင်တော်ပေါ်တွင် သန့်ရှင်းရေးလုပ်နေပြီး တစ်ဦးက ဘုရားမုခ်လေးမုခ်တွင် ပန်းအိုးများလဲနေသည်။ ပန်းများကား ဂန္ဓမာပန်း အဝါများဖြစ်သည်။ တောစံပယ်ပန်းကလေးများလည်း ပါသည်။





ကျွန်တော်တို့ မြစိမ်းဘုရားအနီး ကားရပ်တော့ . . .

''ကြွကြပါ . . . မောင်ကြီးတို့။ ခရီးထွက်ကြတော့မယ် မဟုတ်လား။ အာရုံခံတန်ဆောင်းအတွင်းမှာ အရိပ်ကောင်းတယ်။ ခေတ္တနားကြပါ။ အခါးရည်နဲ့ ပျားရည်မုန့်တွေ အသင့်စီစဉ်ထားပါတယ်''

''အဲ . . . ပေဒင်ဆရာမတွေ ကျွန်တော်တို့ခရီးထွက်မှာ ဘယ်လိုလုပ်သိသလဲ''

ရင်းနှီးနေပြီဖြစ်၍ ကျွန်တော်ကမေးတော့ . . .

''ပေဒင်ဆရာမတွေဆိုမှ မောင်ကြီးရယ် အကြားအမြင်ပညာရှင်တွေပဲ သိတာပေါ့။ ကဲ . . . မုန့်သုံးဆောင်ကြပါဦး။ အခါးရည်ကလေးလည်း အမောပြေ သောက်ကြပါဦး''

ကျွန်တော်တို့အဖွဲ့ နားကြပြန်သည်။ ပျားရည်မုန့်များစားပြီး အခါးရည်သောက်ကြသည်။ ယနေ့တော့ ငွေလင်ဗန်းနှင့် ကနုတ်ပန်းများပါသော ငွေကရားအိုး။ ရေနွေးခွက်ကတော့ စဉ့်နီရောင်ခွက်ကလေးများ။ သောက်၍စား၍ အတော်ကောင်းသည်။

''မောင်ကြီးတို့ ဆေးဝါးစုံလင်အောင် ပါကြရဲ့လား။ လက်နက်ကရိယာရော''

''ပါ,ပါတယ်၊ ကားပေါ်မှာ''

''အဲ့ဒီတူးစရာတွေ မဟုတ်ဘူး။ မိမိကိုယ်မိမိ ကာကွယ်ဖို့ သေနတ်၊ လက်နက်ပြောတာ။ တောကောင်တွေပေါတယ်။ လူဆိုးဓါးပြတွေလည်း ခိုအောင်းနေတယ်။ သတိဝီရိယထားပါ။ မပေါ့ပါနဲ့''

''ကျေးဇူးတင်ပါတယ်၊ အခုလို သတိပေးတာကို။ ကျွန်တော်တို့က သစ်တောဗိုလ်တဲတွေမှာ တည်းပြီး သစ်တောလက်နက်ကိုင်အစောင့်တွေ ပါမှာပါ။ အဲ့ဒီဘက်မှာ မိတ်ဆွေတွေရှိပါတယ်။ ဆေးဝါး



www.burmeseclassic.com

www.burmeseclassic.com



လည်း စုံလင်အောင် ပါ,ပါတယ်။ ရိက္ခာကိုတော့ ကျောက်ဆည်မြို့မှာ ဝင်ဝယ်သွားမှာပါ''

''ကဲ ... ကျေးဇူးတင်ပါတယ် ... မမြစိမ်းတို့ရယ်၊ နေမပူမီ သွားလိုက်ပါဦးမယ်''

''ဟုတ်ကဲ့ရှင့် ... ကုသိုလ်ရှင်ကြီးများ ဘေးရန်ကင်းဝေးပြီး ချမ်းသာကျန်းမာကြပါစေ။ ပျဉ်းမနားနယ်စောင့်များ စောင့်ရှောက်ကြပါစေ''

ကျွန်တော်တို့ ပြန်ထွက်လာတော့ မနက်(၉)နာရီခန့်သာ ရှိသေးသော်လည်း အညာနေက ကျဲကျဲတောက်ပူစပြုပြီ။ ကားကို ကျော်ကြီးကမောင်းသည်။ ကျွန်တော်က ဘေးက အခန့်သားထိုင်စီးသည်။ ကားထွက်လာတော့မှ လေဝင်သဖြင့် နေသာထိုင်သာရှိသည်။ ကားလမ်းနှင့် ရေနက်မြောင်း၊ တံတားများ ပြီးစီးနေပြီဖြစ်သဖြင့် လမ်းသစ်ကြီးမှာ ခန့်ညားထည်ဝါစွာ ဖြောင့်ဖြူးနေသည်။

ကြောင်ပန်းကုံး ကတ္တရာလမ်းပေါ်ရောက်တော့ ကားကလေးက ပိုမြန်လာသဖြင့် အနောက်ဘက်မှ တပည့်များ၏အသံကို မကြားရတော့။ ကျောက်ဆည်မြို့သို့ရောက်တော့ တပည့်များက အသုံးအဆောင်များနှင့် ရိက္ခာများဝယ်တော့ ကျွန်တော်တစ်ဦးတည်း ဈေးရှေ့ ရေနုတ်မြောင်းဘေး လက်ဖက်ရည်ဆိုင်တွင် ကျွန်တော်တစ်ဦးတည်း ထိုင်ဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင် အဘဦးအောင်သန်း စက်ဘီးကလေးဖြင့် ရောက်လာပြန်ပါသည်။

''ဟေ့ ... ငါ့တူ ကျောင်းဆရာ၊ နေရပ်ပြန်တော့မလို့လား''

''လာ ... ဦးလေး၊ ထိုင်။ ကျွန်တော်တို့ မပြန်ဖြစ်သေးပါဘူး။ လမ်းက မပြီးသေးဘူးလေ။ အခု ဦးလေးတို့ နေပူရွာနဲ့ ကုန်းသာ





ာက်ရောက်နေပြီ။ ဒါနဲ့ ဦးလေးက ဘယ်လိုပြန်သွားတာလဲ။ ကျွန် ာ်တို့မှာ ကားရှိတာဘဲ လိုက်ပို့မှာပေါ့''

''ကိစ္စမရှိပါဘူး။ ငါ့တူတို့ အလုပ်များနေတာပဲ။ ကျောက်ဆည် အလှူရှင်တွေရဲ့ ကားကြုံနဲ့ ပြန်လိုက်လာတာ။ အတော် ဒါနထက် ကြတာပဲနော်''

''ဆရာတော်ဘုရားရဲ့ အရှိန်အဝါပေါ့ဗျာ။ အခု ဘုရားပြီးလို့ မ်းဖောက်ပြီးရင် လျှပ်စစ်မီးတိုင်တွေ ဝင်တော့မယ်။ ဦးလေးတို့ရဲ့ ရွာနဲ့ ကုန်းသာရွာဘက်ကစမှာ။ ဦးလေးတို့ရွာတွေ ခေတ်မီဖွံ့ဖြိုး ပေါ့ဗျာ''

''ဒီကိစ္စကို ဆရာလေးက စ,တာဆို။ ကောင်းပါလေရဲ့ကွယ်။ မ်းဖောက်၊ တံတားဆောက်၊ ရေမြောင်းတူး၊ လျှပ်စစ်မီးရအောင်လုပ် ာ့ အလွန်အင်မတန် ကုသိုလ်ရပေတာဘဲ။ ဒါနဲ့ အလှူငွေ ဘယ့်က ာက်ထည့်ဝင်သလဲ''

''ကျွန်တော်တို့အုပ်စုက စုစုပေါင်း သိန်း(၅၀၀)လောက်ပေါ့''

''အင်း ... ဦးလေးကတော့ စုဆောင်းငွေကလေး (၁၀)သိန်း ာက်တော့ ထည့်မယ်မှန်းထားပါတယ်။ တူတော်မောင်တို့က အခု ယ်သွားပြီး ဘယ်နေ့ရွာပြန်ကြမှာလဲ''

ကျွန်တော်တို့ ပျဉ်းမနားဘက် ခဏသွားမယ်။ အပြန်ကျမှ ဦးလေးကို ဝင်ခေါ်မယ်။ သုံးလေးရက်တော့ ကြာမှာပေါ့''

''အေးကွယ် ... ဦးလေးစောင့်နေပါ့မယ်။ အပြန်ကျ ဦးလေး မှာ ထမင်းစားကြနော်''

''ကြုံရာပေါ့ ... ဦးလေးရယ်။ ဒုက္ခမရှာပါနဲ့။ ကျွန်တော်တို့ ယ်အချိန်ရောက်မှန်းမှ မသိတာ''



www.burmeseclassic.com

www.burmeseclassic.com



''အပန်းမကြီးပါဘူးကွယ်။ အိမ်မှာ ကလေးတွေရှိပါတယ်''

တပည့်များ ပစ္စည်းများစုံလင်အောင်ဝယ်ပြီး ပြန်လာကြတော့မှ ကျွန်တော်တို့ ဦးလေး ဦးအောင်သန်းအား နှုတ်ဆက်ပြီး ခရီးဆက်ထွက်လာခဲ့ကြပါသည်။

ဤတစ်ခါတော့ ကျွန်တော်က ကားမောင်းသည်။ ရတနာမြေပုံကိုစွ တိုင်ပင်ဆွေးနွေးရန် ပုဏ္ဏားအား ရှေ့ခန်းတွင်ခေါ်ထားသည်။

''ပုဏ္ဏား . . . မင်းတို့ ဗိုက်ဆာကြပြီလား''

''မဆာသေးပါဘူး ဆရာ။ ဈေးထဲမှာ စမူဆာသုပ်ကောင်းတာနဲ့ ကျွန်တော်တို့ဝင်စားတာ။ ဟိုကောင်တွေပါ လိုက်စားကြလို့ မဆာသေးပါဘူး''

''အေး . . . ငါတော့ လက်ဖက်ရည်ချိုနဲ့ ပဲနံပြားစားထားတယ်။ ဒါဆို မိတ္ထီလာရောက်မှ စားကြတာပေါ့။ မိတ္ထီလာက အစားအသောက်ကောင်းတယ်''

''ကောင်းပါတယ် . . . ဆရာ။ မိုင်(၆၀)ကျော်ခရီးပဲ။ ဆရာမောင်းပုံမျိုးနဲ့ဆိုရင် တစ်နာရီခွဲလောက်ပဲ ကြာမှာပါ။ ည ဘယ်မှာအိပ်မှာလဲဆရာ''

''ပျဉ်းမနားသစ်တော ဗိုလ်တဲမှာ အိပ်မယ်လေ။ စားစရာသောက်စရာတော့ မိတ္ထီလာက ဝယ်သွားတာပေါ့။ ဟိုမှာ ချက်ပြုတ်ဖို့အချိန်ရမယ်မထင်ဘူး''

''ကောင်းပါတယ် . . . ဆရာ။ တောထဲကို ဘယ်နှေဆင်းမလဲဆရာ''

''အချိန်မရဘူး။ ရွာမှာ လမ်းဖောက်လက်စကြီး တန်းလန်းနဲ့။ လုပ်မဲ့လုပ် ပြီးအောင်လုပ်ရမယ်။ ပကာသန မလိုချင်ပေမဲ့ ထာဝ





မှတ်တရဖြစ်အောင်တော့ တို့တွေ သမိုင်းတွင်ကျန်ရစ်အောင် လုပ်ရဦးမယ်။ နောက်တစ်ခု ရှိသေးတယ်။ ငါ့အတွေးအခေါ်ပေါ့ကွာ''

''ဘာများလဲ ဆရာ''

''မင်း . . . မနေ့က နန္ဒီတောင်ရွာ ကွန်ကရစ်လမ်းအဆုံးက ကုန်းသာရွာဘက် မျှော်ကြည့်တော့ ဘာတွေတွေ့သလဲ''

''ယာခင်းတွေနဲ့ ရိတ်သိမ်းပြီး လယ်ကွင်းတွေ တွေ့တာပေါ့''

''ဒါပဲလား၊ တိုက်ဝါအပျက်ကြီးတွေ မတွေ့ဘူးလား''

''အား . . . ဟုတ်တယ်ဆရာ။ တိုက်ပျက်အဝါကြီးတွေ လေးငါးလုံးတွေ့တယ်။ အဲ့ဒါ ဘာတွေလဲဆရာ''

''အဲ့ဒါ ရတနာသိုက်တွေပေါ့ကွ။ အင်္ဂလိပ်ခေတ်က လယ်သမား၊ ယာသမားတွေအပေါ်မှာ ကုပ်သွေးစုပ်ပြီး အမြတ်ကြီးစား၊ မတန်တစ်ဆအတိုးတွေယူပြီး လယ်ယာတွေ၊ ကျွဲနွားတွေသိမ်းယူခဲ့တဲ့ ချစ်တီးကုလား၊ သူဌေးတွေရဲ့ တိုက်တွေပေါ့။

၁၉၄၅၊ မတ်လ(၂၇) တော်လှန်ရေးမှာ မြန်မာ့တပ်မတော်ကြီးဝင်လာတော့ ကြိုတင်ညှိနှိုင်းထားတဲ့အတိုင်း ပြည်တွင်းကရဲဘော်တွေနဲ့ လယ်သမားတွေက နီးစပ်ရာ၊ လက်လှမ်းမီရာ ကုပ်သွေးစုပ်အမြတ်ထုတ်တဲ့ ချစ်တီးကုလားတွေကို တိုက်ထုတ်၊ အိမ်တွေကို မီးရှို့၊ သူတွေသတ်၊ ပစ္စည်းတွေသိမ်းပေါ့။ အဲ့ဒါကြောင့် နေပူရွာနဲ့ ကုန်းသာရွာဘက်မှာ ချစ်တီးကုလားတိုက်ပျက်ကြီးတွေ ကျန်နေခဲ့တာ။ ငါ့ကိုလည်း ကုန်းသာရွာက ဦးအောင်သန်းက မှီလိုက်လို့ ပြောပြထားတာ''

မြင့်သိန်းက . . .

''ဆရာ . . . တိုက်ဝါအပျက်ကြီးတွေကို ဘာကြောင့် ရတနာသိုက်ကြီးတွေလို့ ပြောရတာလဲ။ လူတကာသမထားလို့ ဟောင်းလောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေ ဖြစ်နေပြီ။ နှစ်ပေါင်းကလည်း မနည်းကြတော့ အရိုးအရင်းပဲ ရှိတော့တာပါ''

''ဟကောင် . . . မြင့်သိန်းရ၊ သူခိုးဖြစ်ပြီး သူခိုးမျက်စိနဲ့ပဲ ကြည့်တတ်တာကိုး။ ငါ့ကို ဦးအောင်သန်းက အတွင်းကျကျ ပြောပြပြီး သား။ သူမလုပ်ရဲလို့ ငြိမ်နေတာတဲ့။ အဲ့ဒီတိုက်ပျက်ကြီးတွေက သရဲ အင်မတန်ခြောက်တယ်လေ။ ရတနာပစ္စည်းတွေကို အိမ်အောက်ခြေ ဖောင်ဒေးရှင်းနဲ့ အိမ်နံရံတွေအထဲမှာမြှုပ်ပြီး အင်္ဂတေကိုင်ထားတာ။

အခု ငါတို့က လမ်းလုပ်မှာဆိုတော့ လမ်းခင်းဖို့အုတ်ခဲတွေ လိုတာနဲ့ အဲဒီတိုက်ကြီးတွေကိုဖြိုဖို့ ငါ အမိန့်ရထားပြီးပြီ။ အဲ့ဒါကြောင့် ရတနာသိုက်ကြီးတွေလို့ ပြောတာ။ အခု ငါတို့ရထားတဲ့ ပျဉ်းမနားရတနာ သိုက်မြေပုံက မသေချာသေးဘူး။ ချစ်တီးတိုက်ရတနာမြေပုံက သေချာ နေပြီ။ ဒါကြောင့် လမ်းအင်ဂျင်နီယာတွေ လမ်းဖောက်ဖို့ လမ်းနယ် တိုင်းတာနေတုန်း အချိန်တစ်ပတ်လောက်ရလို့ ငါတို့ အခုခရီးထွက်ကြ မှာ။ အပြန်ကျမှ ငါတို့ဦးဆောင်ပြီး တိုက်ဝါကြီးတွေကို ဖြိုကြရမှာကွ။ ကဲ . . . ရှင်းပြီလား''

''အင်း . . . ငါတို့ဆရာကတော့ အကွက်ကို စေ့နေတာပဲ၊ အများကောင်းကျိုးအတွက် အလှူဒါနလုပ်ရင်း အမြတ်ထုတ်တာပေါ့ နော်''

''အေး . . . မြင့်သိန်း၊ မင်း အမြင်ကျယ်လာပြီ''

''ဆရာ . . . ကျွန်တော်တို့ ပျဉ်းမနားက ပြန်မလာခင် သူတို့ က ဖြိုနှင့်ရင်ကော''

''ဘယ်သူမှ မဖြိုရဲကြဘူး။ သရဲခြောက်တယ်၊ မြေကြွမ်းတယ် ဆိုပြီး ဒီနယ်ကလူတွေ လက်ရှောင်တဲ့နေရာဘဲ။ ငါက ဆရာတော်နဲ့





တိုင်ပင်ပြီး မင်းတို့အားကိုးနဲ့လုပ်မှာ။ ရတနာတွေရလာတော့လည်း စား သင့်တာစား၊ လှူတန်တာလှူပေါ့ကွာ။ ခုတ်မီးတိုင်တွေ၊ ကြိုးတွေ၊ အရန်စဖော်မာတွေအတွက် ငွေလိုနေသေးတယ်ကွ''

''လုပ်လိုက် . . . ဆရာရေ့။ တပည့်တွေက အသင့်ပဲ''

ဤတစ်ခါပြောသူက ပုဏ္ဏားတင်ဦး။ သူက လောကီပညာတတ် ကျွမ်းသူဖြစ်သည်။

ကျွန်တော်တို့ မွန်းတည့်လုအချိန်တွင် မိတ္ထီလာမြို့သို့ရောက် သည်။ မြန်မာထမင်းဆိုင်ကြီးတစ်ဆိုင်တွင် နေ့လယ်စာစားကြသည်။ ညနေစာအတွက်လည်း စားသောက်စရာများ ပြည့်စုံအောင် ဝယ်ခဲ့သည်။ အရေးကြီးသည်က ပုဏ္ဏားတင်ဦးအတွက် သက်သတ်လွတ်စားစရာများ ဖြစ်သည်။

သူက ပုဏ္ဏားမျိုးရိုးဖြစ်သဖြင့် တစ်သက်လုံး သက်သတ်လွတ် စားသည်။ တွေလာကေလာ ဇာချဲ့၍တော့ မစားပါ။ ပဲကြော်၊ မြေပဲလှော်၊ သီး ဆား၊ ထမင်းရှိလျှင် ပြည့်စုံသူဖြစ်သည်။ လက်ဘက်သုပ်နှင့်လည်း ထမင်းစားတတ်သည်။ အသီးအရွက်ကြော်များက သူ့အတွက် ဟင်း ကောင်းများသာဖြစ်ပါသည်။

ကျွန်တော်တို့ ဆက်ထွက်လာခဲ့ရာ ပျဉ်းမနားမြို့စွန်အနောက် မြောက်ညီထိန်တောဘက် သစ်လုပ်ငန်းဗိုလ်တဲကြီးသို့ ညနေစောင်းတွင် ရောက်ကြသည်။ ဗိုလ်တဲဟောင်းကြီးမှာ သစ်လုပ်ငန်းရုံးဖြစ်၍ နီးသဖြင့် လုပ်ငန်းရုံးသို့ဝင်ရာ သစ်တောအရေးပိုင် ဦးနေအောင်၏တပည့် စာရေး လေးကျော်စိန်ဝင်းက တာဝန်ခံတောအုပ် ဖြစ်နေပေပြီ။ ကျွန်တော် တို့ကိုမြင်သည်နှင့် ဖျာဖျာသလဲ ကြိုဆိုရှာပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . အစ်ကိုကြီး၊ တပည့်လက်သား အစုံအလင်နဲ့ လား။ တောလိုက်ဖို့တော့ မဟုတ်လောက်ဘူး။ ရတနာသိုက် သတင်း လို့လား"

"အေး . . . ဟုတ်တယ်၊ ငါတို့ ဘယ်မှာတည်းရမလဲ"

"ကျွန်တော်တို့ရုံးမှာတည်းလည်း ရတယ်။ မိုလ်တဲဟောင်းကြီး ကလည်း ပြုပြင်ထားတော့ တည်းလို့ရပါတယ်။ အစ်ကိုကြီးတို့ ဒီနေ့လာ တာ အတော်ဘဲ။ ကျွန်တော်တို့အဖွဲ့ ညနေက သစ်နီးသမားတွေသတင်း ရလို့ တောစစ်ကြရင်း ချေပေါက်တစ်ကောင်နဲ့ တောဝက်မတစ်ကောင် မိထားလို့ တပည့်တွေ ချက်ပြုတ်နေကြတယ်။ အရက်ကတော့ တော ရှိတယ်။ အဆင်ပြေပါ့မလား။ အစ်ကိုကြီးမှာ ကားပါတာပဲ။ ပြေးဝယ် လိုက်မယ်လေ"

"မလိုဘူး။ ငါတို့မှာ အကုန်ပါတယ်။ မင်းရှိမှန်းမသိလို့ ထမင်း တွေတောင် ဝယ်လာသေးတယ်။ အရက်တွေလည်း ပါ,ပါတယ်"

"ဒါနဲ့ မင်းဆရာ ဦးနေအောင်နဲ့ ကိုဇော်မင်းတို့ကော ဘယ် မှာနေကြသလဲ။ အဆင်ပြေကြရဲ့လား"

"ပြေပါတယ် . . . အစ်ကိုကြီးရယ်။ သူတို့က နဂိုကတည်းက သူဌေးတွေဘဲဥစ္စာ။ ဆရာဦးနေအောင်က မန္တလေးမှာနေတယ်။ ဦးဇော် မင်းကတော့ ကသာမှာနေတယ်"

"အေးကွာ . . . ဘော်ဒါတွေနဲ့ ပြန်တွေ့ချင်ပါသေးတယ်။ ငါ အပြန်မန္တလေးရောက်မှ ဦးနေအောင်နဲ့ သွားတွေ့ဦးမယ်"

"အစ်ကိုကြီးတို့ . . . ရေချိုးကြဦးမလား"

"အေး . . . ခရီးပန်းလာတော့ ရေချိုးချင်တယ်ကွာ။ ဒါနဲ့ ဘက်တောမှာ ငှက်ဖျားရှိသေးသလား"





"အနည်းအပါး လက်ကျန်ငှက်ကလေးတော့ ရှိမှာပေါ့။ အခု နေပြည်တော်မြို့သစ်ကြီးပေါ်လာတော့ မီးတွေတစ်ထိန်ထိန်နဲ့ ဖျဉ်းမနား ဆောကြီးလည်း ပြုန်းလုပါပြီ။ ငှက်ဖျား အလွန်ဆိုးတဲ့ ထိန်တောမိုးညို ဆိုတာ နေပြည်တော်နယ်နိမိတ်ထဲ ပါသွားလို့ ငှက်ဖျားလည်း ပြေးပါပြီ အစ်ကိုကြီး။ ညဘက်လည်း မအေးတော့ပါဘူး။ ရေကလည်း အစိစိ ဘွင်းကရေ၊ စမ်းရေမဟုတ်ပါဘူး။ အန္တရာယ်ကင်းပါတယ်"

ကျွန်တော်တို့အား တောအုပ်ကျော်စိန်ဝင်းက မိုလ်တဲသို့ ကိုယ် တိုင်လိုက်ပို့ပြီး နေရာချပေးသည်။ မိုလ်တဲမှာ လျှပ်စစ်မီးရသဖြင့် အလွန် အဆင်ပြေသည်။ ရေချိုးရသည်မှာလည်း ရေချိုးခန်းဖြင့်။ ညအိပ်စရာ အခန်းနှင့် ခုတင်များကလည်း အဆင်သင့်။ သစ်ကောင်းဝါးကောင်း များဖြင့် ဆောက်လုပ်ထားသော အင်္ဂလိပ်ခေတ်က မိုလ်တဲဟောင်းကြီး က ပြုပြင်ထားသဖြင့် တောင့်တင်းခိုင်မာဆဲ။

"အစ်ကိုကြီးတို့ လွတ်လပ်အောင် ဒီမိုလ်တဲပေါ်မှာပဲ စီစဉ် ပေးလိုက်တော့မယ်။ ကျွန်တော် ဝန်ထမ်းတွေကိုတော့ သစ်တောရုံးမှာ ဘဲ စီစဉ်ထားတယ်"

"အေးပါ . . . မင်းကောင်းသလို စီစဉ်ပါ။ ငါတို့အတွက် အမြည်းပဲလုပ်ပေး။ ငါတို့မှာ ထမင်းထုပ်တွေပါတယ်"

"စားစမ်းပါ . . . အစ်ကိုကြီးရာ။ တောစခန်းဆိုပေမဲ့ မြို့နဲ့နီး တော့ အစားအသောက် ပေါပါတယ်"

"ငါတို့က လူများလို့ပါ။ တောကောင်သားဟင်း အမြည်းရရင် တော်ပါပြီ။ အဲ . . . ဟိုထောင့်မှာ အရက်ပုလင်းတွေပါတယ်။ မင်းကြိုက် သလောက်ယူသွား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်လုံးဆိုရပါပြီ . . . အစ်ကိုကြီးရာ။ ကျွန်တော်တို့ အရာ နှစ်ယောက်တည်းပဲ သောက်မှာပါ။ အခြားအဆင့်တွေက သူတို့ဟာ သူတို့ ရှိပါတယ်"

"အဲ့ဒါဆိုလည်း မင်းတို့နှစ်ယောက် ငါတို့နဲ့ လာပေါင်းပါလာ ကွာ။ မနက်ဖြန်ပဲ ငါတို့က ခရီးထွက်ကြတော့မှာ။ တိုင်ပင်ချင်တာလည် ရှိတယ်။ အကူအညီတောင်းစရာလည်း ရှိလို့ပါ"

"အစ်ကိုကြီးတို့က လူများတော့ ကျွန်တော် အားနာလို့ ဒါဆို ကျွန်တော် တောအုပ်အောင်ဆွေကိုလည်း ခေါ်ခဲ့ပါ့မယ်"

"အေး . . . အဲ့သည်လိုလုပ်စမ်းပါ"

အတူသောက်ကြ၊ စားကြရင်း အရက်သမားချင်း အခင်အ ကမြန်သည်။ တောအုပ်ဦးအောင်ဆွေကလည်း ကျွန်တော်တို့ခရီးစဉ်အ စိတ်ဝင်စားသည်။

"ဒါဆို အစ်ကိုကြီးတို့ ကျွန်တော်တို့စခန်းက လက်နက်ေ ယူသွားမှဖြစ်မယ်။ ကျွန်တော်တို့ တပ်စိတ်တစ်စိတ်လည်း မလ မကမ်းကလိုက်ပြီး စောင့်ရှောက်မယ်။ အခုတစ်လော လက်နက်ကိ သစ်ခိုးအဖွဲ့တွေ တောထဲမှာ သောင်းကျန်းနေတယ်။ သတိထားရမယ်"

ကျွန်တော့်မှာ သူ့တို့၏ဆရာကြီး သစ်တောအရေးပိုင် ဦး အောင်၏မိတ်ဆွေ တောအုပ်ကြီးဦးဇော်မင်း၏ သူငယ်ချင်းမှန်း သိ သဖြင့် ကိုအောင်ဆွေမှာ လွန်စွာလေးစားပြီး ခင်မင်သွားသည်။

"မင်းတို့မှာ ဘာသေနတ်တွေရှိသလဲ . . . ကျော်စိန်ဝင်း"

"အစ်ကိုကြီး . . . အရင်ခေတ်လို သစ်တောဌာနက နော ကျ မကျန်ခဲ့တော့ဘူးနော်။ M.16, G .2 အစုံရှိတယ်။ အတိုတွေလည် မျိုးစုံရှိတယ်။ လက်ပစ်ဗုံးလောင်ချာတွေတောင် ရှိပါတယ်"





"အမေရိကန် ဒသသမ(၃၀၃) ရိုင်ဖယ်မရနိုင်ရင်တော့ ဒသသမ ဂရမဂ္ဂနမ်ရိုင်ဖယ်နဲ့ ဒသသမ–၅၀၀ နှစ်လုံးပြူးလောက်တော့ ရှိဦးမယ် င်တယ်။ အဲ့ဒါမျိုး လိုချင်တယ်"

ဒသသမ–၄၅၇ မဂ္ဂနမ်ရိုင်ဖယ်တော့ ရှိပါတယ်။ ဒသသမ–၅၀၀ နှစ်လုံးပြူးတော့ မရှိတော့ဘူး။ ငှက်ပစ်၊ ကြက်ပစ်တဲ့ ဂရင်နာတစ်လုံး သေနတ်ကြီးတွေတော့ ရှိသေးတယ်။ ခေတ်နောက်ကျနေပါပြီ . . . အစ်ကိုကြီးရာ။ ဟိုတစ်ဖက်ကကိုင်တာ M.22 သေနတ်အကောက်ကြီး ။ ပေါ့ပါးတယ်။ ပစ်လို့တအားကောင်းတာ။ မိန်းမတွေတောင် ကိုင် တယ်။ ခေတ်မီသေနတ်တွေသာ ယူသွားစမ်းပါ . . . အစ်ကိုကြီးရာ။ ည်ဆန်လည်း ပေါပါတယ်။

တိုက်ပွဲဖြစ်ရင် သုံးချင်သလောက်သုံးလို့ရပါတယ်။ ကျွန်တော် တပ်စိတ်တစ်စိတ်က နောက်ကလိုက်မယ်။ တပ်စိတ်တစ်စိတ်ကိုတော့ အနေနဲ့ အစ်ကိုကြီးတို့ အရှေ့က အပြေးခိုင်းမယ်။ ဒါဆိုရင် အင်အား ောင်းသွားတာပေါ့နော်"

"အေး . . . ကောင်းတော့ ကောင်းတာပေါ့။ ဒါပေမဲ့ မင်းတို့ အားနာလို့"

"ကျွန်တော်တို့က တာဝန်ထမ်းဆောင်ရင်း ကင်းလှည့်နေတာ . . . အစ်ကိုကြီးရာ။ ဘာအားနာစရာရှိသလဲ။ လိုအပ်ရင် လုံထိန်းတပ် ကိုတောင် ခေါ်လို့ရသေး။ အလျင်လို ဆက်သွယ်ရေးစက်ကြီးတွေကို ောင် အလေးခံသယ်စရာ မလိုတော့ဘူး။ နေပြည်တော်နဲ့ ပတ်ဝန်း င်မို့ လက်ကိုင်ဖုန်းကလေးနဲ့တင် ဆက်သွယ်လို့ရတယ်။ CODE WORD တော့ သုံးရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အဲ့ဒါဆိုရင် မနက်ဖြန်မနက် ငါတို့ စပြီးခရီးထွက်ချင်တယ်"

"ဘယ်ဘက်ကိုလည်း . . . အစ်ကိုကြီး"

"နေဦး . . . ကျော်စိန်ဝင်းရေ့၊ ငါ့မှာ မြေပုံဆွဲထားတာရှိတယ်။ တင်သောင်းရေ့ . . . ငါ့လက်ဆွဲအိတ် ယူခဲ့စမ်းကွာ။ ငါ့အခန်းထဲက ခုတင်ခြေရင်းမှာရှိတယ်"

"ဟုတ် . . . ဆရာ"

ကျွန်တော် ဘေးအိတ်ဇစ်တစ်ခုကိုဖွင့်ပြီး ပိုက်ဆံအိတ်ကို ချဲ့ ထုတ်ကာ ကျွန်တော် ခန့်မှန်းဆွဲထားသော (ရတနာမြေပုံပေးသည့် တော ခေါင်းကြီးအဆိုအရ) မြေပုံစာရွက်အား ထုတ်လိုက်သည်။ မြေပုံမှာ ခပေါင်းချောင်းလက်ျာဘက်ကမ်း အုတ်တွင်းမြို့နယ်အတွင်းရှိ သစ်တော စခန်းများ မြေပုံဖြစ်သည်။ ခပေါင်းချောင်းက မိကျောင်းရဲအနီးတွင် စစ်တောင်းမြစ်အတွင်း စီးဝင်နေသည်။ ကျွန်တော် မြေပုံကိုထုတ်၍ တောအုပ်ကျော်စိန်ဝင်းနှင့် တောအုပ် ကိုအောင်ဆွေတို့အား ပြလိုက် သည်။ သူတို့ အသေးစိတ်လေ့လာကြပြီး ကိုအောင်ဆွေက မှတ်ချက်ချ သည်။

"ဟာ . . . ဒီမြေပုံက အုတ်တွင်းမြို့နယ်၊ သစ်တောစခန်း မြေပုံပဲ။ ကျွန်တော်တို့ အခုနေတာက မိုးညိုမြို့နယ်။ နည်းနည်းတော့ လှမ်းတယ်။ ဒါပေမဲ့ ဖြတ်လမ်းရှိပါတယ်။ ဆရာတို့က ဘယ်စခန်းအထိ သွားချင်တာလဲခင်ဗျ"

"အေး . . . ငါတို့က တောက်တဲ့စခန်းအနားက အိမ်ရှေ့မြောင် စခန်းကိုသွားချင်တာ"





"အင်း . . . ဒါဆို တောင်ငူအုတ်တွင်းဘက်က လှည့်ရမယ်။ အုတ်တွင်းကိုကားစီးပြီး တိုင်းဗဟို(၆)က မော်တော်နဲ့ အထက်ကိုပြန် ဆန်ရမယ်။ ဒါမှ မြန်မယ်။ လမ်းလျှောက်ချီတက်လို့ကတော့ တစ်ပတ် လောက် တောကြမ်းခရီးနှင်ရမှာ"

"ဦးတို့မှာ ကားပါ,ပါတယ်"

"ဦးတို့ကားနဲ့ မရဘူး။ တပ်စိတ်နှစ်စိတ်တောင်ပါမှာ။ အဲဒါ ဆိုရင်တော့ အိမ်ရှေ့မြောင်စခန်းက တိုင်းဗဟို (၆)၊ တိုင်းဗဟို (၄၈)တွေနဲ့နီး တော့ လုံခြုံရေးကောင်းပါတယ်။ ကျွန်တော်နဲ့ တပ်စိတ်တစ်စိတ်ပဲ သစ် ကားကြီးနဲ့ လိုက်ခဲ့မယ်။ ကျော်စိန်ဝင်းက စခန်းစောင့်ကျန်ခဲ့ပေါ့"

"ဆရာတို့နဲ့ ငါလိုက်သွားမယ်လေကွာ။ အောင်ဆွေ . . . မင်း စခန်းစောင့်နေခဲ့ပါလား"

"ကျော်စိန်ဝင်း . . . မင်းနေခဲ့ပါ။ မင်းက ပြီးခဲ့တဲ့ရက်ကပဲ စခန်းစစ်သွားထားတော့ အနားယူရင်း နေခဲ့ပါ။ ငါက မကြာမီ မန္တလေး ဘက် ပြောင်းရတော့မှာဆိုတော့ ငါက လူပေါင်း၊ တောပိုကျွမ်းပါ တယ်"

"အေး . . . အေး . . . ဒါဆိုလည်း ပြီးတာပါပဲ"

ထိုညက ကျွန်တော်တို့ စားသောက်ပြီး အိပ်ရာဝင်တော့ ည(၁၁) နာရီခန့်ရှိပါပြီ။ ခရီးပန်းလာသဖြင့် အတော်အိပ်ကောင်းသည်။ တောနံ့ တောင်နံ့ရှူရှိုက်ရင်း အိပ်ရရာ အတော်နှစ်ခြိုက်စွာအိပ်ပျော်သည်။ တော နှင့်တောင်နှင့် ဝေးကွာခဲ့သည်မှာ အတော်ကြာချေပြီဖြစ်သည်။ တော တောင်ဆိုသည်မှာ ကျွန်တော်တို့၏ အဖော်ပင်မဟုတ်ပါလော။

မနက်(၆)နာရီခန့် အိပ်ရာထကြပြီး အောင်သန်းနှင့် အောင် ကောင်းစီစဉ်ပေးသော ကြက်ဥထမင်းကြော်နှင့် ကော်ဖီကို သောက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ရင်း ခရီးထွက်ရန် ပြင်ဆင်ရသည်။ ကားလေးကိုလည်း ကျော်ကြီး ဆီနှင့် ရေများဖြည့်၍ စစ်ဆေးနေသည်။

ကျွန်တော်တို့ မနက်စောစော ရေချိုးပြီး အသင့်ဖြစ်နေချိန် မနက်(၇)နာရီခန့် ကိုအောင်ဆွေနှင့် တပ်စိတ်တစ်စိတ် လက်နက်အပြည့် အစုံဖြင့် သစ်ထုတ် HINO ကားကြီးကိုစီးကာ ရောက်လာကြသည်။ ကျော်စိန်ဝင်းနှင့် ရဲဘော်တချို့က ကျွန်တော်တို့အတွက် လက်နက်နှင့် ကျည်ဆန်များ ယူလာကြပါသည်။

"ရော့ . . . ဆရာ့အတွက် မဂ္ဂနမ်ရိုင်ဖယ်နဲ့ ကျည်ဆန် (ဗ ဆရာ့တပည့်တွေအတွက်တော့ ဂရင်နာသေနတ်နဲ့ G.2 သုံးလက်၊ ကျ ဆန်တွေရော အပြည့်အစုံပဲ။ ကျွန်တော်လည်း လိုက်ချင်တာ၊ စခန်း အစောင့်မရှိဘူးလေ ဆရာ"

"အေးပါကွာ . . . ပြန်လာမှ တွေ့ကြတာပေါ့။ ကားနဲ့သွား ပဲ ခရီးကမဝေးပါဘူး"

"ဟုတ်ကဲ့ပါ ဆရာ၊ ပြန်လာမဲ့ရက်ကျ ဖုန်းဆက်ပါ။ ကျွ တော် အသင့်ကြိုနေပါ့မယ်"

"အေးပါ . . . စိတ်ချပါ။ ငါတို့သွားမဲ့နေရာက အိမ်ရှေ့မြော တင်ဆိုတော့ တိုင်းဗဟို၊ တပ်ရင်းတွေနဲ့ မဝေးပါဘူး။ စိတ်ချရပါတ ကဲ . . . စောစောထွက်တော့ စောစောရောက်တာပေါ့ကွာ။ သွားပြ ဟေ့"

လမ်းကျွမ်းသော ကိုအောင်ဆွေရဲ့ HINO ကားကြီးက ရှေ့ လမ်းပြရင်း မောင်းသည်။ ကျွန်တော်တို့ကားလေးက နောက်ကလို သည်။ နေပြည်တော်နှင့် တောင်ငူခရီးမှာ မဝေးလှပါ။

✿ ✿ ✿

❑

တောင်ငူရောက်တော့ အုတ်တွင်းဝင်ပြီး နေ့လယ်စာ စားကြ သည်။ ခရီးဆက်ထွက်လာခဲ့ရာ တိုင်းဗဟို (၆) ကိုကျော်ပြီး တိုင်းဗဟို (၁) သို့ဝင်၍ သတင်းပို့ကြသည်။ သစ်နိုးသမားနှင့် သောင်းကျန်းသူများ ရှိနေကြသည်ဟုဆိုသည်။ ခရီးဆက်ထွက်ရန် ကျွန်တော်၏ SUNNY ကားကလေး အဆင်မပြေတော့။

သစ်ထုတ်လမ်းဖြစ်သဖြင့် HINO (TE) ကားလောက်သာ သွား နိုင်သဖြင့် ကျွန်တော် SUNNY ကားကလေးအား တိုင်းဗဟို (၄၈) စခန်းအတွင်း ထားခဲ့ရပြီး HINO ကားကြီးအား ပြောင်းစီးရသည်။ သို့ သော သစ်ထုတ်သောလမ်းနှင့် ကားကြမ်းကြီး အဆင်ပြေတော့သည်။

လမ်းတွင် အောင်နန်းတော် သစ်ထုတ်စခန်း၊ ခုဉဝတီစခန်း များကိုကျော်တော့ ညနေစောင်းတွင် တောက်တဲ့စခန်းကိုရောက်သည်။ ည အိပ်နားပြီး ဆက်ထွက်လာကြရာ မှောင်စပျိုးချိန်တွင် အိမ်ရှေ့မြောင် သစ်ထုတ်လုပ်ရေးစခန်းက တောခေါင်းကြီးဦးလှဖေက အသင့်ချက် ပြုတ်ပြင်ဆင်ထားသဖြင့် အလွန်အဆင်ပြေပါသည်။ တောတွင်းစခန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သဖြင့် ကျွန်တော်တို့ ရေမချိုးနိုင်တော့ပါ။ ခေတ္တနား၊ ကိုယ်လက် သုတ်သင်၍ အဝတ်အစားလဲပြီး စားပွဲထိုင်ကြသည်။

တောခေါင်းကြီးဦးလှဖေနှင့် ကျွန်တော်တို့အား ကိုအောင်ဆွေ က မိတ်ဆက်ပေးသည်။

"ဦးလှဖေ ... ဒီဆရာက သစ်တောအရေးပိုင် ဦးနေအောင် ရဲ့မိတ်ဆွေ။ အိမ်ရှေ့မြောင်စခန်းနားမှာ ကိစ္စရှိလို့လာကြတာ။ ဒီပတ် ဝန်းကျင် အေးချမ်းရဲ့လား"

"ဒီစခန်းပတ်ဝန်းကျင်တော့ အေးချမ်းတယ်ဆရာ။ တောနက် ထဲမှာတော့ သိပ်စိတ်မချရဘူး။ လက်နက်ကိုင် သစ်ခိုးသမားတွေရှိ သတိတော့ထားရတယ်။ ဒါပေမဲ့ စစ်တပ်ကလည်း တောဆင်းနေ တယ်"

"ကောင်းပါတယ် ... ဆရာ။ ဒီကောင်တွေ စခန်းနားထော မကပ်ရဲပါဘူး။ တောနက်ထဲမှာသာ ကျင်လည်နေကြတာပါ။ ကျွန်တော် တို့မှာလည်း လက်နက်အပြည့်အစုံပါတယ်"

"ကဲ ... ဆရာတို့ အားမနာတမ်း သုံးဆောင်ကြပါ။ ဧည့် သည်လာမယ်ဆိုလို့ စခန်းမုဆိုးတောလည်ထားတာ။ ဆတ်တစ်ကောင် ရထားပါတယ်။ အမျိုးစုံလုပ်ပြီး ချက်ပြုတ်ထားပါတယ်"

"ဒီပတ်ဝန်းကျင် တောကောင်ပေါသလား ... ဦးလှဖေ"

"ပေါပါတယ် ... ဆရာ။ အကောင်ကြီးတွေတော့ မရှိပါဘူး။ ချေ၊ ဆတ်၊ တောဝက်လောက်ပါဘဲ။ ကြက်၊ ငှက်နဲ့ ဒေါင်းလည်း ပေါ ပါတယ် ဆရာ"

"အင်း ... သွားရင်လာရင်း ပစ်ကြတာပေါ့"

ကိုအောင်ဆွေက မှတ်ချက်ပြုသည်။





ဟုတ်ပါလိမ့်မည်။ ကျွန်တော်တို့ စားသောက်ပြီး အိပ်ရာဝင် တော့ သမင်တောက်သံ၊ ချေဟောက်သံ၊ ဆတ်တစ်သံ၊ တောဝက်အုပ် အသံများကို ကြားနေရသည်။ ကျားဟိန်းသံ၊ ဆင်အော်သံကို မကြား ရ။ တစ်ချက်တစ်ချက် ကလေးငိုသလို ခွေးအ,များ အုပ်စုလိုက် ဝိုင်း အူသံကိုတော့ ကြားနေရသည်။ တောကြက်များတွန်သံကိုလည်း ကြားရ သည်။

ကျွန်တော်တို့ တောစခန်း ဘားတိုက်ရှည်တဲကြီးတွင် တန်းစီ ၍ အိပ်ကြရခြင်းဖြစ်သည်။ ကိုအောင်ဆွေက ကင်းချထားသဖြင့် စိတ်ချ လက်ချအိပ်ရပါသည်။ ခရီးပန်းလာသဖြင့် အိပ်၍အလွန်ကောင်းသည်။

မနက်(၆)နာရီခန့် အိပ်ရာကထကြတော့ တောတွင်းစခန်းဖြစ် သဖြင့် တောကမှောင်ဆဲ။ ငှက်ငယ်ကလေးများ တီတီတာတာအသံနှင့် တောကြက်ဖတွန်သံ၊ ဒေါင်းတွန်သံတို့က တောစခန်း၊ မနက်ခင်းကို ညီစည်ဝေဝေ ကြိုဆိုနေသည်။

တောခေါင်းဦးလှဖေက ကောက်ညှင်းငချိတ်ပေါင်းနှင့် ချေသား ခြောက်ကြော်၊ ငါးရံ့ခြောက်မီးဖုတ်ဆီဆမ်းဖြင့် အသင့်ပြင်ဆင်ပေးထား သည်။ ကျွန်တော့်တပည့်တင်သောင်းနှင့် အောင်သန်းက လက်ဖက်ရည် ချို ကော်ဖီမစ်အထုပ်များဖြင့် ဖျော်ပေးထားသဖြင့် ပို၍ အဆင်ပြေ ပါသည်။

စားသောက်ပြီးတော့ လက်နက်ကိုယ်စီဖြင့် ကုန်းကြောင်းခရီး ထွက်ကြသည်။ လမ်းကျွမ်းသော အိမ်ရှေ့မြောင်စခန်းမှ မုဆိုးကြီးကို တောခေါင်းဦးလှဖေက လမ်းပြထည့်ပေးသည်။ ကျွန်တော်က မြေပုံညွှန်း အရ စခန်းအနောက်ဘက် တစ်မိုင်ခန့်အကွာ ကညင်ပင်ညီနောင်ကို ပစ်မှတ်ထား၍ ဆုံရပ်အဖြစ် ရှာနိုင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးက သိသည်ဟုဆိုသည်။ ထို့ကြောင့် မုဆိုးက ဦးဆောင်ပြီး မှိုင့်တပ်စိတ်တစ်စိတ် အရှေ့ကသွား၍ ကျွန်တော်တို့အဖွဲ့က လက်နက်များ အသင့်ပြင်ကာ နောက်ကလိုက်ကြသည်။ တောမှာ သစ်ကြီးဝါးကြီးများဖြင့် ရွက်ကြွေတောဖြစ်သောကြောင့် ခြေသံကမလုံဘဲ သစ်ရွက်ခြောက်များကိုနင်း၍ သွားရသဖြင့် တောကောင်များကို မတွေ့ရ။ ရှဉ့်နှင့် တောကြက်၊ တောငှက်အချို့သာ တွေ့ရသည်။

သစ်ပင်ကြီးများမှာ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ ပိတောက်၊ အင်၊ ကညင်ပင်များသာဖြစ်သဖြင့် ပင်စည်လုံးပတ်များကြီးပြီး အောက်ခြေရှင်းသည်။ အဝေးကို လှမ်းမြင်နေရသည်။ တောတွင်းလမ်းဖြစ်သဖြင့် တစ်ယောက်ချင်း၊ တစ်ဦးနောက်တစ်ဦးက ခြေဖဝါးထပ်ချပ်မကွာ လိုက်ရသဖြင့် ပိုးနသန်ကောင်လို လူတန်းကြီးက ရှည်လျားလှသည်။

တစ်နေရာအရောက်တွင် ကျွန်တော့်အနောက်က ကပ်လိုက်လာသော တပည့်ကျော် မျောက်တင်သောင်းက ကျွန်းပင်ကြီးတစ်ပင် ခွဆုံတွင် တွယ်ကပ်ပေါက်နေသော ခရမ်းရောင်၊ အဖြူရောင်နှင့် အဝါရောင်သစ်ခွဖုတ်ကြီးများကို လက်ညှိုးညွှန်ပြသည်။ ဗင်ဒါမျိုးနွယ်ဝင် ခရမ်းပြာရောင်သစ်ခွဆုံကြီးနှင့် မြန်မာ့ရှားပါး ရွှေတူငွေတူ သစ်ခွအုံ ရွှေဝါရောင် လက်တံရှည် ဖယောင်းပန်းသစ်ခွအုံများဖြစ်သည်။

ကျွန်တော် သစ်ခွကိုမြတ်နိုးကြောင်း မျောက်တင်သောင်းက သိသည်။ ပဲခူးရိုးမထဲ အမဲလည်ရင်း တင်သောင်းက သစ်ခွအုံရှာဖွေပြီး သစ်ပင်တက်၍ ခူးပေးရသောကြောင့် သစ်ပင်တက်ကျွမ်းကျင်သော တင်သောင်းအား မျောက်တင်သောင်းဟု ကျွန်တော်က ဘွဲ့ပေးထားခြင်းဖြစ်သည်။ သူကလည်း အတော်စွမ်းသည်။





သစ်ပင် ဘယ်လောက်မြင့်မြင့် ပင်စည်လုံးချောဖြစ်ပါစေ လွယ်ကူစွာ တက်နိုင်သည်။ မွေးရာပါ ကျွမ်းကျင်ခြင်းဖြစ်သည်။ ပုဏ္ဏားဘင်ဦးကတော့ မွေးရာပါ အိမ်မြှောင်လို ကပ်နိုင်သည်။ လောကီအစီအရင် ဆေးဝါးအဆောင်ကောင်းတော့ ပိုပြီးကျွမ်းကျင်ပါသည်။ သူက လောကီအတတ်ပညာရှင် ဆရာကြီးဆိုတော့ တော်တန်ရုံကိစ္စ မခိုင်း။ တပည့်များမှာ နာမည်ကြီးသူခိုးများ ဖြစ်ကြသော်လည်း စိတ်ကောင်းရှိပြီး အလှူအတန်း ရက်ရောသူများလည်း ဖြစ်ကြသည်။

ဆရာသမားအပေါ် သစ္စာရှိကြသည့်အပြင် မတရားလည်း မလုပ်။ အမျိုးသာသနာအပေါ် သစ္စာဖောက်သူနှင့် ချမ်းသာပြီး မတရားအတိုးကြီးစားပြီး မြန်မာဆင်းရဲသားများအပေါ် ကုပ်သွေးစုပ်သော ကုလား၊ တရုတ်များအပေါ်တွင်သာ ပညာပေးသည့်အနေဖြင့် ပစ္စည်းဥစ္စာ တစ်ဝက်တိတိခိုးယူပေးသည်။ ပြီးနောက် အမည်မဖော်လိုသူအနေဖြင့် အလှူအတန်းလုပ်သည်။ ခေတ်လူငယ်များဖြစ်ကြ၍ သုံးလည်းသုံးသည်။

သူတို့ဆရာ သူခိုးကြီးငတက်ပြားကို ဆရာတင်၍ ကိုးကွယ်ပူဇော်သည်။ သူတို့ယုံကြည်သည်က ရသမျှပစ္စည်းဥစ္စာကို စုဆောင်းသိမ်းဆည်းထားရန်မဟုတ်။ လှူဒါန်းပေးကမ်း သုံးစွဲပစ်ပြီး မရှိမှ အလုပ်ပြန်လုပ်သည်။ အသင်းအဖွဲ့ဖြင့်လုပ်ခြင်းလည်း မဟုတ်။ တစ်ကိုယ်တော်သူစွမ်းကောင်းများ ဖြစ်ကြသဖြင့် အမိအပြုနည်းသည်။

ထို့ကြောင့် သူတို့ယုံကြည်သည်က 'မရှိခဏ' တဲ့လေ။ မတရားပွားရှာ ချမ်းသာသူမှန်သမျှ သူတို့၏သားကောင်။ ပိုင်ဆိုင်သမျှ သူတို့၏ ဥစ္စာစီးပွားသာဖြစ်ချေသည်။ ခိုးဝှက်ရယူထားသော ဥစ္စာပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



မကုန်သေးသမျှ ရှောင်တိမ်းနေတတ်သည်။ ထို့ကြောင့် သူတို့အား ဖမ်းမိရန်လည်း မလွယ်ကူပါ။ ကျွန်တော် အလုပ်ရှိ၍ ခေါ်ယူစုဆောင်းလျှင်တော့ တစ်ယောက်ကို အကြောင်းကြားလိုက်သည်နှင့် အလျှိုလျှိုရောက်လာတတ်ကြသည်။

အောင်သန်းနှင့် တင်သောင်းကတော့ သူခိုးများမဟုတ်ကြပေ။ လယ်သမားသားသမီး၊ သာယာဝတီနယ်သား။ ဆရာစံ၏ အလံတော်မြေ လှည်းလမ်းကူးရွာတွင်နေကြသော လူရိုးလူကောင်းကလေးများ ဖြစ်ကြသည်။ သာယာဝတီနယ်သားပီပီ သတ္တိရှိပြီး မဟုတ်မခံစိတ်ကြောင့် ဓါးခုတ်မှုဖြစ်ကြပြီး ထောင်ကျလာသောကြောင့် ကျွန်တော့်လူယုံတယောက်များ ဖြစ်လာကြခြင်းဖြစ်ပါသည်။

တစ်နေရာအရောက်တွင် ဦးဆောင်လမ်းပြမှုဆိုးက လက်ထောင်ပြသဖြင့် ကျွန်တော်တို့ ရောက်သည့်နေရာတွင် ငြိမ်သက်စွာ ရပ်လိုက်ကြသည်။ မှုဆိုးနှင့် ပို့ုင့်တပ်စိတ်က နေရာခွဲ၍ယူရန် လက်ပြသဖြင့် ကျွန်တော်တို့ နီးစပ်ရာသစ်ပင်၊ ပင်စည်ကြီးများအား ကပ်လိုက်ကြသည်။ လက်နက်များကို အဆင်သင့်ပြင်ဆင်ထားသည်။

ထိုအချိန်တွင် ပုဏ္ဏားတင်ဦးက ဖျတ်ခနဲ သစ်ပင်မြင့်ကြီးအပေါ်သို့ ရောက်သွားသည်။ မကြာပါ ပုဏ္ဏားတင်ဦးထံမှ 'ဖောင်းဖောင်းဖောင်းဖောင်း'ဟူသော G.2 မောင်းပြန်သေနတ် အတွဲလိုက်ဆွဲသံကို ကြားလိုက်ရပြီး တအားအားအော်သံကိုလည်း ကြားရသည်။

မကြာပါ၊ 'တက်'ဟူသော ပို့ုင့်တပ်စိတ်အော်သံကို ကြားရပြီး တိုက်ပွဲငယ်ကလေး ဖြစ်ပွားတော့သည်။ မကြာပါ တစ်ဖက်က တဖောင်းဖောင်း သေနတ်သံ၊ သုံးလေးချက်သာ ကြားရပြီး ပို့ုင့်တပ်စိတ်က စီးလိုက်နိုင်သည်။

စိတ်ကူးသစ်စာပေ



ရှင်းလင်းပြီးကြောင်း အချက်ပြသဖြင့် ကျွန်တော်တို့ ရောက်သွားတော့ လက်နက်ကိုင်(၁၀)ယောက်ခန့်အား ကြိုးတုပ်ထားပြီး အလုပ်သမား(၁၀)ယောက်ခန့်အား တန်းစီ၍ ထိုင်နိုင်းထားသည်။ သူတို့ထံမှ ဖမ်းမိထားသော M.22သေနတ် (၁၀)လက်နှင့် သစ်ဖြတ်သော CHAIN SAW များ၊ ပုဆိန်နှင့် လွှများ၊ ကျည်ဆန်၊ ဆေးဝါးနှင့် စားနပ်ရိက္ခာများ၊ သစ်ဆွဲရန် ကျွဲအုပ်ကြီးများအား ဖမ်းဆီးရမိတော့သည်။

လက်နက်ကိုင်ခေါင်းဆောင်မှာ မြန်မာ(၂)ယောက်နှင့် တရုတ်များဖြစ်ကြသည်။ လက်နက်ကိုင်မှန်သမျှ သေနတ်မှန်ထားသည်။ သို့သော် သေလောက်သည့်ဒဏ်ရာများတော့ မဟုတ်။ သားရေသေတ္တာကြီးတစ်လုံးအား တွေ့ရှိ၍ ဖွင့်ကြည့်တော့ မြန်မာငွေများနှင့် တရုတ်ယွမ်ငွေများ သေတ္တာကြီးအပြည့်ပင်။ နာမည်ကြီးသစ်ခိုးဂိုဏ်းအား မိချေပြီဖြစ်သည်။

မကြာပါ။ တိုင်းဗဟို (၄၈)မှ စစ်သားများ သေနတ်သံများကြောင့် ရောက်လာကြသည်။ တရားခံများအား စစ်ဆေးပြီး အနီးပတ်ဝန်းကျင် ရှာကြတော့ ခုတ်လှဲပြီး စုပုံထားသော ကျွန်းသစ်လုံးများ၊ CLIPPER ခေါ် သစ်လုံးညှပ်သည့် ဝန်ချီစက်ငယ်(၂)စီးတို့အား ဖမ်းဆီးရမိတော့သည်။

ကျွန်တော်တို့တပ်စိတ်က တိုင်းဗဟို (၄၈)မှ တာဝန်ရှိသူ ဗိုလ်ကြီးအား သစ်ခိုးသမားများနှင့် လက်နက်ကိုင်ကိရိယာများ ကျွဲများနှင့် ငွေသေတ္တာအား လွှဲပေးသည်။ ဗိုလ်ကြီးက လက်ဆွဲနှုတ်ဆက်၍ အထပ်ထပ်အခါခါ ချီးမွမ်းပါသည်။ အချီးကျူးငွေလည်း ပေးမည်ဖြစ်ကြောင်း ကတိပေးသွားသေးသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သစ်လုံးပုံအနီး မြေပြောင်ပြောင်တွင် အနားယူပြီး ခေတ္တစခန်းချ၍ နေ့လယ်စာထမင်းထုပ်များအား စားနေကြချိန် တောအုပ်ကိုအောင်ဆွေက ကျွန်တော့်ထံလာပြီး . . .

"ဆရာ . . . ဆရာတို့အဖွဲ့က လက်ဖြောင့်သေနတ်သမားက ဘယ်သူလဲ။ အင်မတန်တော်တယ်။ သစ်ခိုးသမား အင်အားများလို့ ကျွန်တော်တို့ တိုင်ပင်နေတုန်း သူက သစ်ပင်မြင့်ကြီးပေါ်က ဆော်တာ၊ ခေါင်းဆောင်တွေကျသွားတော့ ငယ်သားတွေကို ကျွန်တော်တို့ အသာဝင်ဖမ်းနိုင်တာ။

ကျွန်တော်တို့က လက်နက်ကိုင်ဆိုပေမဲ့ စစ်သားမဟုတ်ဘူးလေ . . . ဆရာရဲ့။ တိုက်ပွဲအတွေ့အကြုံရှိတာ မဟုတ်ဘူး။ မီးကျိုးမောင်းပျက် လုပ်သေနတ်ကိုင်တဲ့ သစ်ခိုးသမား၊ အကျိုးအပဲ့လောက်သာ ဖမ်းတတ်တာ။ အခုကောင်တွေက နိုင်ငံခြားသားတွေ။ လက်နက်ကလည်း ခေတ်မီပြည့်စုံတယ်။ ကံကောင်းလို့ပေါ့ဗျာ"

"အဲ့ဒါ ငါ့တပည့် ပုဏ္ဏားတင်ဦးလို့ ခေါ်တယ်။ သူက သက်သတ်လွတ်စားတာ။ ဒါကြောင့် အသေမပစ်တာ"

"တော်ပါပေ့ . . . ဆရာရယ်။ ခေါင်းဆောင်တွေကို လက်၊ ခြေထောက်၊ ပေါင်တွေပဲ ပစ်ချိုးသွားတာ။ တကယ့် စနိုက်ပါခေါ်တဲ့ လက်ဖြောင့်သေနတ်သမား ကျနေတာပဲ။ ကွက်တိဗျား။ အဲ့ဒီကောင်တွေကိုသာ ဦးမချိုးရင် ကျွန်တော်တို့အဖွဲ့ ခံရမှာသေချာတယ်"

ကျွန်တော်က ပုဏ္ဏားတင်ဦးအား ခေါ်ပေးတော့ ကိုအောင်ဆွေတို့ အံ့ဩနေကြပြီး အလုအယက် နှုတ်ဆက်ကြသည်။ ပုဏ္ဏားတင်ဦးမှာ ဗလကြီးမဟုတ်။ ပိန်ပိန်သွယ်သွယ်၊ ပေါင်တွင် ထိုးကွင်းများဖြင့်





ရှူးက မြန်မာတစ်ဦးပုံစံ။ အသားက ကြေးနီရောင် ခေါင်းတုံးဆံပင်နှင့် သာမန် လူတစ်ဦးသာဖြစ်သည်။

ထိုအချိန်တွင် သစ်ခွပန်းပင်များလက်တွင် ကိုင်ထားပြီး G.2 ကို လွယ်ထားသည့် လူတစ်ဦးအား တပ်ကဖမ်းလာသည်။ သူကလည်း မုဆိုးခါးတောင်းကျိုက်ထားပြီး ဖုပေါင်တွင် ထိုးကွင်းမင်ကြောင်များဖြင့် ကျွန်တော့်တပည့် မျောက်တင်သောင်းဖြစ်ချေသည်။ ကျွန်တော်တို့ သူခိုးများအား ဖမ်းဆီးရမိ၍ အပ်နှံနေစဉ် ကျွန်တော့်အတွက် သစ်ခွပန်းသွားတက်ခူးနေသူဖြစ်သည်။

တပ်ကြပ်ကြီးက . . .

"တော်သေးတာပေါ့ . . . ဆရာရယ်။ ဒီမောင်က သေနတ်ကြီးလွယ်ပြီး ကျွန်တော်တို့ကို မကြောက်လို့ ထုတော့မလို့။ အရပ်ဝတ်နဲ့ သစ်ခွပန်းကိုင်ပြီး သေနတ်ကြီးလွယ်ထားတော့ အမြင်မှားတာပေါ့"

ကျွန်တော်က တောင်းပန်စကားပြောတော့ အားလုံးသဘောကျပြီး ဝိုင်းရယ်ကြသည်။ တိုက်ပွဲအပြီး ဆရာ့အတွက် အမှတ်တရ သစ်ခွပန်းခူးသူရယ်လေ။

ကိစ္စအရပ်ရပ်ပြီးတော့ ကျွန်တော်တို့ ခရီးဆက်ထွက်ခဲ့ကြပါသည်။ (၁၅)မိနစ်ခန့်လမ်းလျှောက်တော့ လမ်းပြမုဆိုးက ရပ်၍ဟိုသည်ကြည့်သည်။

"ဒီအနားပတ်ဝန်းကျင်ဘဲ ဆရာကြီး။ ကညင်(၂)ပင် ပျောက်နေတယ်။ နုတ်ဖွက်တာလား မသိဘူး"

တောကျွမ်းသောမုဆိုးအောင်သန်းနှင့် မျောက်တင်သောင်းတို့ ပတ်ဝန်းကျင်အားပတ်၍ ရှာကြရာမှ အော်သံကြားရသည်။

"ဆရာရေ့ . . . တွေ့ပြီဗျို့။ ကညင်ပင်ကြီးတော့ မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ သစ်သူခိုးတွေက အမြစ်ဆုံပါ တူးယူသွားတာ။ ဒီမှာ တွင်းချိုင့်ကြီး ဖြစ်ကျန်နေခဲ့တယ်။ လာကြည့်ပါဦး''

ကျွန်တော်တို့ အပြေးအလွှားသွားကြတော့ တွေ့ပါပြီ။ နက်ရှိုင်းသောတွင်းချိုင့်ကြီး။ ကညင်နှစ်ပင် မြစ်ဆုံပါမရှိတော့။ ကျွန်တော်က လမ်းပြမုဆိုးအားမေးတော့ . . .

''မုဆိုးကြီး . . . ဒီကညင်နှစ်ပင်က ဘာထူးခြားလို့လဲ''

''ထူးတယ် ဆရာကြီး။ တစ်ပင်နဲ့တစ်ပင် လိမ်ပြီးတက်သွားတာ။ အလွန်လှတယ်။ ပေ(၁၀၀)လောက်အထိ နေရောင်လုပြီး ဖြောင့်ဖြောင့်ကြီးတက်သွားတာ ပင်စည်က လူ(၂)ဖက်စာလောက်ရှိတယ်။ မြစ်ပျဉ်းကြီးက နှစ်ပင်ပေါင်းထားသော အုံ့မခန်းထူးဆန်းနေတယ်။ ကျွန်တော်တို့ တောမုဆိုးတွေ အမဲကောင်ရအောင် တောနတ်တင်တဲ့ အခါကအပင်ကြီးဘဲ ပေ(၂၀၀)ကျော်လောက်မြင့်လိမ့်မယ်။ ရှားပါးသစ်ပင်ကြီးပါဘဲ။ နှမြောစရာဗျာ''

''အေးပေါ့ . . . မုဆိုးကြီးရယ်။ သစ်ခိုးသမား၊ လက်နက်ကိုင်တရုတ်တွေနဲ့တွေ့တော့ စက်ယန္တရားအကူအညီနဲ့ ထုတ်သွားတာပေါ့။ ဘယ်လိုထုတ်သွားသလဲ မသိဘူး''

''ဒီနေရာက ခပေါင်းချောင်းနဲ့နီးတယ်လေ . . ဆရာရဲ့။ ခပေါင်းချောင်းက စစ်တောင်းမြစ်ထဲစီးဝင်တာ။ ညဘက် မော်တော်နဲ့ဆွဲထုတ်သွားမှာပေါ့။ ဒီအတိုင်းတော့ ဘယ်လွယ်မလဲ . . . ဆရာရယ်။ ပြည်တွင်းသစ္စာဖောက်တွေရှိမှာပေါ့။

အခုခေတ်က ကုမ္ပဏီတွေက သစ်ကွက်လေလံတွေ ရထားတယ်လေ။ ရောယောင်လုပ်သွားကြတာ နေမှာပေါ့။ ကျွန်တော်တို့ သစ်တောဌာနကလည်း ဝန်ထမ်းအင်အားနည်းတယ်ဆရာ။ ဒီဘက် ခပေါင်း





ချောင်းရိုးမှာ အောင်နန်းတော်၊ ဥဩဝတီ၊ တောက်တဲ့၊ အိမ်ရှေ့မြောင်း၊ ညည်၊ ရေငံ၊ ငုက်ဖြူ(ဆင်စခန်း)၊ အထက်၊ ရွှေထမိ (ဆင်စခန်း)၊ ဆဲ၊ ပုစွန်ဆိတ်၊ ဓားကျ၊ ကြွက်ကျ၊ ကြွက်လှျာ(ဆင်စခန်း)၊ ရှိန်းခုံ ဆင်စခန်း)၊ ဖကြိုး၊ မရမ်း၊ ပြောင်သေ၊ ရွှေတောင်၊ မိကျောင်းရဲ စတဲ့ သစ်ထုတ်စခန်း (၂၀)ခုရှိတယ်။

ရှေးရိုးအတိုင်းရိုးရိုးနည်းနဲ့ သင်းသတ်ပြီး ဖောင်ဖွဲ့ရမျှောရ တယ်။ စက်အင်အားလည်း မပါဘူး။ ကျွဲနဲ့ ဆင်နဲ့ဆွဲရတာ။ အခု သစ်ထုတ်ကုမ္ပဏီတွေက စက်အားသုံးတော့ ပိုဖြစ်နေတာပေါ့။ အစိုးရ သစ်ထုတ်လုပ်ရေးဌာနက ပေမီတန်းမီ ရောင်းတန်းဝင်မှ စနစ်တကျ သင်းသတ်ပြီးခုတ်တာ။

အခု ကုမ္ပဏီတွေကတော့ လေလံဆွဲ၊ သစ်ကွက်ရတာနဲ့ ပြောင်ရှင်းတော့တာပဲ။ ဒါကြောင့် သစ်တောတွေပြုန်း၊ စမ်းရေတွေ ခန်းပြီး ရာသီဥတုတွေ ဖောက်ပြန်ကုန်တာ။ တောကောင်းကောင်းဆို လို့လည်း ဒီဘက်မှာပဲ ရှိတော့တာ။ ဒါလည်း ကြာမယ်မထင်ပါဘူး ဆရာရယ်။

တာဝန်ရှိသူ လူကြီးတွေက သစ်လုပ်ငန်းဝင်ငွေရရင် ပြီးရော။ အကုန်ထုတ်ရောင်းတော့တာပဲ။ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းခဲ့ရတဲ့ သစ်တောကြီးတွေဟာ အင်္ဂလိပ်တိုင်းတစ်ပါးသားတွေ အုပ်ချုပ်ခဲ့စဉ်က တောင် မပြုန်းခဲ့ဘူး။ အခုခေတ်ကျမှ သစ်တောပြုန်းပြီး တောင်ခေါင်း ပုံးဘဝ ရောက်ရတော့တာပဲ။ တန်းဝင်သစ်ပင်တစ်ပင်ဖြစ်ဖို့ နှစ်(၅၀) ကနေ (၁၀၀)လောက်အထိ ကြာတယ်ဆရာ။ ကျွန်တော်ကတော့ သစ် တောဝန်ထမ်းဘဝရောက်ရတာ အလွန်အသည်းနာတယ်''



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . . ကိုအောင်ဆွေက ရိုးတာကိုး။ ကျွန်တော်သိ သစ်တောအရာရှိတွေကျတော့ တိုက်နဲ့ကားနဲ့ နောက်မိန်းမတွေတော ယူထားသေး။ တိုင်းပြည်သစ္စာဖောက်တွေပေါ့ဗျာ။ ကျွန်တော့်အမြင် တော့ အခုခေတ် အာဏာရှိသူ၊ ငွေကြေးရှိသူ၊ ကုမ္ပဏီအတော်များမျ ဟာ သစ်လုပ်ငန်းနဲ့ ချမ်းသာကြတာပါပဲ"

"ဟုတ်ပါ့ . . . ဆရာရယ်။ ရိုးမတောလည်း ပြောင်ပါပြီ။ အ အနောက်ရိုးမနဲ့ ကချင်ရိုးမသာ ကျန်တော့တယ်။ ဒီတောတွေလည်း လိုခုတ်ပုံမျိုးနဲ့ဆို နှစ်သိပ်ကြာကြာ မခံတော့ပါဘူး။ ပြောင်မှာပါ။ အာဏ ရှိသူတွေက မိမိကိုယ်ကျိုးပဲ ကြည့်ကြတာဆရာ"

ရိုးသားသော သစ်တောအရာရှိ ကိုအောင်ဆွေကို ကျွန်တော သနားနေမိသည်။ သစ်တောအရာရှိဖြစ်သော်လည်း အထက်အဆင့်ဆ ပုဂ္ဂိုလ်များက ကုမ္ပဏီများအား ခွဲတမ်းချပေးလိုက်သည်နှင့် ဆိုင်သ ဆိုင် မပိုင်သည့်သစ်တောဝန်ထမ်းဘဝ ဖြစ်ချေသည်။

ကျွန်တော် တစ်ခါတစ်ခါ စဉ်းစားမိသည်။ သစ်တောကြီးမျာ မြေအောက် သယံဇာတပစ္စည်းများကို နိုင်ငံတော်ကပိုင်သည်ဟု သိထ သည်။ နိုင်ငံတော်ဆိုသည်က ဘာပါလိမ့်။ အစိုးရအဖွဲ့အစည်းကို ပြေ တာလား။ တိုင်းရင်းသား ပြည်သူလူထုကော မပါဝင်၊ မပတ်သက်ဘ လား မေးစမ်းချင်လှပါသည်။

ကျွန်တော်တို့ ခေတ္တနားနေစဉ် မြေပုံကို ထုတ်ကြည့်မိသည် မြေပုံညွှန်းအရ ကညင်ညီနောင်အနောက်ဘက် အတောင်(၂၀)အကွ ခပေါင်းရေကြည်ပင် အောက်ကိုညွှန်ပြပြီး ကြက်ခြေခတ်ပြထားသည် ကျွန်တော်လိုက်ကြည့်တော့ ခပေါင်းရေကြည်ပင်ကြီးကို တွေ့ရသည် သစ်ထုတ်ရန် အသုံးမဝင်သော တောသစ်ပင်ဖြစ်၍ ခုတ်လှဲခြင်း မခံ





ခပေါင်းရေကြည်ပင်ဆိုသည်မှာ သစ်ပွသားဖြစ်ပြီး ဗိန္ဒောဆရာများ အတွက် အမြစ်နှင့်အသီးက ဆေးဘက်ဝင်သည်။ ဆီးရောဂါအမျိုးမျိုး ကို ပျောက်ကင်းစေနိုင်သည်။

အပင်မှာ တစ်ဖက်စာခန့်တော့ရှိသည်။ အပင်အရှေ့ဘက် တစ် ခန့်တွင် ကျွန်တော် အမှတ်အသားပြုပြီး တင်သောင်းနှင့် အောင် အား အသင့်ယူဆောင်လာသော လက်နက်များဖြင့် တူးခိုင်းသည်။ အကျယ် နှစ်ပေခန့်၊ တစ်တောင်ခန့်နက်သည်အထိ ဘာမျှမတွေ့ ဆက်တူးခိုင်းရာ နှစ်တောင်ခန့်အနက်ရောက်မှ ခပေါင်းရေကြည် မြစ်များတိုးခွဲထားသည့် စဥ့်အိုးငယ်တစ်လုံးကို တွေ့ရသည်။ ရှေး ရာဖြစ်သည်။ စဉ့်အိုးကလေးမှာ တစ်ထွာခန့်အမြင့်သာရှိ၍ အဝ ဖယောင်းဖြင့် မံထားသည်။ အသေအချာကြည့်မှ အိုးကွဲအတွင်း င်နေသည့် ခပေါင်းရေကြည်မြစ်တွင် ကျွန်တော်တို့ကူညီခဲ့သဖြင့် ဆပ်သော တောခေါင်းကြီးပေးခဲ့သည့် ရတနာမြေပုံပါ ကြေးနီ တလေးအတိုင်း ကြေးနီလိပ်ကလေးတစ်ခု စိုက်ဝင်နေသည်။

ကျွန်တော် အသင့်ဆောင်လာသော အမဲလိုက်ဓားဖြင့် အမြစ် ခုတ်ထွင်၍ကြည့်တော့ မြေပုံတစ်ခုကို တွေ့ရပြန်သည်။ ဤတစ်ခါ သည်က ခရီးဝေးလှသည်။ တနင်္သာရီတိုင်း၊ မြိတ်ကျွန်းစုမှ ကျွန်း ကျွန်းနှင့် မြေပုံဖြစ်လေသည်။ မြေပုံအောက်ခြေတွင် ရေးသားထား ည်က 'စိတ်ရှည်သည်းခံ စိတ်ရင်းမှန်၊ ရမည်ကေန် ရတနာ'တဲ့လေ။ တော်က သစ်တောအရာရှိ ကိုအောင်ဆွေအားပြရာ ကိုအောင်ဆွေ ရိုးသားသူပီပီ ပြုံး၍ . . .

"ဆရာတို့အလုပ်ကလည်း မလွယ်ပါလား"

"ဒီလိုပဲ . . . ကိုအောင်ဆွေရေ။ ကျွန်တော်တို့အလုပ်က ရတနာ



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးဆိုတော့ ခရီးထွက်ရတာတော့ မဆန်းပါဘူး။ ရလည်း ရပါတယ်
လူမှုရေးကိစ္စနဲ့ ဘုရားတည်၊ ကျောင်းဆောက်၊ လမ်းဖောက်တာ
အတွက် သုံးပါတယ်။ ပုထုဇဉ်ပီပီ ကိုယ်ရေးကိုယ်တာလည်း သုံးသ
ဗျာ''

''ဒါပေါ့ . . . ဆရာရယ်။ ကုန်ကျစားရိတ်က နည်းတာမှမဟုတ်
ဘဲ။ ခရီးတစ်ခုထွက်ရင် စားစရိတ်၊ သွားစရိတ်၊ လိုအပ်တဲ့ပစ္စည်း
ဝယ်ရခြမ်းရနဲ့ ကရိကထကလည်း အများသား။ ကျွန်တော်က
အေးအေးဆေးဆေး နေရတာကိုပဲ သဘောကျတယ် ဆရာ''

''ဒါတော့ဒါပေါ့ . . . ကိုအောင်ဆွေရယ်။ ရှေးလူဟောင်း
အမွေပေးခဲ့လို့ ရှာဖွေရတာဆိုတော့ ထိုက်တန်ရင်လည်း ရတာပေါ့။
လို့မှ မရှာဖွေရင်လည်း မြေကြီးထဲမှာ နှစ်မြုပ်ပျက်စီး ပျောက်ဆုံး
အလဟဿ မြေသြဇာဖြစ်ပြီး ပျောက်ဆုံးသွားမှာဘဲ။ အဲ့ဒါမျိုးတွေလည်း
နည်းမှာ မဟုတ်ဘူး။ ကျွန်တော်တို့အဖွဲ့ကတော့ ကံလည်း လိုက်ပါတယ်
ရတနာ မြေပုံသတင်းရတာနဲ့ စိတ်ရှည်ရှည်လိုက်ခဲ့ကြတာ။ နောက်
တော့ မရမရှိ ရကြတာပဲ။ သစ္စာရှိဖို့၊ တက်ညီလက်ညီရှိဖို့တော့ လို
ပေါ့လေ။ ယောကျ်ားဆိုတာ စွန့်စားမှ လူဖြစ်ရကျိုးနပ်တာဗျ''

''ဆရာတို့က စွန့်စားတာ၊ တောအနံ့သွားတာကို ဝါသ
လို့ နေမှာပါ။ အန္တရာယ်တော့ များမယ်ထင်ပါတယ် ဆရာ''

အန္တရာယ်ကတော့ အလွန်များတာပေါ့ဗျာ။ ကျွန်တော်နဲ့ တ
တွေကတော့ အတွေ့အကြုံများလို့ ခံနိုင်ရည်ရှိနေပါပြီ။ လိုတော့
သေးတယ်။ ကိုအောင်ဆွေအားရင်တော့ တပေါင်းလပြည့်နေ့မှာ
ကျွန်တော်တို့ ကမကထပြုပြီး လှူဒါန်းတဲ့ မြစိမ်းဘုရားပွဲနဲ့ လ
ဖောက်ပွဲကိုသာ လာဖြစ်အောင်လာခဲ့ကြပါ။ လိပ်စာပေးခဲ့မယ်။ ကျွန်





နှန်းနံ့ပါတ်လည်း မှတ်ထား။ ဆက်ဆက်လာခဲ့ပါ။ ပျဉ်းမနား–နေပြည်
တော်နဲ့ မဝေးလှပါဘူး။ ကျောက်ဆည်မြို့ရောက်ရင် ဖုန်းဆက်လိုက်။
ကျွန်တော်တို့ လာကြိုမယ်''

''အေးဗျာ . . . လာဖြစ်အောင် လာခဲ့ပါ့မယ်။ ဆရာတို့ရဲ့ အလှူ
ကို ကျွန်တော် အပြည့်အဝ သာဓုခေါ်ချင်ပါတယ်''

''ကဲ . . . ပြန်ကြစို့။ ဒီညတော့ အချိန်နှောင်းပြီ။ မိုးညိုဗိုလ်
တဲမှာပဲ အိပ်ရတော့မှာပဲ။ မနက်ဖြန်မနက်တော့ စောစောထပြန်မှဖြစ်
မယ်။ ရွာမှာ ကျွန်တော်တို့အလုပ်တွေက လက်စ,တန်းလန်းနဲ့''

''ကောင်းပါပြီ ဆရာ''

ကျွန်တော်တို့အပြန် တိုင်းဗဟို(၄၈)ဝင်တော့ တပ်ရင်းမှူးက
ကျွန်တော်တို့အဖွဲ့အား ဖမ်းဆီးရမိငွေထဲမှ သိန်း(၄၀)ဆုချပြီး စနိုက်ပါ
သွားတင်ဦးအား (၁၀)သိန်း သီးသန့်ဆုချသည်။ ညနေစာစားပြီးမှ
နိန်းရုန်တားသော်လည်း ကျွန်တော်တို့ အလုပ်ရှိသဖြင့် တောင်းပန်ပြီးပြန်
ကြပါသည်။

ထိုညနေက မိုးညိုသစ်တောဗိုလ်တဲတွင် အောင်ပွဲခံကြရင်း
မိရှင်ကိုအောင်ဆွေနှင့် ကျော်စိန်ဝင်းတို့အား (၁၀)သိန်းစီပေးခဲ့ပြီး
ကျွန်တော်တို့အဖွဲ့က ကျန်သိန်း(၂၀)အား မြိတ်ကျွန်းစုသွား ခရီးစရိတ်
အဖြစ် ရန်ပုံငွေလုပ်လိုက်ပါသည်။ ကျွန်တော်တို့အဖွဲ့မှာ ရတနာပစ္စည်း
များ မရခဲ့သော်လည်း 'မရှိခဏ'ဟူသော ဆောင်ပုဒ်အတိုင်း မထင်မှတ်
သောနေရာများမှ ဖုံငွေကြေးများ မမျှော်လင့်ဘဲ ဝင်လာတတ်ပါသည်။
သွားတင်ဦးကတော့ သူ့ဆရာ သူနိုးကြီးတေက်ပြားမ,သည်ဟု အမွှန်း
တင် ဂုဏ်ယူလျက်ရှိပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့ ကျောက်ဆည်မြို့ စီစဉ်ရင်း BREAKFAST စားနေကြစဉ် တောအုပ်ကိုအောင်ဆွေ ကျော်စိန်ဝင်းတို့က ခာတ်ဆီ(၁၀)ဂါလံ လာပေးသည်။ ထို့အပြင် ဈေး ခြောက်နှင့် ဆတ်သားခြောက်များလည်း ပေးလိုက်သေးသည်။ ကျွန် တို့ ခရီးထွက်ခါနီးတွင် မြစိမ်းဘုရားပွဲတော်လာရန် အထပ်ထပ်အ သူတို့နှစ်ဦးအား ဖိတ်ခဲ့ပါသေးသည်။

အပြန်တွင် ကျွန်တော့်အား အနားပေးသည့်အနေဖြင့် မြင့် က ကားမောင်းသည်။ မိတ္ထီလာရောက်မှ နေ့လယ်စာစားကြသည်။ အ မိုင်(၆၀)ကျော်ဝေးသော ကျောက်ဆည်မြို့ကိုဝင်၍ ထုံးစံအတိုင်း တ များဈေးဝယ်ကြစဉ် ကျွန်တော်က ဈေးရှေ့ရေနီမြောင်းဘေး လက် ရည်ဆိုင်သို့ဝင်ခဲ့ရာ ထိုင်နေကျစားပွဲတွင် ဦးလေးဦးအောင်သန်းက အ ရောက်နေသည်။

"လာ . . . ငါ့တူ အတော်ပဲ။ ဦးလေးက နေ့တိုင်း ဒီဆိုင် ပြီး ငါ့တူတို့ကို မျှော်နေတာ။ အဆင်ပြေကြရဲ့လား"

"မပြေ့တပြေပေါ့ . . . ဦးလေးရယ်"





ကျွန်တော်က အကျိုးအကြောင်း ရှင်းပြရသည်။ မရှိခဏဘုရား ကြောင်းလည်း ရှင်းပြရာ . . .

"ငါ့တူရယ် . . . ဦးလေးလည်း ကျောက်ဆည်သားပါ။ တံတားဦး ဆကို ရောက်ဖူးပါတယ်။ သူခိုးကြီးတောက်ပြားဘုရားကိုတော့ သာမန် ဘူးပါတယ်။ သူခိုးဘုရားဆိုတော့ အလေးအနက်မထားတာလည်း ခါလိမ့်မယ်။ မ,တယ်လို့ ပြောနေတာတော့ ကြားဖူးပါတယ်။ အလေး နက်မထားမိဘူးလို့တော့ ဆိုရမှာပေါ့"

"ယုံကြည်မှုပေါ့ . . . ဦးလေးရယ်။ တစ်ဦးနဲ့တစ်ဦး အပြန် န် မေတ္တာထားကြတဲ့ စေတနာ၊ မေတ္တာကြောင့်ဖြစ်မှာပါ။ ယုံကြည်မှု ် အလုပ်လုပ်မယ်။ ရည်မှန်းချက်ရှိတော့ အောင်မြင်နိုင်တာပေါ့။ ကို မ,တယ်ပြောလည်း ပြောလို့ရပါတယ်"

"ဟုတ်လိမ့်မယ် ငါ့တူ။ ကဲ . . . လုပ်လေ၊ မင်းကြိုက်တတ် ်ပြားပူပူလေးနဲ့ မလိုင်လက်ဖက်ရည်ချိုဆိမ့်ကလေး"

ကျွန်တော်တို့ စကားပြောရင်း စားသောက်ပြီးစီးလုတွင် တပည့် ပစ္စည်းအထုပ်အပိုးများဖြင့် ပြန်ရောက်လာကြသည်။

"ကဲ . . . မင်းတို့လည်း ဗိုက်ဖြည့်ကြဦး။ အပြန် တောခေါင်း ့သာရင်အိမ်ကို ဝင်ချင်တယ်။ မွေးစကလေးကို ဝင်ကြည့်ရင်း ဆောင်ပေးရင်း နှုတ်ဆက်စကားပြောရင်းပေါ့"

"ဆရာ . . . ဘာလက်ဆောင်ပေးမှာလဲ။ ကျွန်တော် ပြေးဝယ် ယ်"

"အေး . . . ကျော်ကြီး၊ တင်သောင်းပါ ခေါ်သွား။ ကလေး အတွက် နို့မှုန့်ဘူးနဲ့ လူကြီးတွေအတွက် နို့ဆီ၊ သကြား၊ လက် ခြောက် အထားခံမဲ့မုန့်တွေ ဝယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာ"

"ငါတို့ပြန်ကြမယ်ဆိုရင် ဦးလည်းလိုက်ခဲ့မယ်။ မြို့သစ်အိမ်မှာ အဝတ်အစားအိတ်ကလေးနဲ့ ငွေထုပ်ကလေး အသင့်ပြင်ဆင်ထားပါတယ်။ ဝင်ယူရုံတင်ပါပဲ"

"ရပါတယ် . . . ဦးလေးရယ်၊ မြို့အထွက်မှာပဲ။ အချိန်လည်းရပါတယ်"

ကျောက်ကြီးနှင့် တင်သောင်းပြန်လာတော့ ကျွန်တော်မှာသောလက်ဆောင်များ ပြည့်စုံသဖြင့် ကျောက်ဆည်ဆူးကုန်းရပ် မြောက်ပိုင်းသို့ ထွက်ခဲ့ကြပါသည်။ တောခေါင်းကြီး ဦးသာရင်အိမ်ရှေ့သို့ ကားရပ်သည်နှင့် ဦးသာရင်သားက ကျွန်တော်တို့အား အရင်မြင်ပြီး . . .

"အဖေနဲ့ မမတို့ရေ . . . ဧည့်သည်တွေလာတယ်။ ဦးဦးဟောင်မူကြီးတို့အဖွဲ့ လာတယ်"

ကလေးငယ်အော်သံကြားသည်နှင့် တစ်အိမ်သားလုံး ပြေးထွက်လာကြသည်။ ဆရာမလေး ဒေါ်စန္ဒီနွယ်က ဦးဆောင်ထွက်လာခြင်းဖြစ်သည်။ သူ့နောက်က မိဘများနှင့် ကလေးအမေ မိန်းကလေး။

စန္ဒီနွယ်က . . .

"အစ်ကိုတို့အဖွဲ့ ဘယ်က ပြန်လာကြတာလဲ။ လူစုံတက်စုံပဲ"

"ပျဉ်းမနားတောင်ညိုဘက်က ပြန်လာရင်းဝင်လာတာ။ ဦးလေးနေကောင်းရဲ့လား။ ကလေးရော နေကောင်းသလား"

"အားလုံး နေကောင်းကြပါတယ်။ အစ်ကိုတို့ ရန်ကုန်မပြန်ကြသေးဘူးလား။ လာ . . . ထိုင်ကြပါဦး။ ကျွန်မက ရန်ကုန်အပြန် ဝင်နှုတ်ဆက်လိမ့်မယ်ဆိုပြီး မျှော်နေမိတာ"





"အ,သုံးလုံးလုပ်အားပေးခဲ့တဲ့ ရွာတွေမှာ ပုဂံခေတ်က ဘုရားတွေပြင်၊ လမ်းဖောက် လုပ်နေကြတာ။ အတော်ကြာသွားတယ်။ အခုအချိန်ကလေးရတုန်း ဦးလေးဦးသာရင်ပေးခဲ့တဲ့ ရတနာမြေပုံနောက်လိုက်ကြတာ။ တွေ့တော့တွေ့ပါရဲ့ ဆက်ရန်ရှိသေးတယ် ဆိုသလိုပါပဲ။ မြစ်မာပြည်တောင်စွန်း မြိတ်ကျွန်းစုဘက် လိုက်ရဦးမယ်"

ဦးသာရင်က . . .

"ရတနာပေးသူက ဂန္ဓာရီပုဂ္ဂိုလ်ထင်ပါရဲ့။ သူ့အကြောင်းလည်းသေသေအချာမသိလို့ ဦးလေးက မပြောမိတာပါ"

"ရပါတယ် . . . ဦးလေးရယ်။ ကျွန်တော်တို့ စိတ်မပျက်ပါဘူး ရတနာတွေရရင်လည်း ဦးလေးတို့မိသားစုကို မမေ့ပါဘူး။ သည်နေရာထပ်ညွှန်းတဲ့ ကြေးနီလိပ်ကလေးပါ"

ဦးသာရင်က စိတ်ဝင်စားဟန်မပြ။ ကိုင်ပင်မကြည့်ဘဲ ကျွန်တော့်လက်အား တွန်း၍ . . .

"ထားပါ . . . မောင်၊ ဦးလေး စွန့်ပြီးပြီပဲ။ မောင်ရင်တို့နဲ့ပဲဆိုင်ပါတယ်။ ကဲ . . . သမီးတို့သားတို့ မင်းတို့အစ်ကိုတွေအတွက် ညစာချက်ဖို့ အမြန်စီစဉ်ကြစမ်းကွယ်"

"မလုပ်နဲ့ . . . ဦးလေး၊ ကျွန်တော်တို့ ဒီည အရောက်ပြန်ရမယ့် ရွာမှာ အလုပ်ရှိတယ်"

"ဝေးတာမှ မဟုတ်တာဘဲ . . . ငါ့တူတို့ရယ်။ ကားလည်းပါသပဲ။ ထမင်းဟင်းချက်တာ ဘာကြာတာမှတ်လို့"

"ကဲ . . . ကလေးလေးပြပါဦး ဆရာမစန္ဒီနွယ်"

"အစ်မ . . . သားကလေးကို ပြလိုက်ဦး၊ ညီမ ကော်ဖီဖျော်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်နဲ့တော့ . . . ဆရာမ၊ ကျွန်တော်တို့ လမ်းမှာ မှောင်နေမှာ စိုးလို့ပါ။ ရော့ . . . ဟော့သည်မှာ ကလေးအတွက် နို့မှုန့်ဘူးတွေ။ ဒီက လူကြီးတွေအတွက် စားစရာတွေနဲ့ ဆတ်သားခြောက်၊ ချေသားခြောက်။ ဒါကတော့ ရတနာမြေပုံရှာရင်း သစ်ခိုးသမားတွေနဲ့တွေ့လို့ တိုက်ပွဲဖြစ်ပြီး တိုင်းဗဟို (၄၈)က ဆုချတဲ့ငွေထဲက ငွေ (၂)သိန်း။ ညီလေးနဲ့ ဒေါ်လေး အတွက် လှူဖို့တန်းဖို့ပါ"

"ငါ့တူ . . . မလုပ်ပါနဲ့ကွယ်။ ဦးလေးတို့မှာ ပြည့်စုံပါတယ်။ မင်းတို့ အသက်နဲ့ရင်းပြီး ရလာတဲ့ဆုကြေး မစားရက်ပါဘူး"

"ဦးလေး . . . ကျွန်တော်တို့က စွန့်စားရှာဖွေမှ စားဝင်အိပ်ပျော်တာ။ စားဖို့မဟုတ်ပါဘူး။ လှူဖို့တန်းဖို့ပါ"

"အစ်ကိုတို့ ကူညီတာများနေပြီ။ ကျွန်မတို့က ပြန်မပေးနိုင်ဘူး"

"ထားပါကွယ် . . . အခု အစ်ကိုတို့ မြုပြင်နေတဲ့ဘုရားနဲ့ ရွာ လမ်းမကြီးက ပြီးလုပြီ။ တပေါင်းလပြည့်နေ့မှာ ဘုရားပွဲတော်နဲ့ လမ်းဖွင့်ပွဲ အလှူလုပ်မယ်။ တစ်အိမ်သားလုံး လာဖြစ်အောင်လာခဲ့ကြပါ။ တည်းဖို့ခိုဖို့လည်း တာဝန်ယူပါတယ်။ နီးရင် တပည့်တစ်ယောက်ကို ကားလွှတ် အကြိုခိုင်းလိုက်မယ်။ ဒီက ဦးလေးဦးအောင်သန်းကိုလည်း ကြိုရင်းနဲ့ပေါ့"

ထိုအခါမှ တောခေါင်းကြီးဦးသာရင်က ဦးအောင်သန်းအား အသေအချာကြည့်ရင်း . . .

"မြင်ဖူးသလို မှတ်ပါတယ်ဗျာ"

"ဟုတ်ပါတယ်။ ကျွန်တော်က အခု ဆရာလေးတို့ လမ်းပြင် ဘုရားပြင်နေတဲ့ ကုန်းသာရွာဘက်က ပြောင်းလာပြီး မြို့သစ်မှာ အခြေချတာပါ။ ရေနီမြောင်းဘေးက လက်ဘက်ရည်ဆိုင်မှာ ဆုံဖူးတယ်မှတ်ပါတယ်"





"ဟုတ်ပါ့ဗျာ . . . တွေ့ရတာ ဝမ်းသာပါတယ်။ နောက်နေ့ တွေ့ ဆုံကြတာပေါ့။ ပင်စင်စားပဲ ထင်ပါရဲ့"

"မဟုတ်ပါဘူးခင်ဗျ။ ကျွန်တော်က တောင်သူပါ"

ကျွန်တော်တို့ ပြန်ကြမည်ဟုနှုတ်ဆက်တော့ အားလုံး စိတ်မကောင်းဖြစ်ကြသည်။ တပေါင်းဘုရားပွဲအား လာကြမည်ဟုဆိုသည်။ ကျွန်တော်တို့ပြန်ကြတော့ ညနေ (၅)နာရီခန့် ရှိချေပြီ။ ကျောက်ဆည်မြို့ တွင်းကထွက်သည်နှင့် သစ်ရိပ်၊ ဝါးရိပ်ပါးလျားသွားသည်။

ဖေဖော်ဝါရီလအတွင်းဖြစ်သဖြင့် ခြောက်သွေ့ရာသီက စ,ချေပြီ။ ဦးလေးဦးအောင်သန်းတို့ မြို့သစ်တွင် သစ်ပင်ကြီးများမရှိ။ ထနောင်းပင်နှင့် ရှားပင်ပေါက်များလောက်သာရှိပြီး အညာနွေဦးသရုပ်ကို ပီပြင်အောင်ဖော်ထုတ်နေသည်။ ကျောက်ဆည်မှာလည်း ရှေးမြို့ဟောင်းဖြစ်သဖြင့် လမ်းဘေး၌ ဘုရားစေတီများက တန်းစီပြီး ရှိနေသည်။

နာရီဝက်ခန့်နှင့် မိုးအောင်တို့ရွာ ကြောင်ပန်းကုံးကို ရောက်သည်။ မိုးအောင်က အိမ်တွင်အဆင်သင့် စောင့်ကြိုနေပါသည်။

"လာ . . . အစ်ကိုတို့၊ အစ်ကိုတို့ ပြန်လာရင်သောက်ဖို့ ကျွန်တော် ကြက်ကြော်နဲ့ ထန်းရည်ခါး အဆင်သင့်စီစဉ်ထားတယ်။ ရေချိုးကြဦးမလား"

"ဟ . . . ကောင်ရ၊ ရေတော့ ချိုးဦးမှပေါ့ဟ။ မင်းတို့ဆီက ဆောင်းကုန်မယ် ကြံခါရှိသေး အတော်ပူတာပဲ"

"အညာဒေသဘဲ ညနက်မှအေးလာတာ . . . အစ်ကိုကြီးရဲ့"

"ကဲ . . . ခရီးရောက်မဆိုက် ပြောပါဦး။ လမ်းအခြေအနေ ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တိုင်းထွာတွက်ချက်ပြီးလို့ မြေလမ်းဖို့နေပါပြီ။ ဓာတ်မီးတိုင် သွယ်တန်းခွင့်လည်း ရပါပြီ။ ဘုန်းကြီးနဲ့ရွာက အစ်ကိုကြီးတို့အဖွဲ့ကို စောင့်မျှော်နေကြပါတယ်"

"အေးကွာ ... ငါတို့လည်း နောက်ဆံတင်းပြီး ခရီးသွားရတာပါ။ ကိစ္စပြီးတာနဲ့ ချက်ချင်းပြန်လာတာ။ နှစ်ညအိပ်၊ သုံးရက်ခရီးပါပဲ"

"အဆင်ပြေသလား ... အစ်ကိုကြီး"

"အေး ... မပြေတပြေလို့ ပြောရမယ်ထင်ပါရဲ့"

ကျွန်တော်က ဖာတ်ခင်းပြီး ပြန်ပြောရသည်။ မြင့်သိန်းနှင့် ကျော်ကြီးတို့အဖွဲ့များ ဆူညံစွာ ရေချိုးနေကြသည်။ ဦးလေးဦးအောင်သန်းကတော့ ညနေပိုင်း ရေမချိုးသဖြင့် ရေနွေးကြမ်းထိုင်သောက်နေသည်။

ကျွန်တော် ရေချိုးနေစဉ် ဖုန်းလာသဖြင့် ပြေး၍ပြောသည်။ မန္တလေးမှ မမကြီးဖြစ်သည်။ သူနှင့် သမီးအတွက် သစ်ခွပန်းအိုးများ ပါလာသည်ဟု ပြောသဖြင့် ညတွင်းချင်း ဆင်းလာမည်ဟုပြောသည်။ မန္တလေးနှင့်ကျောက်ဆည်မြို့မှာ မဝေးလှပါ။ လာချင်လျှင် အနီးလေးပင်။

ကျွန်တော်တို့ ညစာစားကြသည်။ ဖိမ်ဆွဲ၍ မစားသောက်နိုင်ကြတော့။ တစ်နာရီနှစ်နာရီအတွင်း မမကြီးတို့သားအမိ ရောက်လာကြမည်ဖြစ်သည်။ စားသောက်ပြီးသည်နှင့် တပည့်များက ကြောင်ပန်းကုံးရှာထိပ်သို့ထွက်၍ စောင့်ကြသည်။

ကျွန်တော်နှင့် ဦးလေးဦးအောင်သန်းသာ ရေနွေးကြမ်းသောက်၍ အစာကြေစေရန် ကျောက်ဆည်ရွာထွက် ထန်းဖိုဦးထန်းလျက်ကို





တရေရင်း လမ်းကိစ္စ၊ မီးတိုင်ကိစ္စများ ပြောနေကြသည်။ မကြာပါ တစ်နာရီကျော်ခန့်ပဲ ကြာပါလိမ့်မည်။ ကားသံကြားရပြီး မမကြီးတို့သားအမိ SUPER SALOON ကားကလေးဖြင့် ရောက်လာကြသည်။ ကျွန်တော်က မိုးအောင်တို့ခြံဝသို့ ထွက်ကြိုရင်း ...

"မြန်လှချည်လား ... မမရယ်။ ညဘက်ကြီး ဖြည်းဖြည်းသက်သာ မောင်းတာမဟုတ်ဘူး။ မောင်မောင်တို့က မမတို့ မလာမချင်း စောင့်နေမှာပါ"

"သိတယ် ... မောင်မောင်၊ မောင်မောင့်သမီးက ပြောမရဘူး။ သစ်ခွပန်းအသံကြားတာနဲ့ ဗိုက်ဆာတာနဲ့ အတင်းမောင်းတော့တာ။ လမ်းမှာလည်း ဘယ်ကားမှမထားဘူး။ အကုန်ကျော်တက်တာ"

"ဟုတ်သလား ... သမီး၊ ညဘက်ကြီး အန္တရာယ်များတယ်ကွယ့်၊ တစ်ခုခုမှားတာနဲ့ ဒုက္ခတွေ့တတ်တယ်၊ နောင် အဲ့ဒီလိုမလုပ်ရဘူးနော်"

"ဟုတ်ကဲ့ပါ ... ဦးဦး"

အလိုက်တသိ မိုးအောင်တို့လင်မယားနှင့် ကျွန်တော်တပည့်များက မမကြီးတို့သားအမိအတွက် ညစာပြင်ဆင်ပေးနေစဉ် ကျွန်တော်က အိမ်အနီး သရက်ပင်တွင်ချိတ်ဆွဲထားသော သစ်ခွပန်းအုံများအား သက်နှိုပ်ဓာတ်မီးထိုး၍ ပြသ,ရာ မမကြီးတို့သားအမိ လွန်စွာ နှစ်ခြိုက်ကြသည်။

"ထမင်းဆာတာတောင် မေ့သွားတယ် ... ဦးဦးရယ်၊ ဒီသစ်ခွပန်းအုံတွေကို ပြင်ဦးလွင်အိမ်ခြံထဲမှာ သွားမစိုက်ဘူးနော်။ နေ့စဉ်မြင်ရအောင် မန္တလေးအိမ်ခြံထဲမှာပဲ စိုက်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အပွေးကောင်းတဲ့ မန်ကျည်းပင်နဲ့ သရက်ပင်ကို ကပ်စိုက်မှ ကောင်းတာသမီးရဲ့"

"(၃၅)လမ်းအိမ်ရှေ့မှာ မန်ကျည်းပင်ကော၊ သရက်ပင်ပါ ရှိပါတယ်ဦးဦး။ အတော်ပါပဲ"

"အေး ... အေး ... မျောက်တင်သောင်းကို စိုက်ခိုင်းပေးမယ်။ ဒီပန်းအုံတွေကိုလည်း သူပဲ ကျွန်းပင်ကြီးအပေါ်က တက်ချပေးတာ"

"ဦးဦးတင်သောင်းကို ဆုချရမယ် ... မေမေ"

"အေးပါကွယ် ... အေးပါ"

"ဒါနဲ့ မောင်မောင်တို့ဆီက အလုပ်က ဘယ်တော့ပြီးမှာလဲ"

"အင်း ... လမ်းခင်းတာနဲ့ ခါတ်မီးတိုင်သွယ်တာနဲ့ တစ်လလောက်တော့ ကြာဦးမယ်ထင်တယ်။ လမ်းခင်းတာက ကျွန်တော်တို့ ကိုယ်တိုင်ပါမှဖြစ်ပေမဲ့ ခါတ်မီးတိုင်သွယ်တန်းတာကတော့ သူ့ပညာရှင်နဲ့သူ လာကြမှာပါ။ နှစ်ပတ်လောက်လမ်းခင်းပြီးတာနဲ့ ကျွန်တော်တို့အဖွဲ့ မန္တလေးတက်လာပါ့မယ်"

"ဒီကို ပြန်လာရဦးမှာပေါ့"

"ဟုတ်တယ် ... မမ၊ လမ်းခင်းပြီးတာနဲ့ တပေါင်းလဘုရားပွဲတော်အမီ ခါတ်ကြိုးတွေကို လိုအပ်သလိုသွယ်ရမှာ။ အဲ့ဒီကိစ္စကတော့ ဖြင့် မြင့်သိန်းက ကျွမ်းပါတယ်။ အမြင့်တက်တာကတော့ ပုဏ္ဏားနဲ့ မျောက်တင်သောင်းတို့ကို အားကိုးရမှာ"

"မောင်မောင်ကတော့ အကွက်ကိုစေ့နေတာပဲ။ မန္တလေးအိမ်လည်း ပြန်နားပါဦး။ ပြီးရင် ပြင်ဦးလွင် မိုးမခစံအိမ်ကြီးဆီလည်း မရောက်တာကြာလို့ သွားချင်တယ်။ နောက်ပြီး မောင်မောင့်သမီး ယွန်း





ပွင့်စံက ဖေဖော်ဝါရီလကုန်မှာ စေ့စပ်ပွဲလုပ်မှာ။ လက်ထပ်ပွဲကိုတော့ သူတို့ဆန္ဒအတိုင်း ရက်ရွေးကြလိမ့်မယ်"

"ကျွန်တော်တို့ ဒီကကိစ္စတွေပြီးတာနဲ့ မြိတ်ကျွန်းစုဘက် သွားချမယ် မမ"

"ဘာကိစ္စလဲ ... မောင်မောင်"

ကျွန်တော်က ရတနာမြေပုံကိစ္စအား ရှင်းပြရသည်။

"မောင်မောင်ကတော့ လုပ်လိုက်ပြန်ပြီ။ အနားကို မနေဘူး"

"ကဲ ... သမီးယွန်းပွင့် ဆာရောပေါ့။ ထမင်းစားကြပါ။ ကျွန်တော်တို့တော့ စားပြီးကြပြီ"

ယွန်းပွင့်စံမှာ ဆာနေဟန်ဖြင့် အညာလက်ရာဟင်းများကို ကောင်းကောင်းစားသည်။ မမကြီးလည်း ထမင်းမြိန်ဟန်တူပါသည်။ သားစု တွေဆုံကြတော့လည်း ပျော်စရာပါပင်။

စားသောက်ပြီး၍ ကျွန်တော်တို့ နန္ဒီတောင်ရွာသို့ ညအိပ်ပြန်ကြရန် စီစဉ်တော့ မိုးအောင်က ...

"အစ်ကို ... ဒီမှာပဲ ညအိပ်ပါလား။ ကျွန်တော့်အိမ် ကျယ်ပါတယ်"

"မိုးအောင် ကျေးဇူးပဲ။ သူတို့က Air Con အခန်းထဲနေတော့ အိုက်လို့ အိပ်တတ်မှာမဟုတ်ဘူး။ နန္ဒီရွာက ကနားဖျင်းအောက်က လေဝင်လေထွက်ကောင်းတော့ အေးတယ်။ အဲ့ဒီမှာပဲ ညသိပ်တော့မယ်။ နက်ဖြန်မနက်စောစော မင်းလာခဲ့ဦး။ ငါတို့အဖွဲ့တွေချည်းပဲ ချစ်တီးဘိုက်ဝါကြီးတွေကို ဖျက်ကြမှာ။ အပြင်လူမခေါ်ချင်ဘူး။ မိုးတင်တို့ ညီအစ်ကိုတွေလည်း ပါမယ်။ တူကောင်းကောင်းနဲ့ သံတူရွင်းတော့ ကိုယ်စီယူခဲ့ကြမှဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါတွေက အိမ်တိုင်းမှာရှိတယ် ... အစ်ကို၊ လိုအပ်ရင်လည်း ရွာလယ်က ဦးသန်းစိန်ပန်းပဲဖိုမှာ ပေါပါတယ်ဗျာ"

ကျွန်တော်တို့ စထွက်လာတော့ ကျော်ကြီးက ကျွန်တော့် SUNNY (Pick up) ကားကိုမောင်းပြီး ဦးလေးဦးအောင်သန်းကိုပါ တင်ခေါ်ခဲ့သည်။ တံတားဦးကားလမ်းက ဖုံဆင်းသည်နှင့် အင်္ဂတေလမ်းကြီးက အဖွေးသား။ မြစိမ်းဘုရားကိုလည်း ကားမီးရောင်ဖြင့် သပ္ပာယ်စွာ လှမ်းဖူးရသည်။ ထိုစဉ် ရှေ့ကားရပ်သဖြင့် ကျွန်တော်တို့ကားလည်း ရပ်လိုက်ရာ မိန်းကလေး(၂)ဦး လက်လှမ်းတားနေသဖြင့် ရပ်ခြင်းဖြစ်သည်။ ကျွန်တော် ကားပေါ်ကဆင်းတော့ မမြစိမ်းတို့ ညီအစ်မဖြစ်နေသည်။

"မောင်ကြီးတို့ ပြန်လာပြီလား။ ရော့ ... ဟော့သည်မှာ မနက်ဖြန်မနက်စားဖို့ ပျားရည်မုန့်တွေပါ။ မနက်ဖြန်မနက် ဒီမုန့်တွေစားပြီး တိုက်ဝါကြီးတွေဆီကို သွားပါ။ မေတ္တာပို့အမျှဝေပြီး ဖယ်ရှားနိုင်ပြီး တိုက်ဟောင်းကြီးတွေကို ဖျက်ပါ။ မြွေသတိထားပါ။ ကဲ ... ရောက်တုန်း ရောက်ခိုက် ညီမတို့မြစိမ်းဘုရားကို ဝင်ပူဇော်သွားပါဦး။ ဆရာတော်ကိုလည်း ဝင်သတင်းပို့ပြီး ခွင့်တောင်းပါ"

ကျွန်တော် ကားပေါ်က လူအကုန်ဆင်းခိုင်း၍ မမြစိမ်းညီအစ်မ အသင့်ပူဇော်ထားသော ဖယောင်းတိုင်၊ အမွှေးတိုင်များဖြင့် ရှိခိုးကန်တော့ကြသည်။ ပြီးတော့ မမြစိမ်းညီအစ်မက ကျောက်စိမ်းဆွဲကြိုး တစ်ကုံးစီ လက်ဆောင်ပေးသည်။ မမကြီးနှင့် သမီးယွန်းပွင့်စံအတွက်ဖြစ်သည်။

"ကျွန်မတို့က ရတနာကုန်သည်တွေပါ။ မလိုအပ်ပါဘူးရှင်"

မမကြီးကပြောတော့ မမြစိမ်းအစ်ကြီးမက ...

"လိုအပ်လို့ မေတ္တာနဲ့ပေးတာပါရှင်။ ဆောင်ထားပါ"





ကျွန်တော်က လက်တို့မှ သူတို့သားအမိက လက်ခံသည်။ ကျောက်စိမ်းဆွဲကြိုး(၂)ကုံးအား မမကြီးတို့သားအမိကို ညီအစ်မနှစ်ယောက် ကိုယ်တိုင်ဆွဲပေးသည်။

"အန္တရာယ်အသွယ်သွယ် ကင်းပါစေ"

ကျွန်တော်တို့ မမြစိမ်းတို့ညီအစ်မအား ပြန်ရန်နှုတ်ဆက်တော့ တောစပယ်ရနံ့ ထောင်းထောင်းထသွားသည်။ တပို့တွဲလကွယ်ညနီး၍ နှင်းဝါးဝါးလရောင်အောက်တွင် ကြက်သီးပင်ထ,သွားမိသည်။

"ကဲ ... ဘုရားဒကာ၊ လမ်းဒကာတွေ ကျန်းမာချမ်းသာကြပါစေ။ ဘေးအန္တရာယ်အပေါင်းမှ ကင်းရှင်းပြီး ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်ပါစေရှင်"

ကျွန်တော် ကျေးဇူးတင်ကြောင်းပြောပြီး ပြန်လည်ထွက်ခွာလာကြတော့ ညီအစ်မနှစ်ဦး လက်ပြနှုတ်ဆက်၍ ကျန်ခဲ့သည်။

လမ်းတွင် မမကြီးက ...

"မောင်မောင် ... သူတို့က ဘယ်သူတွေလဲ။ သူတို့ညီအစ်မကိုတွေ့တာနဲ့ မမတော့ လူအများကြီးပါလျက်နဲ့ ကြက်သီးတဖြန်းဖြန်းထမိတယ်"

"သူတို့ညီအစ်မက မြစိမ်းဘုရားက အစောင့်တွေပါ မမ။ အလွန်စေတနာကောင်းပြီး သဘောလည်း ကောင်းကြပါတယ်။ မောင်မောင်တို့အလှူအတွက် ပံ့ပိုးကူညီနေတဲ့ ထာဝရအလှူရှင်တွေပါ မမ။ အန္တရာယ်မပေးပါဘူး။ ကျွန်တော် အခုမှ စဉ်းစားမိတယ်။ ကျွန်တော်တို့ ညဦးမနားဘက်သွားတုန်းက ရတနာတွေ မရနိုင်သေးဘူး။ နောက်တစ်နေရာသွားမှ အောင်မြင်နိုင်မယ်လို့ နိမိတ်ဖတ်ခဲ့တာ အမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မောင်မောင်တို့နဲ့ သူတို့ညီအစ်မ မကြာခဏတွေ့ရ တယ် ဆိုပါတော့"

"ဟုတ်ပါတယ်။ (၁၉၇၁–၇၂) နန္ဒီတောင်ရွာမှာ အ,သုံးလုံး လုပ်အားပေးခဲ့ကတည်းက ကျွန်တော်နဲ့ ဆုံဖူးတာပါ"

"ဒါဆို မောင်မောင်တို့က မောင်မောင့်စကားနဲ့ပြောရရင် ပဋ္ဌာန်း ဆက် ဆွေတော်မျိုးတော်တွေပေါ့နော်"

"အင်း ... အဲ့ဒီလိုလည်း ပြောလို့ရပါတယ်"

ထိုစဉ် တစ်ချိန်လုံးငြိမ်နေသော သမီးယွန်းပွင့်စံက ...

"တို့ဦးဦးကတော့ စွံသဟော့၊ ဥစ္စာစောင့်တောင် မနေရဘူး ခစ် ... ခစ် ... ခစ် ..."

"မဟုတ်ပါဘူး ... သမီးရယ်၊ မိတ်ဆွေအပေါင်းအသင်းတွေ ပါ"

ဦးလေးဦးအောင်သန်းက ...

"ဦးလည်း ဒီရွာမှာနေပြီး မြစိမ်းညီအစ်မအကြောင်းကို ကြား ဖူးနေတာ ကြာပါပြီ။ တစ်ခါမှ မကြုံဖူးပါဘူး။ အခုတစ်ခါပဲ ကိုယ်တိုင် လက်ရောက်ကြုံကြိုက်ဖူးတော့တယ်။ ငါ့တူမနဲ့ သမီးကလည်း အစော တူမကြီးပြောသလို ပဋ္ဌာန်းဆက်တွေဖြစ်လို့ ရတနာပစ္စည်းအဆောင် တွေ ပေးတာနေမှာပေါ့ကွယ်။ ရှားပါးပစ္စည်း၊ တန်ဖိုးရှိတာတွေဖြစ်လိမ့် မယ်။ မပျောက်ပျက်အောင် ဆောင်ထားကြပါ။ အကြောင်းရှိပါလိမ့် မယ်"

၆။ မမကြီးတို့သားအမိ ငြိမ်သွားကြသည်။ ကားများလည်း အုန်း လက်ကောက်ဆရာတော်ကျောင်းအတွင်း ချိုးဝင်နေပါပြီ။ အချိန်က ည





၉ နာရီကျော်ချေပြီ။ ဆရာတော် မကျိန်းသေးပါ။ တရားထိုင်ပြီး ပက် ...က်ကုလားထိုင်ကြီးပေါ်တွင်ထိုင်ရင်း ရေနွေးကြမ်းဘုန်းပေးနေပါသည်။

"လာ ... ဒကာကျောင်းဆရာလေး။ မိုးချုပ်လှချည်လား။ ...ဘာ ... ဒါယိကာမကြီးနဲ့ တပည့်တွေအစုံအလင်နဲ့ မြို့တက်နေတဲ့ ...အောင်သန်းတောင် ပါလာသေးသကိုး"

"မှန်လှပါ ဘုရား၊ တပည့်တော်တို့ ပျဉ်းမနားသွားကြရင်း ...ဖူးဆုံလာကြတာပါ။ ဒကာကြီး ဦးအောင်သန်းက အလှူငွေ(၁၀) ...န်း လှူချင်လို့ပါတဲ့ဘုရား"

"ကောင်းတာပေါ့ ဒကာကြီးရယ်။ ကိုယ့်ရွာတွေ မဖွံ့ဖြိုး၊ မတိုး ...က်သေးလို့ မြို့တက်နေကြတာ။ ရွာတွေ ဖွံ့ဖြိုးတိုးတက်ရင် ဘယ် ...ြို့တက်နေစရာ အကြောင်းရှိမလဲ။ ကဲ ... ကျောင်းဆရာဒကာကြီး ...လှူငွေလက်ခံမှာဖြည့်ပြီး ဒကာကြီးဦးအောင်သန်းကို ဖြတ်ပိုင်းပြန် ...လိုက်ပါ။ ရော့ ... ဒီမှာ ငွေသေတ္တာသော့ သိမ်းလိုက်ဦး"

"တင်ပါ့ဘုရား"

ကျွန်တော်တို့ ဆရာတော်အား နှုတ်ဆက်ပူဇော်ကန်တော့ပြီး ...တောင်ရွာသို့ ပြန်ခဲ့ကြပါသည်။ ရွာအဝင်လမ်းမှ ကားသံကြားသည် ... မိုးတင်က ထွက်ကြိုနေပါသည်။

"ဆရာတို့ပြန်လာကြပြီလား။ ဟာ ... ကားက နှစ်စင်းတောင်။ ...ြော် ... မမကြီးတို့ပါ ပါလာတာကိုး။ သမီးယွန်းပွင့်ရေ ... ထမင်း ...ာ စားပြီးပြီလား"

"စားပြီးပါပြီ ဦးမိုးတင်။ ဦးမိုးအောင်တို့အိမ်မှာ စားခဲ့တာ"

"အော် ... ဒါကြောင့် ဒီကောင်ပျောက်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . မိုးတင်၊ ဧည့်သည်တွေအတွက် ကော်ဖီဖျော်၊ မုန့် တွေပါချ။ သမီးယွန်းပွင့်က ဆာတတ်တယ်။ အိပ်ရာနေရာလည်း စီစဉ် ဦး။ သူတို့က အအေးကြိုက်တော့ မင်းတို့အိမ်ခန်းထဲ အိပ်တတ်မှာ မဟုတ်ဘူး။ ကနားဖျင်းထဲမှာ သီးသန့်လုပ်ပေးလိုက်"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်တော်တို့ အနားယူအပန်းဖြေရင်း စကားပြောနေကြစဉ် မိုးတင်နှင့် တပည့်များက ကော်ဖီပန်းကန်များ လာချပေးသည်။ ကျွန် တော်က တပည့်များအား မနက်ဖြန်မနက် ချစ်တီးကုလား တိုက်ပု ကြီးများအား ဖြိုဖျက်ကြမည်ဖြစ်ကြောင်း သတိပေးလိုက်သည်။ ည(၁၀)နာရီခန့်မှ အိပ်ရာဝင်ခဲ့ကြသည်။

အညာဒေသထုံးစံအတိုင်း ညဦးပိုင်းတွင် ပူအိုက်သော်လည်း ညည့်သန်းခေါင်ကျော်သည်နှင့် အေးလာသည်။ ကလေးလိုအိပ်တတ် သည့် သမီးယွန်းပွင့်စံအတွက် စောင်ခြုံပေးရန် မမကြီးအား သတိပေး သေးသည်။ ကျွန်တော် ခရီးပန်းလာသော်လည်း ယနေ့ည ကောင်းစွာ အိပ်မပျော်ပါ။ သန်းကောင်ကျော် အေးလာမှ မှေးခနဲ အိပ်ပျော်သွား တော့သည်။

✿ ✿ ✿

❑

မနက်(၆)နာရီခန့် အိပ်ရာထကြ၍ ဘုရားဝတ်ပြုကြပြီး မေတ္တာ ပို့ အမျှဝေကြသည်။ မနက်စောစော ထမင်းကြော်နှင့် လက်ဖက်ရည်ချို သောက်စားကြပြီးသည်နှင့် ကျွန်တော်တို့ ကားနှစ်စီးဖြင့် တပည့်များ၊ မိုးတင်တို့ ညီအစ်ကိုနှင့် လက်နက်ပစ္စည်းများကို တင်ဆောင်ကာ ရွာ သည်းခိုအိမ်မှ ထွက်ခွာလာကြသည်။ မမကြီးတို့သားအမိလည်း ပါလာ သောကြောင့် အဆာပြေစားစရာများလည်း အပြည့်အစုံ ပါလာသည်။ သောက်စရာကတော့ ရေသန့်ဘူးနှင့် အချိုရည်ဘူးများ ဖြစ်ကြသည်။

တိုက်ဝါကြီးများအထိ ကားလမ်းက မပေါက်သေးသဖြင့် ပစ္စည်း များထမ်းကာ လမ်းဆင်းလျှောက်ရသည်။ မိုးတင်တို့ညီအစ်ကိုက မနေ့ ကထဲက ကြိုတင်ဆောက်ထားသော ယာယီတဲတွင် နေရာချပေးပြီး ရေနွေး ကြမ်းတည်ပေးသည်။

လမ်းလုပ်သား အင်ဂျင်နီယာများနှင့် ကျေးရွာသူကျေးရွာသား များ လုပ်အားပေးများကို ဟိုးအဝေးနေပူရှာနှင့် ကုန်းသာရွာထိပ်ဘက် ဆီ လှမ်းမြင်နေရသည်။ လမ်းဖောက်၊ မြေတူးစက်များကတော့ ရှေ့ပိုင်း ရောက်နေကြပါပြီ။ ကျွန်တော်တို့လည်း နေရာကျသည်နှင့် အသီးသီးတာဝန်



www.burmeseclassic.com

www.burmeseclassic.com



ခွဲကာ လုပ်ငန်းခွင်ဝင်ကြသည်။ ငါးပေါင်တူကြီးများဖြင့် အုတ်နံရံများ
အား ဖြိုဖျက်သူ၊ အုတ်များ၊ သစ်များသယ်၍ စနစ်တကျ စုပုံသူ၊ အိမ်
ကြီးများပတ်ဝန်းကျင် သူးခြုံများအား ရှင်းသူနှင့် တာဝန်အသီးသီးယူ
ကြသည်။

ပထမ အိမ်ကြီးကို ဖြိုဖျက်စဉ် အလယ်ခေါင်တိုင် အုတ်
အတွင်း အပေါက်လေးတစ်ခုအတွင်းမှ မြွေထွက်လာသဖြင့် ခြောက်လှန့်
ထုတ်ပြီး ဖြိုကြရာ ကြေးဝါရှေးဟောင်းကွမ်းအစ်ကြီးတစ်လုံး ထွက်လာ
သည်။ ဖွင့်ကြည့်တော့ အပေါ်အံတွင် ငွေဖလားငယ်လေးလုံး၊ အောက်
ခံကွမ်းရွက်ဘူးအတွင်း၌ မြိတ်ထုံး အင်္ဂလိပ်ခေတ်သုံး ရွှေဒင်္ဂါးများအပြည့်
ကျွန်တော်ဖွင့်ကြည့်ပြီး ဆက်ဖြိုစေရာ အလယ်ခေါင်တိုင် (၃) လုံးစလုံး
မှ ရွှေဒင်္ဂါးအပြည့် ကြေးဝါကွမ်းအစ်ကြီး (၃)လုံးရသည်။

တိုင်များနှင့် အုတ်နံရံအားဖြိုပြီးတော့ ကြမ်းခင်းအောက်
လိုဏ်သံကြားရသဖြင့် မြေအောက်ခန်းရှိကြောင်း သိလာရသည်။

တပည့်များက ...

''ဆရာ ... ဘယ်လိုလုပ်မလဲ''

''ဒီအတိုင်း ထားလိုက်။ မြေအောက်ခန်းဆိုတော့ အန္တရာယ်
များတယ်။ မြွေတွေပေါ်မှာတော့ သေချာတယ်။ နောက်မှ စက်ကြီးနဲ့
နဲ့ဖြိုမယ်။ လာ ... ခဏနားကြစို့။ တဲကိုပြန်ကြမယ်''

ကျွန်တော်တို့ တဲစခန်းပြန်ကြပြီး မမကြီးတို့သားအမိက ရွှေ
ဒင်္ဂါးပြားများကိုရေတွက်ကြရာ ကွမ်းအစ်တစ်လုံးတွင် ရွှေဒင်္ဂါးပြား(၃၀၀)
စီပါသည်။ ကွမ်းအစ်(၃)လုံး (၉၀၀)ပြားပါသည်။ အားလုံး ပျော်ကြ
သည်။ မနက်(၈)နာရီကျော်လျှင်ပင် အညာနေက ကျဲကျဲတောက်ပူလာ
သည်။





ထို့ကြောင့် ကျွန်တော်က တပည့်များအား အုပ်စုခွဲစေပြီး ကျန်
တိုက်ဝါကြီး(၃)သုံးလုံးအား တစ်ပြိုင်တည်းဖြိုဖျက်စေသည်။ ကျွန်တော်
ကတော့ နေပူကျဲတဲကြီးထဲ၌ ဦးထုပ်ဆောင်းကာ အပြေးအလွှား တစ်လုံး
ပြီးတစ်လုံး သွားနေရသည်။

တာဝန်ခွဲဝေပေးလိုက်တော့ မြန်သည်။ အုတ်များ၊ သစ်များ
ကိုတော့ မသယ်နိုင်တော့။ နောက်မှ ရှင်းရတော့မည်။ ချစ်တီးတိုက်ဝါ
ကြီး(၄)လုံးမှာ တစ်ပုံစံတည်း။ ရွှေဒင်္ဂါး(၃၀၀)စီပါသော ကြေးဝါကွမ်းအစ်
ကြီးများရသည်။ သို့သော် (၃)လုံးစီတော့မဟုတ်။

ပထမတိုက်မှာ ချစ်တီး ခေါင်းဆောင်ဖြစ်ဟန်တူသဖြင့် ရွှေကွမ်း
အစ် (၃)လုံးရသော်လည်း ဒုတိယချစ်တီးတိုက်က (၂)လုံး၊ တတိယနှင့်
စတုတ္ထတိုက်က (၁)လုံးစီတည်း ဖြစ်သော်လည်း တတိယနှင့် စတုတ္ထ
တိုက် (၂)လုံးက မြေအောက်ခန်း ပါပုံမရပါ။ လိုဏ်သံမကြားရသဖြင့်
ဖြစ်သည်။

ကျွန်တော်တို့ အလုပ်သိမ်းတော့ မွန်းတည့်လုပြီ။ ချွေးများရွှဲ
နစ်၍ အသင့်ယူဆောင်လာသော အကျီအပိုများကို လဲဝတ်ရသည်။
ထမင်းအားကိုမသောက်စေတော့ဘဲ ရေနွေးကြမ်းကိုသာ လက်ဖက်ခြောက်
နှင့်ဖြင့် တစ်ဝသောက်စေသည်။ ဝမ်းသာနေကြသဖြင့် သတိမထားမိ။
ထမင်းယွန်းပွင့်စံက သတိရ၍မေးတော့မှ မျောက်တင်သောင်းတစ်ယောက်
ပျောက်နေမှန်းသိရတော့သည်။

ဒီကောင် တောများ ထိုင်နေရော့သလား။ တကြော်ကြော်ခေါ်
၍ အုပ်စုခွဲရှာတော့မှ အစွန်ဆုံးတိုက်ကြီးအနောက်ဘက် တန်ဆောင်း
ယာထဲ၌ လဲနေကြောင်းတွေ့ရသဖြင့် ယာယီတဲအတွင်းခေါ်ယူ၍ ပြုစု
ကြရတော့သည်။ မျောက်တင်သောင်းမှာ စကားမပြောနိုင်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သတိရှိသေးသဖြင့် ၎င်း၏ခြေမအား ထိုးပြနေသဖြင့် ကြည့်ကြရာ မြွေ စွယ်ရာနှစ်ပေါက်ကို တွေ့ရသည်။ ကျွန်တော်က ရှေးဦးသူနာပြုစုနည်း အတိုင်း ခြေကျင်းဝတ်နှင့် ဒူးအောက်အား အဆိပ်မတက်ရန် ကြိုးချည်ပြီး ဒဏ်ရာအား မီးကင်ထားသောဓါးနှင့် ကြက်ခြေခတ်ခွဲ၍ ညှစ်ထုတ် သည်။

မုဆိုးအောင်သန်းက ငယ်ပေါင်းဗီပီ မရှိမရှာ ပါးစပ်ဖြင့် စုပ် ထုတ်ပစ်သည်။ ထိုအခါမှ သမီးယွန်းပွင့်စံက ဆရာတော်ဘုရား အမိန့် ရှိသည်ကို သတိရပြီး သူနှင့်မမကြီးတို့ ဆွဲထားသော မမြစိမ်းတို့ညီ အစ်မ ပေးလိုက်သည့် ဆွဲကြိုး(၂)ကုံးအားချွတ်၍ မဟူရာကျောက်နှင် ကလေး(၂)လုံးအား ဓားဦးဖြင့်ကလော်ထုတ်ပြီး ဒဏ်ရာအားကပ်ပေး ရာ မဲမဲညှစ်ညှစ်အဆိပ်များ အန်ကျလာသည်။

သွေးနီများလိုက်လာမှ ကျောက်နှစ်လုံးအား ခွာလိုက်ပြီး ကျွန် တော်တို့ အသင့်ဆောင်ထားသော ကားပေါ်မှဆေးသေတ္တာယူပြီး ပဋ္ဋာ စတာကပ်ပေးရာ မျောက်တင်သောင်း သတိရလာပြီး ရေတောင်းသည်။ ကျွန်တော် ရေတိုက်နေစဉ် ကားသံကြားရသဖြင့်ကြည့်ကြရာ ဆရာတော် ဘုရား ကျောက်ဆည်မှ အင်ဂျင်နီယာ၏ ပါဂျဲရိုးကားကြီးဖြင့် ကြွလာခြင်း ဖြစ်သည်။

❀ ❀ ❀

# [ ၄ ]

❑

"ဒကာကျောင်းဆရာ ... ဘာဖြစ်တာလဲ"

"ပိုးထိတာပါ ဘုရား"

"သက်သာရဲ့လား"

"မမြစိမ်းတို့ ညီအစ်မ မနေ့ညကပေးထားတဲ့ မဟူရာကျောက် နှစ်လုံးကြောင့် အဆိပ်တွေ အန်ကျလာပါတယ် ဘုရား။ တပည့်တော် တို့လည်း ရှေးဦးသူနာပြုစုနည်းနဲ့ ပြုစုထားလို့ သတိရလာပါပြီဘုရား။ အခု ဆေးရုံပို့ဖို့ စီစဉ်နေတာပါဘုရား"

ဆရာတော်က လူနာအားလိုက်ကြည့်ပြီး သွေးစမ်းသည်။ နှလုံး ခုန်နှုန်း စမ်းသည်။ ဒဏ်ရာအားကြည့်သည်။

"ကောင်းသွားပါပြီ။ ဆေးရုံပို့ဖို့ မလိုတော့ပါဘူး။ လူနာရဲ့ ဘာကွယ်ဆေးတွေလည်း ထိုးထားတယ်။ ဒီမှာကြည့်ကြ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါသည်။ ယခုမှ ကျွန်တော်တို့ သတိထားမိသည်။ ခြေချောင်း လက်ချောင်းကလေးများ ခွကြားတွင် ဆေးအနီစက်ကလေးများ တွေ့ရသည်။

ဘုန်းတော်ကြီးက ...

"ဒကာ ... ထထ၊ တရားနာရအောင် ထပါ"

မျောက်တင်သောင်းမှာ သူ့အား လူအများဝိုင်းကြည့်နေကြသဖြင့် ဇဝေဇဝါ ဖြစ်နေပုံရသည်။ လက်အုပ်ကလေးချီ၍ ဆရာတော်အား ...

"အရှင်ဘုရား ... တပည့်တော် ဘာဖြစ်လို့လဲဘုရား။ တပည့်တော်ကို ချစ်တီးကုလားတွေလိုက်လို့ ပြေးလိုက်ရတာ မောလိုက်တာ ရေပေးပါဦး"

"ယွန်းပွင့်စံက ရေသန့်ပုလင်းထဲမှ ရေကိုငှဲ့ပေးရာ ဆရာတော်က လှမ်းယူပြီး မန်းမှုတ်၍တိုက်သည်။ ဓာရဏပရိတ်တော်ကြီးအား ရွတ်ဖတ်သရဇ္ဈာယ်သည်"

"ကဲ ... ကဲ ... စိတ်ချရအောင် အားလုံးပဲ (၅)ပါးသီလ ခံယူပြီး တရားနာကြ၊ မကျွတ်လွတ်သေးတဲ့ သတ္တဝါများလည်း တရားနာရအောင်လာကြ၊ အမျှဝေရင် သာခုခေါ်ကြ"

သူခိုးမြင့်သိန်းက ...

"ဘုန်းဘုရား ... သူတို့က ချစ်တီးကုလား တစ္ဆေသရဲတွေ ဗုဒ္ဓဘာသာတရားတော်ကို ယုံကြည်ကိုးကွယ်ကြပါ့မလား"

"ဒကာကြီးမြင့်သိန်း ... တမလွန်ဘဝရောက်သွားရင် ပြိတ္တာတွေဟာ အတူတူပဲ။ ဘာသာတိုင်းမှာ သုဂတိ၊ ဒုဂ္ဂတိဘုံဆိုတာ ရှိတယ်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ရင် မကောင်း တာဖြစ်မယ်။ အခု သေဆုံးသူတွေက အသတ်ခံရတာ။ မသေဆုံးမီ ဇောအဟုန်ကြောင့် မကျွတ်မလွတ် ဖြစ်ကြရရှာတာ။ ပစ္စည်းဥစ္စာ အစွဲအလမ်းလည်း ပါတာပေါ့။ အခု တိုက်ပျက်ကြီးတွေဖြိုတော့ ဘာတွေရသလဲ"



ကျွန်တော်က ရွှေဒင်္ဂါးများပါသော ကြေးဝါကွမ်းအစ်များ အကြောင်း ပြောတော့ ဆရာတော်က ...

"အိမ်း ... အဲ့ဒီအစွဲအလမ်းတွေကြောင့် မကျွတ်ကြရှာတာ။ အခုတော့ ကျွတ်ချိန်တန်ကြပါပြီ။ ဒါကြောင့် ညကဟိုညီအစ်မ ဘုန်းကြီးကို အိပ်မက်ပေးတာ။ ဒကာတို့ကို ကြိုတင်ပြီး မြွေဆိပ်နိုင်တဲ့ မဟူရာကျောက်နှစ်လုံးကို အဆောင်ပေးတာ။

ကဲ ... ဒကာကျောင်းဆရာ ဟိုညီအစ်မကိုလည်း တရားနာရအောင်ဖိတ်ပါ။ ဒကာကြီးမြင့်သိန်းက တိုက်ပျက်ကြီးတွေဘက် လှည့်ပြီး မကျွတ်မလွတ်သေးတဲ့ သတ္တဝါတွေကို တရားနာပြီး သာခုခေါ်ကြရအောင် ဖိတ်ပါ။ ဒါယိကာမကြီးတို့ကတော့ ဘုန်းကြီးရှေ့မှာ ရွှေကွမ်းအစ်တွေကို တန်းစီချထားပြီး ရေစက်ချ အမျှဝေရအောင် စီစဉ်ပါ"

"တင်ပါ့ဘုရား"

ကျွန်တော်တို့ ကိုယ်စီ အလုပ်များသွားကြသည်။ မြင့်သိန်း အော်ပြီး မကြာမီ ယာယီတဲအတွင်း၌ ချွေးနံ့များရသည်။ ကုလားချွေးနံ့မှာ အတော်ဆိုးသည်။ ကျွန်တော် မမြစိမ်းတို့ညီအစ်မအား ပင့်ဖိတ်တော့ တဲအတွင်း တောစံပယ်ရနံ့များ မွှေးကြိုင်သွားသည်။

ကျွန်တော်တို့ ရှင်အရဟံဘုရားရှိခိုးဖြင့် ကန်တော့ကြပြီး ဆရာတော်က ငါးပါးသီလပေးသည်။ တိုတိုရှင်းရှင်း မြန်မာလိုတရား ဟောသည်။ မေတ္တာသုတ်ကို ရွတ်ဆိုသည်။ ပြီးနောက် ရေစက်ချတရား

www.burmeseclassic.com

www.burmeseclassic.com



ဟောသည်။ ကျွန်တော်က ရေစက်ချပြီး အားလုံးစုပေါင်း၍ အမျှဝေ သာဓုခေါ်ကြသည်။

တရားပွဲပြီးတော့ ကျွန်တော်က ရွှေကွမ်းအစ်(၇)လုံးအား ဆရာတော်ကို အပ်နှံလှူဒါန်းသည်။

"ကွယ်လွန်သူ ချစ်တီးကုလားများရဲ့ မြန်မာတောင်သူလယ်သမားတွေအပေါ် ကုပ်သွေးစုပ်ပြီး မတရားရယူထားတဲ့ ပစ္စည်းတွေပါ ဘုရား။ မြန်မာတောင်သူလယ်သမားများရဲ့ကိုယ်စား လမ်းဖောက်၊ တံတားဆောက်၊ ရှေးဟောင်းစေတီတွေ ပြုပြင်ရန်အတွက် တပည့်တော်က ကိုယ်စားလှူဒါန်းပါတယ် ဘုရား"

"အိမ်း ... အိမ်း ... သာဓု ... သာဓု ... သာဓု"

"မကျွတ်မလွတ်သေးသူများလည်း အမျှရကြ၍ ကျွတ်တမ်းဝင်နိုင်ကြပါစေ။ ဒကာကျောင်းဆရာတို့က လုပ်အားနဲ့ ဉာဏ်အားသုံးလို့ တိမ်မြုပ်နေတဲ့ဒီပစ္စည်းတွေကို ဖော်ထုတ်နိုင်တာပါ။ ကုသိုလ်ကြီးပါပေတယ်။ လမ်းဖောက်၊ တံတားဆောက်၊ မီးကြိုးသွယ်တန်းဖို့လည်း ပြည့်စုံပါပြီ။ တပေါင်းလ မြစိမ်းဘုရားပွဲတော်မှာ အလှူပယ်လှူကြတာပေါ့။ လမ်းဘေးမှာရှိကြတဲ့ စေတီဟောင်းတွေကိုလည်း သပ္ပာယ်ခန့်ညားအောင် ပြုပြင်ကြကွဲ့။ အခွင့်အရေးရှိတုန်း လုပ်ကြကွယ့်"

"တင်ပါ့ဘုရား"

"ကဲ ... ဒကာတို့ ဘုန်းကြီးတော့ လေဆိပ်လမ်းဆုံအထိ အင်ဂျင်နီယာကြီးနဲ့ လိုက်ကြည့်လိုက်ဦးမယ်။ ဒကာတို့ ပြန်နှင့်ကြပေါ့။ ညနေကျမှ အုန်းလက်ကောက်ကျောင်းမှာ ဆုံကြမယ်"

"အရှင်ဘုရား ... နေ့ဆွမ်း ဘုန်းပေးဖို့ကောဘုရား"

အင်ဂျင်နီယာကြီးက ...



"ကျွန်တော်တို့ SITE မှာ စီစဉ်ထားပါတယ်"

ကျွန်တော်တို့လည်း ပစ္စည်းများသိမ်း၍ ပြန်ကြရန်ပြင်ဆင်ရသည်။ နေပူရွာ၊ ကုန်းသာရွာ လမ်းဘေးရှိ နှစ်ပေါင်းများစွာ တည်ရှိခဲ့သော မီးလောင်ထားသည့် အုတ်တိုက်အဝါကြီးများ မရှိတော့၍ ပတ်ဝန်းကျင်မှာ အတော်ရှင်းသွားသည်။

ရွာချင်းဆက်လမ်းမကြီးသာ ပြီးစီးပါက အလွန်သာယာသော မြင်ကွင်းဖြစ်ပေမည်။ အရှေ့ဘက်တွင် အမရပူရ လေယာဉ်ကွင်းကြီးရှိသည်။ အနောက်ဘက်က ကျောက်ဆည်မြို့ကြီးနှင့် စဉ့်ကိုင်မြို့နယ်၊ အဆက်အသွယ်၊ အသွားအလာ ကားလမ်းခရီးက ကောင်းမွန်ပေတော့မည်။ လေဆိပ်လမ်းက တည့်တည့်ထွက်လျှင် ကျောက်ဆည်၊ ဘဲလင်း၊ ရွာလမ်းခွဲက ထွက်လျှင် တံတားဦးသွားကားလမ်းဖြစ်သည်။

မျောက်တင်သောင်းလည်း ကောင်းစွာ နေကောင်းသွားပြီဖြစ်သော်လည်း ကျွန်တော်တို့ ကျေးရွာဆေးခန်းသို့ ဝင်ပြသည်။ ဆေးမှူးက စစ်ဆေးပြီး မြွေဆိပ်မရှိတော့သောကြောင့် အနာကျက်ဆေးထိုးပေးပြီး ဒဏ်ရာအား ဆေးထည့်ပေးသည်။ ဒဏ်ရာမကျက်မချင်း လာပြရန်လည်း မှာသည်။ တဲတွင် ခေတ္တနားကြပြီး ရေတစ်ဝသောက်၍ ရေချိုးကြသည်။ ရေမချိုး၍လည်း မဖြစ်တော့။ အုတ်တိုက်များဖြိုထားသဖြင့် ချွေးနှင့်ဖုန်များက အလူးလူးဖြစ်နေသည်။

လမ်းလျှောက်သည်ကလွဲပြီး အလေးအပင်မလုပ်တာ ကြာပြီဖြစ်သော ကျွန်တော်တို့မှာ ရေချိုး၊ ထမင်းစားပြီးသည်နှင့် တဲနန်းအတွင်း အတုံးအရုံး အိပ်ပျော်သွားကြတော့သည်။ အိပ်ရာကနိုးတော့ ညနေ နေကျကာစ (၄) နာရီခန့်။ မကြီးတို့သားအမိ အသင့်ဖျော်ထားသော ကော်ဖီနှင့်မုန့်များကို စားသောက်ကြပြီး အုန်းလက်ကောက်မှ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တော်ကျောင်းသို့ ကား(၂)စီးဖြင့် ထွက်ခဲ့ကြပါသည်။ လုပ်အားပေးသူ တပည့်များ အကုန်ပါသဖြင့် ကားနှစ်စီးကအပြည့်။ ကျောင်းတွင် ဆရာတော်က အသင့်စောင့်မျှော်နေသဖြင့် ကျွန်တော်တို့ ရတနာများအား အပ်လိုက်သည်။

"ဒကာကျောင်းဆရာ ... ဒကာတို့ ပင်ပင်ပန်းပန်းလုပ်အားပေးခဲ့လို့ ရတနာတွေရတယ်။ အချို့အဝက် ခွဲဝေယူကြဦးလေ"

"မှန်ပါ့ဘုရား ... တပည့်တော် တပည့်များနဲ့ ညှိနှိုင်းတိုင်ပင်ပြီးပါပြီ။ ရှေးရှေးက မြန်မာတောင်သူလယ်သမားတွေအပေါ် ကုပ်သွေးစုပ် အမြတ်ကြီးစား အတိုးယူထားတဲ့ ချစ်တီးကုလားတွေရဲ့ မသန့်ရှင်းတဲ့ရွှေငွေတွေကို မစားချင်၊ မယူချင်ပါဘုရား။ ဒီရွှေငွေတွေနဲ့ပတ်သက်ပြီး မကျွတ်မလွတ်ကြသေးတဲ့ သတ္တဝါများအတွက် ကျွတ်တန်းဝင်နိုင်ကြပြီး ကောင်းရာသုဂတိလားကြစေရန် တပည့်တော်တို့က ရည်မှန်းပြီး သူတို့ကိုယ်စား အရှင်ဘုရား လိုအပ်သောနေရာများမှာ သုံးစွဲလှူဒါန်းရန် အပ်နှံပါတယ်ဘုရား"

"အိမ်း ... သာဓု ... သာဓု ... သာဓု"

ကျွန်တော်က အားလုံးကိုယ်စား ရေစက်ချ၍ အမျှဝေ၊ သာဓုခေါ်ပြီး ယတိပြတ် လှူဒါန်းလိုက်ပါသည်။ အားလုံး ကျေနပ်အားရစွာ သာဓုခေါ် ကောင်းချီးပေးကြသည်။ ကျွန်တော်တို့ကိုယ်ပိုင်ပစ္စည်း မဟုတ်သော်လည်း တိမ်မြုပ်ပျောက်ကွယ်နေသော အဖိုးတန်ရတနာပစ္စည်းများအတွက် နှစ်ထောင်းအားရဖြစ်မိပါသည်။

ဤအပတ်အတွင်း လမ်းလုပ်ငန်းနှင့် မီးကြိုးသွယ်ရန် တိုင်စိုက်ခြင်း၊ မီးကြိုးသွယ်တန်းခြင်းတို့မှာ ကျွမ်းကျင်သော အင်ဂျင်နီယာ





များ၏ တာဝန်သာဖြစ်ပြီး ကျေးရွာလုပ်အားပေးများလည်း ရှိသဖြင့် ကျွန်တော်တို့အဖွဲ့ အားလပ်နေပြန်သည်။ ထို့ကြောင့် မမကြီးတို့အား ပြန်ပို့ရင်း မန္တလေးတက်ကြရန် ဆရာတော်အား ခွင့်ပန်ရပြန်သည်။

"ဒကာကျောင်းဆရာ ... တပေါင်းဘုရားပွဲတော်က နီးပြီ။ ဒကာတို့အဖွဲ့ မရှိမဖြစ်လိုအပ်တယ်ဆိုတာတော့ သတိရပါ။ အခုလောလောဆယ်တော့ အားနေတာပဲ။ တစ်ပတ်လောက်တော့ အချိန်ရပါတယ်။ သွားကြပါ။ မန္တလေးနဲ့ ဒီခရီး ဝေးတာမှမဟုတ်ဘဲ။ အရေးပေါ် ဆက်သွယ်နိုင်အောင် ဖုန်းနံပါတ်တွေတော့ ပေးခဲ့ကြ။ ဒါယိကာမကြီးတို့ သားအမိကလည်း အဓိကအလှူရှင်တွေဖြစ်ကြတော့ ဆက်ဆက်လာခဲ့ကြပါ"

"တင်ပါ့ဘုရား ... သမီးရဲ့ စေ့စပ်ကြောင်းလမ်းပွဲကလေး ရှိသေးတော့ မောင်မောင်တို့လူစုံတုန်း လုပ်ချင်လို့ပါဘုရား"

"အိမ်း ... ကောင်းပါတယ်ကွယ်။ လောကီလူ့ဝတ်တွေပဲ လုပ်ကြပါ။ ဘုန်းကြီး ခွင့်ပြုပါတယ်"

"ဦးတင်ပါတယ် ဘုရား"

"အိမ်း ... အိမ်း ... ညနေအစာစားပြီးမှ ပြန်ကြပါလား။ ဒီကျောင်းမှာ လမ်းလုပ်သားတွေအတွက် ချက်ပြုတ်ထားတာရှိပါတယ်။ တော်ကြာ လာယူကြတော့မှာ"

"တင်ပါ့ဘုရား။ တပည့်တော်တို့ မန္တလေးရောက်မှ ညစာစားကြမှာပါဘုရား"

"အိမ်း ... အိမ်း ... ကောင်းလေစွ၊ ကောင်းလေစွ"

ကျွန်တော်တို့ နန္ဒီတောင်ရွာကို ပြန်သည်။ မိုးတင်တို့ညီအစ်ကိုက အလုပ်ရှိသေးသဖြင့် ထားခဲ့ပြီး မန္တလေးဘက် ဆက်ထွက်ခွာခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးလေးဦးအောင်သန်းကတော့ ကုန်းသာရွာ သူ့အိမ်ဟောင်းတွင် ပြန်နေပြီး ခေတ်မီးတိုင်များ မပြီးမချင်း ပြန်မည်မဟုတ်သေးပါ။

ညနေပိုင်းဖြစ်သဖြင့် အပူရှိန်ကကျသွားသည်။ လမ်းဘေးသစ်ပင်များက ရော်ရွက်ဝါများ တလွင့်လွင့်ကြွေနေသည်။ အချိန်စောရှုပွင့်သော ငုဝါပင်များက တစ်ပင်လုံးဝါထိန်အောင် အစွမ်းကုန်ပွင့်နေသည်။ ကျွန်တော်ကတော့ ပင်မြင့်ထက်ဆီမှ တစ်လှုပ်လှုပ်ကြွေကျနေသော လက်ပံပွင့် နီနီရဲရဲများကိုကြည့်ရင်း ဘာမှန်းမသိ လွမ်းဆွေးနေမိသည်။ ယွန်းပွင့်စံက ကားမောင်းပြီး မမကြီးနှင့် ကျွန်တော်က နောက်ခန်းတွင်စီးကြရာ မမကြီးမှာ ခရီးပန်းသည်ထင်ပါသည် ကျွန်တော့်ပခုံးအား မှီရင်း အိပ်လျက် လိုက်ပါလာလေသည်။

"ဦးဦး . . . ကျောက်ဆည်ဝင်ဦးမလွှား။ သမီး အအေးသောက်ချင်လာလို့"

"ဝင်လေ . . . သမီး။ မန္တလေး ဘယ်အချိန်ရောက်ရောက် ရတာပဲ။ ဦးတို့လည်း ကော်ဖီလေး၊ လက်ဖက်ရည်လေး သောက်ရတာပေါ့"

"ဟုတ်ကဲ့ . . . ဦးဦး"

ယွန်းပွင့်စံက ဈေးရှေ့ကဆိုင်ကြီးတွင် ကားရပ်ပေးသဖြင့် ကျွန်တော် စိတ်ကြိုက်တွေ့သွားသည်။ အဆာပြေ မလိုင်လက်ဖက်ရည်နှင့် အချိန်မရွေးရသော နံပြားပူပူလေး စားရန်ဖြစ်သည်။

"ကားရပ်တော့ အားလုံးဆင်းကြသည်။ နောက်က ကျွန်တော့်ကားကိုမောင်းလာသော မြင့်သိန်းက . . .

"ဆရာတို့ ဆိုင်မှာဝင်ပြီထင်တယ်"





"စောပါသေးတယ် . . . မြင့်သိန်းရာ။ အမျိုးသမီးတွေ ပါတယ်။ မန္တလေးရောက်ရင် ငါစီစဉ်ထားပါတယ်။ အပြင်မှာပဲ စားကြ၊ သောက်ကြမှာပါ"

"အဲ့ဒါတွေကြောင့် ငါ့ဆရာကွ။ အလွန်အလိုက်သိတယ်"

ကျွန်တော်တို့ ဆိုင်တွင်းဝင်ထိုင်ကြပြီး အားလုံး သူတို့အတွက် ကိုယ်စီမှာ၍သောက်ကြသည်။ ကျွန်တော် တစ်ဦးတည်းသာ မလိုင်လက်ဖက်ရည်နှင့် နံပြားပူပူလေးစားသည်။ စားသောက်ပြီးတော့ ဆက်ထွက်လာခဲ့ကြရာ ယွန်းပွင့်စံ၏ (SUPER SALOON) ကားအား မြင့်သိန်းတို့၏ SUNNY (Pick up)ကားကလေးက မျက်ခြည်ပြတ်မခံဘဲ လိုက်လာသည်။ မန္တလေးမြို့တွင်းဝင်သည်နှင့် လေဆိပ်အနီး စားသောက်ဆိုင်ကြီးတစ်ဆိုင်အတွင်းသို့ ဝင်ခဲ့ပြီး ကားများအား အနားပေးလိုက်ပါသည်။

ကျွန်တော်တို့ ဆိုင်အတွင်းဝင်လိုက်ကတည်းက ကျွန်တော့်စိတ်ထဲတွင် အလိုလို မသိုးမသန့်ဖြစ်ပြီး အန္တရာယ်အနံ့ကို ရလိုက်သည်။ ကျွန်တော် ဟိုဟိုသည်သည် မျက်စိကစားကြည့်တော့ မှန်လုံ AIR-CON အခန်းကြီး၏ ထောင့်စားပွဲတွင် လူဆိုးရုပ်ပေါက်နေသော တိုင်းရင်းသားလေးယောက်ကို တွေ့ရသည်။ သူတို့ကလည်း ကျွန်တော်တို့အား စိုက်ကြည့်နေသည်။ ကျွန်တော့်မှတ်ဉာဏ်ကို ပြန်စဉ်းစားကြည့်တော့မှ 'ငမောက်မိဖုရား ပတ္တမြားကြီး' အမှုတုန်းက ကြုံခဲ့ရဖူးသော ဝယ်လက်ဘိန်းရာဇာနှင့် လက်နက်မှောင်ခိုအဖွဲ့ဝင်များ ဖြစ်ကြကြောင်း ကျွန်တော် မှတ်မိသွားသည်။

ထို့ကြောင့် နီးစပ်ရာ အလယ်ခုံတန်း(၁၀)ယောက်စာ စားပွဲဝိုင်းတွင် ဝင်ထိုင်လိုက်ကြပါသည်။ ကျွန်တော်ကတော့ ထိုသူတို့ကိုမြင်သာအောင် တစ်စောင်းအနေအထား ထိုင်လိုက်သည်။ တပည့်များကို



www.burmeseclassic.com

www.burmeseclassic.com



စစ်ကြည့်တော့ ပုဏ္ဏားတင်ဦးတစ်ယောက် ပါမလာပါ။ ထို့ကြောင့် နီးစပ်ရာ မြင့်သိန်းမှတစ်ဆင့် အားလုံးကို တစ်ဆင့်ပြီးတစ်ဆင့် သတိပေးလိုက်သည်။ ကျွန်တော့်ဘယ်ဘက်တွင်ထိုင်နေကြသော မမကြီးနှင့် သမီးယွန်းပွင့်စံတို့ကတော့ သိဟန်မတူပါ။

"ပုဏ္ဏား . . . ဘယ်ရောက်သွားသလဲ မြင့်သိန်း"

"သူ အထဲမှာမထိုင်ချင်လို့ အပြင်မှာ တစ်ခုခုစားပြီး ကားစောင့်နေမယ်တဲ့ ဆရာ"

"အေး . . . မင်းမှတ်မိပြီလား။ ဟိုအဖွဲ့တွေကို"

"မှတ်မိပြီ ဆရာ၊ ပြင်ဦးလွင် မိုးမခစံအိမ်ကြီးမှာ ကြုံခဲ့တဲ့အဖွဲ့တွေပဲ။ သူတို့လည်း ကျွန်တော်တို့ကို မှတ်မိပုံရတယ်"

"အေးလေ . . . တို့တွေက တစ်ခုတစ်ဝေးတည်း လာကြတော့ မှတ်မိသွားတာပေါ့။ သမီးနဲ့ မမကြီးကို မှတ်မိသွားပုံရတယ်"

"ဟုတ်လိမ့်မယ်ဆရာ။ ဘယ်လိုလုပ်ကြမလဲ"

"ဟန်မပျက်နေ။ သတိထားစောင့်ကြည့်။ သူတို့က လေးယောက်တည်း။ ငါတို့က အင်အားများပါတယ်။ ဒါပေမဲ့ သူတို့မှာ လက်နက်တွေ ပါလိမ့်မယ်။ မင်း မယောင်မလည်ထပြီး အကဲစမ်းကြည့်။ ဖြစ်နိုင်ရင် ပုဏ္ဏားနဲ့ အဆက်အသွယ်လုပ်။ ငါတို့က ဟန်မပျက် အစားအသောက်တွေ မှာစားနေမယ်"

တစ်ထွာပြလျှင် တစ်လံမြင်သော မြင့်သိန်းက မယောင်မလည်ထပြီး အနောက်ဘက်သန့်စင်ခန်းထဲ ဝင်သွားသည်။ မကြာပါ လူဆိုးအဖွဲ့က တစ်ယောက်ကလည်း ထလိုက်သွားသည်။ မကြာပါ။ မြင့်သိန်းသန့်စင်ခန်းထဲမှ ထွက်လာပြီး ကျွန်တော်တို့ထံမလာဘဲ မှန်တံခါးတွန်း၍





ထွက်သွားသည်။ လူဆိုးအဖွဲ့က တစ်ယောက်ထ၍ အပြင်ထွက်သွားပြန်သည်။

ကျွန်တော် ကျော်ကြီးကို သတိပေးတော့ ကျော်ကြီး အနောက်ဘက် သန့်စင်ခန်းထဲ ဝင်သွားပြန်သည်။ ကျန်လူဆိုးနှစ်ဦးမှာ ဘာလုပ်ရမှန်းမသိ ဖြစ်နေပုံရသဖြင့် နှစ်ဦးစလုံးထ၍ သန့်စင်ခန်းထဲ ဝင်သွားသည်။ ကျွန်တော် အောင်သန်းနှင့်တင်သောင်းအား မျက်ရိပ်ပြ၍ အသင့်အနေအထား ပြင်ဆင်နိုင်းရသည်။ မမကြီးတို့ သားအမိကတော့ ရိပ်မိပုံမရ။ အေးဆေးစွာ စားသောက်နေကြသည်။

မကြာပါ။ တကယ့်ကို မကြာပါ။ အပြင်ရောက်နေသော မြင့်သိန်းနှင့်အတူ ပုဏ္ဏားတင်ဦးတို့ ပြန်ဝင်လာကြပြီး . . .

"ဆရာ . . . ကိစ္စတွေပြီးပါပြီ။ ဆိုင်ပြောင်းကြရအောင်။ မကြာခင် ရဲတွေရောက်လာတော့မယ်။ စစ်လားဆေးလားနဲ့ အလုပ်ရှုပ်တယ်။ ဒါနဲ့ ကျော်ကြီးကော"

ကျွန်တော်က အနောက်ဘက်သန့်စင်ခန်းထဲ လက်ညှိုးထိုးပြတော့ သူတို့နှစ်ဦး ဝင်လိုက်သွားကြပြန်သည်။ ကျွန်တော် ဘေလ်တောင်း၍ ငွေရှင်းနေချိန် သူတို့(၃)ဦး ပြန်ထွက်လာသည်။ ကျွန်တော်တို့ ကားပေါ်အသီးသီးရောက်တော့ မြင့်သိန်းက ကျောပိုးအိတ်(၄)လုံးကို ပုဏ္ဏားနှင့်အတူ ဆွဲလာကာ ဆန်နီကားပေါ် ပစ်တင်လိုက်သည်။

ကျွန်တော်တို့ ကား(၂)စီး၊ စားသောက်ဆိုင်ကြီးကထွက်တော့ ရဲကားဥသြသံများကို ကြားရသည်။ မြင့်သိန်းလက်ချက် ဖြစ်ပေလိမ့်မည်။ ဤတစ်ခါတော့ ဆန်နီကားကို မြင့်သိန်းမောင်း၍ အရှေ့က ဦးဆောင်သည်။ နားမလည်လိုက်သော ယွန်းပွင့်စံက . . .

"ဦးဦး . . . ဦးမြင့်သိန်းတို့က အစာမစားဘဲ ဘာလုပ်ပြီး၊ ဘယ်သွားကြမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လုံခြုံတဲ့နေရာရောက်မှ ပြောမယ် သမီး။ အခုတော့ ဦးဦးတို့ကားနောက်က မီအောင်လိုက်"

"ရှင် . . . ဘာဖြစ်လို့လဲ မောင်မောင်"

"မိတ်ဆွေဟောင်းတွေ ပြန်ဆုံတာလေ။ မောင်မောင်တို့ လက်ဦးလို့ အခုတော့ ပြီးသွားပါပြီ။ အေးချမ်းတဲ့ ဆိုင်တစ်ဆိုင်သွားပြီး စားကြသောက်ကြမယ်။ ဟိုကောင်တွေ ဘာမှမစားရ၊ မသောက်ရသေးဘူးလေ"

ကျွန်တော်က မမကြီးအား အကျိုးအကြောင်း လိုရင်းကို တိုးတိုးရှင်းပြလိုက်တော့ မမကြီးက . . .

"ရှင် . . . အဲ့လိုလား၊ မမတောင် မသိလိုက်ဘူး မောင်မောင်ရယ်"

ကျွန်တော်တို့ ချောင်ကျသော တရုတ်တန်းစားသောက်ဆိုင်တစ်ဆိုင်ထဲ ဝင်ခဲ့ကြသည်။ စားပွဲကြီးတစ်ခုတွင် ဝိုင်းထိုင်ကြသည်။

"ကဲ . . . ကျော်ကြီး၊ မြင့်သိန်းနဲ့ပုဏ္ဏား . . . မင်းတို့ကို ဂုဏ်ပြုတယ်။ စားချင်တာ၊ သောက်ချင်ရာ မှာစားပေတော့။ အကြောင်းအရာအသေးစိတ်လည်း ဇာတ်စုံခင်းပြပါဦး"

ပုဏ္ဏားက အလျင် . . .

"ကျွန်တော် အာရုံတစ်ခု ခံစားမိနေတယ်ဆရာ။ အန္တရာယ်အငွေ့အသက်ပဲ။ ဒါကြောင့် စားသောက်ဆိုင်အပြင်မှာ နေခဲ့ပြီး ဆရာတို့ကို မြင်သာတဲ့နေရာက အကဲခတ်နေတာ။ ထင်တဲ့အတိုင်း မြင့်သိန်းထွက်လာတော့ နောက်ကတစ်ကောင် လိုက်လာတယ်။ မြင့်သိန်းက ကားပါကင်မှောင်ရိပ်ထဲ မျှားခေါ်သွားရင်း လေတစ်ချက်ချွန်ပြသွားတာနဲ့





ကျွန်တော် နောက်ကတစ်ကောင်ကို နောက်ကပဲ အကြောပိတ်လိုက်တယ်။ လွယ်လိုက်တာ . . ဆရာရယ်။ မြင့်သိန်းတောင် ဘာမှမလုပ်လိုက်ရပါဘူး"

ဒါနဲ့ မြင့်သိန်းကရော . . .

"သန့်စင်ခန်းထဲ အရင်ဝင်ပြီးစောင့်နေတုန်း တစ်ကောင်ဝင်လာတယ်။ ကျွန်တော် ဦးဆောင်ပြီး အိမ်သာခန်းထဲ ပိတ်ထားခဲ့တယ်။ ဒါပါလာတယ်ဆရာ"

မြင့်သိန်းက ပစ္စတိုတစ်လက်ကို ထုတ်ပြသည်။

"မင်း . . . ဘာကြောင့် အဲဒါကြီးကို ယူခဲ့ရတာပဲ"

"လိုရမယ်ရပေါ့ . . . ဆရာရယ်"

"ကျော်ကြီးကရောကွ"

ကိုမြင့်သိန်းလိုပါပဲ။ သန့်စင်ခန်းထောင့်ချိုးက စောင့်နေတာ။ နှစ်ကောင် ပစ္စတိုနှစ်လက်နဲ့ ဝင်လာတယ်။ အခန့်သင့်ချင်တော့ စတီးလ်ပိုက်နှစ်ချောင်း ထောင်ထားတာတွေ့တာနဲ့ တစ်ယောက်တစ်ချက်စီ အောက်ဆော်လိုက်တာပါပဲ။ အောင်သန်းနဲ့ တင်သောင်းတို့နှစ်ယောက် ရောက်လာတာနဲ့ အတော်ပါပဲ။ သုံးယောက် အိမ်သာခန်းထဲ မ,ရွှေ့ပြီး ဒါနှစ်လက်တွေ့လို့ ယူလာခဲ့တယ်။ သော့လည်း ပိတ်ထားခဲ့တယ်။ ကျွန်တော့်လက်ဆပြင်းတော့ လူမမြင်ရင် သွေးထွက်လွန်ပြီး သေနိုင်တယ်ဆရာ"

"ရဲတွေ တွေ့မှာပါ။ ကျွန်တော် သန့်စင်ခန်းထဲမှာ ထားခဲ့တယ်လို့ ရဲကို ဖုန်းဆက်ထားပါတယ်"

မြင့်သိန်းက ဝင်ပြောသည်။ ထိုအခါမှ မမကြီးတို့သားအမိသဘောပေါက်ပြီး မျက်လုံးပြူးကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး ...အဲ့ဒါတွေထားတော့ ဆိုင်က ဘယ်သူ့လက်ချက် မှန်း မသိနိုင်ပေမဲ့ မင်းတို့က ထထွက်ထလာ လုပ်နေကြတော့ သင်္ကာ မကင်းဖြစ်မှာတော့ အမှန်ပဲ။ နောက်ပြီး သူတို့ပစ္စည်းတွေကို မင်းတို့က ယူလာကြသေးတယ် မဟုတ်လား"

မြင့်သိန်းက ရယ်ကျဲကျဲဖြင့် ...

"မြွေမြွေချင်း ခြေမြင်တယ်။ ခေါင်းတုံးပေါ်ထိပ်ကွက်ပြီး ထုံးဆို့ ခဲ့တာဆရာ။ ဒီကောင်တွေက လူဆိုးတွေဆိုတော့ အဖမ်းခံရမှာသေချာ တယ်"

"အေး ...ဒါပေမဲ့ မင်းတို့က လက်နက်တွေနဲ့ သူတို့အိတ် တွေ ပါယူလာတော့ ဘာသက်သေခံရှိတော့မလဲ။ အဖမ်းခံရရင်လည်း ခဏပေါ့။ လွှတ်တာနဲ့ မြေလှန်ရှာမှာပဲ။ ပစ်မှတ်က ပြင်ဦးလွင် မိုးမေ စံအိမ်ကြီး။ ငါတို့ပေါင်းမိရင် အဲ့ဒီမှာဆုံတတ်ကြတော့ သူတို့က အဲ့ဒီက စောင့်ပြီးဆော်မှာပဲ"

"ဆုံတော့လည်း ဒါတွေရှိနေတာပဲ။ ပြန်ဆော်ကြရုံပေါ့"

"အေး ...ငါတို့ချည်းဆို ဟုတ်တယ်။ မိန်းမသားတွေပါလို့ ပြောနေရတာ။ ငါတို့က ဒီမှာ အမြဲနေနိုင်တာ မဟုတ်ဘူး။ ခရီးထွက် ကြရဦးမှာ။ သမီးနဲ့မမကြီးကို ပြန်ပေးဆွဲပြီး အညှာကိုင်ရင်တော့ ငါတို့ အရှုံးပေးရမှာပဲ မဟုတ်လား။ ဒါကြောင့် ဒီအတောအတွင်း မိုးမခစံအိမ် ကြီးကို မသွားနဲ့တော့။ မမကြီးတို့အိမ်မှာပဲ သိုသိုသိပ်သိပ်နေ။ အပြင် ကိစ္စရှိရင် အောင်သန်းနဲ့ တင်သောင်းကိုသာခိုင်းတော့။ ဟိုကောင်တွေ အကြောင်းလည်း မျက်ခြည်မပြတ် စုံစမ်း"

ကျွန်တော်တို့ စားသောက်ပြီးတော့ (၃၅)လမ်းထိပ်သို့ ထွက် လာကြသည်။ လမ်းတွင် ကျွန်တော်က ...





"မမ ...သမီးကိစ္စ ကျွန်တော်တို့ရှိနေတုန်း အမြန်စီစဉ် တော့။ မမတို့က မိန်းမသားချည်းပဲ။ ကျွန်တော် စိတ်မချဘူး"

"အေးပါကွယ် ...မောင်မောင်ရယ်။ စေ့စပ်ပွဲက သန်ဘက်ခါ သကုန်ရက် တနင်္ဂနွေနေ့ပဲ။ အိမ်မှာပဲ လုပ်မှာပါ။ လက်ထပ်ပွဲကတော့ နှစ်ဖက်မိဘတွေ ညှိနှိုင်းပြီး အမြန်ဆုံးလုပ်ပါ့မယ်"

ကျွန်တော်တို့ (၃၅)လမ်းထဲသို့ မမကြီးတို့ကား အလျင်ဝင်စေ ပြီး နောက်ကကားက အရိပ်အကဲစောင့်ကြည့်ပြီးမှ အေးအေးဆေးဆေး လိုက်ဝင်သွားသည်။ မြန်မာရပ်ကွက်လို စပ်စုခြင်းမရှိပါ။ အတော်လည်း သည်ကားနေပြီး အိမ်ကြီးအိမ်ကောင်းများချည်းသာ ဖြစ်သည်။ မီးက သည်း ထိန်ထိန်လင်းနေသည်။

အိမ်အစောင့်ယောကျ်ားကြီးက မမကြီးတို့ကားကို မြင်သည် နှင့် တံခါးဖွင့်ပေးသည်။ အိမ်ဖော်မိန်းကလေးများက ကြိုဆိုနေကြသည်။ မမကြီးပြောထားသည့်ထင့်၊ မကြာမီ ကျွန်တော်တို့ကား လိုက်ဝင်ရာ ခြံ စောင့်ကြီးက တံခါးဖွင့်ပေးပြီး ချက်ချင်းပြန်ပိတ်လိုက်သည်။

မမကြီးတို့ခြံမှာ အတော်လုံခြုံသည်။ အုတ်ရိုးအမြင့် (၁၀)ပေ ပေါ်တွင် လျှပ်စစ်ဝါယာကြိုးနှင့် ဆူးကြိုးခွေများ၊ အကျအန တပ်ဆင် ထားသည်။ မိန်းမသားများနေသော အိမ်ဖြစ်သဖြင့် ကျွန်တော်နှင့် တပည့် များစီမံပေးထားခြင်း ဖြစ်ပါသည်။ ဤနေရာတွင် လျှပ်စစ်အင်ဂျင်နီယာ သူခိုးမြင့်သိန်းက သူခိုးပီပီ အကွက်စေ့သည်။ ပျော့ကွက်ဟာကွက်မရှိ စိတ်ချရအောင် စီမံထားခြင်းဖြစ်သည်။

ရှေ့ဝင်ပေါက်ဝင်းတံခါးကြီးကလည်း ထုထဲခိုင်ခန့်ပြီး (၁၀)ပေ မြင့်မားသည်။ REMOTE CONTROL ဖြင့် လျှောက်လမ်းပေါ်တွင် ဖွင့် ပိတ်နိုင်သဖြင့် အားမစိုက်ရ။ ကျွန်တော်တို့ ခေတ္တနား၊ ရေချိုးကြပြီး



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားလဲ၍ ညေ့ခန်းတွင် စုဝေးထိုင်ကြသည်။ အသီးအနှံများနှင့် ဖျော်ရည်အအေးကိုယ်စီ သောက်ကြသည်။ ကျွန်တော်က သတိရသဖြင့် …

"မြင့်သိန်း … မင်းတို့ လက်နက်တွေနဲ့ ဟိုကောင်တွေရဲ့ ကျောပိုးအိတ်တွေပါ ဖျောက်ပစ်လိုက်ဦး။ ကားပေါ်မှာမထားနဲ့။ ဘာတွေပါသလဲကော သိသလား"

"ဆရာ့တပည့် သူခိုးပါ … ဆရာရယ်။ ဆရာရေချိုးနေတုန်း အားလုံး လက်စလက်နဖျောက်ပြီးပါပြီ။ ဘာတွေပါသလဲဆိုတော့ ပစ္စတို ကျည်ကပ်တွေနဲ့ ငွေတွေ သိန်းအတော်များတယ်။ ကျွန်တော်တို့အတွက် ရပုံငွေပေါ့ … ဆရာရယ်"

"လုပ်လိုက်ပေါ့ … သူခိုးရယ်။ နောက်ရန်ကတော့ အေးမယ် မထင်ဘူး။ အားလုံး သတိထားကြ"

"ဆရာ … ကျွန်တော် ဒီလိုလုပ်ချင်တယ်။ မမကြီးကို မခေါ်ဘဲ ကျွန်တော်တို့ချည်းပဲ မိုးမခစံအိမ်ကြီးကို အယောင်ပြပြီးသွားမယ်။ ဟိုခြံမှာ မှူးခေါ်ပြီး အဲ့ဒီအဖွဲ့ကို အပြတ်ရှင်းကြတာပေါ့။ မကောင်းဘူးလား"

"ဟကောင်ရဲ့ … ဒီတစ်ခါကြုံရင် သူတို့ကလည်း ငါတို့ကို အပြတ်ရှင်းမှာ။ မောင်းပြန်သေနတ်တွေနဲ့ လက်နက်ကြီးတွေပါရင် ငါတို့ ခံရမှာနော်"

"IT ခေတ်ပါ … ဆရာရယ်။ ပြင်ဦးလွင်မှာ ဆရာ့မိတ်ဆွေရဲ့ စခန်းလည်း ရှိပါတယ်။ နောက်ပြီး ကျွန်တော့်မှာ စိတ်ချရတဲ့အကြံအစည်တွေလည်း ရှိပါတယ်။ သန်ဘက်ခါ စေ့စပ်ပွဲပြီးတာနဲ့ ပြင်ဦးလွင်ကိုတက်မယ် ဆရာ။ ကျွန်တော့်တာဝန် ထားလိုက်ပါ"





"ကဲ … အားလုံး သဘောတူကြသလား"

"တူပါတယ် … ဆရာ။ ဆရာနဲ့ ကိုမြင့်သိန်း ခေါင်းဆောင်ပါ"

"မတူဘူး။ မောင်မောင် ဘယ်မှမသွားရဘူး။ ဒီမှာ လုံခြုံပါတယ် … မောင်မောင်ရယ်။ ရန်ကိုရန်ချင်း မဆုံချင်ပါနဲ့"

"မမတို့အတွက် အရှည်သဖြင့် စဉ်းစားတာပါ … မမရယ်။ ဟိုအဖွဲ့တစ်ဖွဲ့လုံးပြုတ်သွားမှ မမတို့ နောက်ပိုင်းရန်ကင်းပြီး ကျွန်တော် စိတ်ချနိုင်မယ်။ အခုဟာက အနာမြုံနေသလို မကြာခင်ပေါက်ကွဲတော့မှာ။ တွေ့မဲ့ရန် ပြေးရင်ဆိုင်တာက ကောင်းပါတယ်။ ယောကျ်ားတွေပဲဟာ"

"ဆရာပြောတာ ဟုတ်ပါတယ် … မမကြီး"

မမကြီး ငြိမ်သွားသည်။ ကျေနပ်ပုံတော့ မရပါ။ အများသဘောဆိုတော့လည်း သူမ မကန့်ကွက်သာပါ။ ကျွန်တော့်သဘောကိုလည်း သူသိသည်။ လုပ်မည်ဆိုလျှင် နောက်မဆုတ်တမ်း။ ထိုညက လုံခြုံစိတ်ချရသော နေရာဖြစ်သဖြင့် စိတ်ချလက်ချ အိပ်နိုင်သော်လည်း သူခိုးမြင့်သိန်းအစီအစဉ်ဖြင့် တပည့်များသည် (၂)နာရီစီ ကင်းစောင့်ကြသည်။

မနက်စာစားပြီး ယွန်းပွင့်စံက ရွှေဆိုင်သွားမည်ဆိုတော့ မြင့်သိန်းနှင့်ကျော်ကြီး ရုပ်ဖျက်၍လိုက်ပို့သလို ယခင်ပွဲများက မပါဝင်ခဲ့သော မုဆိုးအောင်သန်းအား အစောင့်တာဝန် ချထားခဲ့သည်။ မြင့်သိန်းတို့က ယွန်းပွင့်စံအား အသွားအပြန် ကြိုမည်ဖြစ်သည်။

မမကြီးကတော့ စေ့စပ်ကြောင်းလမ်းပွဲအတွက် ဖုန်းတစ်လုံးဖြင့် အလုပ်ရှုပ်နေသည်။ မြင့်သိန်းတို့က အပြန်တွင် စားလိုရာများဝယ်



www.burmeseclassic.com

www.burmeseclassic.com



လာရန်ဖြစ်သည်။ သူ့ခိုးမြင့်သိန်းက အသားမည်းတော့ အညာသားပုံ ရုပ်ဖျက်ထားသည်။

ကျော်ကြီးက အသားဖြူတော့ ရှမ်းတရုတ်လို ရုပ်ဖျက်ထားရာ အတော် ဟန်ကျပါသည်။ ခေါင်းတုံးဆံပင်နှင့် ပုဏ္ဏားတင်ဦးကိုလည်း အလွတ်မပေး။ ဆံပင်တုတာပ်၍ ခြံတွင်းခြံပြင် အမှိုက်လှဲသော အလုပ် သမားပုံစံ။ မျောက်တင်သောင်းကတော့ ချက်ရေးပြုတ်ရေး ဗာဟီရကိစ္စ များတွင် ဝိုင်းဝန်းကူညီနေသည်။ ကျွန်တော်ကတော့ ရေချွေးကြမ်း သောက်ရင်း စာရေးရန် ကုန်ကြမ်းရှာရင်း အအေးခန်းထဲ၌ PLAN များ ဆွဲနေမိသည်။

ကျွန်တော့်ဘဝတွင် ယခုကဲ့သို့ အေးချမ်းစွာ နေနိုင်သော်လည်း စွန့်စားခြင်းကို ဝါသနာပါသဖြင့် လှုပ်ရှားခရီးသွားနေတာက များသည်။ ထို့ကြောင့်လည်း တပည့်တပန်း အသိမိတ်ဆွေပေါသည်။ ရောင့်ရဲတင်းတိမ်တတ်ခြင်းတို့အတွက် ချမ်းသာစွာနေနိုင်သော်လည်း ဖြစ်သလိုနေ၊ ဖြစ်သလိုစားသည်က များပါသည်။ တောတွင်းနေ မုဆိုး စရိုက်ဖြစ်ချေသည်။

ထိုစဉ် မမကြီး ကျွန်တော့်အနားတွင် လာထိုင်ပြီး . . .

"မောင်မောင်ရေ . . . မနက်ဖြန် စေ့စပ်ကြောင်းလမ်းပွဲ အတွက် အကုန်စီစဉ်ပြီးပြီ။ နှစ်ဖက်လူရင်းတွေဆိုတော့ လက်ဆုံထမင်း စားရအောင် စီစဉ်ထားတယ်။ အချိုပွဲအတွက်လည်း မှာပြီးပြီ။ အခမ်း အနားမှူးလည်း ဖိတ်ပြီးပြီ။ နီးစပ်ရာ အိမ်နီးချင်းနဲ့ ဆွေးမျိုးရွေးဆိုင်တာ က မိတ်ဆွေတွေတင် ဖိတ်တာတောင် လူ(၅၀)လောက်ရှိတယ်။ ဒီအခါ က ကျယ်ပေမဲ့ အပေါ်အောက်ကွေ့မွေးညှော်ခံမှ ဖြစ်တော့မယ်။ တစ်ဖက် က ဟိုတယ်မှာ လုပ်ချင်တာ။ မမက အကျဉ်းရုံးလေး လုပ်လိုက်တာ"





"စားပွဲတွေ၊ ခုံတွေ ငှားဖို့လိုဦးမှာပေါ့"

"မလိုဘူး . . . မောင်မောင်။ အောက်က စတိုခန်းထဲမှာ အသင့် ရှိပါတယ်။ ဘုန်းကြီးငါးပါးအတွက်တော့ အပေါ်စတိုခန်းထဲမှာ စားပွဲခုံ ဝိုင်း၊ ကော်ဇော၊ အသုံးအဆောင်ပစ္စည်းတွေ အစုံရှိတယ်"

"ရပြီ မမ။ ညနေကျ တပည့်တွေစုံတာနဲ့ ကျွန်တော်တို့ အခင်း အကျင်းတွေလုပ်ပါ့မယ်။ ကားဂိုဒေါင်က (၂)ခုတောင်ဆိုတော့ မဏ္ဍပ် ဆောက်စရာလည်း မလိုပါဘူး။ ကားတွေထုတ်ပြီး ခင်းကျင်းရုံပဲ။ နောက် ပြီး အိမ်ဘေးသစ်ပင်တွေအောက်မှာလည်း လိုအပ်ရန် ခုံတွေခင်းဖို့ ရပါသေးတယ်။ မမ ဘာမှမပူပါနဲ့"

"မောင်မောင်တို့အဖွဲ့တွေ ပါလာတာ အဖက်ဖက်က အားကိုး ရတယ်။ အဓိက,က မောင်မောင်ကို အားကိုးတာနော်။ မောင်မောင်နဲ့ တပည့်တွေဝတ်ဖို့လည်း ဝတ်စုံတွေ မှာပြီးပြီ။ မမနဲ့သမီးအတွက်တော့ သမီးစိတ်ကြိုက် မှာထားပြီးသားဆိုတော့ လာပို့ကြလိမ့်မယ်။ အဖက် ဖက်က ပြည့်စုံပါပြီကွယ်။ မောင်မောင်တို့လည်း ညကျတော့ ကောင်း ကောင်းအနားယူပြီး စားသောက်ကြပါ။ မောင်မောင်ကြိုက်တဲ့ BKACK LABEL တွေကို မမ ပါကင်လိုက်ဝယ်ထားပါတယ်"

"ကျေးဇူးပဲ မမ၊ ဒီရက်ပိုင်းအတွင်းမှာ ကျွန်တော်တို့ ဖိမ်ခံ ပြီး မူးနေလို့မရဘူး။ သတိထားရမယ်။ ဒါကြောင့် ကျွန်တော်တို့ ဆင် ခြင်နေတာပါ"

ကျွန်တော် အိမ်အောက် ဆင်းလာခဲ့သည်။ အခင်းအကျင်း လုပ်ရန် ကားဂိုဒေါင်(၂)လုံးထဲ ဝင်ကြည့်သည်။ အိမ်ဘေးသရက်ပင် တောအတွင်း လှည့်ပတ်ကြည့်သည်။ စေ့စပ်ပွဲမှာ ဘုန်းကြီး(၅)ပါးပင့် ပြီး ဆွမ်းကျွေးမည်ဖြစ်သဖြင့် မနက်ခင်းဖြစ်သည်။ နေ့လယ်စာကျွေး



www.burmeseclassic.com

www.burmeseclassic.com



မည်ဖြစ်သဖြင့် အချိန်ကောင်းပါသည်။ ညပွဲဆိုလျှင် မလွယ်။ ဧည့်သည်ကလည်း မနည်းပါ။ အယောင်ဆောင်ဝင်လာလျှင် အတွင်းစည်းပေါက်သဖြင့် ကျွန်တော်တို့ ခံရပေမည်။

ညနေ တပည့်များစုံသည်နှင့် ကျွန်တော်တို့ ရှင်းကြလင်းကြရင်း စားပိုင်းများကို နေရာချ၍ ပြင်ဆင်နိုင်ရန်အတွက် ကားဂိုဒေါင်ထဲမှ ကားများကို ခြံပြင်ထုတ်ပြီး စနစ်တကျ တန်းစီထားသည်။ ဧည့်ခံပွဲက နေ့ပိုင်းဖြစ်၍ မီးမသွယ်ရသည်က တော်သေးသည်။

ခင်းကျင်းပြီးတော့မှ ကျွန်တော် သတိရမိသည်။ ဘုန်းတော်ကြီးများအား အရုဏ်ဆွမ်းကပ်မှာလား၊ နေ့ဆွမ်းကပ်မည်လား မသိသေး။ အရုဏ်ဆွမ်းကပ်လျှင်တော့ ဧည့်သည်များဖြင့် မရှုပ်ထွေးတော့။ နေ့ဆွမ်းဆိုလျှင် လုံခြုံရေးအရ ကျွန်တော်တို့ အလုပ်များပေတော့မည်။ စိတ်မချရ။ ထို့ကြောင့် မမကြီးအား မေးတော့ . . .

"နေ့ဆွမ်းကပ်မယ်လို့ စိတ်ကူးထားတယ် မောင်မောင်။ စေ့စပ်ပြီးတာနဲ့ သတို့သမီး၊ သတို့သားလောင်းတွေကို ဆရာတော်တွေရဲ့ ဆုံးမဩဝါဒခံယူပြီး ကိုယ်တိုင်ရေစက်ချ၊ အမျှပေးဝေစေချင်လို့ပါ။ မောင်မောင် ဘာလို့မေးတာလဲ။ ပြောပါဦး"

"မမ . . . ဘုန်းတော်ကြီးတွေကို ပင့်လျှောက်ပြီးပြီလား"

"မစိုးရိမ်ကျောင်းတိုက်က မမတို့မိဘတွေ လက်ထက်ကတည်းက ကိုးကွယ်လာတာမို့ ဘယ်အချိန်လျှောက်လျှောက် လျှောက်လို့ရပါတယ်။ မောင်မောင် . . . ဘာလုပ်ချင်လို့လဲ"

"နေ့ဆွမ်းကပ်တော့ ဧည့်သည်တွေနဲ့ ရှုပ်နေမယ်။ အရုဏ်ဆွမ်းကပ်ရင် ပိုကောင်းမယ်ထင်တယ်။ အခမ်းအနားက (၉)နာရီမှ





စမှာဆိုတော့ ဘုန်းတော်ကြီးပွဲနဲ့ ဧည့်ခံပွဲ မရှုပ်တော့ဘူးပေါ့။ ကျွန်တော်က မမတို့လုံခြုံရေးအတွက် ပြောတာပါ"

"ကောင်းပါတယ် . . . မောင်မောင်၊ အခုစေ့စပ်ပွဲက သတို့သမီးဘက်ကလုပ်တာ။ မောင်မောင်ပြောသလိုလုပ်တာ ပိုရှင်းပါတယ်။ ဘုန်းတော်ကြီးတွေ ဝေယျာဝစ္စလုပ်ရတာနဲ့ ဧည့်သည်တွေ ဧည့်ခံရတာနဲ့ မရောနှောတော့ဘူးပေါ့။ အဲဒါကောင်းတယ်။ မမ အခုပဲ ဖုန်းဆက်ပြီး စီစဉ်လိုက်တော့မယ်"

ည အားလုံး ကိစ္စဝိစ္စများပြီးတော့ မမကြီးက ကျွန်တော်တို့ ပင်ပန်းသည်ဆိုကာ ခြံအတွင်း သရက်ပင်ရိပ်၌ ဝိုင်းပြင်ပေးသည်။ တပည့်များအား မလွန်ကျွံစေရန် သတိပေးရသည်။ အမှန်က ကျွန်တော့်တပည့်များမှာ ကြိုက်တတ်သော်လည်းပဲ လွန်ကဲသူများ မဟုတ်ကြပါ။ ရေမိုးချိုးပြီး အပန်းဖြေသဘောနှင့် သောက်ကြခြင်းဖြစ်ပါသည်။ လုံခြုံရေးသတိကတော့ အမြဲတမ်းရှိကြသည်။

ကျွန်တော်တို့ စောစီးစွာ ဝိုင်းသိမ်း၍ ညစာစားပြီး မြင့်သိန်း လုံခြုံရေးတာဝန်ခွဲဝေနေစဉ် ခြံဝ၌ ကားတစ်စီးဆိုက်လာသည်။ ကျွန်တော်တို့မသိသော လူစိမ်းများဖြစ်သည်။ တံခါးမဖွင့်ပေးဘဲ စစ်ဆေးမေးမြန်းကြည့်တော့မှ ယွန်းပွင့်စံ၏ သတို့သားလောင်းနှင့် မိဘများဖြစ်ကြသဖြင့် ဝင်ခွင့်ပေးလိုက်သည်။ သတို့သားလောင်းက ၎င်းတို့အား စစ်ဆေးသဖြင့် ကျေနပ်ပုံမရ။ မမကြီးရောက်လာပြီး ရှင်းပြတော့မှ သဘောကျသွားပြီး ကျွန်တော်တို့အား လာရောက်တောင်းပန်သည်။

"ဦး . . . စိတ်မရှိပါနဲ့နော်။ ကျွန်တော် မသိလို့ပါ"

"ရပါတယ်ကွယ်။ အနှောင့်အယှက်ကလေးတွေရှိလို့ လုံခြုံရေး တင်းကြပ်ထားတာပါ။ ခွင့်လွှတ်နော်"



www.burmeseclassic.com

www.burmeseclassic.com



“အဲ့ဒါဆို ကျွန်တော်လည်း လာပြီး အင်အားဖြည့်မယ်လေ”

“အခုတော့ မလိုသေးပါဘူးကွယ်။ လိုတော့ပြောပါ့မယ်”

ထိုအချိန်တွင် ယွန်းပွင့်စံရောက်လာပြီး . . .

“ကိုဇော် . . . ဦးဦးတို့က မေမေ့ငယ်ပေါင်း သူငယ်ချင်းတွေ။ ယွန်းတို့ကို စောင့်ရှောက်နေတာ နှစ်ပေါင်းအတော်ကြာပြီ။ ယွန်းငယ်စဉ်ကတည်းကပဲ။ ယွန်းတို့ ပြင်ဦးလွင်မိုးမခစံအိမ်ကြီးကို အမွေရအောင် လုပ်ပေးတာလည်း ဒီဦးဦးတွေပဲ။ ဈေးချိုထဲက ယွန်းပွင့်စံရွှေဆိုင်ကြီးရဲ့ ရှယ်ယာတစ်ဝက်ကို ဒီဦးလေးက ပိုင်တယ်။ နောက်ပြီး ဖိုက်တင်ရတာနဲ့ အမဲလိုက်သေနတ်ပစ်တာ အကုန်ကျွမ်းတယ်။

“ကျွန်တော်က ဆရာဝန်ဆိုတာတော့ လူနပါခင်ဗျား။ ဦးတို့ကို အရမ်းအားကျပါတယ်။ မိုးမခြံဘက်သွားရင်လည်း ကျွန်တော့်ကို ခေါ်ပါဦးခင်ဗျား”

“ဦးဦးကို လူကြမ်းကြီးလို့ မထင်နဲ့။ စာရေးဆရာ၊ အနုပညာသမား။ ကလောင်နာမည်က စာရေးဆရာထောင်မှူးကြီးသိန်းဝင်း”

“ဟော့ဗျာ . . . ဆရာက ကျွန်တော့်ညီမတွေရဲ့ အသည်းစွဲ စာရေးဆရာပဲ။ မနက်ဖြန် သူတို့လာကြပါလိမ့်မယ်။ အလွန်ဝမ်းသာကြမှာပါ။ ကျွန်တော့်ကိုလည်း ယောက်ျားတွေတတ်အပ်တဲ့ ပညာတွေကို သင်ပေးပါဦးခင်ဗျာ။ ကျွန်တော် ဆရာတင်ပါတယ်။ လေးစားတယ်ခင်ဗျား”

ကျွန်တော်တို့ မိတ်ဆွေဖြစ်သွားကြသဖြင့် ကျွန်တော်က တပည့်များနှင့် မိတ်ဆက်ပေးရာ ဆရာဝန်ကလေးမှာ လွန်စွာ ဝမ်းသာနေသည်။ ကျွန်တော်တို့ အိမ်ပေါ်ရောက်တော့ သူ့မိဘများနှင့် မိတ်ဆက်ပေးရာ လှိုက်လှဲစွာ နှုတ်ဆက်ကြပါသည်။

---

စိတ်ကူးသစ်စာပေ



တစ်ဆက်တည်း မမကြီးက ကျွန်တော်တို့ အလှူလုပ်နေသော ဘုရားပြင်၊ လမ်းဖောက်ကိစ္စအား ပြောပြရာ သူတို့လည်း အလှူငွေ ထည့် ဝင်ချင်သဖြင့် ခေါ်ပါရန် တောင်းဆိုလာသည်။ အဖက်ဖက်က အားလည်းကိုးကြောင်း၊ ကလေးများအား သားသမီးအရင်းလို သဘောထားရန်လည်း အပ်နှံပါသည်။

အနှစ်ချုပ်တော့ ရင်းနှီးသောမိသားစုများ ဖြစ်သွားကြသည်။ ဆရာဝန်မောင်ဇော်တို့မိသားစုက လိုအပ်သည်များမေးပြီး မနက်ဖြန် နေ့ဆွမ်းမဟုတ်ဘဲ အရုဏ်ဆွမ်းကပ်မည်ဖြစ်ကြောင်း သိသွားသဖြင့် နက်ဖြန်မနက်စောစော (၅) နာရီခန့်လာမည်ဟု ပြောသွားသည်။

“ဟုတ်တယ် . . . ဆရာ။ ဆရာစီစဉ်တာ ကောင်းပါတယ်။ ဧည့်သည်တွေနဲ့ ဘုန်းကြီးကိစ္စ မရှုပ်တော့ဘူးပေါ့။ လုံခြုံရေးအတွက်လည်း စိတ်ချရတာပေါ့။ နို့မို့ . . . အိမ်သားတွေက ဘုန်းတော်ကြီးတွေကို ဦးစားပေးစီစဉ်ရမှာဆိုတော့ ဧည့်သည်တွေကို ဧည့်ခံတာလည်း သတိမေ့သွားနိုင်တယ်။ အစီအစဉ်တွေ အားလုံး ကောင်းပါတယ်ဆရာ။ ကျေးဇူးအထူးတင်ပါတယ်”

မမကြီးနဲ့ ယွန်းပွင့်စံက ဧည့်သည်များအား ခြံအထိလိုက်ပို့ပြီးပြန်အဝင် ခြံတံခါးပိတ်တော့ ကျွန်တော်က . . .

“မမ . . . မနက်ဖြန် ကျွန်တော်တို့ ဘုန်းတော်ကြီးတွေကို သွားပင့်ကြိုရဦးမယ် မဟုတ်လား”

“မလိုဘူးလေ . . . မောင်မောင်၊ မမ ဖုန်းနဲ့ လျှောက်ပြီးပြီ။ ဆရာတော်က မနက်ဖြန်မနက် သူ့ PRADO ကားကြီးနဲ့ ကြွလာမှာ။ ကြွနေကျပါ . . . မောင်မောင်။ မစိုးရိမ်ပါနဲ့။ အေးအေးအနားယူပါရှင်”

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

နောက်တစ်နေ့ မနက်စောစော ကျွန်တော်တို့ (၄) နာရီခန့် ထဲ၌ အပြီးသတ်စစ်ဆေးပြင်ဆင်နေကြစဉ် ဆရာဝန်မောင်ဖော်တို့မိသားစု စောစီးစွာ ရောက်လာကြသည်။ မရှေးမနှောင်းပင် ဆရာတော်ဘုရား များလည်း ကြွလာသဖြင့် ကြိုဆိုနေရာပေးပြီး ဆရာတော်က မိသားစု နှစ်စုအား အလ္လာပသလ္လာပစကားမိန့်ပြီး ငါးပါးသီလပေးသည်။ မေတ္တာ သုတ်ကိုရွတ်ဆိုပြီ မင်္ဂလာတရားကို ဟောကြားသည်။

ဆရာတော်များအား လှူဘွယ်ဝတ္ထုအစုစုဖြင့် လှူဒါန်းပူဇော် ပြီး ရေစက်ချသည်။ ကျွန်တော်က အလိုအလျှောက် သမီးယွန်းပွင့်စံ၏ ဖခင်နေရာက ဖြစ်သွားသည်။ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းအား အမျှ အတန်းဝေပြီး သာဓုခေါ်ကြသည်။ ပြီးနောက် ဆရာတော်များအား ဆွမ်း ကပ်ပါသည်။ ဆွမ်းထမင်းဟင်းများ အချိန်မီရောက်လာသဖြင့် တော်ပါ သေးသည်။

ဆွမ်းဘုန်းပေးပြီး အချိုပွဲတည်းနေစဉ် ကျွန်တော့်အား မမကြီး က ဆရာတော်နှင့် မိတ်ဆက်ပေးပါသည်။ ဆရာတော်က မမကြီးတို့





မိသားစု အစဉ်အဆက် ကိုးကွယ်လာခဲ့သဖြင့် သက်တော်ဝါတော်က ကြီးရှေပြီ။ သို့သော် သီလရှိ၍ သတိအလွန်ကောင်းသည်။ တရားဟော သည်း လွန်စွာကောင်းသည်။ တိုရင်းလိုရှင်း၊ အပိုမပြော။ ဆရာတော် မင်္ဂလာတရားမိန့်ပြီး ပြန်ကြွတော့ ကျွန်တော်တို့ ဝင်းတံခါးအထိ လိုက်ပို့ သည်။ လူအဝင်အထွက်များတော့မည်ဖြစ်သဖြင့် တပည့်များအား ဂရုစိုက် ရန်သတိပေးရသည်။

ကျွန်တော်နှင့် အောင်သန်း၊ တင်သောင်းတို့ အပေါ်ပြန်တက် ပြီး ဘုန်းတော်ကြီးပိုင်းများကို သိမ်းသည်။ ပြီး စေ့စပ်ပွဲအတွက် ပြင်ဆင်ရ ပြန်သည်။ ညည့်ခံကျွေးမွေးရေးအတွက်တော့ အောက်ပိုင်းနှင့် ခြံထဲက ပိုင်းများက အဆင်သင့်။ သတို့သမီးလောင်းနှင့် သတို့သားလောင်းတို့ အား ပြင်ဆင်နိုင်းပြီး ကျွန်တော် အောက်ဆင်းလာခဲ့သည်။

အချိန်မှာ မနက် (၇) နာရီခန့်သာ ရှိသေးသဖြင့် ဧည့်သည် မလာသေးသော်လည်း ကြိုတင်မှာယူထားသော အစားအစာများနှင့် အသုံးအဆောင်များကို ကားကြီးကားငယ် အသွယ်သွယ်ဖြင့် လာရောက် ပို့ဆောင်နေကြပြီဖြစ်သည်။ တပည့်များက ကျွန်တော် မှာထားသည့် အတိုင်း ခြံတွင်းသို့ ကားများအဝင်မခံတော့ဘဲ ပစ္စည်းများအား သယ်ချ နေသည်။

မနက်(၈း၃၀)နာရီတွင် ဘိသိတ်ဆရာ ရောက်လာသည်။ စေ့ စပ်ပွဲဖြစ်သော်လည်း မန္တလေးမျက်နှာဖုံးကြီးများတုံးစံထင်ပါရဲ့။ မင်္ဂလာ ဆောင်အခမ်းအနားကဲ့သို့ လုပ်ဆောင်ကြဟန်တူပါသည်။ မကြာမီ ဆွေ မျိုးအသိုင်းအဝိုင်း လူရင်းများနှင့် ယွန်းပွင့်စံ၏သူငယ်ချင်းများ ရွှေချို ဆိုင်တန်းမှ မိတ်ဆွေများ တဖွဲဖွဲ ရောက်လာကြသည်။ မနက်(၉)နာရီ



www.burmeseclassic.com

www.burmeseclassic.com



တွင် အခန်းအနားစမည်ဖြစ်ရာ (၉)နာရီမထိုးမီ လူစုံသည်။ ဝမ်းသာစရာကောင်းသည်ကတော့ ပြင်ဦးလွင် မိုးမခစံအိမ်ကြီးမှ ဘဏ္ဍာစိုးနှင့် မန်နေဂျာ၊ အလုပ်သမားခေါင်းအဖွဲ့များဖြစ်သည်။

ကျွန်တော်တို့ကို မြင်သည်နှင့် ဖက်လှဲတကင်းနှုတ်ဆက်ကြပြီး ဝမ်းသာအားရ စကားပြောကြသည်။ သူတို့ပြောစကားအရ မိုးမခစံအိမ်ကြီးမှာ အေးအေးချမ်းချမ်းဖြစ်ကြောင်း သိရပါသည်။ မုန်တိုင်းမလာခင် လေပြေလေညှင်းတိုက်နေသလားတော့ မသိပါ။ သို့သော် ကျွန်တော်စိုးရိမ်သလိုမဖြစ်၍ ဝမ်းသာရပါသည်။

မနက်(၉)နာရီ ညှိသည်များစုံတော့ စေ့စပ်ကြောင်းလမ်းခြင်းမင်္ဂလာစ,သည်။ ဘိသိတ်ဆရာက နှစ်ဦးနှစ်ဖက်မိဘများ၏ ဆန္ဒသဘောတူကြသဖြင့် မင်္ဂလာနေ့နှင့် အချိန်အခါကောင်းကို သတ်မှတ်ရွေးချယ်ပြီး ကြေညာသည်။ ပြီးနောက် အစီအစဉ်အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မင်္ဂလာဆွမ်းကိုကျွေးသည်။ နေ့လယ် (၁၂)နာရီ စေ့စပ်မင်္ဂလာပွဲ ပြီးဆုံးသွားသော်လည်း ကျွန်တော်တို့စိုးရိမ်သလို တစ်စုံတစ်ရာပြဿနာ ဖြစ်မလာပါ။ အားလုံး အေးချမ်းစွာ ပြီးဆုံးသွားသည်။

သို့သော် ကျွန်တော်တို့ ခြံတွင်းခြံပြင် အမှိုက်ရှင်းလင်းရန် ခြံပြင်ရှိကားများအား ခြံတွင်းပြန်သွင်းရန် စီစဉ်တော့ ကျွန်တော်တို့အိမ်ကား(၄)စီးအမိုးတွင် မသက်ာစရာ ဝါယာကြိုးစများနှင့် တိတ်အစများအား တွေ့ရသဖြင့် လျှပ်စစ်ကျွမ်းကျင်သော မြင့်သိန်းအား စစ်ဆေးခိုင်းသည်နှင့် မြင့်သိန်းက အချိန်မီ ရှင်းလင်းပစ်လိုက်ရသည်။ ခြံတွင်းကိုသာ ဂရုစိုက်နေသောကြောင့် ခြံပြင်ကို ဂရုမထားမိ။ ကျွန်တော်တို့ လက်ဦး၍ ကံကောင်းပါသည်။ ရန်သူက သူတို့ရှိနေ၊ စောင့်ကြည့်နေကြောင်း အသိပေးကြေညာခြင်းလည်း ဖြစ်ပါလိမ့်မည်။





ဤကိစ္စကို ကျွန်တော်တို့ ရင်ဆိုင်မဖြေရှင်း၍ မရတော့ပါ။ ထို့ကြောင့် ထိုညဦးက အားလုံး အစည်းအဝေးထိုင်ကြပြီး မနက်ဖြန်မနက်၌ပင် လိုအပ်သည်များဝယ်ယူ၍ ညနေဘက်တွင် ပြင်ဦးလွင်တက်ကြရန် ဆုံးဖြတ်ကြသည်။ မမကြီးတို့သားအမိ လုံခြုံရေးအား စောင့်ရှောက်ရန် ပုဏ္ဏားနှင့် မျောက်တင်သောင်းအတွဲကို မန္တလေးခြံစောင့်ထားခဲ့ပြီး ကျွန်တော်နှင့် သူခိုးမြင့်သိန်း၊ ကျော်ကြီးတို့က အမာခံဖြစ်သည်။

တစ်ကယ်တာဝန်ခွဲတော့ လူအင်အားက နည်းနေသဖြင့် အင်အားဖြည့်ရန် လိုပြန်သည်။ ထို့ကြောင့် လူရင်းဖြစ်သော ကျောက်ဆည်မှ မိုးတင်၊ မိုးအောင်၊ မိုးမောင်နှင့် ကျော်တင်တို့ညီအစ်ကိုကို သတိရသဖြင့် ဘုန်းတော်ကြီးကျောင်းမှတစ်ဆင့် ခရီးထွက်စရာရှိ၍ အသင့်ပြင်ထားရန် ဖုန်းဆက်ရသည်။ ထို့ပြင် ပြင်ဦးလွင်ရဲစခန်းမှ သူငယ်ချင်းနိုင်အုပ်ကြီး မောင်မောင်ဝင်းထံလည်း လှမ်း၍ အကူအညီတောင်းရသည်။ အားလုံးအဆင်ပြေတော့ အစုနှစ်စု ခွဲရတော့သည်။

မြင့်သိန်းနှင့်ကျော်ကြီးကို SUNNY (Pick up)ကားပေးလိုက်၍ ပစ္စည်းများဝယ်ပြီး ပြင်ဦးလွင် မိုးမခစံအိမ်ကြီးတွင် ဆုံကြရန်နှင့် ကျွန်တော်တို့က (ကျွန်တော်နှင့် မုဆိုးအောင်သန်း) ကျောက်ဆည်မှ မိုးတင်တို့ညီအစ်ကိုကို ဝင်ခေါ်ပြီး ပြင်ဦးလွင်သို့တက်လာကြရန် ဖြစ်ပါသည်။

ထို့ကြောင့် ကားတစ်စီးက လိုလာပြန်သည်။ စက်အားကောင်းသောကားဖြစ်ရမည်ဖြစ်သဖြင့် မမကြီးတို့ ကားများသုံး၍မရ။ ထို့ကြောင့် ကျွန်တော့်အတွက် မမကြီးက သုံးရန်အဆင်သင့် ဝယ်ယူထားသော



www.burmeseclassic.com

www.burmeseclassic.com



TOYOTA MARK 2 ကားကြီးကို ထုတ်၍ ကျော်ကြီးအား အသေးစိတ် စစ်ဆေးခိုင်းရတော့သည်။ MARK 2ကားကြီးက POWER အလွန် ကောင်းသည်။ ပွိုင့် • 2 DIESEL အမျိုးအစား VAN ကားကြီးဖြစ်သည်။

ကျွန်တော်တို့ ခရီးထွက်တော့မည်ကိုသိသဖြင့် သတို့သား လောင်း မောင်ဖော်က လိုက်လိုကြောင်း ပူဆာသော်လည်း ကျွန်တော်က အသက်အန္တရာယ်ရှိ၍ နောက်မှလိုက်ရန် ချော့မော့ပြီး ငြင်းပယ်ရသည်။ မောင်ဖော်မှာ ကျွန်တော်ထင်သလို လူနုဖြစ်သော်လည်း စိတ်မနုကြောင်း သိရသဖြင့် ကျွန်တော် ဝမ်းသာရပါသည်။

နှစ်ဦးနှစ်ဖက် အပြတ်ရှင်းမည့်ပွဲဖြစ်သဖြင့် သတို့သားလောင်း ကို ဤပွဲတွင် ကျွန်တော် မသုံးရက်ပါ။ မတော်တဆ အသက်အန္တရာယ် သော်လည်းကောင်း၊ ကျိုးပဲ့၍ အင်္ဂါမစုံလျှင်သော်လည်းကောင်း ကျွန် တော့်သမီး ယွန်းပွင့်စံအတွက် တစ်သက်လုံး ယူကျုံးမရဖြစ်ရပေလိမ့် မည်။ မမကြီးကတော့ သဘောပေါက်ပါသည်။ ထို့ကြောင့် သူမက ဖြန် ဖြေချော့မော့ပြီး မောင်ဖော်အား ထိန်းနိုင်ခဲ့ပါသည်။ ယွန်းပွင့်စံကတော့ မောင်ဖော်မလိုက်ရတော့၍ ဝမ်းသာနေပါသည်။ ချစ်စ၊ ခင်စ၊ ကြင်နာစ အိမ်ထောင်ဦးဘဝအစပေကိုး။ ကိုယ်ချင်းစာမိပါသည်။

နောက်တစ်နေ့မနက် လေးနာရီကတည်းကထပြီး ကျွန်တော် နှင့်အောင်သန်း၊ အပြည့်အစုံပြင်ဆင်၍ မနက်(၅)နာရီတိတိတွင် မန္တလေး မှထွက်ခဲ့ကြသည်။ မမကြီးကတော့ တဖွဖွ မှာ၍မဆုံးပါ။ မနက်စောစော လမ်းရှင်းပြီး စက်အားကောင်းသောကားဖြစ်သဖြင့် ကြောင်ပန်းကုံးရွာ သို့ ခဏဖြင့်ရောက်သည်။

မနေ့က ညနေကတည်းက ဖုန်းကြိုတင်ဆက်ထားသဖြင့် မိုး တင်တို့ညီအစ်ကို ကြောင်ပန်းကုံးရွာ မိုးအောင်တို့အိမ်တွင် တစ်စုတည်း





စေးတည်း အသင့်စောင့်နေကြသည်။ သွေးမတော် သားမတော်သော် လည်း ကျွန်တော့်အား ညီအစ်ကိုအရင်းလို ချစ်ခင်သူများ ဖြစ်ကြပေ သည်။

"ကဲ . . . ကိုယ့်ညီတို့ ကျောက်ဆည်မှာ မနက်စာ ဝင်စားမယ်။ နေ့လယ်စာကိုတော့ ပြင်ဦးလွင် မိုးမခစံအိမ်ကြီးရောက်မှစားမယ်။ မင်း တို့ ဘာလိုသေးသလဲ ပြော"

"အစ်ကိုကြီးရှိနေမှ ဘာလိုမလဲဗျာ။ ကျွန်တော်တို့မှာ လောက် လေးခွ၊ လောက်စာလုံး အပြည့်အစုံနဲ့ လင်းလေး၊ ဓားမြှောင်၊ ဓားရှည်၊ ငှက်ကြီးတောင်ဓား အစုံပါလာတယ်။ နန္ဒီရွာ ပန်းပဲဆရာကိုကျော်မြင့် အရေးပေါ်လုပ်ပေးလိုက်တဲ့ အသံတိတ်လက်နက် ဂျင်ကလီတောင် အချောင်း (၂၀)လောက် ပါသေးတယ်"

"အေးပါ . . . ငါ့ညီတွေက အားကိုးရပါတယ်။ ဒါပေမဲ့ ဟိုဘက် က မောင်းပြန်သေနတ်တွေကိုင်ထားတဲ့အဖွဲ့ အလွန်သတိထားရမယ်။ ပေါ့ပေါ့ဆဆ လုပ်လို့မရဘူး"

"ရပါတယ် . . . ဆရာရယ်။ ကျွန်တော်တို့က အာဖရိကတော ရွှင်းကားတွေ ကြည့်ထားတာ လက်နက်ပုန်းနဲ့ ခြုံခိုတိုက်ကြတာပေါ့။ ည်းပရိယာယ်က အရေးကြီးပါတယ်"

ကျောက်ဆည်တွင် မနက်စာစားကြပြီး ကျွန်တော် စက်အား ကောင်းသော MARK 2 ကားကြီးအား ဆက်မောင်းလာရာ မနက်(၉) နာရီခန့်တွင် အမရပူရ ကျောက်မီးတာဆုံရွာသို့ရောက်တော့ မြင့်သိန်း တို့အဖွဲ့ SUNNY (Pick up) ကားကလေးအား ဆည်မြောင်းပေါင်လမ်း အတွင်းထိုးပြီး အကြော်ဆိုင်တွင် အကြော်စားနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ . . . မြန်သားပဲ။ ကျွန်တော်တို့ မန္တလေးအိမ်ကထွက်လာတာ မနက်(၈)နာရီအရောင်ပြပြီး ဖြည်းဖြည်းထွက်လာကြတာ ဒီရောက်တာ နာရီဝက်လောက်ပဲ ရှိသေးတယ်။ မိုးတင်တို့ လူစုံတက်စုံပဲနော်။ အင်အားတောင့်သွားတော့ အားရှိတာပေါ့"

"ကိုမြင့်သိန်း၊ ကျွန်တော်တို့မှာ လက်နက်လည်း အစုံပါတယ်ဗျနော်။ အထင်မသေးနဲ့"

မိုးအောင်က သူတို့လက်နက်တွေကို ထုတ်ပြတော့ မြင့်သိန်းက ရယ်ကျဲကျဲဖြင့် . . .

"အေး . . . ဒါတွေလည်း အသုံးဝင်ပါတယ်။ အသံတိတ် လက်နက်ပုန်းတွေပေါ့။ ကဲ . . . ညီလေးတို့ အမောပြေ အကြော်စားကြဦး။ ဒီအကြော်ဆိုင်က ဂန္ဓဝင်အကြော်ဆိုင်"

"ဘာဖြစ်လို့လဲ . . . ကိုကြီးမြင့်သိန်း"

"တို့ဆရာနဲ့ မမကြီးတို့ပြန်ဆုံကြတဲ့ နေရာလေကွာ။ မင်းတို့ကလည်း . . . ဟဲ . . . ဟဲ . . . သိရဲ့သားနဲ့"

"ဩော် . . . ဟုတ်သားပဲ၊ ကျွန်တော် မေ့နေတာ"

ကျွန်တော်တို့ အကြော်စားပြီး ခရီးဆက်ထွက်လာတော့ မြင့်သိန်းတို့က ပို့ုင့်အနေဖြင့် ရှေ့ကသွားသည်။ ကျွန်တော် စက်အားကောင်းသော MARK 2 ကားကြီးကို အသာအယာမောင်းနှင်ပြီး နောက်မှ သတိထား၍ လိုက်ခဲ့သည်။ ကိုက်(၁၀၀)၊ (၂၀၀)အတွင်း အကွာဝေးထားပါသည်။ (၂၁)မိုင်စခန်းရောက်တော့ နားကြပြန်သည်။ နို့မလိုင်လက်ဖက်ရည်ကြိုက်သော မြင့်သိန်းအတွက်ဖြစ်ပေသည်။





၂၁ မိုင်စခန်းဆိုင်များတွင် စောသေး၍ထင့် လူအတော်ပါးသည်။ ကျွန်တော်တို့ အတူလာသည်မှန်း မရိပ်မိစေရန် နှစ်စုခွဲ၍ ခပ်ဝေးဝေးထိုင်ကြသည်။ ထိုစဉ် စက်သံကြမ်းကြမ်းဖြင့် ဝီလီဂျစ်ကားတစ်စီး မန္တလေးဘက်က တက်လာသည်။ ကားမှာ အင်ဂျင်ကျနေသဖြင့် ရေဆူလာဟန်ဖြင့် ဆိုင်ရှေ့ထိုးရပ်ပြီး ဂျစ်ပစီပုံစံလူ (၅)ဦး ခုန်ဆင်းလာကြသည်။

"အိုက်ပုံ . . . မင်းကားစုတ်ကို မီးသာရှို့ပစ်လိုက်တော့။ အရေးကြီးရင် သုံးလို့ကိုမရဘူး။ ဟိုကားတွေ လွတ်သွားပြီ"

"မင်းကလည်းကွာ တောင်တက်ခရီးပဲ ဒီလောက်တော့ ရှိမှာပေါ့။ ငါ့ကားက ၁၉၄၅ ခုနှစ်ထုတ် စစ်သုံး MODEL ကွ။ ဒီလောက်တော့ ရှိမှာပေါ့။ ရေဆူတာပဲ အဆန်းလုပ်လို့။ စက်ပျက်တာမှ မဟုတ်ဘဲ။ ကောင်လေးတစ်ယောက် လာစမ်းဟေ့။ ရေတိုင်ကီ ရေလဲမယ်။ အင်ဂျင်နဲ့ ကာဘာရိုက်တာကို ရေမထိစေနဲ့"

"ဟုတ်"

ဆိုင်က အလုပ်သမားလေးတစ်ယောက်က လုပ်နေကျအတိုင်း ဂျစ်ကားစက်ခေါင်းဖွင့်၍ ရေတိုင်ကီအား ရေဖျန်း၍ အအေးပေးပြီး လက်အိတ်စွပ်ထားသောလက်ဖြင့် ရေတိုင်ကီအဖုံးအား သတိဖြင့်ဖွင့်သည်။ ပြီးနောက် ရေအေးထည့်၍ ရေလဲပေးသည်။

ခေါင်းဆောင်ဖြစ်ဟန်တူသူက အလုပ်သမားလေးပခုံးကို ပုတ်ပြီး တစ်ထောင်တန်ငွေစက္ကူတစ်ရွက် ထုတ်ပေးပြီး ဆိုင်အတွင်းဝင်သာကြသည်။ ကျွန်တော်တို့နှစ်ဖွဲ့ကြား ထိုင်ခုံလွတ်တွင် ဝင်ထိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ဆင့်ခံအင်အားဖြည့်အဖွဲ့ ဖြစ်ပုံရသည်။ ကျွန်တော်တို့အား မှတ်မိသိရှိပုံမရ။ ကျွန်တော်တို့ကတော့ သတိထားနေမိသည်။

"တောက် . . . ဘယ်ရောက်သွားလဲ မသိဘူး။ မြန်လိုက်တာ။ အေးလေ . . . ညကျမှ မိုးမခစံအိမ်ကြီးမှာ ဆုံကြတာပေါ့။ ဒီတစ်ခါ အပြတ်ရှင်းမယ်ဟေ့။ ငါတို့အဖွဲ့တွေ ခံရတာနှစ်ခါရှိပြီ"

"ဆရာရယ် . . . ဒီကောင်တွေမှာ ဘာလက်နက်ရှိမှာလဲ၊ ကျွန်တော်တို့က လူအင်အားရော၊ လက်နက်အင်အားပါ သာပါတယ်။ အိုက်လုတို့ တတိယအဖွဲ့လည်း လာကြဦးမှာ။ ပွဲကြီးပွဲကောင်း နွှဲကြတာပေါ့"

လက်နက်များ ပါဟန်တူသည်။ ဂျာကင်ကိုယ်စီဖြင့် ပတ်ဝန်းကျင်ကိုဂရုမစိုက်ဘဲ ထင်တိုင်းပြောနေကြသည်။ ထိုစဉ် ရဲအုပ်ကြီး မောင်မောင်ဝင်းတို့အဖွဲ့ HILUX ရဲကားနှစ်စီးဖြင့် ဆိုင်ရှေ့ရပ်၍ ဆင်းလာကြသည်။ လူဆိုးအဖွဲ့ လှုပ်လှုပ်ရှားရှား ဖြစ်သွားဟန်တူသည်။

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သဖြင့် ဘေးနှစ်ဖက်မှ ကျွန်တော့်အဖွဲ့ဝင်များ အလယ်ခုံ၌ထိုင်နေသော လူဆိုးအဖွဲ့အား ညှပ်မှူးညှပ်ပိတ် ဝိုင်းဖမ်းလိုက်ကြတော့သည်။ မောင်မောင်ဝင်းတို့အဖွဲ့ကလည်း ချက်ဆို နားခွက်က မီးတောက်သဖြင့် လက်နက်များဖြင့် အသင့်ချိန်၍ အသာတကြည် လက်ထိတ်ခတ်၍ ဖမ်းလိုက်ကြတော့သည်။

"ကိုသိန်းဝင်း . . . ခင်ဗျားတို့အဖွဲ့ ချိန်းထားတဲ့အချိန်အတိုင်း မိုးမခစံအိမ်ကြီးမရောက်သေးလို့ လမ်းမှာ တစ်ခုခုဖြစ်သလားဆိုပြီး ဆင်းလာကြတာ။ အိုက်စံတို့ ဘိန်းကုန်သည်အဖွဲ့ပဲ။ ကြက်ကလေးငှက်ကလေး ဖမ်းသလို လွယ်လိုက်တာ။ ဒီကောင်တွေကို ကျွန်တော်တို့လိုက်နေတာ အတော်ကြာပြီ။ ကျေးဇူးပဲဗျို့"





"ထိုအခါမှ ခေါင်းဆောင်အိုက်စံဆိုသူက ကျွန်တော်တို့အား မကျေမနပ်ကြည့်ပြီး တောက်တစ်ချက် ပြင်းပြင်းခေါက်သည်။ အရပ်ဝတ်ကိုယ်စီဖြင့် ကျွန်တော်တို့အား အထင်သေးဟန်ဖြင့် ထွီခနဲတံတွေး တစ်ချက် ထွေးလိုက်ပြီး . . .

"မြွေပွေးပိုးထိတာ နာသကွာ"

"အိုက်ပု အဲ့ဒါ မင်းအသုံးမကျတာ။ ကားပဲ မဲလိုက်နေတယ်။ လူတွေကို မမှတ်မိဘူးလား"

"ဟ . . . ငါက ခေါင်းတုံးဆံတောက်နဲ့ ပုဏ္ဏားကုလားလိုကောင်ပဲ မှတ်မိတာ။ အခု အဲ့ဒီကောင်မှ ပါမလာဘဲ"

"အေး . . . အေး . . . ခံလိုက်တော့ . . . အိုက်ပုရေ"

ထိုစဉ် ကိုမောင်မောင်ဝင်းက . . .

"ညနေ ကျွန်တော်တို့ စုရပ်ကိုလာမယ်။ စောစောဆုံကြတာပေါ့"

"အိုကေ . . . ကိုမောင်ဝင်း၊ အဆင်သင့်စောင့်နေမယ်"

"အိုကေ . . . သွားပြီဗျို့။' ကျေးဇူးပဲ ကိုသိန်းဝင်း"

ရဲအုပ်ကြီးကိုမောင်ဝင်းတို့က လူဆိုးငါးဦးအား HILUX ရဲကား (၂)စီး အပေါ်ခွဲ၍တင်ပြီး ထပ်မံကြိုးတုပ်သေးသည်။ ပြီးနောက် လက်နက်အစောင့်အကြပ်များဖြင့် ခေါ်ဆောင်သွားပြီး လူဆိုးများစီးလာသော ဂျစ်ကားကိုပါ မောင်းယူသွားတော့သည်။

"ကဲ . . . ထစ်တောတော့ အေးအေးဆေးဆေးရှင်းပြီ။ မိုးမခစံအိမ်ကြီးကို သွားကြစို့။ ဟိုမှာ လုံခြုံရေးအတွက် အစီအမံလုပ်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... ခဏနေကြဦး မမကြီးတို့စိတ်ချသွားအောင် ဖုန်းတစ်ချက် ဆက်လိုက်ဦးမယ်"

ကျွန်တော် ဖုန်းဆက်ပြောတော့ မမကြီးတို့ ဝမ်းသာနေကြသည်။ လုံခြုံရေးအစီအမံကိုတော့ မလျှော့ရန် ပုဏ္ဏားနှင့် မျောက်တင်သောင်းကိုလည်း သတိပေးရသေးသည်။ အတတ်နိုင်ဆုံး အပြင်မထွက်ရန် မိုးမခစံအိမ်ကိစ္စအား ပြင်ဦးလွင်ရဲတပ်ဖွဲ့က ကူညီသဖြင့် စိတ်ချရန်လည်း ပြောကြားရသေးသည်။

မိုးမခစံအိမ်ကြီးရောက်တော့ အားလုံးက ကြိုဆိုကြသည်။ စံအိမ်ကြီးပတ်ဝန်းကျင်ကတော့ နဂိုအတိုင်း အေးဆေးငြိမ်သက်နေသည်။ မှန်တိုင်းမလာမီ လေညှင်းတိုက်ခတ်နေသည့်သဘောပင်။ ပတ်ဝန်းကျင်အား လေ့လာပြီး ကျွန်တောတို့အဖွဲ့ အစီအစဉ်များ ဆွဲကြသည်။ ယနေ့ည အစီကဇာတ်ကောင်က သူခိုးမြင့်သိန်း။ သူတတ်ကျွမ်းသော နည်းပညာဖြင့် အရှေ့တံခါးကြီး၊ အနောက်ထွက်ပေါက် တံခါးများတွင် ကျွန်တော်တို့ကားလေးစီးအား ပုံးထောင်ထားခဲ့သော မပေါက်ကွဲသေးသည့် ပုံးများကို REMOTE တီထွင်၍ စနစ်တကျတပ်ဆင်သည်။

အိမ်ရှေ့တံခါး၊ (ဝင်းတံခါးကြီး)တွင် ဗုံး(၂)လုံး၊ နောက်ဘက်တံခါးတွင် ဗုံး(၁) လုံး၊ တံခါးကြီးရှေ့လမ်းပေါ်တွင် မြေမြှုပ်၍ ဗုံးတစ်လုံးထောင်ထားသည်။ ကားများကိုလည်း လွတ်ကင်းရာမျက်ကွယ်တွင် အစဖျောက်ထားလိုက်သည်။ မိုးမခစံအိမ်ကြီးမှာ နှစ်ထပ်ဆင်ဝင်အိမ်ကြီးဖြစ်ပြီး (၇)ဆောင်ပြိုင်အိမ်ကြီးဖြစ်သည်။ အုတ်ပတ်ကားအိမ်ကြီးဖြစ်သဖြင့် အတော်တောင့်တင်းသည်။





ကျွန်တော်တို့အား ပထမလူဆိုးအဖွဲ့ထံမှ သိမ်းယူရရှိခဲ့သော ပစ္စတိုများနှင့် ကျည်ကပ်များကို ခွဲဝေပေးသည်။ မိုးမခစံအိမ်ဝန်ထမ်းများက ချက်ပြုတ်ပေးသော နေ့လယ်စာကို မြိန်ရှက်စွာစားကြပြီး နေ့လည် တစ်ရေးတစ်မော အိပ်ကြသေးသည်။ ညကင်းစောင့်ရမည်ဖြစ်သဖြင့် ကြိုတင်အားမွေးထားကြခြင်းဖြစ်သည်။

ညနေမမှောင်ခင် ကိုမောင်မောင်ဝင်းတို့ ရဲတပ်ဖွဲ့လည်း ရောက်လာကြသဖြင့် ကား(၂)စီးကို လုံခြုံရာတွင် သိမ်းထားပြီး ညစာကို စောစောစားကြသည်။ ပြီးသည်နှင့် တာဝန်ခွဲဝေချထားလိုက်သည်။ ရဲတပ်ဖွဲ့တွင် မောင်းပြန်ရိုင်ဖယ်များအပြင် လက်နက်ကြီးများလည်း ပါလာကြသဖြင့် အလွန်အားတက်မိသည်။

ကိုမောင်ဝင်းက ...

"ကိုသိန်းဝင်း ... ဘာမှမစိုးရိမ်နဲ့။ တိုက်ပွဲသံကြားရင် မြို့မရဲတပ်ဖွဲ့ကလည်း ဆင်းလာမှာ။ ကျွန်တော် စီစဉ်ထားတယ်။ ဖုန်းတွေရှိတာပဲဗျာ။ ဟိုကောင်တွေ အင်အားကောင်းရင် စစ်တပ်ပါလှမ်းခေါ်တာပေါ့။ ကျွန်တော် ချိတ်ဆက်ထားပါတယ်"

ကျွန်တော်ကလည်း ကျွန်တော်တို့ဘက်က အစီအစဉ်နှင့် အကျိုးအကြောင်းကို ကိုမောင်ဝင်းအား ရှင်းပြရပါသည်။

"ကဲ ... ခင်ဗျားတို့လည်း ဘယ်ဆိုးလို့လဲ။ လက်နက်ပညာရှင်ပါတော့ အားကိုးရတာပေါ့။ ဒါနဲ့ ခင်ဗျား ဘယ်လိုထင်သလဲ ကိုသိန်းဝင်း"

"ဒီကောင်တွေ ဒီတစ်ခါတော့ မီးကုန်ယမ်းကုန် ဆော်ကြလိမ့်မယ်ထင်တယ်။ ရှေ့ကရော၊ နောက်ကပါ ညှပ်ပူးညှပ်ပိတ် ဆော်ကြလိမ့်မယ်ထင်တယ် ... ကိုမောင်ဝင်းရေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . အဲ့ဒါဆို နောက်ဘက်လုံခြုံရေးလည်း အရေးကြီးတာပေါ့။ ကျွန်တော် တာဝန်ခွဲချလိုက်မယ်။ ကျွန်တော်တို့မှာ လက်နက်ကြီးတွေပါပါတယ်ဗျာ။ မပူပါနဲ့။ ဒါနဲ့ ခြံအလုပ်သမားတွေ ညဒီဘက်မလာဖို့တော့ ပြောထားသေးသလား"

"ပြောပြီးပါပြီဗျာ။ သူတို့လည်း လွတ်ကင်းလုံခြုံရာမှာ နေကြပါလိမ့်မယ်။ လိုအပ်ရင်လည်း လူအင်အားအကူအညီ ရနိုင်ပါတယ်။ ဟိုဘက်က အင်အားကြီးလွန်းလို့ ဆုတ်ရမယ်ဆိုရင်တောင် လုံခြုံအေးကင်းတဲ့ မြေအောက်ခန်းကနေ အုတ်ဂူတွေရှိတဲ့ဘက်ကို မြေအောက်ဥမင်လိုဏ်အတိုင်း ဆုတ်နိုင်အောင် စီမံထားပါတယ်"

"အကွက်ကတော့ စေ့ပါတယ်။ ဒါပေမဲ့ အဲ့သည်လောက် မလိုပါဘူးဗျာ။ ကျွန်တော်လည်း ရှမ်းပြည်နယ်ဘက်မှာ တိုက်ပွဲအတွေ့အကြုံ အတော်စုံခဲ့ပါပြီ။ စိတ်ချစမ်းပါဗျာ။ ကျွန်တော့်အဖွဲ့တွေက အလွန်တော်တဲ့ တိုက်ပွဲအတွေ့အကြုံများတဲ့ တပ်သားတွေပါ"

"ဒါနဲ့ ကိုသိန်းဝင်း ဘာသေနတ်ကိုင်မလဲ"

"ကျွန်တော်က မုဆိုးဆိုတော့ တစ်ကောင်ချင်းပစ်သေနတ်ပဲ သဘောကျတယ်။ ဒီမှာ ပစ္စတိုကြီးရှိပေမဲ့ အနီးကပ်သုံးမှရမယ်။ အဝေးပစ်သေနတ်တစ်လက်လိုတယ်"

"ရပေါ့ဗျာ။ ကျွန်တော်ဆောင်လာတဲ့ ကာဘိုင်သေနတ်တင်လက်ပါလာတယ်။ ခင်ဗျားက စနိုက်ပါဆိုတော့ တစ်ကောင်ချင်းပစ်ဝင်အတွဲလိုက်ပစ်ပစ် အဆင်ပြေတာပေါ့။ ကျည်ကဒ်ကတော့ နည်းတယ်။ (၁၀)တောင့် နှစ်ကဒ်ပဲပါတယ်။ ရော့ . . . ဒါလေးက ကျည်ဆံတွေရှားတယ်"





"ကျွန်တော်က ပိုင်မှပစ်မှာပါ။ ပစ္စတိုကြီးလည်း ရှိပါတယ်"

မှောင်စပျိုးချိန်တွင် ခြံရှေ့သို့ ဂျစ်ကား(၂)စီးဝင်လာသည်။ မီးထိုးဝင်လာခြင်းဖြစ်သည်။ ထိုအချိန်၌ပင် ခြံနောက်ဘက်မှ ပစ်ခတ်သံများ ကြားရတော့သည်။ ညှပ်ပူးညှပ်ပိတ် ဝင်စီးခြင်းဖြစ်သည်။ သူနိုးမြင့်သိန်းက ဂျစ်ကား(၂)စီး ခြံရှေ့အရောက်တွင် လမ်းပေါ်တွင်ထောင်ထားသော မုံးအား REMOTE နှိပ်၍ခွဲလိုက်ရာ ကား(၂)စီး မှောက်သွားသည်။ သူတို့ဘက်က ပြန်ပစ်ချိန်ပင်မရလိုက်။ အတုံးအရုံး ကျသွားကြသည်။

မကြာပါ၊ အနောက်ဘက်ကားတန်းကို လှမ်းမြင်ရပြန်သည်။ အင်အားက သေးဟန်မတူ။ ထိုစဉ် အိမ်အနောက်ဘက်တံခါးကို အင်နှင်အားနှင့် ထုရိုက်ဖျက်ဆီးနေသံများ ကြားရပြန်သဖြင့် မြင့်သိန်းက အနောက်ဘက်ဝင်းတံခါးတွင် တပ်ဆင်ထားသော မိုင်းတစ်လုံးခွဲလိုက်ပြန်သည်။

"ဂုန်း . . . အီး . . . အီး . . . အား . . . ဟား . . . "

နှစ်ဖက်ပစ်ခတ်သံများ ဆူညံသွားသည်။ အရှေ့ဘက်မှ နောက်ဆပ်ဝင်လာသော ကားသုံးစီးမှာ ထရပ်ကားကြီးများဖြစ်သည်။ ဝင်းတံခါးကြီးအားဝင်တိုက်ရန် အရှိန်ဖြင့်ပစ်ခတ်ရင်း ဝင်လာကြခြင်းဖြစ်သည်။ မြင့်သိန်းက အချိန်ကိုက်၍ ရှေ့ဝင်းတံခါးမိုင်းတစ်လုံးအား ခွဲလိုက်ပြန်သည်။

"ဂုန်း . . . အုန်း . . . ဒိုင်း . . . ဒိုင်း . . . "

ရှေ့ထရပ်ကား(၂)စီး မှောက်သွားသဖြင့် ထွက်ကျလာသော လက်နက်ကိုင်များအား ကျွန်တော်တို့က အပေါ်စီးမှ ဝိုင်းပစ်နေကြစဉ်



www.burmeseclassic.com

www.burmeseclassic.com



တတိယထရပ်ကားကြီး ပစ်ခတ်ရင်း လဲပြိုကျသွားသော ဝင်းတံခါးအား အတင်းဝင်တိုက်၍ ဝင်လာသည်။ မြင့်သိန်းက နောက်ဆုံး လက်ကျန်ဗုံးကို ခွဲလိုက်တော့သည်။

"ဝုန်း ... အုန်း ... အုန်း ..."

တတိယထရပ်ကားကြီး တစောင်းလဲသွားပြီး လက်နက်ကိုင်များ ထွက်လာသည်နှင့် ကျွန်တော်တို့ဘက်က စုပြုပစ်ကြသည်။ ကျွန်တော်ကတော့ ကျည်ကွယ်မျက်ကွယ်တွင် နေရာယူရင်း တစ်တောင့်ချင်း ပစ်နေသည်။ ထိုစဉ် မြင့်သိန်းက ...

"ဆရာရေ ... နောက်ဘက်က အင်အားကောင်းတယ်။ ခြံထဲဝင်လာကြပြီ။ အနီးကပ်ရှင်းမှ ရတော့မယ်ထင်တယ်"

"တို့က အပေါ်စီးကပဲ လှေတံခါးက တက်လာမှရမှာ လှေတံခါးအတက်တွေမှာ နေရာယူကြ"

ရန်သူအင်အားက အတော်များသည်။ လက်နက်ကြီး လောင်ချာပါပါသဖြင့် ကျွန်တော်တို့ အပေါ်ထပ် မီးစွဲလောင်နေပြီဖြစ်သည်။ အုတ်တိုက်ဖြစ်၍သာ ခံနိုင်ရည်ရှိခြင်းဖြစ်သော်လည်း မီးဒဏ်ကိုတော့ ရေရှည်ခံနိုင်ရည်ရှိမည် မဟုတ်ချေ။ ထို့ပြင် မီးရောင်ကြောင့် ကျွန်တော်တို့လှုပ်ရှားမှုအား ရန်သူက မြင်နိုင်နေသည်။

"ကိုမောင်ဝင်း ... ဘယ်လိုလုပ်မလဲ"

"ရတယ်။ မီးလွတ်ရာကို ရှောင်။ သူတို့က ပြောက်ကျားစနစ်သုံးတော့ ကျွန်တော်တို့ လက်နက်ကြီးသုံးလို့ မရဘူး။ အနီးကပ်တိုက်ကြတာပေါ့"

အနီးကပ်တိုက်ပွဲအတွက် ကျွန်တော် ပစွတိုကြီး ထုတ်သုံးသည်။ အောင်သန်းနှင့် မိုးတင်တို့ ဂျင်ကလိများ၊ လင်းလေးများအ





ဤနေရာတွင် အသုံးတည့်သည်။ တက်လာသမျှ ရန်သူများအား တစ်ယောက်မှ မလွတ်စေရ။ ထိုအချိန်တွင် မြို့မရဲစခန်းမှ ရဲကားသံများနှင့် မီးသတ်ကားသံများကြားရသဖြင့် ရန်သူများ ဆုတ်ခွာကြသည်။ ပစ်ခတ်သံများ ငြိမ်သွားသော်လည်း မိုးမခံစံအိမ်ကြီးက မီးလောင်နေပါပြီ။

"ကဲ ... ကိုမောင်ဝင်းအဖွဲ့ကို စုလိုက်တော့။ မြေအောက်ခန်းဆင်းကြမယ်။ ဒီအတိုင်းဆင်းရင် မသေသေးတဲ့ လက်ကျန်ရန်သူကချောင်းပစ်နေလိမ့်မယ်။ မြေအောက်ခန်းကတစ်ဆင့် လိုဏ်လမ်းအတိုင်း အုတ်ဂူတွေဘက် ထွက်ကြမယ်။ မီးအားကပြင်းတော့ အိမ်ကြီးက မကြာခင်ပြိုတော့မှာ။ လာကြ ... မြန်မြန်။ သူနိုးမြင့်သိန်းက လမ်းပြ။ အတွင်းတံခါးသော့တွေ ဖွင့်ထားတယ်မဟုတ်လား"

"အဆင်သင့်ပဲ ဆရာ"

မြို့မရဲတပ်ဖွဲ့ဝင်လာပြီး မီးသတ်ကားက ရေပက်နေစဉ် မိုးမခံစံအိမ်ကြီးက ရှေးဟောင်းအဆောက်အဦပီပီ မီးဒဏ်နှင့် ရေဒဏ်ကို မခံနိုင်ပဲ တဝုန်းဝုန်း ပြိုကျနေသည်။ ကျွန်တော်တို့အဖွဲ့ကတော့ ဘေးကင်းရာမြေအောက်ခန်းမှ မြေအောက်လိုဏ်ခေါင်းအတိုင်း တန်းစီ၍ ထွက်လာကြပါသည်။ ကျွန်တော်တို့ မိုးမခစံအိမ်မြောက်ဘက် ဆွေမျိုးစုသင်္ချိုင်း အုတ်ဂူများအကြား လျှို့ဝှက်အပေါက်မှ ထွက်လာကြတော့ မိုးမခစံအိမ်ကြီးမှာ မီးလောင်နေဆဲ။ ရဲကားမှ အသံချဲ့စက်ဖြင့် ရဲအုပ်မောင်မောင်ဝင်းအား လှမ်းခေါ်နေသံကို ကြားရသဖြင့် မောင်မောင်ဝင်းတ မီးနှင့် အချက်ပြပြီး ....

"ကိုရဲမြင့်ရေ ... ကျွန်တော်တို့ ဒီမှာဗျို့။ ဘေးကင်းတယ်။ အန္တရာယ်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အားလုံး အပြင်ရောက်တော့ အိမ်ကြီးမီးလောင်နေသောမီးရောင်ဖြင့် တန်းစီလူစစ်ကြည့်တော့ တစ်ယောက်မှမကျ။ အနည်းအကျဉ်း ထိခိုက်ဒဏ်ရာရသူများတော့ရှိသည်။

မြို့မရဲစခန်းမှ ရဲအုပ်ကြီးဦးရဲမြင့်နှင့်အဖွဲ့က လာကြိုရင်း ...

"အကျအဆုံးရှိသေးသလား ... ကိုမောင်မောင်ဝင်း"

"မရှိဘူး။ ကျွန်တော် အခုပဲ လူစစ်ကြည့်ပြီးပြီ"

"ခင်ဗျားတို့အဖွဲ့က ဒါပဲလား။ ရဲတပ်စိတ်တစ်စိတ် အရပ်ဝတ်အဖွဲ့က (၁၀) ယောက်လောက်နဲ့ အံ့ပါဗျာ။ ဟိုဘက်အဖွဲ့က တပ်ခွဲလိုက်လာကြတာ။ ရွာထိပ်မှာ ထရပ်ကား(၃)စီးတွေ့ခဲ့တယ်။ ခြံဝမှာလည်း ဂျစ်ကားနှစ်စီးနဲ့ ထရပ်ကားကြီး (၃)စီး လဲနေတယ်။ ခင်ဗျားတို့ ဘာလက်နက်နဲ့ ဆော်ကြတာလဲ"

"အဲဒါ ကျွန်တော့်ငယ်ပေါင်းသူငယ်ချင်း စာရေးဆရာထောင်မှူးကြီးရဲ့ အစီအစဉ်နဲ့ ဆော်ကြတာပါဗျာ။ ကျွန်တော်တို့ဘက်က လက်နက်ကြီးတောင် မသုံးရပါဘူး"

ထို့ကြောင့် ကျွန်တော်ကဝင်ပြီး ကျွန်တော်တို့ကားများအား ဗုံးလာထောင်စဉ်က ရခဲ့သောမိုင်းများကို ကျွန်တော့်တပည့်မြင့်သိန်းက လျှပ်စစ်ပညာရှင်ပီပီ REMOTE တီထွင်၍ သုံးခဲ့ကြောင်း၊ ရဲအုပ်ကြီးကိုမောင်မောင်ဝင်း၏ တိုက်ပွဲအတွေ့အကြုံအရ စနစ်တကျ တက်ညီလက်ညီ ခုခံခဲ့ခြင်းကြောင့် အောင်မြင်ခြင်းဖြစ်ကြောင်း အမှန်းတင်ပြောတော့ မြို့မရဲစခန်းက ဦးရဲမြင့်က ကိုမောင်ဝင်းနှင့် သူ့ခိုးမြင့်သိန်းတို့အား လက်ဆွဲနှုတ်ဆက်နေစဉ် ကိုမောင်ဝင်းက ...

"ကိုရဲမြင့်ရေ ... လျှို့နေတာက ကိုသိန်းဝင်းဗျ။ အဓိကခေါင်းဆောင် စီစဉ်အကွက်ချတာက သူပဲ။ အစီအမံကောင်းလို့ပေါ့ဗျာ"





ထိုစဉ် ရှင်းလင်းရေးလုပ်နေသော ရဲတပ်စိတ်က ...

"ဆရာ ... ခြံတွင်းခြံပြင် အလောင်း (၃) လောင်းရတယ်။ လက်နက်က လောင်ချာ(၂)လက်၊ M.22 မောင်းပြန်ရိုင်ဖယ် အလက်(၃၀) နဲ့ လက်ပစ်ဗုံးအလုံး (၃၀) ရတယ်။ ဒဏ်ရာရ ရန်သူလည်း များပုံရတယ်။ ကျွန်တော်တို့ဆီက တပ်စိတ်တစ်စိတ် တောနင်းပြီး လိုက်ရှင်းနေပါပြီ။ လူနာတွေပါလို့ ဒီကောင်တွေ ဝေးဝေးပြေးနိုင်မှာ မဟုတ်ပါဘူး"

"အင်း ... မောင်မောင်ဝင်းတို့ကတော့ ကိုသိန်းဝင်းတို့အကူအညီနဲ့ ရဲမှူးရာထူး တိုးဦးတော့မှာ မြင်ယောင်သေးတယ်။ ကဲ ... ဒီက မိတ်ဆွေတွေကို အကြိုဂုဏ်ပြုပွဲလုပ်ကြရအောင် မောင်ဝင်း၊ မင်းမှာ ဘာရှိသလဲ"

"နောက်မှလုပ်ပါကွာ။ ငါ့မှာ ဘာမှမရှိဘူး။ အိမ်ကြီးလည်း မီးလောင်သွားတော့ သောက်စရာရေတောင် မရှိတော့ဘူး"

"ကျွန်တော်တို့မှာ ပါပါတယ်။ ညလယ်စာအတွက် ကြိုတင်စီစဉ်လာခဲ့တာ။ ကျွန်တော့်ကားထဲမှာ ပါပါတယ်။ မြင့်သိန်းရေ ... သွားယူလိုက်ကွာ။ တပည့်တွေပါ ခေါ်သွား။ သေတ္တာလိုက် မ,ခဲ့ကြ"

"အင်း ... ကိုသိန်းဝင်းတို့ကတော့ စာရေးဆရာပီပီ ကြိုတင်ပြီး အကွက်မြင်တတ်လို့ ချီးကျူးဂုဏ်ပြုပါတယ်ဗျာ။ ဒါနဲ့ နေရာထိုင်ခင်းကတော့ အဆင်မပြေလောက်ဘူးထင်ပါရဲ့"

"ကိုမောင်ဝင်းရယ် ... ဒီမှာ ဆွေမျိုးစုအုတ်ဂူတွေ စားပွဲနဲ့ ထိုင်ခုံက အဆင်သင့်။ တပေါင်းလဆန်းဆိုတော့ လကလေးကလည်း သာသာ၊ ဘယ့်ကလောက် ဟန်ကျလိုက်သလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ဗျာ။ စာရေးဆရာကြီးက အစီအစဉ် အကွက်ချတာ အလွန်တော်ပါပေတယ်ဗျာ"

ရဲအုပ်ကြီး ဦးရဲမြင့်ကလည်း ချီးကျူးပါသည်။ ကျွန်တော် ဘီယာသေတ္တာများဖွင့်၍ ပုလင်းလိုက်ဝေလိုက်သည်။ ရေငတ်နေကြပြီဖြစ်သဖြင့် လှူတိုင်းသောက်ကြသည်။ အမြည်းကတော့ နတ္ထိ။ မိုးမခစံအိမ်ကြီးပေါ်တွင် စီစဉ်ထားသဖြင့် ကားထဲတွင်မရှိပါ။

ကိုမောင်ဝင်းက ...

"ကောင်းလိုက်တဲ့ ဘီယာ၊ အချိန်အခါကိုလိုက်ပြီး ကောင်းတာပဲနော်။ အရသာရှိလိုက်တာ။ ဆိုင်မှာလို ရေခဲစိမ်မဟုတ်၊ အမြည်းလည်းမပါပေမဲ့ လိုအပ်နေချိန်မှာ တကယ်အသုံးတည့်တာပဲနော် ... ကိုသိန်းဝင်း။ နေ့လယ်စာ ကျွန်တော်ဧည့်ခံမယ်။ စခန်းကို လာခဲ့ကြပါ။ စခန်းကမှ ပြင်ဦးလွင်မြို့ထဲက ကြိုက်ရာဆိုင်မှာ ကျွေးပါ့မယ်၊ အားလုံးအဖွဲ့သားတွေကို ဖိတ်ပါတယ်နော်"

"မောင်မောင်ဝင်းရေ ... ရာထူးအကြိုစားပွဲလား"

"ထားပါတော့ဗျာ။ ခင်ဗျားလည်း တပည့်တွေပါခေါ်ပြီး လာခဲ့ဗျာ"

"အေး ... ကိုယ်တော့ လာခဲ့ပါ့မယ်။ တပည့်တွေကတော့ မင်းတို့ကိစ္စအတွက် အစီရင်ခံစာရေး၊ ဓာတ်ပုံမှတ်တမ်းတင်၊ ဆုံးရှုံးပစ္စည်းတန်ဖိုးတွက်၊ လက်နက်စာရင်းနဲ့ အကျအဆုံးအရေအတွက်၊ ကားတွေသိမ်းပြီး ဆွဲရမဲ့အလုပ်တွေ တစ်သီကြီးရှိတယ်။ နောက်ပြီး မီဒီယာကဏ္ဍက နေမှာမဟုတ်ဘူး INTERVIEW လုပ်ပြီး ဖွကြဦးမှာ။ မောင်ဝင်းမင်းကတော့ မန္တလေးတိုင်းတွင်မက နေပြည်တော်အထိ သွားရလိမ့်မယ်။ အဆင်သင့်ပြင်ထား"





ထိုနေ့က ကျွန်တော်တို့ တည်းခိုစရာအိမ်မရှိတော့သဖြင့် မွေးမြူရေးခြံရုံးခန်းတွင် စတည်းချကြပြီး မနက်စာ နွားနို့နှင့် ထမင်းကြော် စားကြရသည်။ ကိုမောင်ဝင်းတို့ကလည်း မိုးမခခြံတိုက်ပွဲအတွက် အသေးစိတ် အစီရင်ခံစာရေး၊ ကျွန်တော်တို့အား ဖြစ်စဉ်များမေးမြန်းပြီး ဓာတ်ပုံရိုက်ကြသည်။ ကျွန်တော်တို့လည်း ကိုင်ဆောင်ထားသော ပစ္စတိုများအား ရောယောင်၍ အပ်လိုက်ကြပါသည်။

ကျွန်တော် မမကြီးအား အကြောင်းကြားရတော့သည်။ သူမ မိုးမခစံအိမ်ကြီး မီးလောင်သွားခြင်းကို နှမြောခြင်းမရှိပါ။ ကျွန်တော်တို့အဖွဲ့ အထိအခိုက်မရှိသည်ကိုဘဲ ဝမ်းသာနေပါသည်။ ချက်ချင်းတက်လာမည်ဆိုသဖြင့် မလာရန် တားထားရသေးသည်။ ကျွန်တော်တို့အဖွဲ့ကတော့ ကိစ္စဝိစ္စများ ဖြေရှင်းပြီးမှ မန္တလေးသို့ ဆင်းနိုင်ကြမည်ဖြစ်ပါသည်။

ထိုနေ့က သက်ဆိုင်ရာမှ တစ်ဖွဲ့ပြီးတစ်ဖွဲ့ လာရောက်မေးမြန်းနေသဖြင့် ဒိုင်ခံဖြေရှင်းနေရသည်။ ကိုမောင်ဝင်းက ရဲစခန်းပြန်သွားသော်လည်း ရဲ HILUX တစ်စီးနှင့် တပ်စိတ်တစ်စိတ်အား ချထားပေးသည့်အပြင် ကျွန်တော့်အား ကာဘိုင်သေနတ်တစ်လက်ပါ ပေးထားသဖြင့် အဆင်ပြေနေသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံကလည်း ကျွန်တော်တို့ရှိနေသည့်အပြင် ဘဏ္ဍာစိုးနှင့် မန်နေဂျာလည်း ရှိနေသဖြင့် လုပ်ငန်းမပျက်ပါ။ ပုံမှန်လုပ်ငန်းခွင် ဝင်နေကြသည်။ မန်နေဂျာကိုစိုင်းက အချက်အပြုတ်ကျွမ်းကျင်သဖြင့်လည်းကောင်း၊ ချက်ပြုတ်စရာ အသားနှင့် ဟင်းသီးဟင်းရွက်၊ နွားနို့များက ခြံထွက်ဖြစ်၍ ဧည့်သည်များအတွက် ရှာဖွေစရာမဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မြင့်သိန်းတို့က အေးအေးဆေးဆေးမနေပါ။ သတင်းထော
နှင့် ဌာနဆိုင်ရာများ ဓာတ်ပုံသတင်းရယူပြီးသည်နှင့် မီးလောင်ထားသော
မိုးမခခြံအိမ်ကြီးအား အဖွဲ့နှင့် ရှင်းတော့သည်။ သပ်သပ်ရပ်ရပ်၊ ရှင်း
သပ်သပ်၊ သံချောင်းနှင့် သံဟင်ကလန်များသပ်သပ်၊ စနစ်တကျ ရှ
ထားပါသည်။ မီးလောင်နံရံများကိုတော့ မဖြိုရသေး။

ကျွန်တော်က ခွင့်မပြုသေး၍ ဖြစ်သည်။ မိုးမခအိမ်ကြီး
မီးလောင်ထားသည်က အပေါ်ထပ်။ အောက်ခန်းများက ပြန်လည်ပြ
ဆင်လျှင် ကောင်းနိုင်ပါသေးသည်။ ထို့ကြောင့် မမကြီးနှင့် တိုင်ပင်ပြ
ကန်ထရိုက်ငှားကာ ပြင်ဆင်ဆောက်လုပ်ရန်အတွက် ဖြိုမချရန် ကျ
တော် ဆိုင်းငံ့ထားခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ နေ့လယ်စာစားနေကြစဉ် မမကြီးထံမှ ဖုန်း
လာသည်။ မိုးမခခြံကြီးအား ကျွန်တော့်ကို လုပ်ပိုင်ခွင့်အာဏာ အပြ
အဝအပ်နှင်းသော (GENERAL POWER) ရှေ့နေနှင့်တိုင်ပင်၍ လွှဲအ
ကြောင်း၊ စိတ်တိုင်းကျ ပြင်ဆင်လုပ်ပိုင်ခွင့်၊ ရောင်းပိုင်ခွင့်ပေးကြော
အကြောင်းကြားခြင်းဖြစ်သည်။ လိုအပ်သော စရိတ်များလည်း ထုတ်
နိုင်ရန် ချက်တစ်စောင်လည်း ပို့လိုက်မည်ဟုပြောသည်။

ထို့ကြောင့် ကျွန်တော်တပည့်များဖြင့် တိုင်ပင်၍ ကြီးမားသော
(၇)ဆောင်ပြိုင် နှစ်ထပ်အိမ်ကြီးအစား ကျယ်ဝန်းသော ခေတ်မီသော
တစ်ထပ်အိမ်သာ ဆောက်ရန် ဆုံးဖြတ်ကြသည်။ အိမ်ရှင်များက အမြဲ
သည်မဟုတ်ဘဲ တစ်ခါတစ်ရံသာ လာရောက်တည်းခိုခြင်းဖြစ်သည်
ဘန်ဂလိုပုံစံ ဧည့်ခန်းကျယ်ပါဝင်ပြီး အိပ်ခန်းများ တန်းစီနေသော
ကြမ်းအား ကျွန်တော်ကဆွဲပြီး မြင့်သိန်းအားပြရာ မြင့်သိန်းက





တတ်သောပညာဖြင့် ခေတ်မီစေရန် ထပ်မံဖြည့်စွက်ပြင်ဆင်သည်။ အချောပုံစံရေးဆွဲသည်။

နေ့လယ်ခင်းတွင် ကိုမောင်ဝင်းက ကတိအတိုင်း နေ့လယ်စာစားရန် လာခေါ်သည်။ လုံခြုံရေးအရ သူ့တပည့်များကို ခြံစောင့်ထားပြီး ကျွန်တော်တို့ဆရာတပည့်များ ကားများဖြင့် လိုက်ခဲ့ကြသည်။ ပြင်ဦးလွင်မြို့ထဲ၌ မစားဘဲ အေးဆေးသော ရုက္ခဗေဒဥယျာဉ်အတွင်းက ဆိုင်တွင် စားကြသည်။ စားကြသောက်ကြရင်း . . .

"ကိုသိန်းဝင်း . . . ဘိန်းရာဇာနဲ့ လက်နက်မှောင်ခိုတစ်ဖွဲ့လုံး မိတာမို့ အခြေအနေ စိတ်ချသွားရပါပြီ။ ခင်ဗျားတို့ မနက်ဖြန်ပြန်ချင်လည်း ပြန်နိုင်ပါပြီ။ လိုအပ်တာရှိ ကျွန်တော့်ကိုပြောပါ။ ကျွန်တော့်တပ်စိတ်ကတော့ ခင်ဗျားတို့ခြံထဲမှာ တစ်ပတ်တိတိ တပ်စွဲထားဖို့ အထက်က အမိန့်ပေးပါတယ်။ ကျွန်တော်လည်း ရာထူးတက်ဖို့ သေချာသွားပါပြီ။ ကျေးဇူးပဲဗျာ။ ကဲ . . . အားရပါးရ သုံးဆောင်ကြပါ"

"ဝမ်းသာပါတယ်ဗျာ။ ဒါဆို ကျွန်တော်တို့ အိမ်ပြန်ဆောက်ဖို့ မနက်ဖြန်မနက် မန္တလေးဆင်းကြမယ်။ ကိုမောင်ဝင်းတို့ တပ်စိတ်ကိုတော့ ဆက်ချထားပေးပါ။ အစားအသောက်ကိစ္စ ကျွန်တော်တို့ မွေးမြူရေးနဲ့ စိုက်ပျိုးရေးခြံက အားလုံး တာဝန်ယူပါတယ်"

"ကောင်းပါပြီဗျာ။ ခင်ဗျားတို့ ပြန်ရောက်ရင်လည်း အကြောင်းကြားပါ။ ဒီတစ်ခါတော့ ခင်ဗျားတို့ခြံနဲ့ဆက်နေတဲ့ တောစပ်မှာ အပျော်တမ်းအမဲလိုက်ကြတာပေါ့နော်"

"ကောင်းပါပြီဗျာ။ အနားယူရင်း စားသောက်ကြတာပေါ့နော်"

ထိုနေ့က စားသောက်ပြီး မိုးမခမွေးမြူရေးခြံပြန်၍ နားကြသည်။ ညပိုင်းရောက်တော့ ကင်းချထားရသည်။ အိမ်ကြီး မီးလောင်



www.burmeseclassic.com

www.burmeseclassic.com



သွား၍ လျှပ်စစ်မီးက မရတော့။ စောစော ညစာစား၍ စောစောအိပ်ရာဝင်ရသည်။ လရောင်မှိန်မှိန်အောက်၌ မီးလောင်ထားသော မိုးမခစံအိမ်ကြီးက သရဲတစ္ဆေကောင်ကြီးများ တင်းပုတ်ထမ်း၍ ငုတ်တုတ်ထိုင်နေသယောင် မည်းမည်းကြီး မြင်နေရသည်။ သရဲတစ္ဆေခြောက်သည့် ဟုနာမည်ကြီးသော မိုးမခစံအိမ်ကြီးမှာ ယခုတော့ တစပြင်ပမာ တောင်ကုန်းထိပ်၌ ငြိမ်သက်နေပါတော့သည်။

ထိုညက အနှောင့်အယှက်မရှိပါ။ နွေရာသီအေးချမ်းသော ပြင်ဦးလွင်ဒေသတွင် ချမ်းမြေ့စွာ အိပ်စက်အနားယူနိုင်ခဲ့ပါသည်။ နောက်တစ်နေ့မနက်တွင် တပ်စိတ်တစ်စိတ် တပ်ကြပ်ကြီးအား ကျွန်တော်တို့ကို ယာယီထုတ်ပေးထားသော လက်နက်နှင့် ကျည်ဆန်များကို အပ်နှံပြီး ကားနှစ်စီးဖြင့် ဆင်းခဲ့ကြပါသည်။ (၂၁)မိုင်စခန်းရောက်တော့ HILUX ရဲကားတစ်စီး ဆိုင်ရှေ့တွင် ရပ်ထားသည်။ ကျွန်တော်တို့ကား(၂)စီးထိုးရပ်တော့ ရဲအုပ်ကြီးကိုမောင်ဝင်းက ထွက်ကြိုသည်။

''ကဲ ... လာကြဗျို့၊ ခင်ဗျားတို့ ပြန်ကြမယ်မှန်းသိလို့ ကျွန်တော်ကြိုစောင့်နေတာ။ ဟိုကောင်တွေကိုလည်း လုံခြုံရေးအရ အနေမနက်ပဲ မန္တလေးထောင်ပို့လိုက်ပြီ။ ခင်ဗျားတို့နဲ့ လမ်းမှာတောင် ဆုံချင်ဆုံဦးမယ်။ လူအင်အားများတော့ ယာဉ်တန်းနဲ့ပဲ ကိုရဲမြင့်တို့ အစောင့်အရှောက် ပါသွားတယ်။ (၃၅)လမ်းက ခင်ဗျားတို့အိမ်တောင် လိုက်မေးသွားသေးတယ်။ လာလိမ့်မယ်ထင်တယ်''

''ကိုမောင်ဝင်း ... ခင်ဗျားလည်း ခဏဆင်းခဲ့ပါလား။ ကျွန်တော် ညနေကျရင် (၃၅)လမ်းအိမ်မှာ ကောင်းကောင်းဧည့်ခံချင်လို့ပါ''





''မဖြစ်သေးဘူး ... သူငယ်ချင်းရေ၊ ပြင်ဦးလွင်မှာ ကိုရဲမရှိရင် ကျွန်တော်ရှိမှဖြစ်မယ်။ ဒီနယ်မြေက ရာသီဥတုအေးချမ်းပေမဲ့ ဖြစ်လိုက်ရင် အမှုကြီးတွေချည်းပဲ။ ကဲ ... အပေါင်းအသင်းများ ကြိုက်ရာမှာပြီး စားကြသောက်ကြပါ။ ကျွန်တော် ဧည့်ခံတာပါ''

စားသောက်နေကြစဉ် မမကြီးထံမှ ဖုန်းဝင်လာသဖြင့် ပြင်ဦးလွင်က ဆင်းလာပြီဖြစ်ကြောင်း အကြောင်းပြန်ကြားလိုက်ရသည်။ ကျွန်တော်တို့စားသောက်အပြီး ကိုမောင်ဝင်း နှုတ်ဆက်၍ ပြန်အဆင်းအလာ သုံးထပ်ကွေ့တွင် ဖုန်းဝင်လာပြန်သည်။ သည်တစ်ခါဖုန်းက အုန်းလက်ကောက်ဆရာတော်ဘုရားထံမှ ဖြစ်သည်။ တပေါင်းပွဲနီးပြီဖြစ်သဖြင့် ဘုရားပွဲတော်နှင့် လမ်းဖွင့်ပွဲအတွက် တိုင်ပင်ဆွေးနွေး၊ အစည်းအဝေးလုပ်ကြရန် ဖြစ်ပါသည်။

တောင်ခြေဖီးတောကြီးရောက်တော့ ရှေ့ကသွားနေသော ရဲအုပ်ကြီးဦးရဲမြင့်တို့ ယာဉ်တန်းကို မီလာသည်။ ကျွန်တော်တို့ ကားမှန်းသိ၍ ဦးရဲမြင့်က ယာဉ်တန်းအား ဘေးကပ်ပေးသည်။ ညနေ (၃၅)လမ်းအိမ်လာခဲ့ရန်ဖိတ်ရာ ဦးရဲမြင့်က ခေါင်းညိတ်ပြသဖြင့် ကျွန်တော်တို့ ယာဉ်တန်းအား ကျော်တက်ခဲ့ကြပါသည်။

ကျွန်တော်တို့ (၃၅)လမ်းအိမ်သို့ရောက်တော့ မနက်(၁၀)နာရီခွဲသာ ရှိပါသေးသည်။ မမကြီးတို့သားအမိနှင့်အတူ ကိုဇော်တို့မိသားစုပါ စုံညီစွာ ရောက်နေကြသည်။

''မောင်မောင် ... နေကောင်းရဲ့လား။ ဘာလို့လို့ ပြန်လာတာလဲ။ ဒီနေ့မှ ငွေလွှဲဖို့လုပ်နေတာ။ မောင်ဇော်က သူသွားပေးမယ် ပြောနေလို့''



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် . . . မမ။ အခု ငွေမလိုသေးဘူး။ ရွာကဆရာတော်က တပေါင်းပွဲတော်အတွက် အစည်းအဝေးလုပ်ဖို့ လှမ်းခေါ်နေပြီ။ မမတို့မိသားစုပါစုံတုန်း တစ်ခါတည်း လိုက်ခဲ့ကြပါလား။ ညအိပ်နိုင်ရင်လည်း ညနေစောင်းပြန်ကြပေါ့။ အဖော်လည်း ရှိတာပဲ"

"ဘယ်တော့သွားမှာလည်း . . . မောင်မောင်"

"အခု နေ့လယ်စာ စောစောစားပြီး သွားကြမယ်။ ပြင်ဦးလွင်မိုးမခစံအိမ်ကိစ္စက ပြန်လာမှပဲ လုပ်တော့မယ်။ ဟိုအဖွဲ့တွေအားလုံး ရှင်းသွားပြီဆိုတော့ မမတို့ စိတ်ချလက်ချ သွားလာလို့ရပါပြီ"

"ပြီးတော့ မောင်မောင် ဘာအစီအစဉ်ရှိသေးသလဲ"

"တပေါင်းပွဲတော်ပြီးတာနဲ့ တန်ခူးလဆန်းမှာ သားတို့သမီးတို့ မင်္ဂလာဆောင်မဟုတ်လား။ အဲဒီကြားထဲမှာ မိုးမခအိမ်သစ်ကို အပြီးဆောက်ကြမယ်။ မင်္ဂလာဆောင်ပြီးတာနဲ့ အိမ်သစ်တက်ပွဲ လုပ်မယ်။ ဆွမ်းကျွေး အလှူလုပ်မယ်။ ပြီးတာနဲ့ သားတို့သမီးတို့ ဟန်းနီးမွန်းခရီးအဖြစ် မြိတ်ကျွန်းစုကို သွားမယ်"

"ဝေး . . . ဟေး . . . ဟေး . . . ဒါမှ တို့ဦးဦးကွ။ အစီအစဉ်အရမ်းကောင်းတာပဲ"

ယွန်းပွင့်စံမှာ ကလေးလို လက်ခုပ်လက်ဝါးတီး၍ ထခုန်သည်။ ကျွန်တော်တို့ နေ့လယ်စာကို စောစောစားကြ၍ ကား(၃)စီးဖြင့် ကျောက်ဆည်သို့ ခရီးထွက်ခဲ့ကြပါသည်။ မွန်းလွဲပိုင်း ကြောင်ပန်းကုံးရွာရောက်တော့ မိုးအောင်တို့အိမ်တွင် ခေတ္တနားကြပြီး မန္တလေးနှင့်ပြင်ဦးလွင်လက်ဆောင် ထိုးမုန့်နှင့် အသီးအနှံများပေးကြသည်။ အညာမုန့်များနှင့် ရေနွေးကြမ်းကျကျကို စားသောက်ကြပြီး မိုးအောင်ကိုပါ ခေါ်၍ အုန်းလက်ကောက်ရွာ ဆရာတော်ကျောင်းသို့ ဆင်းခဲ့ကြသည်။





လမ်းသစ်ကြီးလည်း ပြီးစီးနေပြီ။ လမ်းဘေးခတ်မီးတိုင်များသည်း အစီအရီ သွယ်တန်းပြီးစီးနေပြီ။ မြစိမ်းဘုရားမှာလည်း အာရုံခံဘန်ဆောင်းနှင့် တင့်တယ်သပ္ပာယ်နေသည်။ ကျွန်တော်တို့ ဘုရားအားဝင်ဖူးကြသည်။ လူများ၍ထင့် မြစိမ်းညီအစ်မကိုတော့ မတွေ့ရ။

သို့သော် ဘုရားပန်းအိုးများတွင် လန်းဆန်းသောပန်းများအပြင်တောစံပယ်ပန်းများကို ဝေဆာစွာ လှူဒါန်းထားသည်။ မမကြီးက ကျွန်တော်တို့ ဦးဆောင်ဦးရွက်ပြု၍ ဘုရားပြုပြင်၊ လမ်းဖောက်၊ ခတ်မီးကြိုးများ သွယ်တန်းထားခြင်းဖြစ်ကြောင်း ဆရာဝန်မောင်ဇော်တို့ မိသားစုအား ရှင်းပြနေသည်။

ကျွန်တော်တို့ ဘုရားဖူးအပြီး အုန်းလက်ကောက်ရွာ ဆရာတော်ကျောင်းသို့ တန်းသွားကြသည်။ ကျောင်းတွင် အလှူရှင်များနှင့်သမ်းအင်ဂျင်နီယာအဖွဲ့များ စုံညီစွာ ရောက်ရှိနေကြသည်။ ဧည့်စိမ်းအချို့လည်း ရောက်ရှိနေပါသည်။ ဆရာတော်က ကျွန်တော်တို့အုပ်စုကို မြင်သည်နှင့် . . .

"ဟော . . . ဘက်စုံဒကာ ကျောင်းဆရာတို့အဖွဲ့ ရောက်လာကြပြီ။ ဧည့်သည်များ နားနားနေနေနေပြီး နေ့လယ်စာ စားကြပေါ့။ အခု လူစုံတုန်း အရေးပေါ်အစည်းအဝေးကလေး လုပ်ရအောင်။ ငွေစာရင်းရှင်းတမ်းကိုတော့ ဒကာကျောင်းဆရာက စိစစ်ပြီး အုန်းလက်ကောက်ရွာသူကြီးအဖွဲ့နဲ့အတူ ရှင်းလင်းပြပါ"

"တင်ပါ့ဘုရား"

ပွဲတော်အတွက် အစည်းအဝေးလုပ်ကြသည်။ အကျွေးအမွေးနှင့် (၇)ရက်တိုင်တိုင် ကပြမည့်ဇာတ်၊ အငြိမ့်နှင့် ကြည့်ချင်ပွဲများ၊ ပွဲတော်ဈေးဆိုင်များကိစ္စ၊ သန့်ရှင်းရေးနှင့် ရေကိစ္စ၊ လုံခြုံရေးကိစ္စများ



www.burmeseclassic.com

www.burmeseclassic.com



အား အကြမ်းလျာထားပြီး စည်းဝေးကြသည်။ သဘောတူညီမှုပြီး နောက် ကျွန်တော်နှင့် အုန်းလက်ကောက်ရွာသူကြီးအဖွဲ့က ကုန်ကျ စရိတ်ငွေစာရင်းအား ဖတ်ကြားတင်ပြီး လက်ကျန်ငွေနှင့်ပစ္စည်းများကို စီစစ်ရာ ကျွန်တော်တို့ ပူဇော်ရရှိထားသည့် ရွှေဒင်္ဂါးပြားများနှင့် အလှူ ရှင်များလှူဒါန်းထားကြသည့် ရတနာပစ္စည်းများ လက်ကျန်ရှိနေသေး သည့်အပြင် ငွေသားလက်ကျန် သိန်း(၅၀၀)ခန့် ကျန်နေသေးသဖြင့် ဘုရားပွဲတော်လုပ်၍ လုံလောက်ရုံတင်မက ပိုလျှံနေပါသေးသည်။

ထို့ကြောင့် ငွေသားကိုချန်ထားပြီး ရတနာပစ္စည်းများအား ကျောက်ဆည်မြို့ အစိုးရဘဏ် (SAFE BOX) တွင် အပ်နှံထားပြီး ဘုရားဂေါပက အလှူငွေစာရင်းဖွင့်လှစ်ရန် ဂေါပကအဖွဲ့အား ဆရာ တော်က ဥက္ကဋ္ဌလုပ်၍ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ အဖွဲ့ဝင်များ ဖြင့် ပြန်လည်ဖွဲ့စည်းရန် အစည်းအဝေး ဆုံးဖြတ်ချက်ချကြပါသည်။

ထိုနေ့က ဧည့်သည်များနှင့် မောင်ဖော်တို့မိသားစု ထည့်ဝင် လှူဒါန်းပြန်သဖြင့် အလှူငွေ သိန်း (၁၀၀) ကျော် ထပ်မံရရှိပါသည်။ နောက်ထပ်လည်း ဘုရားပွဲတော်နီးသည်နှင့်အမျှ အလှူရှင်များက လာ ကြပေလိမ့်ဦးမည်။

ကျွန်မတော်တို့ နေ့လယ်စာ စောစောစားလာခဲ့ကြသဖြင့် ဆရာ တော်ကျောင်းတွင် အညာလက်ရာ ထမင်းဟင်းဖြင့် စားရပြန်ရာ လွန်စွာ မြိန်လှပါသည်။ ထမင်းဟင်းချေးများသော ယွန်းပွင့်စံပင် နေ့လယ် စာစားပြီးသော်လည်း ထမင်းမြိန်လှကြောင်းပြောသဖြင့် ဝမ်းသာရပါ သည်။ မမကြီးကတော့ ကျွန်တော့်အစီအစဉ်များကို သဘောကျပြီး ပြုံးပျော်နေသည်။





ကျွန်တော်တို့ ဧည့်သည်များကိုခေါ်ဆောင်၍ ဆရာတော်အား နှုတ်ဆက်ကန်တော့ပြီး နန္ဒီတောင်ရွာသို့ သွားကြသည်။ ထိုရွာတွင် မိုးတင်တို့ညီအစ်ကိုအား လက်ဆောင်များပေး၍ထားခဲ့ပြီး လမ်းသစ်ကြီး အတိုင်း မောင်းလာကြရာ ရွာတွင်းအိမ်များအား လျှပ်စစ်လုပ်သားများ မီးကြိုးသွယ်တန်း တပ်ဆင်ပေးနေကြသည်။

ညနေပိုင်းတွင် တစ်ရွာလုံး လျှပ်စစ်မီးများ ထိန်ထိန်လင်းပေ လိမ့်မည်။ ကျွန်တော်တို့ နန္ဒီမြောက်ရွာဆုံးတော့ ယာခင်းများအလယ်တွင် ဖြောင့်တန်းနေသော ကွန်ကရစ်လမ်းမကြီးနှင့် သွယ်တန်းထားသော ဓာတ်မီးတိုင်များ၊ ချစ်တီးတိုက်ဝါကြီးများ အရှေ့ရောက်တော့ လမ်း အင်ဂျင်နီယာများက ယန္တရားများအကူအညီဖြင့် ရှင်းလင်းပြီး မြေညှိ ထားသည့်အပြင် ခရီးသွားများနားခိုရန် ဇရပ်ကြီးတစ်ဆောင်ပင် ဆောက် လုပ်ထားသေးသည်။ ရေချမ်းစင်ကလည်း (၃)ခု။ စေတနာရှင်များ လှူဒါန်း ထားပုံရပါသည်။ ကျွန်တော်တို့ကားများ လေယာဉ်ကွင်းလမ်းဆုံမှတစ်ဆင့် ကျောက်ဆည်ဘယ်လမ်းဘက်သို့ မောင်းပြီး မန္တလေးမြို့သို့ ပြန်ခဲ့ကြပါ သည်။

မန္တလေး (၃၅) လမ်းအိမ်တွင် ထိုညက အနားယူအပန်းဖြေ ကြရင်း နောက်တစ်နေ့ ပြင်ဦးလွင် မိုးမခစံအိမ်သစ် ဆောက်လုပ်ရန် တိုင်ပင်ပြီး Plan ဆွဲရသည်။ နောက်တစ်နေ့တွင် မန္တလေးမြို့မှ နာမည် ကျော် ဆောက်လုပ်ရေးကုမ္ပဏီများဖြင့် ဆက်သွယ်ရသည်။ နောက်တစ် ရက်တွင် ပြင်ဦးလွင်မြို့သို့တက်၍ အလုပ်အပ်နှံပြီး စာချုပ်ချုပ်ရသည်။ (၆)လအတွင်း ပြီးစီးမည်ဟု ခန့်မှန်းပါသည်။

နောက်တစ်ပတ်တွင် ကျွန်တော်တို့ ကျောက်ဆည်မြို့သို့ဆင်း ပြီး ရွာသို့သွားကြရသည်။ တပေါင်းဘုရားပွဲနီးပြီဖြစ်၍ ဓာတ်မီးဆောက်



www.burmeseclassic.com

www.burmeseclassic.com



သူများ၊ ဈေးဆိုင်တန်းဆောက်သူများနှင့် အလွန်စည်ကားနေသည်။ ဈေးဆိုင်တန်းများမှာ ကြောင်ပန်းကုံးရွာမှ အုန်းလက်ကောက်ရွာ၊ နန္ဒီတောင်ရွာအထိ ရှည်လျားလှသည်။ လျှပ်စစ်မီးရပြီဖြစ်သဖြင့် မီးကြိုးသွယ်တန်းနေသူများကလည်း အလုပ်ရှုပ်နေကြသည်။

လပြည့်နေ့မနက်တွင် မမကြီးတို့နှစ်အိမ်ထောင် ကားကိုယ်စီဖြင့် ရောက်လာကြသည်။ ယွန်းပွင့်စံက . . .

"ဦးဦး . . . သမီးတို့ အညာထမင်းစားချင်လို့ စောစောလာကြတာ"

"အေး . . . သမီး၊ ဦးဦးမိုးတင်တို့ ညီအစ်ကိုနဲ့ တပည့်တွေ သမီးတို့စားမြိန်အောင် အကောင်းဆုံး ချက်ပြုတ်နေကြပါပြီ"

"ဘာဟင်းတွေလဲ . . . ဦးဦး"

"အညာကြက်သားဆီပြန်ဟင်း၊ ကြက်ခွေးတောက်ရွက်ဟင်းချို၊ သီးရွက်စုံကြော်။ သရက်သီး ပိုးတီသုပ်၊ မြန်မာမဲဇလီဟင်းချို၊ မန်ကျည်းရွက်နုသုပ်၊ ညောင်ချဉ်ဖူးသုပ်၊ ငါးခြောက်ထောင်းကြော်နဲ့ ငရုတ်သီးထောင်းကြော် အသီးအရွက် အတို့အမြှုပ်တွေပေါ့၊ စုံပါတယ်ကွယ်"

"ထမင်းစားလို့ အတော်မြိန်မှာပဲနော်"

"ဒါပေါ့ကွယ်"

ရှေ့လာမည့်အနာဂတ်ကို ကျွန်တော် စဉ်းစားနေမိပါသည်။ ကျွန်တော့်တပည့်များမှာ သူတစ်ပါးပစ္စည်း ခိုးယူသည့်သူခိုးများ ဖြစ်ကြသော်လည်း လွန်စွာစိတ်ကောင်းရှိကြပြီး အလှူအတန်း ရက်ရောကြသည်။ ဘက်စုံလည်း ကျွမ်းကျင်သည်။ စေတနာ သဒ္ဓါတရားလည်း





ပေါကြွယ်ကြပါသည်။ ထို့ကြောင့် ကျွန်တော်ဦးဆောင်သလို လိုက်နာလုပ်ဆောင်ကြသည်။

စေတနာ၊ ဝါသနာတူကြ၍ ကျွန်တော်တို့တွင် ငွေကြေးပြတ်လပ်သည်မရှိ။ မရှိလျှင်လည်း ခဏသာဖြစ်ကြသည်။ ပစ္စည်းဥစ္စာများက တစ်နေရာမဟုတ် တစ်နေရာက အလိုအလျောက်ဝင်နေသည်။

ပုဏ္ဏားတင်ဦးစကားအရတော့ သူခိုးကြီးငတက်ပြား၏ 'မရှိခဏ'ဘုရားကို ယုံကြည်စွာကိုးကွယ်သဖြင့် သူ့ဆရာသခင် သူခိုးကြီးငတက်ပြားမ,စနေသည်ဟု မကြာခဏပြောတတ်သည်။ ယုံကြည်စရာသည်း ကောင်းပါသည်။ ကျွန်တော်တို့ ဆရာတပည့်များ မကြာခဏမမျှော်လင့်သော ရတနာသိုက်များ မြေပုံရပြီး ရတနာပစ္စည်းများ အံ့မခန်း မလွဲမချော်ရရှိနေသည်။

ယခုလည်း မြစိမ်းဘုရားပွဲတော်အပြီး သမီးယွန်းပွင့်စံတို့ ဇာလာပွဲပြီးသည်နှင့် မြိတ်ကျွန်းစုဘက်သို့ မိသားစုအလိုက် ခရီးထွက်ကြရင်း မြိတ်ကျွန်းစု ရတနာသိုက်တစ်ခုကို မလွဲမသွေ ရှာဖွေတူးဖော်ပြီး ကြေပေလိမ့်ဦးမည်။ မရှိဟူသောစကားမှာ ကျွန်တော်တို့အတွက် ခဏသာဖြစ်ပါလိမ့်မည်။ စေတနာမှန်လျှင် ကံကောင်းပါသည်။

စာဖတ်ပရိသတ်များအား လေးစားလျက် . . .
**ထောင်မှူးကြီးသိန်းဝင်း**

BURMESE CLASSIC .com
www.burmeseclassic.com